www.burmeseclassic.com




www.burmeseclassic.com

စီမံခန့်ခွဲမှု
မိုးဇေ-မုန့်ညွှတ်
စာပြင်
မြတ်အင်း
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာရုပ်ပုံမှုဒီဇိုင်း
Club 18


ထုတ်ဝေသူ
ဒေါ်မိုးချစ်သူ
the bookhouse
၉၂ avenue၊ ၁၀-ခ၊
မဥ္စင်လမ်း၊ ၁၄ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
(မြ ၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၇၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၇၃၀ ၈၅၅၅၀

www.facebook.com/thebookhouse.tbh




ဇင်သန့်
ဆီးရီးယား-အာဆတ်မင်းဆက်ပျက်သုဉ်းခြင်း / ဇင်သန့် ၊ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၃
၁၅၃ စာ၊ ၁၇.၇၈ စင်တီ × ၁၇.၇၈ စင်တီ
(၁) ဆီးရီးယား-အာဆတ်မင်းဆက်ပျက်သုဉ်းခြင်း

www.burmeseclassic.com




စုစည်းမှု


၁ မူရင်းစာရေးသူ အမှာ
၃ မျှော်လင့်ချက်
၂၀ ရှင်သန်ခြင်း
၃၆ ဆီးရီးယား၏ ခြားနားချက်
၄၈ ဘယ်ဟုတ်မလဲ
၅၈ အစိုးရ၏ တုံ့ပြန်မှု
၆၇ အတိုက်အခံတို့ တက်ကြွလာခြင်း
၈၉ နိုင်ငံတကာ တုံ့ပြန်မှု
၁၁၆ အောက်ရှိ
၁၃၉ ခပ်ယဲ့ယဲ့ ဆီးရီးယား


the bookhouse
we bring your future
serial - 0058 (13-012)

www.burmeseclassic.com



www.burmeseclassic.com

# မူရင်းစာရေးသူ အမှာ

စာအုပ်တစ်အုပ်ကို နာမည်ပေးရန် စဉ်းစားရသည်မှာ သေချင်လောက်အောင် ဖြစ်ရသည်။ အထူးသဖြင့် စာအုပ်၏အကြောင်းအရာသည် မကြာသေးမီကနှင့် လက်ရှိ အဖြစ်အပျက်များဖြစ်နေလျှင် ပို၍ဆိုးသည်။ စာမူကို ထုတ်ဝေသူအား အပ်လိုက်သည့် အချိန်နှင့် စာအုပ်ထွက်သည့်အချိန်အကြား အဖြစ်အပျက်များ များစွာဖြစ်နေနိုင်သည်။ စာအုပ်၏ အစိတ်အပိုင်းအချို့မှာ လက်ရှိဖြစ်ပျက်နေသည်များနှင့် အနည်းငယ်ကွာဟ နေသည်များ ရှိနိုင်သည်။ အနည်းငယ်သာဖြစ်ပါစေဟုလည်း ဆုတောင်းမိသည်။ ထို အထဲတွင် စာအုပ်အမည်လည်း ပါရှိသည်။

စာအုပ်အမည်ကို ***ဆီးရီးယား-အာဆတ်မင်းဆက် ပျက်သုဉ်းခြင်း*** ဟု ပေး လိုက်စဉ်က သမ္မတဘရှားအယ်လ်-အာဆတ် ကိုနှုံးသေ ပြုတ်ကျမည်ဟု ကျွန်တော်တွက် ကာ ထိုအမည်ကိုပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ဤစာအုပ်ထုတ်ဝေချိန်အထိ သူပြုတ် မကျခဲ့သော် မည်သို့လုပ်မည်နည်း။ စင်စစ် ဤစာအုပ်ရေးနေချိန်တွင် ပြည်တွင်းပုန်ကန် မှုကြောင့် အာဆတ်မှာ အာဏာဆက်လက်တည်မြဲနိုင်မည့် အခြေအနေမရှိပေ။ သို့သော် သူ၏ အာဏာတည်မြဲနေမှုမှာ စာအုပ်ထုတ်ဝေချိန်ကို ကျော်လွန်လာခဲ့ပေပြီ။

ဤစာအုပ်ကို ထိုအမည်ပေးသည်မှာ အခြားအကြောင်းလည်း ရှိသေးသည်။ ဘရှားသည် အာဏာဆက်လက်တည်မြဲသည်ဖြစ်စေ၊ မမြဲသည်ဖြစ်စေ သူအာဏာကျ နေပြီဟု ကျွန်တော်ယူဆသည်။

ထို့ကြောင့် နှစ်ပေါင်းလေးဆယ်ကျော် စိုးမိုးလာခဲ့သော အာဆတ်မင်းဆက် လည်း ပျက်သုဉ်းခဲ့ပြီဟု ကျွန်တော်ယူဆသည်။ ထို့ကြောင့် ၁၉၇၀ ပြည့်နှစ်မှစတင် အာဏာရခဲ့သော ဟာဖစ် အယ်လ်-အာဆတ် ၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်သောအခါ

the bookhouse

www.burmeseclassic.com



အာဏာရခဲ့သော သူ့သား၏အုပ်စိုးမှုလည်း ဆုံးခန်းတိုင်ရတော့မည်ဖြစ်သည်။ ယင်းမှာ ဘရှားအကြောင်းကို ရေရေလည်လည် သိထားသူတစ်ယောက်၏ ခန့်မှန်းချက်လည်းဖြစ်သည်။

ကျွန်တော်သည် ဆီးရီးယားနိုင်ငံအကြောင်း ရေးသားရန် ၂၃ နှစ်အတွင်း ထိုနိုင်ငံသို့ အကြိမ်ပေါင်းများစွာ ရောက်ခဲ့သည်။ ထိုသည်မှ အတွေ့အကြုံများနှင့် ဆီးရီးယားနိုင်ငံရှိ အဆက်အသွယ်များကြောင့် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း ဘရှားနှင့်သူ့ဇနီး အက်စ်မာ အယ်လ်-အာဆတ်တို့အား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ ထို့ပြင် ဆီးရီးယားထိပ်တန်းခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမေးမြန်းကာ ၂၀၀၅ ခုနှစ်တွင် *ဒမတ်စကတ်မြို့မှ ခြသေ့်သစ်၊ သို့မဟုတ် ဘရှား အယ်လ်-အာဆတ်နှင့် ခေတ်သစ်ဆီးရီးယားနိုင်ငံ* ဟူသောစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါသည်။ထိုသို့ ရေးသားရန် အချက်အလက်များ စုဆောင်းခဲ့သည့်အတွက် ကျွန်တော်သည် အာဆတ်တို့အကြောင်းကို မည်သည့်အနောက်နိုင်ငံသားထက် မဆို ပို၍သိနေသည်ဟု ဆိုချင်ပါသည်။ သူ၏တောင်းဆိုချက်ကြောင့်ပင် ကျွန်တော်သည် ၂၀၀၈ ခုနှစ်အထိ ဘရှားနှင့် ပုံမှန်တွေ့ဖြစ်ခဲ့ပါသည်။ထို့ပြင် ဆီးရီးယားနိုင်ငံ၏ အခြားထိပ်တန်းခေါင်းဆောင်များနှင့်လည်း ၂၀၁၁ ခုနှစ်အထိ ကျွန်တော် ပုံမှန်တွေ့ဖြစ်ခဲ့သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသူအားလုံးကို ကျွန်တော်ကျေးဇူးတင်ပါသည်။ ဤစာအုပ်ကို ရေးသားရန် အနီးကပ်အားပေးကာ စာမူကြမ်းကိုဖတ်ပေးသည့် ကျွန်တော်၏ဇနီး ဂျူဒီဒန်းလပ်သည်လည်း ကျေးဇူးတင်ထိုက်သူများထဲတွင် ပါဝင်ပါသည်။

■

the bookhouse

www.burmeseclassic.com

# မျှော်လင့်ချက်

စင်စစ် ထိုသို့ဖြစ်ရန်မဟုတ်။ သို့မဟုတ်ကလည်း ထိုသို့မလွဲမသွေ…

၁၉၇၀ ပြည့်နှစ်က ဘသ်ပါတီတွင်း အာဏာသိမ်းခဲ့သည်မှ ၂၀၀၀ ပြည့်နှစ် သူကွယ်လွန်ချိန်အထိ ဆယ်စုနှစ်သုံးခု သူအာဏာရခဲ့သည်။ သမ္မတ ဟာဖစ် အယ်လ်-အာဆတ်သည် ဆီးရီးယားနိုင်ငံ၏ အုပ်စိုးသူဖြစ်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် သူ၏ကျန်းမာရေး ချို့ယွင်းလာခဲ့ရာ သားအကြီးဆုံး ဘဆီးလ်က သူ့အရိုက်အရာကို ဆက်ခံမည်ဟု အားလုံးကတွက်ထားခဲ့ကြသည်။

ဘဆီးလ်မှာ ဆီးရီးယားနိုင်ငံ၏ မျက်နှာပွင့်လန်းရာ စစ်ဘက်အရာရှိတစ်ယောက်ဖြစ်ပြီး အချိန်တန်လျှင် သမ္မတရာထူးကို အလွယ်တကူဆက်ခံမည့်သူလည်းဖြစ်သည်။ သို့သော် ၁၉၉၄ ခုနှစ်တွင် ဒမတ်စကတ်မြို့ လေဆိပ်အပြင်ဘက်ရှိ လမ်းဆုံအဝိုင်း၌ ဘဆီးလ် ကားမှောက်ကာ သေဆုံးသွားခဲ့ရသည်။

ဟာဖစ်၏ ဒုတိယသားကြီး ဘရှား အယ်လ်-အာဆတ်ထံ ထိုသတင်း ဖန်နဝါရီ တစ်နံနက်၌ ရောက်ရှိချိန်တွင် ဘရှားမှာ လန်ဒန်မြို့ရှိ သူ၏တိုက်ခန်းတွင် ရှိနေခဲ့သည်။ဘရှားမှာ ဒမတ်စကတ်တက္ကသိုလ်မှ ဘွဲ့ရခဲ့သော လိုင်စင်ရ မျက်စိကုဆရာဝန်တစ် ယောက်ဖြစ်သည်။ ယခု လန်ဒန်မြို့တွင် မျက်စိကုဆေးပညာ ဘွဲ့လွန်သင်တန်း လာရောက်တက်နေခြင်းဖြစ်သည်။ သူတက်နေသည်မှာ အနောက်ပိုင်း မျက်စိဆေးရုံတွင်ဖြစ်၏။ထိုသတင်းရသည်နှင့် သူဆီးရီးယားသို့ မိသားစုကိုအားပေးရန်နှင့် ငွေကြေးကိစ္စများ ဆောင်ရွက်ရန် ပြန်ခဲ့ရသည်။

ထိုအချိန်တွင် တစ်နေ့ သူသမ္မတဖြစ်လာမည်ဟု တွေးမိချင်မှ တွေးမိပေမည်။ သို့သော် နောက်ခြောက်နှစ်ကြာသောအခါ သူ့ဖခင်ကွယ်လွန်သဖြင့် သူသမ္မတဖြစ်လာ

the bookhouse

www.burmeseclassic.com



ခဲ့သည်။ ထိုအချိန်တွင် နောက်ဆယ့်တစ်နှစ်ကြာသောအခါ သူ၏အုပ်စိုးမှုကို ပြည်သူများက ဆန့်ကျင်ကန့်ကွက်လာမည်ဟု သူတွေးမိကောင်းမှ တွေးမိပေမည်။ ထိုကန့်ကွက်မှုများကို အကြမ်းဖက်နှိမ်နင်းရာမှ လူပေါင်းထောင်ချီသေဆုံးသဖြင့် သူ့ကို ကမ္ဘာက သွေးဆာသောလူသတ်ကောင်အဖြစ် သတ်မှတ်ကာ သူ၏အုပ်စိုးမှု တရားမဝင်ဖြစ်သွားမည်ကိုလည်း သူတွက်မိမည်မဟုတ်ပေ။

ထိုအဖြစ်အပျက်မှာ သူ အာဏာစတင်ရသည့်အချိန်တွင် သူ့အပေါ် ပြည်သူတွေထားသည့်သဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ စင်စစ် သူ အာဏာမရမီကပင် သူ့အား ဆီးရီးယားတစ်နိုင်ငံလုံးက "မျှော်လင့်ချက်"ဟု ခေါ်လာခဲ့ကြသည်။ သူသည် အနာဂတ်အတွက် မျှော်လင့်ချက်ဟူသည့်သဘောဖြစ်သည်။ အစ်ကိုဖြစ်သူ ဘဆီးလ်သေပြီးသည့်နောက် အုပ်ချုပ်ရေးပိုင်းတွင် သူ့အား ရာထူးကြီးကြီးများပေးခဲ့သည်။ ဆီးရီးယားကွန်ပျူတာအသင်းတွင်ဥက္ကဋ္ဌဖြစ်လာသည်။ ထိုတာဝန်မှာ ယခင်က သူ့အစ်ကိုယူခဲ့သောတာဝန် ဖြစ်သည်။

စစ်ဘက်တွင်လည်း ရာထူးအဆင့်ဆင့်တက်လာခဲ့ရာ သူ့ဖခင်သေဆုံးသည့်အချိန်တွင် သူဗိုလ်မှူးချုပ်အဆင့် ရောက်နေပေပြီ။ ၁၉၉၈ ခုနှစ်တွင် ဒုသမ္မတ အဗ္ဗဒူဟာလင်းခတ်ဒမ် ရယူထားသော အရေးပါသည့် ရာထူးများကို ပြန်သိမ်းကာ သူ့အားပေးခဲ့သည်။ ယင်းမှာ ဘသ်ပါတီတွင်း၊ အစိုးရအဖွဲ့အတွင်းနှင့် စစ်တပ်အတွင်းတွင် အာဏာတည်ဆောက်နေခြင်းဖြစ်သည်။ သို့မှသာ သူ့အားဆန့်ကျင်မှုများ ကင်းမည်ဖြစ်သည်။

သူ့ဖခင်ကလည်း ဘရှားအား ဆန့်ကျင်မှုမရှိသည်အထိ အသက်ရှင်ကာ အုပ်စိုးသွားခဲ့သည်။ သို့ဖြင့် ဘရှား အယ်လ်-အာဆတ်မှာ သမ္မတဖြစ်လာခဲ့တော့သည်။ နိုင်ငံတော်စစ်ဘက်လုံခြုံရေးအသိုက်အဝန်းမှ ဗိုလ်ချုပ်များသည် ဟာဖစ် အယ်လ်- အာဆတ်အား သစ္စာစောင့်သိခဲ့သည့် ကာကွယ်ရေးဝန်ကြီး မူစတာဖာတာလစ်ထံ စုဝေးရောက်ရှိကာ သမ္မတရာထူးဆက်ခံမှုကို တိုင်ပင်ကြသည်။

ဗိုလ်ချုပ်အများစုမှာ အလာဝိတ်လူမျိုးစုများဖြစ်ကြသည်။ အလာဝိတ်များသည် ဆီးရီးယားနိုင်ငံ၏ လူနည်းစုမွတ်ဆလင်လူမျိုးစုများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်း၊ ၁၃ ရာခိုင်နှုန်းမျှသာရှိကြသည်။ ထိုလူမျိုးစုများသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ဘသ်ပါတီနှင့်အတူ အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်လာခဲ့သူများဖြစ်သည်။ အလာဝိတ်တို့သည် ရှိယာအစ္စလာမ်ဘာသာမှ ဆင်းသက်လာကြသူများဖြစ်ပြီး ယခင်က အဖိနှိပ်ခံလူနည်းစုများဖြစ်ခဲ့ကြသည်။ စင်စစ်တွင် ၁၃ နှင့် ၁၄ ရာစုနှစ်များက ဆွန်နီအစ္စလာမ်ဘာသာရေးပညာရှင် အီဘန်တာမီယာက အလာဝိတ်တို့သည် ဂျူးများ၊ ခရစ်ယာန်များထက်ပင် ဒီဋ္ဌိဆန်ကြသဖြင့် သူတို့အား ဂျီဟာဒ်စစ်ဆင်နွှဲရန်ပင် ပြောကြားခဲ့သည်။

ပြင်သစ်အစောင့်ရှောက်ခံကာလ မကုန်မီမှာပင် ဆွန်နီမွတ်ဆလင် ၇၅ ရာခိုင်နှုန်းရှိသော ဆီးရီးယားနိုင်ငံရှိ

the bookhouse
we bring your future

www.burmeseclassic.com



အလာဝိတ်တို့၏ စည်းစိမ်ချမ်းသာများ တိုးတက်မှုရှိလာခဲ့သည်။ ပြင်သစ်လက်အောက်မှ ၁၉၆၄ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် အလာဝိတ်တို့သည် စစ်ဘက်တွင် နေရာကောင်းကောင်းရခဲ့ကြသည်။ သူတို့သည် စေတနာ့ ဝန်ထမ်းစစ်မှုထမ်းကြသည်သာမက သူတို့ကို စစ်မှုထမ်းရန်လည်း စည်းရုံးခံခဲ့ရသည်။ ဆွန်နီမွတ်ဆလင်များကမူ မိမိ တို့နိုင်ငံအား ကျွန်ပြုခဲ့သည့် ပြင်သစ်တို့နှင့် ပူးပေါင်းမည့် စစ်ဘက်ကိုဝင်ရန် မလိုလားကြချေ။

၁၉၅၀ ပြည့်လွန်နှစ်များတွင် ဆိုရှယ်လစ်နှင့် အာရပ်လုံးဆိုင်ရာဝါဒကြီးစိုးသော ဘသ်ပါတီက ပါလီမန်တွင်နေရာ များစွာရလာပြီး ပါတီသည် နိုင်ငံရေးအာဏာခိုင်မာစေရန် စစ်ဘက်နှင့် ပူးပေါင်းလာသောအခါ အလာဝိတ်တို့သည် နိုင်ငံရေးအခင်းအကျင်းတွင် အရေးပါလာသည့်ပြင် အုပ်ချုပ်ရေးပိုင်းတွင်ပါ အရေးကြီးသောအခန်းမှပါဝင်လာခဲ့ကြသည်။ ၁၉၆၆ ခုနှစ်တွင် ဘသ်ပါတီတွင်း အာဏာသိမ်းမှုဖြစ်သောအခါ ဟာဖစ် အယ်လ်-အာဆတ်မှာ ကာကွယ်ရေးဝန်ကြီးနှင့် လေတပ်ဦးစီးချုပ်အဖြစ် အစိုးရသစ်တွင် ထိပ်တန်းနေရာရလာခဲ့သည်။

အလာဝိတ်တို့သည် ၁၉၆၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်လာခဲ့ရသော်လည်း ဟာဖစ်၏ လက်အောက်တွင် သူတို့၏ စစ်ဘက်လုံခြုံရေးအခန်းကဏ္ဍမှာ များစွာတိုးတက်လာခဲ့သည်။ ထိုအခြေအနေမှာ ဘရှားလက်ထက်တွင် ပိုမိုတိုးတက်လာပြီး အလာဝိတ်တို့သည် အစိုးရအဖွဲ့တွင် ပိုမိုအရေးပါလာခဲ့ရသည်။ (နောက်ပိုင်းတွင် ဟာဖစ်နှင့် ဘရှားတို့သည် အစိုးရအဖွဲ့၏ အရေးပါသောနေရာများ၌ ဆွန်နီမွတ်ဆလင်များကို နေရာပေးခဲ့သည်။)

အလာဝိတ်တို့သည် တိုင်းပြည်တွင် သြဇာအာဏာရှိအောင် ကြိုးစားလုပ်ဆောင်ခဲ့ရသည်ဖြစ်ရာ ထိုအနေအထား ကို လွယ်လွယ်ကူကူလည်း လက်လွှတ်ခံမည်မဟုတ်ကြပေ။ အလာဝိတ်တို့ကြီးစိုးသော စစ်ဘက်လုံခြုံရေးအခင်းအကျင်းနှင့် ဆွန်နီအများစုကြီးစိုးသော စီးပွားရေးအသိုက်အဝန်းသည် အစိုးရအဖွဲ့နှင့် ဆက်စပ်နေသည်ဖြစ်ရာ ဘရှား၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအနေအထားမှာ ခိုင်မာလျက်ရှိနေသည်။ ဤသည်ကြောင့်လည်း ဘရှားအာဏာရလာခြင်း ဖြစ်သည်။ သူသည် အသက်ကလည်းငယ်၊ ထင်ပေါ်ကျော်ကြားမှုလည်းရှိ၊ အလာဝိတ်တစ်ယောက်လည်း ဖြစ်သည့်ပြင် အာဆတ် သွေးလည်းပါသောကြောင့်ဖြစ်သည်။

သူ့ဖခင်သေပြီး နောက်တစ်နေ့ဖြစ်သော ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ဘသ်ပါတီက သူ့အား သမ္မတအဖြစ် အမည်စာရင်းတင်သွင်းခဲ့သည်။ အခြားယှဉ်ပြိုင်စာရင်းတင်သွင်းခံရသူလည်း မရှိခဲ့။ အမျိုးသားညီလာခံ (ပါလီမန်)က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုဒ် ၈၃ ကို အဆောတလျင် ပြင်ဆင်ပေးခဲ့သည်။ ထိုဥပဒေအရ သမ္မတဖြစ်မည့်သူသည် အသက်လေးဆယ်ဖြစ်ရမည်ဆိုသည့်အစား ဘရှား၏အသက် ၃၄ နှစ်ဖြစ်ရမည်ဟု ပြင်ဆင်ခဲ့သည်။ သူ့ကို ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် မွေးခဲ့ခြင်းဖြစ်သည်။ ထိုနှစ် ဇွန်လ၊ ၂၄ ရက်နေ့တွင် ကျင်းပသော

the bookhouse

www.burmeseclassic.com



ကိုးကြိမ်မြောက် ဘဿပါတီကွန်ဂရက်တွင်လည်း သူ့ကို ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် တင်မြှောက်ခဲ့သည်။ ထို ကွန်ဂရက်မှာလည်း ဆယ့်ငါးနှစ်အတွင်း ပထမဆုံးကျင်းပသောအစည်းဝေးဖြစ်သည်။

နောက်သုံးရက်ကြာသောအခါ ဆီးရီးယားပါလီမန်က ဘဿပါတီက သူ၏အမည်စာရင်းကို အတည်ပြုခဲ့ပြီး ဆန္ဒခံယူပွဲတွင်လည်း ထောက်ခံမဲ ၉၇ ဒသမ ၂၉ ရာခိုင်နှုန်း ထောက်ခံမဲရခဲ့သည်။ (သူ့ဖခင် ပုံမှန်ရခဲ့သည့်မဲ ၉၉ ရာခိုင်နှုန်းထက် အနည်းငယ်သာလျော့နည်းသည်။)

သမ္မတ ဘရှားအယ်လ်-အာဆတ်သည် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဒမတ်စကတ်မြို့၌ ပထမဆုံးအဖွင့်မိန့်ခွန်းပြောခဲ့သည်။

ဆီးရီးယားနိုင်ငံအနေနှင့်မူ ထိုမိန့်ခွန်းမှာ အလွန်အားတက်ဖွယ်ဖြစ်သည်။ သူ့ဖခင်လက်ထက်က ကျင့်သုံးခဲ့သည့် မူဝါဒများကိုပင် ဝေဖန်မှုများ ပါရှိခဲ့သည်။ ပြည်တွင်းပြည်ပမှ ပြုပြင်ပြောင်းလဲရေး လိုလားသူများ၊ ဒီမိုကရေစီလိုလားသူများ၏ ဝေဖန်မှုများကိုလည်း အသိအမှတ်ပြုခဲ့သည်။

ထို့ကြောင့် ဘရှားမှာ တိုင်းပြည်ကို လမ်းကြောင်းသစ်သို့ ဦးဆောင်သွားမည့် ခေါင်းဆောင်တစ်ယောက်ဖြစ်နေသည်။ သူ့မိန့်ခွန်းထဲတွင် သူက စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဦးစားပေးရမည်ဟု ထည့်ပြောခဲ့သည်။ စင်စစ်တွင် စနစ်ဟောင်းကို ထိုသို့ ပွင့်ပွင့်လင်းလင်းဝေဖန်မည်ဟု ထင်မထားကြပေ။

သမ္မတသစ်က ဗျူရိုကရေစီသည် ကြီးစွာသော အဟန့်အတားဖြစ်ပြီး စီးပွားရေးတွင်လည်း နိုင်ငံတော်ပိုင်းက ကြီးစိုးနေမှုများနေသဖြင့် မအောင်မြင်ရခြင်းဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။ ''နိုင်ငံတော်အပေါ် မမှီခိုနဲ့၊ ဘာမှ သူ့အလိုလို ဖြစ်မလာဘူး၊ ပြောင်းလဲမှုဆိုတာ တစ်ယောက်တည်းနဲ့ လုပ်လို့မရဘူး၊ တာဝန်မယူတဲ့ အာဏာပိုင်ဆိုင်မှုဟာ ပရမ်းပတာ ဖြစ်မှာပဲ''ဟု သူကပြောသွားသည်။ သူကဆက်၍-

''အတားအဆီးဖြစ်မယ့် အတွေးအခေါ်ဟောင်းတွေကို စွန့်ပယ်ရမယ်၊ အောင်မြင်ဖို့ဆိုရင် ခေတ်မီတဲ့ အတွေးအခေါ်တွေ ရှိရမယ်၊ တချို့က ဖန်တီးနိုင်တဲ့ဉာဏ်စွမ်းဟာ အသက်နဲ့ဆိုင်တယ်လို့ ထင်ကြတယ်၊ အသက်ကြီးမှ အကြံကောင်း ဉာဏ်ကောင်းတွေထွက်တယ်လို့ ယူဆကြတယ်၊ ဒါ မမှန်ဘူး၊ တချို့လူငယ်တွေလည်း အကြံကောင်းဉာဏ်ကောင်းတွေ ရှိတယ်၊ သွက်လက်ပြီး ဖန်တီးနိုင်စွမ်းတွေလည်း ရှိကြတယ်''

သူက သူ့ဖခင်ချမှတ်ခဲ့သောလမ်းကြောင်းနှင့် မတူသည့်လမ်းကြောင်းမှ သွားရမည်ဟုလည်း ပြောသွားသည်။ သူ့ဖခင် လုပ်ဆောင်ပုံများမှာ ကောင်းမွန်ပါသည်။ သို့သော် ထိုမျှနှင့် ကျေနပ်မနေဘဲ ပိုမိုတိုးတက်အောင် လုပ်သွားရမည်ဟု လည်းဆိုသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ရမည့်သဘောပါသော သူ့မိန့်ခွန်းတွင် အနောက်တိုင်းပုံစံ ဒီမိုကရေစီကို ကျင့်

the bookhouse
we bring your future

www.burmeseclassic.com



သုံးရန်လည်း မဖြစ်နိုင်ကြောင်း ထည့်ပြောခဲ့သည်။ “ဆီးရီးယားနိုင်ငံရဲ့ သမိုင်းကြောင်းကို အခြေခံပြီး ဆီးရီးယား လူ့အဖွဲ့အစည်းကို လေးစားတဲ့ ဒီမိုကရေစီမျိုးကိုကျင့်သုံးရမယ်”ဟု သူကဆိုသည်။

ဆီးရီးယားနိုင်ငံအား ပြောင်းလဲပစ်ရန် လိုလားသူများအတွက်တော့ သူ့မိန့်ခွန်းမှာ ဝမ်းသာစရာ။ ဘရှားသည် ပြုပြင်ပြောင်းလဲရေးကို လိုလားသော ကွန်ပျူတာအသင်းမှလူများကို အစိုးရအဖွဲ့အတွင်းသို့ ခေါ်ယူခဲ့သည်။ ထိုလူများသည် ဒီမိုကရေစီထက် နည်းပညာအပေါ် ထက်သန်သူများသာဖြစ်သည်။ သို့သော် အခင်းအကျင်းမှာ ပို၍အားရစရာ ဖြစ်လာသည်။ ထိုလူများသည် နိုင်ငံကို ခေတ်မီစေရန် ကြိုးပမ်းကြသည်။

မိမိတို့တာဝန်ကျရာ ဝန်ကြီးဌာနများတွင်လည်း ပြုပြင်ပြောင်းလဲမှုများလုပ်ပစ်သည်။ စီးပွားရေးတွင် အားနည်းချက်များကိုလည်းဆန်းစစ်ကာ စနစ်ကိုကောင်းအောင် ပြုပြင်ကြသည်။ သူတို့ ထိုနေရာများသို့ ရောက်လာသည်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲရန်တော့မဟုတ်။ သူတို့သည် မိမိတို့အတွက် အကျိုးရှိမည့်နေရာသို့ ရောက်လာခြင်းမျှသာဖြစ်ပြီး မိမိတို့အတွက် အကျိုးယုတ်မည့်အလုပ်ကိုတော့ လုပ်ကြမည်မဟုတ်ပေ။

ဘရှားသည် သူ့ဖခင်ထံမှ သက်ဦးဆံပိုင်အမွေကို ဆက်ခံရရှိခဲ့သည်။ သို့သော် နိုင်ငံမှာ သေနေသောစီးပွားရေး၊ များပြားလှသည့် အဂတိမှုများနှင့် နိုင်ငံရေးဖိနှိပ်မှုများဖြင့် စိတ်ပျက်စရာအခြေအနေ ဖြစ်နေသည်။ ယင်းမှာ အရှေ့အလယ်ပိုင်းရှိ များပြားလှသော အာဏာရှင်နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းကို အာရပ်ဘာသာနှင့်ဆိုလျှင် *မူခါဘရက်* နိုင်ငံဟုခေါ်သည်။ ထိုနိုင်ငံများတွင် လုံခြုံရေး၊ သို့မဟုတ် ထောက်လှမ်းရေးအဖွဲ့များကို ယုံကြည်စိတ်ချရသော စစ်ဘက်အင်အားစုများနှင့် ပေါင်းစပ်ကာ ပြည်သူကိုအုပ်ချုပ်ထားပြီး အစိုးရကိုဆန့်ကျင်မည့် ပြည်တွင်းပြည်ပရန်များကို ခုခံကာကွယ်ထားသည်။

ဟာဖစ် အယ်လ်-အာဆတ်သည် နိုင်ငံတွင် *မူခါဘရက်* အနေအထားမျိုး များစွာတည်ဆောက်ထားခဲ့သည်။ သူ့အာဏာရှိနေစဉ်အတွင်း လုံခြုံရေးအေဂျင်စီအမျိုးမျိုး ဖွဲ့စည်းထားရှိခဲ့သည်။ လွတ်လပ်ရေးရပြီး ဆီးရီးယားနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုမရှိဘဲ အာဏာသိမ်းမှုနှင့် အာဏာသိမ်းရန် ကြိုးပမ်းမှုများဖြစ်နေခဲ့ရာ ပြည်သူများမှာ လွတ်လပ်မှုမရှိသော်လည်း တည်ငြိမ်မှုရှိသည့် အခြေအနေကို လိုလားနေကြသည်။၁၉၇၀ ပြည့်လွန်နှစ်များကစပြီး နိုင်ငံရေး မတည်ငြိမ်မှုများ၊ လက်ဘနွန် အီရတ်တို့နှင့် နယ်စပ်စစ်ပွဲများ ဖြစ်လာခဲ့သဖြင့် ဆီးရီးယားပြည်သူများမှာ တည်ငြိမ်မှုကို အရာအားလုံးထက် တန်ဖိုးထားနေခဲ့ကြသည်။ ထို့ကြောင့် အာဆတ်များ၏လက်အောက်တွင် အစိုးရအပြောင်းအလဲမရှိဘဲ ထိုအစိုးရများကလည်း တာဝန်ကျေအောင်အုပ်ချုပ်ကာ တည်ငြိမ်မှုနှင့် ပရမ်းပတာဖြစ်မှုအကြား ကြားခံပေးထားသည့် အနေအထား ရှိနေသည်။

the bookhouse

www.burmeseclassic.com



သို့ရာတွင် ဖွံ့ဖြိုးမှုနှင့် အခွင့်အလမ်း စိုးစဉ်းမျှပေးရသည်ပင် ကြီးမားသောစိန်ခေါ်မှုဖြစ်နေသည်။ ဆီးရီးယား နိုင်ငံမှာ ဝင်ငွေ အလယ်အလတ်အောက်ရှိသော နိုင်ငံဖြစ်ပြီး နိုင်ငံတကာ ဖွံ့ဖြိုးမှုစံနှင့် တိုင်းတာလျှင် တတိယအောက်ဆုံး အဆင့်တွင် ရှိနေသည်။ ၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၆၀ ပြည့်လွန်နှစ်များက ဗြိတိသျှနှင့် ပြင်သစ်ကိုလိုနီလက်အောက်မှ လွတ်မြောက်စအချိန်တွင် ဆိုရှယ်လစ်ဝါဒယိမ်းသောအစိုးရက စီမံခဲ့သည့် နိုင်ငံပိုင်စီးပွားရေးအများစုစနစ်မှာ ဆက်လက် တည်ရှိနေသည်။

ထိုစဉ်က ချားစ်အစ်ဆာဝီ ရေးသားခဲ့သည့်အတိုင်း အရှေ့အလယ်ပိုင်းတွင် အဓိက အာဏာရွှေ့ပြောင်းမှုသုံးရပ် ရှိခဲ့သည်။ ယင်းတို့မှာ နိုင်ငံခြားသားလက်မှ နိုင်ငံသားလက်သို့ ရွှေ့ပြောင်းခြင်း၊ မြေယာကဏ္ဍမှ စက်မှုလက်မှုသို့ ရွှေ့ပြောင်းခြင်းနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍမှ နိုင်ငံပိုင်ကဏ္ဍသို့ ရွှေ့ပြောင်းခြင်းများဖြစ်သည်။

ထိုသို့ ရွှေ့ပြောင်းသည်မှာလည်း ရည်ရွယ်ချက်ရှိသည်။ ဓနဥစ္စာနှင့် နိုင်ငံရေးအာဏာ ခွဲဝေကာ ပြည်ပအပေါ် အားမကိုးရတော့ဘဲ အကျင့်ပျက် ခြစားမှုကင်းကာ တရားဥပဒေစိုးမိုးစေရန်ဖြစ်သည်။ ထိုနိုင်ငံများတွင် အစိုးရများက ကာကွယ်ရေး အလုပ်အကိုင်ရရှိရေး၊ ပညာရေးနှင့် လူမှုရေးဝန်ဆောင်မှုများပေးမည်ဟု ကတိပြုပြီး ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်ထားသည်။ ထိုပုံစံအတိုင်း ဖြစ်နေသော ဆီးရီးယားနိုင်ငံမှာ အောင်မြင်မှုမရှိသော ပြည်သူပိုင်အခန်းကဏ္ဍကို ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးခြင်းဖြင့် ပြည်သူ၏ထောက်ခံမှုကို ရခဲ့သည်။ ထိုသို့လုပ်ရင်း အစိုးရတည်မြဲရေးကို စီးပွားရေးမူဝါဒများဖြင့် ထိန်းထားသည်။ အချိန်ကြာလာသည်နှင့်အမျှ ဓနဥစ္စာမှာ နိုင်ငံတော်၏ အရင်းအနှီးအဖြစ်ရောက် သွားပြီး ယင်းကို အစိုးရက စီမံခန့်ခွဲသည်။ စစ်ဘက်၊ အုပ်ချုပ်ရေးဘက်နှင့် စီးပွားရေးအသိုက်အဝန်းမှာလည်း ကွန်ရက် သဖွယ်ယှက်နွယ်ကာ တည်ဆောက်ထားသည်။

ပြည်သူပိုင်အခန်းကဏ္ဍမှာ နိုင်ငံရေးလက်နက်သဖွယ် ကြီးစိုးထားမှုကြောင့် စိုက်ပျိုးရေးနှင့် ရေနံကိုအခြေပြုသော ဆီးရီးယားစီးပွားရေးမှာ မိုးမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ နိုင်ငံတကာရေနံဈေးကွက် ကမောက်ကမဖြစ်ခြင်းကြောင့် အကျပ် အတည်းတွေ့လာသည့်အခါ အစိုးရသည် တင်းကျပ်မှုများကို အကန့်အသတ်နှင့် လျှော့ပေးရသည်များ ရှိခဲ့ရသည်။ အကန့်အသတ်ထားရသည်မှာ လွတ်လပ်မှုကို မြန်မြန်နှင့်များများ လွတ်ပေးလိုက်လျှင် အစိုးရတည်မြဲရေးအတွက် အားထား ရသည့် ပြည်သူပိုင်အခန်းကဏ္ဍကို ထိခိုက်သွားနိုင်သောကြောင့်ဖြစ်သည်။ အချို့ကလည်း ထိုသို့ အကန့်အသတ်နှင့် လွတ်လပ်မှုပေးသည်မှာ အစိုးရသည် အပြောင်းအလဲကာလတွင် လူထုထောက်ခံမှု ပိုရစေရန်ဖြစ်သည်ဟု ဆိုကြသည်။

ထို့ကြောင့် ဘူဇွာများ ပေါ်လာတော့သည်။ သူတို့သည်လည်း အစိုးရနှင့် ဆက်စပ်မှုရှိလာကြသည်။ ထိုသို့ အားဖြင့် နိုင်ငံရေးအာဏာလည်းတက်လာပြီး ပုဂ္ဂလိကလုပ်ငန်းများတွင် အဂတိမှုများရှိလာသည်။ တစ်ဖက်ကလည်း

the bookhouse

www.burmeseclassic.com



ယင်းမှတစ်ဆင့် အစိုးရနောက်ကွယ်တွင် လူမှုအင်အားစုတစ်ခုရှိလာပြီး ပုဂ္ဂလိကပိုင်းမှ နိုင်ငံရေးအာဏာကို ရယူနိုင်စွမ်း မရှိဖြစ်သွားမည် ဖြစ်သည်။ ထိုအခြေအနေမှာ ဂဝ်ဆန့်ဆလိမ်းရေးခဲ့သလို 'ဘူဇွာများ သူတို့ချမ်းသာရေးအတွက် တည်ငြိမ်မှုကို ဆောင်ကြဉ်းပေးမည့် သူတို့၏အရှင်သခင်များနှင့် နိုင်ငံရေးကိုထားခဲ့ကာ ကျောခိုင်းထွက်ခွာသွားကြခြင်း' ဖြစ်သည်။

ယင်းမှာ ပက်ထရစ်ဆီလီပြောသလို 'စစ်ဘက်နှင့် ကူးသန်းရောင်းဝယ်ရေး ပေါင်းစပ်ခြင်း' လည်းဖြစ်သည်။ ထိုဖြစ်စဉ်သည် အစိုးရနှင့် ဆွန်နီစီးပွားရေးလူတန်းစားအကြား ခိုင်မာစွာ ဆက်ဆံမှုဖြစ်သည်။ ထိုလူတန်းစား၏ ထောက်ခံမှုကြောင့် ၁၉၈၂ ခုနှစ်က ဆီးရီးယားရှိ ဆွန်နီညီအစ်ကိုတော်အဖွဲ့ကို ဟာဖစ်နှိမ်နင်းရာတွင် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ နှိမ်နင်းရာတွင် ဟာမာမြို့ကို အမြောက်အမြားဖြင့် ပစ်ခတ်မှုကြောင့် လူပေါင်း ၁၀,၀၀၀ နှင့် ၂၀,၀၀၀ အကြားသေဆုံးခဲ့ရသည်။အများစုမှာ အပြစ်မဲ့ပြည်သူများ ဖြစ်ကြသည်။ သို့ရာတွင် ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက သောင်းကျန်းလာခဲ့သော မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့လည်း ပပျောက်သွားတော့သည်။

ဟာဖစ်နှင့် ဘရှားတို့သည် စီးပွားရေးလွတ်လပ်မှုကို မကြာခဏ အတိုင်းအတာဖြင့် ပေးခဲ့သည်။ သို့ရာတွင် အစိုးရနှင့် ကျွမ်းဝင်သူများသာ အကျိုးရှိသွားကြသည်။ သို့ဖြင့် ချမ်းသာပြီးသား ရေပေါ်ဆီလူတန်းစားများ ပိုမိုချမ်းသာကာ ဆင်းရဲချမ်းသာ မညီမမျှဖြစ်ခဲ့ရသည်။ အထူးသဖြင့် ဘရှားလက်ထက်တွင်ဖြစ်သည်။ ထိုရေပေါ်ဆီလူတန်းစား၏ လူမှုစီးပွားအနေအထားမှာ အစိုးရ၏ထောက်ခံမှုအပေါ် မူတည်နေရာ ထိုလူတန်းစားသည် အစိုးရနှင့် ပိုမို 'လုံး' လုံးလာကြသည်။ အစိုးရအပေါ် သစ္စာပျက်လျှင်ဖြစ်စေ၊ အစိုးရကို အကြည်ညိုပျက်အောင်လုပ်လျှင်ဖြစ်စေ သူတို့၏လက်ရှိအနေအထား ဆုံးပါးသွားမည်ဖြစ်သည်။

ဟာဖစ် အယ်လ်-အာဆတ်လက်ထက်တွင် ပြည်သူပိုင်အခန်းကဏ္ဍကြီးမားသည့် ဝန်ထုပ်ဝန်ပိုးအပြင် အခြားပြဿနာများလည်းရှိသေးသည်။ ယင်းတို့မှာ-

- အားနည်းပြီး ကန့်သတ်ချက်များသော ဘဏ်စနစ်ရှိသည့်ပြင် မတည်ငွေရရှိနိုင်မည့် စတော့ဈေးကွက် မရှိခြင်း၊
- အစိုးရ၏ စည်းမျဉ်းစည်းကမ်းများ အားနည်းသည့်အပြင် ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် အဂတိမှုများပြားကာ ပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း မဝင်ဘဲရှိနေခြင်း၊
- ပုဂ္ဂလိကကဏ္ဍမှာ အကွဲကွဲအပြားပြားဖြစ်နေခြင်းကြောင့် မတည်ရင်းနှီးမှု တိုးတက်မလာခြင်း၊
- အဂတိမှုပေါ်များပြီး မှောင်ခိုဈေးကွက် ကြီးမားနေခြင်း၊

the bookhouse

www.burmeseclassic.com



■ ပြည်တွင်းတွင် ကြီးကြီးကျယ်ကျယ် မတည်ရင်းနှီးသည့်အစဉ်အလာမရှိခြင်းတို့ဖြစ်သည်။

ထို့ပြင် ၂၀၀၂ ခုနှစ်က ကုလသမဂ္ဂလေ့လာမှု (အာရပ်လူ့အခွင့်အရေးအစီရင်ခံစာ)အရ အာရပ်ကမ္ဘာတွင် ဗဟုသုတခေါင်းပါးသည်ကို တွေ့ရသည်ဆို၏။ ယင်းမှာ ပညာရေးစနစ်မပြည့်စုံခြင်း၊ အနောက်တိုင်းနိုင်ငံများတွင် ပညာသွားရောက်သင်ကြားသော အာရပ်များသည် မိမိတို့နိုင်ငံသို့ မပြန်ဘဲ ထိုနိုင်ငံများတွင်ပင် ဆက်လက်နေထိုင်သွားရာ ဦးနှောက်ယိုစီးမှု ဖြစ်ရခြင်းတို့ကြောင့် ဖြစ်ရသည်ဆို၏။

သမ္မတကျမ်းသစ္စာကျိန်ဆိုအပြီး ပထမဆုံးပြောသောမိန့်ခွန်းတွင် ဘရှားအယ်လ်-အာဆတ်က စီးပွားရေး ပြုပြင်ပြောင်းလဲရေးကိုသာ အဓိကထားပြောသွားသည်မှာ သိသာပေသည်။ သို့ရာတွင် သူ သမ္မတဖြစ်လာခါစ လများတွင် နိုင်ငံရေးပွင့်လင်းမှုများ ရှိခဲ့သည်။ ထိုကာလကို 'ဒမတ်စကတ်နွေဦး'ဟုပင် ခေါ်ခဲ့ကြသည်။ ခုနစ်လ၊ ရှစ်လခန့်ရှိသော ဒမတ်စကတ်နွေဦးတွင် နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပုဂ္ဂလိကပိုင်သတင်းစာများ ထုတ်ခွင့်ပေးခြင်း၊နိုင်ငံပိုင် မီဒီယာများကို ပြန်လည်ပြုပြင်ခြင်း၊ နိုင်ငံရေးဖိုရမ်များ ကျင်းပခွင့်ပေးကာ ယင်းတို့တွင် လွတ်လပ်စွာဝေဖန်မှုများကို ခွင့်ပြုခဲ့သည်။ ထို့ပြင် ဘရှား၏ဖခင်လက်ထက်ကရှိခဲ့သော ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကိုလည်း စွန့်လွှတ်ခဲ့သည်။

ထိုသို့ အစိုးရ၏ လုပ်ဆောင်မှုများကြောင့် ဒီမိုကရေစီလိုလားသော တက်ကြွလှုပ်ရှားသူအုပ်စုများ ဘာလုပ်ရမည် မသိ ဖြစ်ကုန်ရသည်။ ထို့ကြောင့် အစိုးရအဖွဲ့အတွင်းရှိ တင်းမာသောသဘောထားရှိသူများကပင် ဘရှားအား ထိုသို့ဖွင့်ပေးသည့်အတွက် မိမိတို့၏ အာဏာပိုင်စိုးမှု ထိခိုက်လာနိုင်သည်ဟုပင် သတိပေးကြရသည်။ ထိုစဉ်က ဆီးရီးယားတွင် တာဝန်ထမ်းဆောင်နေသော သံတမန်တစ်ယောက်က ကျွန်တော့်အား 'တင်းမာတဲ့သဘောထားရှိသူတွေက ဘရှားကို ''ဟဲ့ကောင်လေး အဲဒီလိုမလုပ်ရဘူး''လို့ ပြောလာကြတယ်'ဟု ပြောပြခဲ့သည်။

ထို့ကြောင့် ဒမတ်စကတ်နွေဦးတွင် ကတိပေးခဲ့သော ပြုပြင်ပြောင်းလဲရေးများ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြောင်းပြန်ပြန်လှည့်သွားကြသည်။ ထိုသို့ နောက်ပြန်ဆုတ်မှုကြောင့် ဒီမိုကရေစီလိုလားသော တက်ကြွလှုပ်ရှားသူများ ပြန်လည်အဖမ်းခံကြရပြန်သည်။ ထို့နောက် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးအချို့ အနည်းငယ် ပြုပြင်ပြောင်းလဲခဲ့သည်။

သို့ရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတော့ စိုးစဉ်းမျှမရှိ။ တစ်ပါတီစနစ်၊ သက်ဦးဆံပိုင်အာဏာရှင်စနစ်သည် နိုင်ငံ၏အုပ်ချုပ်ရေးယန္တရား ဖြစ်နေဆဲပင် ရှိနေသည်။ ထိုအုပ်ချုပ်ရေးယန္တရားတွင်လည်း အာဆတ်မိသားစုက အဓိက ဖြစ်သည်။

the bookhouse

www.burmeseclassic.com



## ဒေသတွင်းနှင့် နိုင်ငံတကာတွင် အထီးကျန်ဖြစ်ခြင်း

၂၀၀၆ ခုနှစ် မတ်လတွင် ကျွန်တော်သည် ဝါရှင်တန်ဒီစီရှိ နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးဌာနတွင် ဆီးရီးယားအကြောင်းနှင့် ဘရှားအယ်လ်-အာဆတ်အကြောင်းကို ဟောပြောခဲ့ရသည်။ ထိုအချိန်က ကျွန်တော်သည် ဆီးရီးယားနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးရေးကို လိုလားသူအုပ်စုထဲတွင် ပါနေသည်။ ကျွန်တော် ဟောပြောပြီးတော့ ဒုသမ္မတ ဒစ်ချေနီ၏ နိုင်ငံခြားရေးမူဝါဒအကြံပေးက ကျွန်တော့်ထံလာပြီး ကျွန်တော်၏ ဆိုလိုချက်ကို သူသဘောပေါက်ကြောင်း ပြောသည်။ ထို့နောက် သူက ကျွန်တော့်မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ "အီရတ်က ကျုပ်တို့ကောင်လေးတွေကို သတ်တာ အဲဒီအကောင်တွေပေါ့" ဟုပြောသည်။ သူက ဆီးရီးယားအစိုးရကို ဆိုလိုခြင်းဖြစ်သည်။

ထိုအချိန်ကျမှ ဂျော့ဒဗလျူဘုရှ်အစိုးရအဖွဲ့ထဲတွင် အရေးတကြီးသဘောထားနေသည့် ပြဿနာကို ကျွန်တော် သိခဲ့ရတော့သည်။ အစိုးရအဖွဲ့ဝင်များသည် ပြည်ပတိုက်ခိုက်ရေးသမားများ ဆီးရီးယားကိုဖြတ်ကာ နယ်စပ်ကိုကျော်လျက် အီရတ်နိုင်ငံထဲသို့ ဝင်နေသည်များအား ဆီးရီးယားအစိုးရက လက်ပိုက်ကြည့်နေခြင်းအတွက် မကျေမနပ်ဖြစ်နေကြခြင်း ဖြစ်သည်။ ထိုသို့ဝင်နေခြင်းအားဖြင့် ၂၀၀၃ ခုနှစ်က အမေရိကန်တို့ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် အမေရိကန်က ဆက်လက်ဆောင်ရွက်နေမှုများကို အနှောင့်အယှက်ဖြစ်စေရုံသာမက ဘုရှ်အစိုးရပါ သိက္ခာကျနေရခြင်း ဖြစ်သည်။ ထိုအတွက် အမေရိကန်အစိုးရက စိတ်ဆိုးနေခြင်းဖြစ်သည်။ ထိုကိစ္စသည် အမေရိကန်-ဆီးရီးယား ဆက်ဆံရေး တွင် အဓိကကျနေကြောင်း ထို ၂၀၀၆ ခုနှစ်၊ မတ်လတွင် ကျွန်တော်သိခဲ့ရသည်။

ဒစ်ချေနီ၏ အကြံပေးအား ကျွန်တော် ပြန်လည်ပြောကြားရာတွင် နှစ်ပိုင်းပါသည်။ ပထမအပိုင်းတွင် ကျွန်တော် သည် တက္ကဆတ်ပြည်နယ် ဆန်အန်တိုနီယိုမြို့ရှိ ဘရွတ်ဆေးတပ်ဌာန(ဘီအေအမ်စီ)မှ မီးလောင်တပ်စုတွင် လုပ်အားပေး ခဲ့ဖူးကြောင်း၊ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ ပြန်သယ်ဆောင်လာသည့် မီးလောင်ခံရသော စစ်သားများကို ထိုမီးလောင် တပ်စုက အဓိက ပြုစုကုသပေးရကြောင်း၊ ထိုစစ်သားအများစုမှာ ထိုဒဏ်ရာများနှင့်ပင် သေဆုံးခဲ့ရကြောင်း၊ ထိုဒဏ်ရာများ မှာလည်း လက်လုပ်ဗုံးများကြောင့် ရခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံတိုက်ခိုက်မှုများကြောင့်လည်း ထိုဒဏ်ရာများရခဲ့ကြောင်း၊ ထိုဗုံးများကိုလည်း ဒမတ်စကတ်မြို့တွင် ကျွန်တော်တွေ့နေကျလူက လုပ်ခြင်းဖြစ်ကြောင်း၊ ထိုအတွက် ကျွန်တော်လည်း စိတ်ဆိုးကြောင်း ပြောခဲ့သည်။

ဒုတိယအပိုင်းတွင် ကျွန်တော်က သူ့အား ထိုကိစ္စမှာ ဆီးရီးယားအစိုးရလက်ချက်ဖြစ်ကြောင်း ကမ္ဘာသို့တင်ပြ နိုင်ပါက နိုင်ငံခြားတပ်များ ဆီးရီးယားနိုင်ငံမှ ဖြတ်သွားနေသည်ကို ဆီးရီးယားအစိုးရက မျက်နှာလွှဲနေသည့် ရည်ရွယ်ချက်ကို

the bookhouse
we bring your future

www.burmeseclassic.com



သိနိုင်မည်ဖြစ်ကြောင်း၊ ထိုအခါ ဘရှားသည် မိမိအား ရန်ပြုမည့် အင်အားစုများက ဝိုင်းထားပြီဖြစ်ကြောင်း သိသွားမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ထို့ပြင် ဘရှားသည် သူ့ဖခင် ၁၉၈၂ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် ပြည်တွင်း အစ္စလာမ်မစ်များ ထကြွမှုနှင့် အစ္စရေးတို့ လက်ဘနွန်နိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများနှင့် ရင်ဆိုင်ခဲ့ရစဉ်ကကဲ့သို့ ဘရှားသည်လည်း အမေရိကန်တို့ အမျက်မရှုစေရန် တိုက်ထုတ်သင့်သည်ကို တိုက်ထုတ်လာမည်ဖြစ်သည်ဟု ပြောခဲ့သည်။

ဘရှားသည် ၂၀၀၀ပြည့်နှစ် ဆီးရီးယားနိုင်ငံ အန္တရာယ်ပတ်ဝန်းကျင်တွင်ရှိနေစဉ် အာဏာရလာခြင်းဖြစ်သည်။ သူသမ္မတဖြစ်လာပြီး လအနည်းငယ်အကြာတွင် အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲပျက်ပြားရာမှ အစ္စရေးသိမ်းပိုက်နယ်မြေအတွင်းတွင် ပါလက်စတိုင်းတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး၊ လွတ်လပ်ရေးရရှိရေးများ တောင်းဆိုလာခဲ့ရာမှ အယ်လ်-အက္ကဆာအဖွဲ့၏ သောင်းကျန်းမှုဖြစ်လာခဲ့သည်။ ပါလက်စတိုင်း အခွင့်အရေးတောင်းဆိုမှုတွင် ဆီးရီးယားသည် ပါလက်စတိုင်းတို့အား နှုတ်အားဖြင့် ထောက်ခံခဲ့ခြင်းမှာလည်း အမေရိကန်နှင့် ဆက်ဆံရေးရော အစ္စရေးနှင့် ပြန်လည်ဆွေးနွေးရေးကိုပါ ထိခိုက်ခဲ့ရသည်။

ထို့နောက်တွင် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု၊ အာဖဂန်နစ္စတန်ကို အမေရိကန်တို့ ဝင်ရောက်တိုက်ခိုက်မှုနှင့် ၂၀၀၃ ခုနှစ် ဆီးရီးယား၏အိမ်နီးချင်း အီရတ်ကို အမေရိကန်တို့ ဝင်ရောက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ခဲ့သည်။ ထိုအခါ အနေအထားများလည်း ပြောင်းလဲကုန်သည်။ အမေရိကန်သည် ဆီးရီးယားအား စောင့်ကြည့်ရမည့် နိုင်ငံအဖြစ် ထားခဲ့သည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆီးရီးယားနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ခြံစည်းရိုးကို ခွထိုင်လာခဲ့သည်။ ဟာဖစ် အယ်လ်-အာဆတ်သည် ထိုအနေအထားကို သဘောကျနေသည်။ ထိုအနေအထားမှာ အခြေအနေပေါ်မူတည်ကာ ခြံစည်းရိုး၏ မည်သည့်ဘက်ကိုမဆို ပြောင်းထိုင်နိုင်ပေသည်။ သူသည် နိုင်ငံခြားရေးမူဝါဒတွင် လက်တွေ့ကျသူဖြစ်သည်။ အရှေ့အလယ်ပိုင်းတွင် အဓိကကျသည့် အာရပ်နိုင်ငံဖြစ်သည်နှင့်အညီ ဆီးရီးယားသည် မိမိကြိုက်ရာ အခန်းကဏ္ဍတွင် ပါဝင်နိုင်ပေသည်။

အာရပ်ကမ္ဘာတွင် အစ္စရေးနှင့်ထိပ်တိုက်တွေ့နေရသည့် နိုင်ငံများတွင် ရှေ့တန်းမှ အာရပ်အမျိုးသားရေးဝါဒကို လက်ကိုင်ထားကာ ဟစ္စဘိုလာနှင့် ဟားမတ်အုပ်စုများကို ထောက်ခံနေသည့်နိုင်ငံဖြစ်သည်။ သမ္မတဘုရှ်လက်ထက်တွင် 'အမေရိကန်စီမံကိန်း' ဟုခေါ်သောကိစ္စများတွင် မည်သည့်အခါမျှ အလျှော့မပေးခဲ့ပေ။ အခြားတစ်ဖက်ကလည်း ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲတွင် အီရတ်တပ်များကို ကူဝိတ်နိုင်ငံတွင်းမှ မောင်းထုတ်သည့် အမေရိကန်ဦးဆောင်သော ကုလသမဂ္ဂ ညွန့်ပေါင်းတပ်ဖွဲ့ထဲသို့ ဆီးရီးယားတပ်များ စေလွှတ်ခဲ့သည်။ ထို့ပြင် ဆယ်စုနှစ်သုံးခုအတွင်း အစ္စရေးနှင့်

the bookhouse

www.burmeseclassic.com



ဆွေးနွေးပွဲများတွင် ဆီးရီးယားအစိုးရ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ခဲ့သည်။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်များအကြား အစ္စရေး-ဆီးရီးယား ငြိမ်းချမ်းရေးရတော့မည်ကဲ့သို့ပင် ဖြစ်ခဲ့ရသည်။

ဘုရှ် အစိုးရသည် ဆီးရီးယားအား ခြံစည်းရိုးပေါ် ခွမထိုင်ဘဲ တစ်ဖက်ဖက်တွင် ရပ်တည်ရန် သတိပေးခဲ့သည်။ စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်မှုတွင် အယ်လ်ကေဒါနှင့် ပတ်သက်သည့် ထောက်လှမ်းရေးပူးပေါင်းဆောင်ရွက်မှုကြောင့် အမေရိကန်တာဝန်ရှိသူတစ်ယောက်က ဆီးရီးယားသည် အမေရိကန်အသက်များကို ကယ်တင်ခဲ့သည်ဟုပင် ပြောခဲ့ရသည်။ သို့ရာတွင် အမေရိကန်တို့ အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်သည်ကို ဆီးရီးယားက ကန့်ကွက်ရာမှ နှစ်နိုင်ငံဆက်ဆံရေး အဆင်မပြေဖြစ်ခဲ့ရပြန်သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပြီးသည့်နောက် အမေရိကန်နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲမှုများနှင့်အညီ ဘရှား အယ်လ်-အာဆတ်က လိုက်လျောညီထွေဖြစ်အောင် လုပ်ခဲ့သည်။ ထို့ကြောင့် ဆီးရီးယားခေါင်းဆောင် အပြောင်းအလဲအပေါ် အမေရိကန်တို့က အကောင်းမြင်သဘောများ ပြောလာခဲ့သည်။ ဆီးရီးယားအစိုးရသည် နည်းလမ်းဟောင်းများအတိုင်း ကိုင်တွယ်ဆောင်ရွက်၍ရမည်ဟု ထင်နေကြသည်။ အမေရိကန်အစိုးရအဖွဲ့ဝင်များကလည်း မကြာခဏဆိုသလို ထိုအတိုင်းထင်အောင် လုပ်ခဲ့ကြသည်။ ဆီးရီးယားတို့၏အပြစ်က သူတို့ကြားချင်သည်များကိုသာ နားထောင်ခြင်း ဖြစ်သည်။ သို့သော် အမေရိကန်တွင် ခြေလှမ်းသစ်များကို စတင်ချမှတ်လာသည်။ ကွန်ဂရက်၊ ပင်တဂွန်၊ ဒုသမ္မတရုံးနှင့် သြဇာရှိသော ရှေးရိုးစွဲအုပ်စုများသည် ဆီးရီးယားအား ပြဿနာ၏အခြေမဟုတ်ဘဲ ပြဿနာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြင်ထားကြသည်။

အာဖဂန်နှင့်အီရတ်နိုင်ငံတို့တွင် စစ်များအရှိန်ရလာသောအခါ ဘုရှ်အစိုးရ၏ မူဝါဒများသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကင်းကွာလာကာ ဆီးရီးယားနှင့် ရန်လိုသည့်သဘော ဆောင်လာတော့သည်။ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲ အပါအဝင် နိုင်ငံခြားရေးဌာန တာဝန်ရှိသူများသည် အီရတ်နိုင်ငံထဲသို့ဝင်လာသည့် ဂျီဟဒ်တိုက်ခိုက်ရေးသမားများနှင့် ပတ်သက်ပြီး ဆီးရီးယားက ပူးပေါင်းဆောင်ရွက်သည်ကို မကြာခဏ ချီးကျူးပြောကြားကြသည်။ ထို့ကြောင့်လည်း ဆီးရီးယားတို့က နည်းလမ်းဟောင်းများ ဆက်လက်ကျင့်သုံး၍ရသေးသည်ဟု ထင်နေကြခြင်းဖြစ်သည်။ ထိုသို့ပြောကြားချက်များသည် နိုင်ငံခြားရေးမူဝါဒကို အကျိုးသက်ရောက်မှုမဖြစ်သည့်ပြင် ပါဝဲနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို အလေးမထားသလို ဖြစ်လာသည်။

သို့ဖြင့် ဘရှားသည် အစ္စရေးကို ဆက်လက်တိုက်ခိုက်ပြောကြားခြင်း၊ ဟစ္စဘိုလာနှင့် ဟားမတ်အုပ်စုများအား ဆက်လက်ထောက်ခံခြင်းများ ၂၀၀၃ ခုနှစ်အထိ လုပ်နေသည်။ သို့သော် ဘရှားသည် သူနှင့် သူ့အစိုးရအဖွဲ့ကို ပစ်မှတ်ထား

the bookhouse

www.burmeseclassic.com



နေမှန်း မသိရှာခဲ့။ ၂၀၀၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် သမ္မတဘုရှ်က ပြောကြားရာ၌ 'ဆီးရီးယားဟာ အကြမ်းဖက်စခန်းများကို ပိတ်ပစ်ပြီး အကြမ်းဖက်အဖွဲ့အစည်းများကို နှင်ထုတ်ပြီး မှန်တဲ့ဘက်က ရပ်တည်ဖို့လိုတယ်' ဟု ပြောကြားခဲ့သည်။ ဆီးရီးယားသည် ထိုဒေသအတွင်း အများစုသဘောထားသည့်အတိုင်း အယ်လ်ကေဒါနှင့် ဟစ္စဘိုလာ/ဟားမတ်တို့သည် များစွာခြားနားမှုရှိသည်ဟု ယူဆထားသည်။ သို့သော် ထိုခြားနားမှုသည် ဘုရှ်အစိုးရလက်ထက်တွင် ခြားနားသည်ဟု မမြင်ပေ။

အမေရိကန်နှင့် ဆီးရီးယားအစိုးရများအကြား သဘောထားကွဲလွဲမှုမှာ ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်တော့ပေ။အစ္စရေးနှင့် ဆွေးနွေးပွဲမစတင်မီ ဆီးရီးယားသည် အမေရိကန်အလေးထားသည်များကို လိုက်လျောပေးရမည်ဖြစ်သည်။ ဆီးရီးယားအမြင်တွင်မူ ထိုသို့လုပ်ပေးရန် အကြောင်းမရှိဟု ယူဆသည်။ ဆီးရီးယားသည် ဆွေးနွေးပွဲမစမီ ဟစ္စဘိုလာ၊ဟားမတ်နှင့် အီရန်နိုင်ငံတို့နှင့် အဆက်အသွယ်ဖြတ်ခဲ့ပြီး ဖြစ်သည်။ အမေရိကန်က ဆီးရီးယားအား ဆိုးသွမ်းနိုင်ငံအဖြစ် မြင်လာသည်။

အမေရိကန်တို့ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်နေရင်း ဆီးရီးယားနိုင်ငံအား အမျိုးမျိုးစွပ်စွဲမှုများလည်း လုပ်ခဲ့သည်။ ဆဒမ်ဟူစိန်၏ အစိုးရအဖွဲ့ဝင်များကို လက်ခံပေးထားသည် ဆိုသည်မျိုး၊ အီရတ်၏ ဖျက်အားပြင်းလက်နက်များကို ဝှက်ပေးထားသည် ဆိုသည်မျိုး၊ အီရတ်တိုက်ခိုက်ရေးသမားများအား လက်နက်ကိရိယာများ ထောက်ပံ့ပေးသည်ဆိုသည်မျိုးတို့ ဖြစ်သည်။

အကြီးကျယ်ဆုံး စွပ်စွဲချက်မှာ အီရတ်သောင်းကျန်းသူများအား ငွေကြေးနှင့် လက်နက်ရိက္ခာများ ထောက်ပံ့ပေးကမ်းသည်ဟု စွပ်စွဲချက်ဖြစ်သည်။ ယခုအခါ အမေရိကန်တို့က ဆီးရီးယားတို့ကြောင့် အမေရိကန်အသက်များ ဆုံးရှုံးနေရသည်ဟု ပြောနေသည်။အမေရိကန် ဗဟိုစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက 'အီရတ်မှာ အမေရိကန်တို့ သေနေကြတာဟာ ဆီးရီးယားမူဝါဒကြောင့်ဆိုတာမှန်ရင် ကျုပ်တို့ သည်းခံမှာမဟုတ်ဘူး'ဟုပြောခဲ့သည်။

အမေရိကန်၏ စွပ်စွဲချက်များနှင့် ပတ်သက်၍ ဘရှားက ကျွန်တော့်အား ၂၀၀၄ ခုနှစ်က ပြောကြားရာတွင်-

တချို့က ကျုပ်ကို ဆိုးတယ်လို့ ထင်ကြတယ်၊ တချို့က ကောင်းတယ်လို့ ထင်ကြတယ်၊ သူတို့ဘာပြောပြော ကျုပ်တို့ ဂရုမစိုက်ဘူး၊ ဆီးရီးယားနိုင်ငံကို ဒီလိုအသုံးအနှုန်းတွေနဲ့ လာပြောလို့မရဘူး၊ ကျုပ်တို့နိုင်ငံ ကျန်တစ်ကမ္ဘာလုံးနဲ့ ဘယ်လို ဆက်ဆံသလဲဆိုတာကြည့်၊ကျန်တစ်ကမ္ဘာလုံးနဲ့ ဆက်ဆံရေးကောင်းနေတယ်ဆိုရင် ကျုပ်တို့နိုင်ငံကို ဆိုးသွမ်းနိုင်ငံလို့ အမေရိကန်ကပြောတာနဲ့ ကျုပ်တို့နိုင်ငံ ဆိုးသွမ်းနိုင်ငံဖြစ်မသွားဘူး။

ထိုသို့သော မှန်တိုင်းများကြောင့် အရည်အသွေးတွေ တက်လာသည်။ ကံလည်း အနည်းငယ်ကောင်းလာသည်။

the bookhouse
we bring your future

www.burmeseclassic.com



ဘရှား ရင့်ကျက်လာသည်။ အတွေ့အကြုံများလာသည်။ အစွမ်းအစမရှိလျှင် ဆီးရီးယားသမ္မတ ကြာကြာမလုပ်နိုင်။ အရှေ့အလယ်ပိုင်းတစ်ခုလုံးက ဘရှား သူ့အဖေခြေရာနင်းသည်ဟု နှိုင်းယှဉ်ပြောကြသည်။ သို့သော် ဟာဖစ် အယ်လ်-အာဆတ်သည်လည်း နေ့ချင်းညချင်း လည်ဝယ်ပါးနပ်သူ ဖြစ်လာသူမဟုတ်ချေ။ သူလည်း သံတမန်ပရိယာယ် ကြွယ်ဝအောင် လေ့လာကြိုးစားခဲ့ရသည်။ ၁၉၇၃ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲအတွင်းနှင့် စစ်ပြီးသည့်နောက် အီဂျစ်သမ္မတ အန်ဝါဆဒတ်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ ကစ်ဆင်းဂျားတို့ထံမှ လေ့လာခဲ့ခြင်းဖြစ်သည်။

ဘရှားမှာ သတိထားကာ လျှောက်လှမ်းရသည်။ ဆီးရီးယားအမြင်တွင် အမေရိကန်တို့ အီရတ်နိုင်ငံထဲသို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆီးရီးယားအရှေ့ဘက်နယ်စပ်တွင် အမေရိကန်တပ်ဖွဲ့ ၁၅၀,၀၀၀ ရောက်နေသည်။ မြောက်ဘက်တွင် တူရကီနိုင်ငံရှိသည်။ ဆီးရီးယားသည် တူရကီအစိုးရနှင့် ဆက်ဆံရေးပြေပြစ်အောင် လုပ်ထားသည်။ တူရကီမှာ နေတိုးအဖွဲ့ဝင် ဖြစ်နေသည်။ တောင်ဘက်တွင် အစ္စရေးနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံရှိသည်။ ဆီးရီးယားသည် ဂျော်ဒန်နှင့်လည်း ဆက်ဆံရေး သိပ်ကောင်းလှသည်မဟုတ်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဆို၍ လက်ဘနွန်တစ်နိုင်ငံသာရှိသည်။ သို့သည့်တိုင် လက်ဘနွန်မှ ဆီးရီးယားတပ်များရုပ်မှုနှင့် လက်ဘနွန်အရေးတွင် ဆီးရီးယားတို့ သိပ်မပါဝင်သဖြင့် လက်ဘနွန်ပြည်တွင်း အဖွဲ့များက သိပ်မကျေနပ်ကြပေ။

၂၀၀၃ ခုနှစ် ဘုရှ်အစိုးရ၏ စစ်ဆင်ရေးကြောင့် အန္တရာယ်များက ဆီးရီးယားအစိုးရကို ဦးတည်လာနေသည်။ ထိုအန္တရာယ်များကို ဆီးရီးယားခေါင်းဆောင်ပိုင်းက အလေးအနက်ထားကြသည်။ ဘုရှ်အစိုးရ နောက်ထပ်စစ်ဆင်မည့် စာရင်းတွင် ဆီးရီးယားပါနေသည်။

ထို့ကြောင့်လည်း ဆီးရီးယားသည် မိမိတို့နိုင်ငံထဲမှဖြတ်ကာ အီရတ်နိုင်ငံထဲသို့ ဝင်နေသော သောင်းကျန်းသူများကို မျက်ကွယ်ပြုနေခြင်းဖြစ်သည်။ ဆီးရီးယားအစိုးရသည် ဘုရှ်၏ အစီအစဉ်များ မအောင်မမြင်ဖြစ်စေချင်နေသည်။ ထိုအစီအစဉ်အရ အီရတ်ကိုတိုက်သည်မှာ ပထမဆုံးနှင့် နောက်ဆုံးဖြစ်စေချင်နေသည်။

ဘရှားသည် အမေရိကန်၏ ဖိအားပေးခံနေရသည့်ကြားက ပြည်တွင်းတွင်လည်း အီရတ်သောင်းကျန်းသူများအတွက် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ အလာဝိတ်လူနည်းစုပါသော ဆီးရီးယားအစိုးရမှာ အမေရိကန်တို့ ဦးဆောင်ကာ အီရတ်အား ဝင်ရောက်တိုက်ခိုက်မှုအတွက် ပြည်တွင်းဆန္ဒပြမှုများနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် ဆွန်နီမွတ်ဆလင်များထဲမှ ဆလာဖစ်အုပ်စုများက မကျေနပ်ကြခြင်းဖြစ်သည်။ ဘရှားမှာ မိမိအာဏာတည်မြဲမှု မခိုင်မာသေးသည်ဖြစ်၍ ဘုရှ်၏လုပ်ငန်းစဉ်တွင် မပါဝင်နိုင်သေး။ သူကိုယ်တိုင်ကလည်း မပါဝင်ချင်။ စင်စစ်တွင် အမေရိကန်က ဖိအားပေးလေ ဘရှားသည် အာရပ်ပေါင်းစည်းရေးကို ကြွေးကြော်လာလေဖြစ်သည်။

the bookhouse we bring your future

www.burmeseclassic.com



ဆီးရီးယားပြည်သူများနှင့် အစ္စလာမ်အမျိုးသားရေးဝါဒမှာ သူ့အားထောက်ခံသည့် အခြေခံအုတ်မြစ်ဖြစ်သည်။ လက်ဘနွန်ဝန်ကြီးချုပ် လုပ်ကြံခံရပြီးနောက် အမေရိကန်တို့၏ဖိအား ပိုမိုများပြားလာသည့်အခါ ဘရှားက အမျိုးသားရေးဝါဒဖြင့် တုံ့ပြန်ခဲ့သည်။ ပြည်ပမှ ခြိမ်းခြောက်မှုများသည် ဆီးရီးယားအစိုးရအား ဒီမိုကရေစီလိုလားသော တက်ကြွလှုပ်ရှားသူများအား နှိမ်နင်းရန် မီးစိမ်းပြလိုက်သကဲ့သို့ ရှိလာသည်။

ထိုတက်ကြွလှုပ်ရှားမှုများသည် ပြည်တွင်းမှသာမက ပြည်ပမှလည်းပါဝင်သည်။ ထိုတက်ကြွလှုပ်ရှားမှုများကို ဘုရှ်အစိုးရကလည်း အားပေးထောက်ခံသည်။ အီရတ်နိုင်ငံတွင် ဖရိုဖရဲဖြစ်နေပြီး လက်ဘနွန်နိုင်ငံတွင် မတည်ငြိမ်မှုများဖြစ်လာသည်နှင့် ဆီးရီးယားပြည်သူများသည် အမေရိကန်တို့ဖန်တီးမှုကြောင့် မိမိတို့ လူ့အဖွဲ့အစည်းပြိုကွဲမည်ကို စိုးရိမ်လာကြသည်။ ဘရှားသည် မှန်ကန်သည့်လမ်းကြောင်းကို လျှောက်သည့်အနေဖြင့် အီရတ်နယ်စပ်တစ်လျှောက် အရေးယူဆောင်ရွက်မှုအချို့ လုပ်လာသည်။ ထိုအချိန်တွင် အမေရိကန်၏အန္တရာယ်ကို သိပ်ကြောက်စရာမလိုတော့ပေ။ စင်စစ်တွင် အီရတ်နိုင်ငံ တည်ငြိမ်ရေးမှာ အမေရိကန်ရော ဆီးရီးယားအတွက်ပါ ဘုံအကျိုးစီးပွားဖြစ်နေသည်။

ဆီးရီးယားအစိုးရအမြင်တွင် အမေရိကန်တို့ အီရတ်နိုင်ငံတွင် မတိုးသာမဆုတ်သာ ဖြစ်နေခြင်းက မိမိတို့အတွက် ကံကောင်းနေသည်ဟု ယူဆနေသည်။ အမေရိကန်တို့မှာ ဆီးရီးယားအား လှည့်မကြည့်နိုင်သေး။ ဘရှားအဖို့ အသက်ရှူပေါက်ချောင်နေသေးသည်။ အမေရိကန်သည် အီရတ်ပြဿနာတွင် ပိုမိုပါဝင်လာလေ ဆီးရီးယားဘက်သို့ မလှည့်နိုင်လေဖြစ်နေရသည်။၂၀၀၄ ခုနှစ်၊ ဧပြီလတွင် အမေရိကန် စစ်ဘက်တာဝန်ရှိသူတစ်ယောက်က ပြောကြားရာတွင် အမေရိကန်သည် အီရတ်နိုင်ငံတွင်းသို့ဝင်ရောက်ပြီး တစ်နှစ်တိတိ 'ဟောင်ရုံသာ ဟောင်နိုင်ပြီး ဘာမှမလုပ်နိုင်ခဲ့ဘူး' ဟူ၏။

ဆီးရီးယားသည် အမေရိကန်တို့ အီရတ်နိုင်ငံတွင် မရှုနိုင်မကယ်နိုင် ဖြစ်အောင်လုပ်ရန် ကြိုးစားခဲ့သည်မှာ သံသယရှိစရာမလိုပေ။ အကယ်၍ ဆီးရီးယားသည် အမေရိကန်ကို လိုလားကာ များစွာကူညီသည့်နိုင်ငံ ဖြစ်သည်ဆိုလျှင် အီရတ်၏ အခြေအနေမှာ ယခုကဲ့သို့ဖြစ်နေမည်မဟုတ်။ အီရတ်နိုင်ငံတွင် ဆီးရီးယား၏ အာဏာသက်ရောက်မှုမှာ စိုးစဉ်းမျှသာရှိသည်။ ဆီးရီးယားသည် အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံတွင် မရှိတော့သည့်အခါ မိမိတို့၏ အိမ်နီးချင်း အီရတ်တွင် တည်ငြိမ်စေလိုသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများနှင့် သင့်မြတ်ကာ ၁၉၉၀ ပြည့်လွန်နှစ်များကရှိခဲ့သော စီးပွားရေးမျိုး ပြန်လည်ထူထောင်လိုသည်သာမက နိုင်ငံရေးအရလည်း ကောင်းမွန်စွာ ဆက်ဆံလိုသည်။

ဆီးရီးယားသည် အီရတ်နိုင်ငံမပြိုကွဲစေရန် အီရတ်၌ အမေရိကန် ရှိစေလိုသည်လည်းဖြစ်၏။ ဆီးရီးယားတွင် ကွဲပြားသောလူမျိုးစုများနှင့် ဘာသာရေးကွဲပြားမှုများ ရှိနေသည်။နောက်ပြီး အိမ်နီးချင်းလက်ဘနွန်နိုင်ငံမှာလည်း မျိုးဆက်တစ်ခုမျှ ပြည်တွင်းမတည်ငြိမ်မှုများ ရှိနေသည်။ ထိုနိုင်ငံကို မိမိတို့၏ အရှေ့ဘက်နယ်စပ်လိုမျိုး မဖြစ်စေလို။ အကယ်၍

the bookhouse
we bring your future

www.burmeseclassic.com



အီရတ်ပြိုကွဲလျှင် ဆီးရီးယားနိုင်ငံတွင်းရှိ လူမျိုးစုများအား လွတ်လပ်ရေးတောင်းဆိုရန် လှုံ့ဆော်ပေးသလို ဖြစ်လာနိုင်သည်။ ၂၀၀၄ ခုနှစ်က ဆီးရီးယားအရှေ့ပိုင်းတွင် ကဒ်လူမျိုးစုများ အုံကြွသကဲ့သို့မျိုးဖြစ်သည်။ ထိုအဖြစ်အပျက်မှာ အီရတ်နိုင်ငံတွင်းရှိ ကဒ်လူမျိုးစုများ စီးပွားရေးအောင်မြင်လာသောကြောင့် ဖြစ်ခဲ့ရခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်လောက်တွင် ဘရှားမှာ အမေရိကန်၊ ကမ္ဘာ့အသိုက်အဝန်းနှင့် ဒေသတွင်း အရေးပါသည့်နိုင်ငံများကပါ အမြင်မကြည်လင်မှုကို ခံနေရသည်။ သူ့အပေါ် တစ်စစနှင့် စိတ်ပျက်လာနေသည်။ အမေရိကန်အစိုးရကဆိုလျှင် သူ့ကို မကြာခဏ လှောင်ပြောင်သရော်ခြင်း၊ အရည်အချင်းမပြည့်သူ၊ ငတုံး စသည်ဖြင့် ပြောတတ်သည်။

၂၀၀၀ ပြည့်နှစ်တွင် ဘရှား အာဏာရလာပြီးနောက် ကျွန်တော်လည်း သူ့အား *ဂေါ့ဖားသား* ရုပ်ရှင်ထဲမှ ဇာတ်ကောင် မိုက်ကယ်ကော်လီယုန်းနှင့် နှိုင်းယှဉ်ကာ မလည်မဝယ်နှင့် ဖခင်အရိုက်အရာကို ဆက်ခံရသူဟု ရေးသားခဲ့ဖူးသည်။ အချို့ကလည်း ဘရှားသည် မိုက်ကယ်နှင့်မတူ သူ့ညီ ဖရီဒိုနှင့် ပို၍တူသည်ဟု ကျွန်တော့်အား ပြောလာကြသည်။ ထိုနောက်ပိုင်းတွင်တော့ ဆီးရီးယားသမ္မတမှာ ဘရှား မဖြစ်ထိုက်။ စိတ်ဓာတ်မာသော သူ့အစ်မ ဘူရှရာက ပိုဖြစ်ထိုက်သည်ဟု ဆိုလာကြသည်။သို့မဟုတ်ကလည်း သမ္မတ၏ဇနီး အက်စမာ အယ်လ်-အာဆတ်ကို ခန့်သင့်သည်ဟုလည်း ဆိုကြသည်။ အာရပ်လူ့အဖွဲ့အစည်းတွင် ထိုသို့ပြောသည်မှာ ဘရှားကို စော်ကားခြင်းဖြစ်သည်။

ဘရှားအပေါ် အမေရိကန်မှ အဆိုးမြင်လာကြသည်မှာ ၂၀၀၂ ခုနှစ် ဘုရှ်သမ္မတဖြစ်စအချိန်ကစခဲ့သည်။ ထိုအချိန်က ဆီးရီးယားနိုင်ငံအပေါ် သုံးသပ်မှုဥပဒေကို ကွန်ဂရက်တွင် ဆွေးနွေးခဲ့သည်။ ယင်းမှာ ဘုရှ်လက်ထက်တွင် ဥပဒေအရာမြောက်ခဲ့ပြီးနောက် ဆီးရီးယားအား စီးပွားရေးပိတ်ဆို့မှုများ လုပ်ခဲ့သည်။ ထိုအမြင်များကြောင့် ဘရှားမှာ အသုံးမကျသူတစ်ယောက် ဖြစ်ခဲ့ရသည်။ စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းတွင် ကွန်ဂရက်၌ အကြမ်းဖက်မှု တိုက်ဖျက်ရေးများကို ဆွေးနွေးလာခဲ့ကြသည်။

ထိုသို့သော အုပ်စုလိုက် ဆွေးနွေးမှုများမှတစ်ဆင့် ၂၀၀၃ ခုနှစ် အမေရိကန်တို့ အီရတ်ကို ဝင်ရောက်တိုက်ခိုက်ရန် ကွန်ဂရက်၏ ထောက်ခံမှုရခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားနှင့် ယင်း၏သမ္မတမှာ လွယ်ကူသောပစ်မှတ်ဖြစ်ပေသည်။ ထိုကာလတွင်ပေါ်ခဲ့သော ဘန်းစကားနှင့် ဆိုရပါမူ 'နိမ့်သောအကိုင်းတွင် သီးနေသောအသီး' ဖြစ်သည်။ ကွန်ဂရက်အမတ် ဒစ်အာမေက ပြောကြားရာတွင်-

ဆီးရီးယား လုပ်နေတဲ့ အန္တရာယ်လုပ်ရပ်တွေဟာ ကျွန်တော်တို့ရဲ့ အကြမ်းဖက်ဝါဒအပေါ် စစ်ဆင်ရေးကို ထိခိုက်စေပါတယ်။ အရှေ့အလယ်ပိုင်းမှာ ငြိမ်းချမ်းရေးရဖို့ လုပ်နေတာကိုလည်း အဟန့်အတား ဖြစ်နေပါတယ်။ ဆီးရီးယားဟာ အကြမ်းဖက်အုပ်စုတွေကို ခိုလှုံခွင့်ပေးတယ်၊ တရားမဝင် လက်နက်တွေစုဆောင်းတယ်၊ ဖျက်အားပြင်းလက်နက်

the bookhouse

www.burmeseclassic.com



တွေလည်း လုပ်နေတယ်။ အီရတ်နိုင်ငံကဖြတ်ပြီး လက်နက်နဲ့ ရေနံကို အထုတ်အသွင်းလုပ်နေပါတယ်ဟု ကွန်ဂရက်တွင် ပြောကြားခဲ့သည်။

အခြားကွန်ဂရက်အမတ် အီလီယော့အင်ဂျယ်ကလည်း 'အကြမ်းဖက်ဝါဒအပေါ် ဆီးရီးယား ပံ့ပိုးပေးနေတာကို ကျွန်တော်တို့ သည်းခံနေလို့မရဘူး၊ လက်ဘနွန်နိုင်ငံထဲ ဆီးရီးယားဝင်နေတာကိုလည်း ကျွန်တော်တို့ သည်းခံနေလို့မဖြစ်ဘူး။ စက်တင်ဘာအကြမ်းဖက်တိုက်ခိုက်မှုထက် ဆိုးတဲ့အဖြစ်မျိုး နောက်ထပ်မဖြစ်စေချင်ဘူး၊ ဆီးရီးယားကို ခပ်ကြမ်းကြမ်း ကိုင်တွယ်ဖို့ အစိုးရကို တောင်းဆိုပါတယ်'ဟု ပြောခဲ့သည်။

ထိုသို့ ပြောဆိုနေသည်မှာ ဘရှား၏ သမ္မတသက်တမ်း နှစ်နှစ်ကျော်ရုံမျှသာ ရှိသေးသည်။ ထိုအမြင်များမှာ ဆီးရီးယားနိုင်ငံ လုပ်ကိုင်နေသည်ကို ရေရေရာရာမသိဘဲ ပြောနေကြခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် ဘရှားသည် သမ္မတဖြစ်ခါစတွင် ပုဂ္ဂလိကဘဏ်များ ဖွင့်ခွင့်ပေးမည်ဟု ကြေညာခဲ့သည်။ ယင်းမှာ ပြည်သူပိုင်အခန်းကဏ္ဍ ဖုံးလွှမ်းပြီး အရင်းအနှီးမှန်သမျှ လက်ဘနွန်ဘဏ်များသို့သာ ပို့နေရသည့်နိုင်ငံတွင် အလွန်ပင်လျော်ကန်သောအကြံဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် ပုဂ္ဂလိကဘဏ်များ မဖွင့်နိုင်သောအခါ ဘုရှ်အစိုးရအဖွဲ့ဝင်များသည် ပေးထားသည့်ကတိမတည်ဟုဆိုကာ ဘရှားအား အပြစ်ပြောပြန်သည်။ ထို့ကြောင့် သူ့ အသုံးမကျ၊ ညံ့ဖျင်း၊ မယုံကြည်ရ ဖြစ်ရပြန်သည်။

ဖြစ်ရသည်မှာ ဆီးရီးယားနိုင်ငံသည် ဆန်းသစ်မှုကိုလက်မခံနိုင်။ ထိုသည်မျိုးကို အောက်ခြေအဆင့်မှ ထိပ်ဆုံးအဆင့်အထိ အစဉ်အလာအရ လက်မခံနိုင်သောကြောင့်ဖြစ်သည်။ ဆီးရီးယားနိုင်ငံတွင် ပြောင်းလဲမှုမှာ မြန်ဆန်မည်မဟုတ်။ တစ်စစဖြင့် ပြောင်းယူရမည်ဖြစ်သည်။ သမ္မတကတော် အက်စမာ အယ်လ်-အာဆတ်မှာ ဘရှားနှင့် လက်မထပ်မီ အမေရိကန် ဝေါစထရိရှိ ဂျေပီမော်ဂန်ဘဏ်မှ စတော့ပွဲစားတစ်ယောက် ဖြစ်သည်။ သူမက ကျွန်တော့်အား ပြောကြားရာတွင် ''ဆီးရီးယားမှာ ပုဂ္ဂလိကဘဏ်မရှိတာ နှစ်ပေါင်းငါးဆယ်ရှိပါပြီ၊ ကျွန်မတို့ရဲ့ ပြည်သူပိုင်ဘဏ်တွေကလည်း အဆင်မပြေဘူး၊ ဝန်ထမ်းတွေကလည်း အင်္ဂလိပ်လိုမပြောတတ်၊ ကွန်ပျူတာမသုံးတတ်နဲ့၊ ဒါကြောင့် ကျွန်မတို့ဟာ အခြေခံအကျဆုံးမှာ ရှိနေတာပါ၊ ဘယ်လိုလုပ်ရမှန်လည်း မသိဘူး၊ကျွန်မတို့မှာ အတွေ့အကြုံလည်း မရှိဘူး''

သမ္မတဇနီးမောင်နှံ နှစ်ယောက်စလုံးက ကျွန်တော့်အား ပြောပြရာတွင် ပုဂ္ဂလိကဘဏ် ထူထောင်မည်ဟု ကြေညာလိုက်သည်မှာ သူတို့အမှားဖြစ်သည်ဟုဆိုသည်။ ထိုကြေညာလိုက်ခြင်းကြောင့် မျှော်လင့်ချက်တွေဖြစ်လာပြီး နှစ်နှစ်ကြာသည်အထိ မထူထောင်နိုင်ဖြစ်ခဲ့ရခြင်းဖြစ်သည်။ လက်တစ်ဆုပ်စာ ပုဂ္ဂလိကဘဏ်အချို့ကို ၂၀၀၄ ခုနှစ်ကျမှ ဖွင့်နိုင်ခဲ့သည်။ ကတိပေးထားသည့် ဆီးရီးယားစတော့ဈေးကွက်ကိုလည်း ၂၀၀၉ ခုနှစ်ကျမှ ဖွင့်နိုင်ခဲ့သည်။ ဤသည်မှာ ဆီးရီးယားဟန် ဖြစ်သည်။ အမေရိကန် လူမှုနိုင်ငံရေးစနစ်ကိုပင် လေးနှစ်တည်ဆောက်ယူခဲ့ရသည် မဟုတ်လော။

the bookhouse
we bring your future

www.burmeseclassic.com



မျှော်လင့်ချက်တွေပေးခဲ့သည်မှာ ဘရှား၏ စကတည်းက အမှားဖြစ်သည်။ ၂၀၀၄ ခုနှစ် မေလတွင် ကျွန်တော်သူနှင့်တွေ့တော့ သူ ဖီးကောလင်၏ တေးဂီတကိုကြိုက်ကြောင်း မီဒီယာအား ပြောခဲ့သည်မှာ မှားကြောင်း ကျွန်တော်က နောက်ပြောင်သလိုနှင့် ပြောခဲ့သည်။

၂၀၀၀ ပြည့်နှစ် သူသမ္မတဖြစ်လာသည့်အချိန်တွင် ထိုသတင်းများကြောင့် သူသည် အနောက်လိုလားသူ၊ ခေတ်သစ်ပြုပြင်ပြောင်းလဲရေးသမား၊ သူ့ဖခင်နှင့်မတူသူ စသည်ဖြင့် ထင်မြင်လာကြသည်။ ဘရှားမှာ မျက်စိဆရာဝန်၊ သူ့အစ်ကိုလို ဖခင်၏အရိုက်အရာကို ဆက်ခံရမည့်သူမဟုတ်။ သူသည် ရှေ့ကိုကြိုကြည့်တတ်သော ဆီးရီးယားကွန်ပျူတာ အသင်း၏ အကြီးအကဲဖြစ်ခဲ့သူ။ သူကိုယ်တိုင်ကလည်း ကွန်ပျူတာသရဲ။ ထို့ပြင် ဓါတ်ပုံရိုက် ဝါသနာကြီးသူ။ အနောက်တိုင်း လုပ် နည်းပညာသုံးကစားစရာများကို ခုံမင်သူ။

ဘရှားသည် မျှော်လင့်ချက်များပေးခဲ့သည့်အတွက် အပြစ်ပြောစရာရှိကောင်းရှိမည်။ သူသည် ဒမတ်စကတ်နွေဦး ကို ဖန်တီးခဲ့သူလည်း ဖြစ်သည်။ ဒမတ်စကတ်နွေဦးပြီးနောက် များမကြာမီ နိုင်ငံရေးဖိနှိပ်မှုများ ရှိလာခဲ့သည်။ အဓိကမှာ အနောက်တိုင်းဝေဖန်သူများသည် သူလန်ဒန်တွင် ဆယ့်ရှစ်လနေခဲ့သည်ကို မသိကြ။ ထိုကာလသည် သူ့အားပုံစံသွင်းသည့် ကာလမဟုတ်။ သူသည် ဟာဖစ် အယ်လ်-အာဆတ်၏သားဖြစ်သည်။ အာရပ်-အစ္စရေး ပဋိပက္ခကြားမှ ကလေးတစ်ဦး ဖြစ်ခဲ့သည်။

အင်အားကြီးနိုင်ငံများ၏ စစ်အေးတိုက်ပွဲအကြား ကြီးပြင်းခဲ့ရသည်။ ဘက်ဘနွန်နိုင်ငံ၏ ပြဿနာများအကြား နေထိုင်ခဲ့ရသည်။ ထိုသည်များသည်သာ သူ့ဘဝကို ပုံဖော်ခဲ့ခြင်းဖြစ်သည်။ လန်ဒန်တွင်နေသည့်ကာလများက သူ့ကိုပုံသွင်း ခဲ့သည်မဟုတ်။ သူ့အဖို့ အစ္စရေးသည် ဆီးရီးယား၏ အဓိကပြိုင်ဘက်။ အမေရိကန်ကို သူမယုံ။ လက်ဘနွန်သည် အန္တရာယ်မရှိ။ ယင်းသည် ဆီးရီးယား၏ အာဏာစက်အောက်တွင် ရှိနေသည်။ နောက်ပြီး သူသည် အလာဝိတ်မီးလျှံကို ထိန်းသိမ်းထားသူ။ သူသည် ဆိုနီဗီဒီယိုကင်မရာဖြင့် ကစားကောင်းကစားနေမည်။ လျှပ်စစ် အနောက်တိုင်းသံစုံတီးဝိုင်းကို နားထောင်ချင် နားထောင်နေမည်။ သို့သော် ဆီးရီးယားနိုင်ငံ၏ အစဉ်အလာ အကျိုးစီးပွားကို ထိန်းထားရန်မှာ သူ့တာဝန် ဖြစ်သည်။

■

the bookhouse

www.burmeseclassic.com

# ရှင်သန်ခြင်း

၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းလောက်တွင် ဘရှားသည် အဆိုးဆုံးအမှားကို လုပ်ခဲ့မိသည့်အတွက် အမေရိကန်သည် ဆီးရီးယား၏အိမ်နီးချင်း အီရတ်ကိုဝင်တိုက်ခိုက်ရသည့်အဖြစ်သို့ ရောက်ခဲ့ရသည်။ နောက်လများတွင် ဒေသတွင်းနှင့် နိုင်ငံတကာမှ ဖိအားများတိုးလာသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြရန် အရေးကြီးသည်။

၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဘီလျံနာ ရာဖစ် ဟာရီရီမှာ ဘေရွတ်မြို့တွင် ကားဗုံးဖြင့်ဖောက်ခွဲကာ လုပ်ကြံခံရသည်။ ထိုလုပ်ကြံမှုမှာ ဆီးရီးယားလက်ချက်ဟု စွပ်စွဲလာကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းက ဆီးရီးယားအစိုးရ၏အမိန့်ဖြင့် လုပ်ကြံခြင်းဖြစ်သည်ဟု ယူဆကြသည်။ လုပ်ကြံမှုဖြစ်ပြီး နောက်တစ်နေ့တွင် ဆီးရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကို နိုင်ငံမှပြန်လည်ခေါ်ယူခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပ (အထူးသဖြင့် ဟာရီရီနှင့် ရင်းနှီးသော သမ္မတ ဂျက်ကေးချာရက်၏ ပြင်သစ်နိုင်ငံ)နှင့် အာရပ်ကမ္ဘာ (အထူးသဖြင့် ဟာရီရီနှင့် နီးစပ်သည့် တော်ဝင်မိသားစုရှိရာ ဆော်ဒီအာရေးဗီးယား)တို့သည် လက်ဘနွန်တွင် ရှိနေသည့် ဆီးရီးယားတပ်ဖွဲ့ဝင် ၁၄,၀၀၀ မှ ၁၆,၀၀၀ ကြားကို ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုကြသည်။ လုပ်ကြံမှုမှာ ဆီးရီးယားလက်ချက်ဟု ယူဆသူများက ဆီးရီးယားအစိုးရသည် လက်ဘနွန်မှ ဆီးရီးယားတပ်ဖွဲ့များ ရုပ်သိမ်းစေရန် ဟာရီရီက လုပ်နေခြင်းဖြစ်သည်ဟု ထင်နေကြောင်း ပြောကြသည်။

ယင်းမှာ ဘရှားအတွက် ကြီးစွာသောစမ်းသပ်မှုဖြစ်သည်။ ဘရှားသည်

the bookhouse
we bring your future

www.burmeseclassic.com



အာဏာရပြီးကတည်းက လက်ဘနွန်မှ မိမိတို့တပ်များကို တစ်ဝက်လျှော့ချခဲ့သော်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ၏ တောင်းဆိုမှုကြောင့် ၂၀၀၅ ခုနှစ်၊ ဧပြီလတွင် တပ်များကို အကုန်ရုပ်သိမ်းခဲ့ရသည်။

ဆီးရီးယားသည် လုပ်ကြံမှုအပေါ် ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးမှုတွင် အနည်းငယ်မျှသာ ပါဝင်ဆောင်ရွက်သည်။ သို့ရာတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင် ရုရှ၊ တရုတ်နှင့် အယ်လ်ဂျီးရီးယားတို့က စုံစမ်းစစ်ဆေးမှုကို ဆက်လုပ်ရေးနှင့် ဆီးရီးယားအား ပြင်းထန်စွာပိတ်ဆို့ရေးတို့ကို ကန့်ကွက်ခဲ့ကြသည်။

၂၀၀၆ ခုနှစ်ဆန်းပိုင်းတွင် ဘုရှ်အစိုးရသည် အီရန်နိုင်ငံ နျူကလီးယားလက်နက် ထုတ်လုပ်ရန်ကြိုးစားနေမှု အပေါ် အာရုံပြောင်းသွားခဲ့သည်။ ဆီးရီးယားအစိုးရအမြင်တွင်မူ အမေရိကန်နိုင်ငံသည် အီရတ်ပြဿနာနှင့် လုံးပန်းနေရသဖြင့် အင်္ဂါရာယ်နည်းသွားပြီဟု တွက်သည်။ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးမှုပင် အတော်လေးနှေးကွေးလာသည်ဖြစ်ရာ ဆီးရီးယား အစိုးရမှာ အတော်ပင် စိတ်အေးသွားခဲ့ရသည်။

ဘုရှ်အစိုးရနှင့် ပြည်ပရောက် အစိုးရဆန့်ကျင်ရေး ဆီးရီးယားအုပ်စုများသည် ၂၀၀၅ ခုနှစ်အကုန်ပိုင်းလောက်တွင် ဆီးရီးယားအစိုးရအား ဆန့်ကျင်ရေးကို တိုးလုပ်လာကြသည်။ ထိုမတိုင်မီကလေးတွင် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတွင် လုပ်ကြံမှုမှာ ဘရှား၊ သူ၏ညီ သံချပ်ကာတပ်မှူး မဟာ အယ်လ်-အာဆတ်နှင့် ယောက်ဖဖြစ်သူ ထောက်လှမ်းရေးအကြီးအကဲ အဆက် ရှောကက်တို့နှင့် ဆက်စပ်မှုရှိနေသည်ဟု ပါရှိသည်။ ဘုရှ်အစိုးရနှင့် ပြည်ပရောက် ဆီးရီးယားအုပ်စုများသည် ဆီးရီးယားအစိုးရ၏ အာဏာခိုင်မြဲမှုကို လျှော့တွက်ထားကြသည်။ ဘရှားကလည်း အာဏာ တည်မြဲရန်အတွက် ပြဿနာတစ်ခုကို ဖန်တီးလိုက်သည်။

ထိုစဉ်က ဆီးရီးယားနိုင်ငံနှင့်ပတ်သက်၍ ကျွမ်းကျင်သူ ဂျိုရှုအာလန်းဒစ်၏ အပြောအရ ဘရှားသည် လက်ဘနွန် နိုင်ငံကို လက်လွှတ်ရကောင်း လွှတ်ရမည်၊ ဆီးရီးယားနိုင်ငံကိုတော့ လက်လွှတ်မည်မဟုတ် ဆိုသကဲ့သို့ ဖြစ်နေသည်။ သူက လက်ဘနွန်အား ဆုံးရှုံးရသည့်ပြဿနာကိုအသုံးချကာ ပြည်တွင်းမှရန်သူများကို ရှင်းပစ်သည်။

သို့ဖြင့် ၂၀၀၅ ခုနှစ် ဘဲသ်ပါတီညီလာခံတွင် အက်ဗဒဲ-ဟာလင်းခဒမ်ကို နုတ်ထွက်ခိုင်းခဲ့သည်။ သို့သော် ခဒမ်သည် ပြည်ပသို့ရောက်သောအခါ အင်တာဗျူးများ လုပ်ခွင့်ပေးခဲ့သည်။ သူက သူပြည်ပရောက်နေသည့်အတွက် ဘရှားအာဏာမြဲနေခြင်းဖြစ်သည်ဟုဆိုသည်။

ဒေသတွင်းတွင် အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ရှိနေခြင်းကြောင့် ပြည်ပရောက် ဆီးရီးယားတို့သည် အမေရိကန်နှင့် ပို၍ပူးပေါင်းမိလာသည်။ ဆီးရီးယားနိုင်ငံမှာလည်း ပို၍သိက္ခာကျလာသည်။ ဘရှားမှာလည်း အမေရိကန်ကို ပိုမိုဆန့်ကျင်ကာ ပိုမိုလူသိများလာသည်။

the bookhouse

www.burmeseclassic.com



၂၀၀၆ ခုနှစ်ဆန်းပိုင်းလောက်တွင် ဘရှားသည် သူ့အစိုးရအဖွဲ့ကို လူများပြောင်းလဲခန့်ထားခြင်း၊ စစ်ဘက်တွင်လည်း သူ့အား သစ္စာရှိမည့်သူများကို ပြောင်းလဲခန့်ထားခြင်းများ လုပ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဆီးရီးယား အကြီးတန်းတာဝန်ရှိသူတစ်ယောက်အား မေးကြည့်ခဲ့သည်။ နိုင်ငံတကာဖိအားများကို အလျှော့ပေးမည်လား၊ ငြိမ်ခံနေမလား၊ ပြန်လည်ဆန့်ကျင်မလားဟု မေးသောအခါ ထိုလူက သုံးမျိုးစလုံးလုပ်မည်ဟု ပြောကြားခဲ့သည်။ ယင်းမှာ ဆီးရီးယား၏ စရိုက်ဖြစ်သည်။

## ***ဆီးရီးယား-အမေရိကန် ထိပ်တိုက်တွေ့မှု***

၂၀၀၅ ခုနှစ်တွင် ဘရှားမြဲနေဆဲဖြစ်သည်။ ယင်းမှာ လွယ်သည်တော့မဟုတ်ပေ။ ဆီးရီးယားအစိုးရသည် အမေရိကန်အား မိမိကျောပေါ်မှ ခွာချသည့်နည်းတစ်ခုမှာ အီရတ်နိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ကုန်ခါနီးတွင် ဆီးရီးယားသည် ဆဒမ်ဟူစိန်၏ ဖအေတူမအေကွဲညီ ဆဘဝီ အီဘရာဟင်အယ်လ်-ဟတ်ဆန် အယ်လ်-တစ်ကရစ်တီနှင့် ဆဒမ်ဟူစိန်၏ အစိုးရအဖွဲ့ဝင်ဝရမ်းပြေးများအား ဖမ်းကာ အီရတ် အာဏာပိုင်များအား လွှဲအပ်ခဲ့သည်။

ဆဘဝီသည် အီရတ်သူပုန်များကိုစည်းရုံးကာ ငွေကြေးထောက်ပံ့နေသူဖြစ်ပြီး အီရတ်အစိုးရက ဖမ်းဆီးရန်လိုလားနေသူ ၅၅ ယောက်အနက် အဆင့် ၃၆ နေရာတွင် ရှိနေသူလည်းဖြစ်သည်။ ဆဘဝီကို ဖမ်းဆီးရန် အမေရိကန်တို့ထင်ထားသည်ထက် ပိုမိုကြာခဲ့သဖြင့် ထိုသို့ဖမ်းဆီးပေးခြင်းအတွက် ဆီးရီးယားအစိုးရမှာ ဘုရှ်အစိုးရ၏ မျက်နှာသာမရခဲ့ပေ။

ဟာရီရီလုပ်ကြံခံရခြင်းနှင့် ပတ်သက်၍ ဆီးရီးယားအပေါ် ဖိအားတွေများလာသည့်အချိန်တွင် အီရတ်နိုင်ငံနှင့်ပတ်သက်သော အလျှော့ပေးမှုများအတွက်လည်း မျက်နှာသာမရခဲ့။ စင်စစ် အီရတ်-ဆီးရီးယားနယ်စက်တစ်လျှောက်အမေရိကန်နှင့် ဆီးရီးယားတပ်ဖွဲ့များအကြား တိုက်ပွဲများ မကြာခဏဖြစ်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ နွေရာသီတွင် နှစ်ဖက်ကြာမြင့်စွာ တိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့် ဆီးရီးယားအမြောက်အမြားသေခဲ့ရသည်။

အမေရိကန် အထူးတပ်ဖွဲ့များ ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်သည်ဟူသော သတင်းများလည်းထွက်ပေါ်ခဲ့သည်။ ဟာရီရီ လုပ်ကြံခံရပြီးနောက် အမေရိကန်သည် ဆီးရီးယားဘက်သို့ လှည့်လာပြန်သည်။ ထို့ပြင် အီရတ်နိုင်ငံတွင် နိုင်ငံရေးအခြေအနေများကြောင့် အမေရိကန်သည် ဆီးရီးယားအား နယ်စပ်တစ်လျှောက်တွင် ဖိအား

the bookhouse

www.burmeseclassic.com



တွေပေးလာပြန်သည်။အီရတ်သောင်းကျန်းသူများကြောင့် အီရတ်နိုင်ငံတွင်း နိုင်ငံရေးတည်ဆောက်မှုများကို အနှောင့်အယှက်ဖြစ်သောကြောင့်ဖြစ်သည်။

ထိုအခြေအနေမှာ နောက်နှစ်များတွင်လည်း ထပ်ကာတလဲလဲ ဖြစ်လာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလတွင် သမ္မတဘုရှ်သည် ဆီးရီးယားအား 'အစ္စလာမ် အစွန်းရောက်တို့၏ မဟာမိတ်' ဟုစွပ်စွဲခဲ့သည်။ ဘုရှ်အစိုးရအဖွဲ့သည် အာဆတ်အစိုးရ ပြုတ်ကျစေချင်နေသော်လည်း အချို့ကမူ အာဆတ်ပြုတ်ကျပါက ဆီးရီးယားတွင် အစ္စလာမ်အစိုးရတစ်ဖွဲ့ တက်လာကာ ပိုဆိုးသွားမည်ကို စိုးရိမ်နေကြသည်။ ထိုသဘောထားများကြောင့် ၂၀၁၁ ခုနှစ်အထိ အာဆတ်အစိုးရအဖွဲ့ ရှိနေခြင်းဖြစ်သည်။

ဆီးရီးယားအစိုးရက အခြေအနေအဆိုးဘက်သို့ ပြောင်းသွားသည့်အခါ အီရတ်ဖဲကို ကိုင်ထားရန် ရည်ရွယ်ထားကြသည်။ ဆီးရီးယားသည် အီရတ်သောင်းကျန်းသူများ မိမိတို့နိုင်ငံတွင်းမှ ဖြတ်သန်းသွားနေသည်ကို ထိန်းချုပ်ပေးပါက အမေရိကန်တို့ များစွာဝမ်းမြောက်မည်ကို သိနေသည်။ သို့သော် အီရတ်နိုင်ငံတွင် အခြေအနေများ ပျက်ပြားနေသည်ကို အမေရိကန်တို့ ဖြေရှင်းရန် မည်မျှကြာမည်နည်း။

၂၀၀၅ ခုနှစ်အကုန်ပိုင်းနှင့် ၂၀၀၆ ခုနှစ်ဆန်းပိုင်းတွင် လုပ်ခဲ့သည့် လေ့လာဆန်းစစ်မှုများအရ အီရတ်တွင် နိုင်ငံခြားတပ်ဖွဲ့အင်အားမှာ အီရတ်သောင်းကျန်းသူများ၏ ၁၀ ပုံတစ်ပုံသာရှိသည်ဟုသိရသည်။ စစ်ဘက်အာဏာပိုင်များကလည်း အီရတ်သောင်းကျန်းသူ ၉၅ ရာခိုင်နှုန်းမှာ ပြည်တွင်းမှဖြစ်လာသောအဖွဲ့များဖြစ်သည်ဟု မကြာခဏပြောကြားကြသည်။ အီရတ်နိုင်ငံတွင် နိုင်ငံခြားတိုက်ခိုက်ရေးသမားများ၏ ဩဇာ မည်မျှသက်ရောက်မှုရှိသည်ကို အနောက်တိုင်းနိုင်ငံများအကြား သဘောထားမကိုက်ညီကြ။

ထိုပြဿနာတွင် ဆီးရီးယား၏အခန်းကဏ္ဍ မည်သို့ရှိသည်ကိုလည်း အမျိုးမျိုးတွက်နေကြသည်။ ဆီးရီးယားအား မည်သို့ကိုင်တွယ်သင့်သည်နှင့် ပတ်သက်၍ ပို၍ပင် သဘောထားကွဲနေကြသေးသည်။ သို့ဖြင့် ဆီးရီးယားမှာ အနေချောင်နေတော့သည်။ ဤသည်ကိုပင် ဆီးရီးယားက လိုလားနေခြင်းဖြစ်သည်။ သူ့အတွက် အကာအကွယ်ရနေသည် မဟုတ်လော။

၂၀၀၆ ခု နှစ်ဆန်းပိုင်းတွင် အီရတ်နိုင်ငံ၌ အခြေအနေများ ပိုမိုယိုယွင်းလာသည်နှင့် ဘရှားအတွက် အခြေအနေ ပိုကောင်းနေတော့သည်။ ဖေဖော်ဝါရီလတွင် ဆာမာရာမြို့ရှိ ရှီယာဗလီ အယ်လ်-အက်စကာရီယာ ဗုံးခွဲခံရသည်။ ယင်းမှာ ရှီယာနှင့် ဆွန်နီမွတ်ဆလင်တို့အကြား နယ်မြေခွဲထွက်ရေးမှ စခဲ့ခြင်းဖြစ်သည်။

ဗုံးခွဲပြီးသည်နှင့် ထိုပြဿနာ အထွတ်အထိပ်သို့ ရောက်လာသည်။ ထိုဗုံးခွဲမှုမှာလည်း အီရတ်နိုင်ငံတွင်းရှိ

the bookhouse

www.burmeseclassic.com



အယ်လ်ကေဒါတို့လက်ချက်ဟု ထင်ရဖွယ်ရှိသည်။ ထိုအခါ ဆီးရီးယားနှင့် အမေရိကန်တို့ နှစ်ဖက်အကျိုးတူ ပူးပေါင်းရန်ဖြစ်လာသည်။

နှစ်ဖက်စလုံးက အစိတ်စိတ်အမြွာမြွာ ကွဲပြားကုန်မည်ကို မလိုလားကြ။ ဆီးရီးယားအဖို့ အီရတ်နိုင်ငံတွင် ခွဲထွက်ရေးစစ်များဖြစ်ကာ ကွဲထွက်ကုန်လျှင် မိမိတို့တိုင်းပြည်ထဲသို့ လျှံကျလာမည်ကို စိုးရိမ်နေသည်။ ထိုသို့ဖြစ်လာလျှင် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများ ဖြစ်လာနိုင်သည်။ ထိုသည်နှင့်ပတ်သက်၍ ဘရှားက ၂၀၀၇ ခုနှစ်တွင် ဆော်ဒီသတင်းစာတစ်စောင်၌ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။

ဒေသတွင်းတွင် လက်ရှိအန္တရာယ်မှာ ခွဲထွက်ရေးပြဿနာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ဆီးရီးယားများသည် အီရတ်ညီအစ်ကိုတော်များနှင့် လွတ်လပ်စွာ ညှိနှိုင်းဆောင်ရွက်နေပါသည်။ လူမျိုးစုကိုယ်စားလှယ်များ၊ ဘာသာကွဲကိုယ်စားလှယ်များကို ခေါ်ယူကာ တွေ့ဆုံပေးပါသည်။ သူတို့ကို တိုက်ရိုက်တွေ့ဆုံပေးကာ ညှိနှိုင်းဆွေးနွေးခိုင်းခဲ့ပါသည်။ အီရတ်အရေးကို အာရပ်နိုင်ငံများ ဝိုင်းဝန်းဆောင်ရွက်ကြရပါမည်။ အခြေခံမျှသာ လုပ်ဆောင်ရမည်မဟုတ်ဘဲ အကုန်အစင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့မဆောင်ရွက်ပါက အီရတ်နိုင်ငံမှာ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားနိုင်ပေသည်။ ထိုသို့ ဖြစ်သွားလျှင် ကျွန်ုပ်နိုင်ငံများဆီသို့ပါ ရိုက်ခတ်လာနိုင်ပေသည်။

အီရတ်နိုင်ငံထဲတွင် အမေရိကန်တို့ ရှိနေခြင်းကို ဆီးရီးယားက လက်ခံခြင်း လက်မခံခြင်း နှစ်မျိုးစလုံးလုပ်ခဲ့သည်။ အီရတ်အစိုးရသစ်ကို လိုလိုလားလား အသိအမှတ်ပြုခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဝါလစ် အယ်လ်-မွယ်လင် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံသံတမန် ပြန်လည်ထူထောင်ခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံ လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်နှင့် ကုန်သွယ်ရေးစာချုပ်များလည်း လက်မှတ်ရေးထိုးခဲ့သည်။

## လေ့ကြံ့လိုက်ခြင်း

၂၀၀၆ ခုနှစ် နွေရာသီ အစ္စရေး-ဟစ္စဘိုလာစစ်ကြောင့် ဘရှား၏ ဒေသတွင်းအနေအထား ကောင်းမွန်လာခဲ့ရသည်။ အစ္စရေးသည် ဟစ္စဘိုလာအဖွဲ့ကို နိုင်အောင်မတိုက်နိုင်သည်ဖြစ်ရာ ဟစ္စဘိုလာ၏ အောင်မြင်မှုသည် ဆီးရီးယား၏ အောင်မြင်မှုဖြစ်လာသည်။ ၂၀၀၆ ခုနှစ်ဆန်းပိုင်းတွင် ဘရှားတွင် မဟာဗျူဟာကောင်းကောင်းမရှိခဲ့ပေ။ အစ္စရေးတို့က သိမ်းယူထားသော ဆီးရီးယားပိုင် ဂိုလန်ကုန်းမြင့်ဒေသကို ပြန်ပေးခဲ့သည့်အတွက် အာဆတ်တို့၏ နိုင်ငံခြားရေးမူဝါဒမှာ အစ္စရေးနှင့် အပြန်အလှန်ကျေးဇူးရှိသည့်သဘော ဖြစ်နေသည်။

the bookhouse

www.burmeseclassic.com



ဘုရှ်အစိုးရက ဘရှားအား "မင်းတို့ဟာ ငါတို့ကို နာအောင်မလုပ်နိုင်သလို ငါတို့ကို ဘာမှပေးနိုင်တာလည်း မရှိဘူး"ဟု ပြောခဲ့သည်။ ဟားမတ်နှင့် ဟစ္စဘိုလာတို့၏ ၂၀၀၆ ခုနှစ်လုပ်ဆောင်ချက်များကြောင့် အရှေ့အလယ်ပိုင်း၏ နိုင်ငံရေးနှင့် မဟာဗျူဟာအခင်းအကျင်းကို များစွာပြောင်းလဲစေခဲ့သည်ဖြစ်ရာ ဆီးရီးယား၏ သံခင်းတမန်ခင်းကို မြှင့်တင်ပေးရာ ကျခဲ့သည်။ ဘရှားသည် ဟစ္စဘိုလာခေါင်းဆောင် ဟတ်ဆန်နက်ဆရာလား၏ ကျော်ကြားမှုကို အသုံးချကာ မိမိပါ ကျော်ကြားအောင်လုပ်ခဲ့သည်။ သို့ဖြင့် သူ့အစိုးရသည်လည်း ဒေသတွင်းတွင် ပြည်သူတို့၏ အသိအမှတ်ပြုမှုကို ရလာခဲ့သည်။ ထိုအခါ အမေရိကန်ပါဝင်သော ဆီးရီးယား-အစ္စရေး ဆွေးနွေးပွဲတွင် တန်းတူရည်တူ ဆွေးနွေးလာနိုင်သည်။

၂၀၀၆ ခုနှစ်စစ်အပြီးတွင် ဆီးရီးယားသည် အစ္စရေးနှင့် ပြန်လည်ဆွေးနွေးလိုသည့် သဘောထားများ ပြလာခဲ့သည်။ အစ္စရေးအစိုးရ အတွင်းအပြင်တွင်လည်း ဆီးရီးယား၏ကမ်းလှမ်းမှုကို လိုက်လျောသင့်မသင့် အခြေအတင် ပြောဆိုမှုများ ရှိလာခဲ့သည်။

သို့သော် အစ္စရေးဝန်ကြီးချုပ် အီဟွတ် အော်လ်မတ်က ဆီးရီးယား၏ကမ်းလှမ်းမှုကို လက်မခံချင်သေး။ အကြောင်းမှာ လက်ဘနွန်စစ်တွင် အောင်မြင်မှုမရခဲ့သည့်အတွက် မိမိတို့ဘက်မှ အောက်ကျခံဆွေးနွေးရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ပြင် ဘုရှ်အစိုးရက ဆီးရီးယားအား ဝိုင်းပယ်ထားရေးအတွက် အစ္စရေးအား ဆီးရီးယားနှင့် ဆက်ဆံမှုမပြုရန် ဖိအားပေးထားသည်။

ထိုစဉ် အမေရိကန်နိုင်ငံတွင် ဒီမိုကရက်တစ်ပါတီသည် လွှတ်တော်နှစ်ရပ်စလုံး၌ အနိုင်ရခဲ့သည်။ ယင်းမှာ ဘုရှ်၏ နိုင်ငံခြားရေးမူဝါဒကို ပြည်သူက မကြိုက်သောကြောင့်ဖြစ်သည်။ ထို့နောက် ဒီဇင်ဘာလဆန်းပိုင်းတွင် အီရတ်လေ့လာရေးအုပ်စု အစီရင်ခံစာ ထွက်လာသည်။ သို့သော် ကော်မရှင်နာများက အီရတ်ပြဿနာများမှာ ယင်း၏အိမ်နီးချင်းနိုင်ငံများနှင့် များစွာယှက်နွယ်နေပြီး အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏အနေအထားကို ပြန်လည်တိုးတက်ရန် လုပ်ဖို့လိုသည်ဟု သုံးသပ်ခဲ့ကြသည်။ သူတို့က အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားနှင့် ပြန်လည်ဆက်ဆံရေး အပါအဝင် သံတမန်ထိုးစစ်တစ်ခု ဆင်နွှဲသင့်သည်ဟု အကြံပြုသည်။

သို့သော် ဆီးရီးယားတို့က အမေရိကန်သည် လမ်းကြောင်းပြောင်းရန် ငြင်းဆန်သည့်အတွက် စိတ်ပျက်ကာ ဒေါသဖြစ်နေကြသည်။ သူတို့သည် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အီရတ်လေ့လာရေးအုပ်စုမှ ကိုယ်စားလှယ်များ၊ ဘရှားအား လာရောက်တွေ့ဆုံသော အမေရိကန် ဆီနိတ်အမတ်များနှင့် တွေ့ဆုံခဲ့သည်။ ဆီးရီးယားသည် အမေရိကန်နှင့် ပြန်လည်ပြေလည်ချင်နေသည်။

သို့သော် လောလောဆယ်အားဖြင့် မဖြစ်နိုင်။ ထို့ကြောင့် ဘရှားက အမေရိကန်တွင် နောက်အစိုးရသစ်အတက်

the bookhouse we bring your future

www.burmeseclassic.com



ကိုစောင့်ရန် ဆုံးဖြတ်သည်။ မည်သည့်ပါတီက တက်လာသည်ဖြစ်စေ ဘုရှ်ထက်တော့ အဆင်ပြေနိုင်မည်ဟု ထင်သောကြောင့် ဖြစ်သည်။

၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းသည် အခြားကိစ္စများကို အာရုံစိုက်ရမည့်အချိန်ဖြစ်သည်။ ဆီးရီးယားသည် အီရတ်နိုင်ငံတွင် တည်ငြိမ်ရေးကို ဆောင်ရွက်နေချင်သည်။ ဆီးရီးယားအစိုးရအမြင်တွင် ထိုသို့တည်ငြိမ်မှုရှိလာပြီး အမေရိကန်တပ်ဖွဲ့များလည်း ရုပ်သိမ်းသွားလျှင် ဆီးရီးယားအတွက် အကျိုးရှိလာနိုင်သည်ဟု ယူဆသည်။ ထိုအခါ ရှီယာမွတ်ဆလင်များ ကြီးစိုးသော အီရတ်အစိုးရအပေါ် အီရန်နိုင်ငံ၏ ဩဇာသက်ရောက်မှုလည်း ကျဆင်းသွားမည်ဖြစ်သည်။ အီရန်နှင့်ဆီးရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ နီးနီးကပ်ကပ်ဆက်ဆံနေသော်လည်း ပြဿနာအများအပြားတွင် သဘောထားကိုက်ညီမှုမရှိကြပေ။ နှစ်နိုင်ငံစလုံးသည် အီရတ်အစိုးရအပေါ် ဩဇာလွှမ်းချင်ကြသည်။

ဆီးရီးယားသည် အီရတ်အဖွဲ့အစည်းများကို ခိုလှုံခွင့်ပေးထားသည်။ထိုအထဲတွင် ဆွန်နီ၊ ရှီယာ၊ ကဒ်လူမျိုးများအားလုံးပါသည်။ ဤသည်မှာ အီရတ်နိုင်ငံ၌ စစ်မက်ကင်းသွားသည့်အခါ အီရတ်နိုင်ငံအပေါ် အထိုက်အလျောက် ဩဇာလွှမ်းမိုးရန်နှင့် စီးပွားရေးအကျိုးအမြတ်များ ရရှိလို၍ဖြစ်သည်။

ထိုပြင် အီရတ်တွင် တည်ငြိမ်မှုရှိလာလျှင် ဆီးရီးယားတွင်ရှိနေသော အီရတ်ဒုက္ခသည်ပြဿနာလည်း အေးသွားမည်ဖြစ်သည်။ ဆီးရီးယားတွင် အီရတ်ဒုက္ခသည် အရေအတွက်မှာ ၅၀၀,၀၀၀ မှ ၁.၄ သန်းအထိ ရှိနေသည်။ အီရတ်စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် ဒုက္ခသည်များကို ဆီးရီးယားက စာနာကာ တံခါးဖွင့်ပေးခဲ့သဖြင့် မူလကပင်အဆင်မပြေလှသော ဆီးရီးယားစီးပွားရေးမှာ ဒုက္ခသည်ဝန်ထုပ်ဝန်ပိုးကြောင့် ပိုဆိုးလာခဲ့သည်။

ဒုက္ခသည်အများစုမှာ ဆီးရီးယားမြို့တော် ဒမတ်စကတ်အနီးတစ်ဝိုက်တွင် နေထိုင်ကြသည်။ ထိုနေရာများတွင် တဲများထိုးကာ နေထိုင်နေကြသည်ဖြစ်၍ ဆီးရီးယားတို့အတွက် အနေလည်းကျပ်ကာ ကျောင်းများတွင်လည်း ပြည့်ကျပ်နေသည်။ သို့ဖြင့် ငွေကြေးဖောင်းပွမှုလည်း ရှိလာသည်။ ရာဇဝတ်မှုများလည်း တိုးပွားလာကာ အလုပ်အကိုင်များလည်း ရှားပါးလာသည်။ ဒုက္ခသည်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများကပေးသော အကူအညီများမှာလည်း နှေးကွေးသည့်ပြင် မလောက်မငရှိရာ ဆီးရီးယားအစိုးရက စိုက်ထုတ်ကုန်ကျနေရသည်။

၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် အီရတ်ရှိ နိုင်ငံခြားတိုက်ခိုက်ရေးသမားပြဿနာတွင် အမေရိကန်နှင့် ဆီးရီးယား ထိပ်တိုက်တွေ့လာရသည်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော အီရတ်ဆိုင်ရာ အမျိုးသားထောက်လှမ်းတွက်ချက်မှုအရ အီရတ်တွင်ဖြစ်နေသည့် အကြမ်းဖက်မှုများသည် ပြည်ပမှလှုံ့ဆော်ခြင်းမဟုတ်ဘဲ ပြည်တွင်းမှ ဖန်တီးခြင်းသာဖြစ်သည်ဟု သုံးသပ်ထားသည်။

the bookhouse
we bring your future

www.burmeseclassic.com



အီရတ်ရှိ နိုင်ငံစုံတပ်ဖွဲ့များ၏တပ်မှူး ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရီယပ်က ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့၌ ပြောကြားရာတွင် အီရတ်ရှိ အသေခံတိုက်ခိုက်မှု ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများ၏ လက်ချက်ဖြစ်ပြီး ၎င်းတို့ကို ပြည်ပကွန်ရက်များမှတစ်ဆင့် ဆီးရီးယားကိုဖြတ်ကာ ဝင်ရောက်လာကြခြင်းဖြစ်သည်ဟု ဆိုသည်။

သူက ဆီးရီးယားအစိုးရသည် စစ်သွေးကြွများကို အားပေးနေသည်ဟု မဆိုသော်လည်း ထိုသို့သော တင်သွင်းမှုများကို နှိမ်နင်းပေးရမည်ဟုပြောခဲ့သည်။ သူက အမေရိကန်အနေဖြင့် နယ်စပ်များကို ပိတ်ဆို့ရန် ဆီးရီးယားနှင့် ညှိနှိုင်းသင့်သည်ဟု အကြံပြုသည်။ ထို့ပြင် စစ်ရေးနှင့် ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်ရန် ဆီးရီးယားနိုင်ငံသို့ သွားလိုသည်ဟုလည်း သူက တောင်းဆိုသည်။ သို့သော် သူ၏တောင်းဆိုမှုများကို အိမ်ဖြူတော်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဧပြီလတွင် ကွန်ဂရက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီသည် ပါတီနှစ်ရပ်စလုံးမှ အမတ်များကို ဦးဆောင်ကာ ဆီးရီးယားနိုင်ငံသို့သွားကာ ဘရှား အယ်လ်-အာဆတ်နှင့် တွေ့ဆုံခဲ့သည်။ ယင်းမှာ ယခင်က ဆီးရီးယားအပေါ် ထားလာခဲ့သည့် ကွန်ဂရက်၏ သဘောထားနှင့် များစွာကွာခြားသွားခြင်းဖြစ်သည်။

ဆီးရီးယားအပေါ် အမေရိကန်တို့က မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဆက်ဆံလာသည်မှာ အမေရိကန်အစိုးရ၏ ပြည်တွင်းနိုင်ငံရေးကြောင့်ဖြစ်သည်။ (ရီပတ်ဘလီကင်အစိုးရနှင့် ဒီမိုကရက်ကြီးစိုးသော ကွန်ဂရက်အကြား အားပြိုင်မှုဖြစ်သည်။) မရေရာသည့် နိုင်ငံခြားရေး မူဝါဒကြောင့်မဟုတ်ပေ။ သို့သော် ဆီးရီးယားအစိုးရမှာ အမေရိကန်၏ ကြောင်တောင်တောင်ဆက်ဆံရေးကို နားမလည်နိုင်ဖြစ်ရသည်။ ဘုရှ်လက်ထက်တစ်လျှောက်လုံးလည်း ထိုအတိုင်းသာသွားခဲ့ရသည်။

အမေရိကန် စစ်ထောက်လှမ်းရေးအရာရှိများအဆိုအရ အမေရိကန်-ဆီးရီးယား အဆင့်နိမ့်စစ်ရေးနှင့် ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုများ ၂၀၀၈ ခုနှစ်တွင် ရှိခဲ့သည်ဟုသိရသည်။ အီရတ်ရှိ သောင်းကျန်းသူများနှင့် ပတ်သက်သည့် ထောက်လှမ်းရေးသတင်းများကို ဆီးရီးယားက အမေရိကန်တို့အားပေးခဲ့သည်။ ထို့ပြင် ဆီးရီးယားသည် မိမိနိုင်ငံ တွင်းရှိ နိုင်ငံခြားတိုက်ခိုက်ရေးသမားများအား ဖမ်းဆီးမှုများ လုပ်လာခဲ့သည်။

အီရတ်မြောက်ပိုင်း ဆီးရီးယားနယ်စပ်တွင် တပ်ချထားသည့် အမေရိကန်စစ်အရာရှိတစ်ယောက်က "ကျုပ်တို့ဟာ ဆီးရီးယားတွေနဲ့ တိုက်ရိုက်ဆက်ဆံမှုတော့ မရှိခဲ့ဘူး၊ ဒါပေမဲ့ မကြာသေးမီကတော့ သူတို့ဟာ အတော်လေး ကောင်းလာကြတယ်၊ သူတို့ဘက်မှာ အဖမ်းအဆီးတွေလုပ်ပေးလာတယ်"ဟု ဆိုသည်။

the bookhouse
we bring your future

www.burmeseclassic.com



အီရတ်ရှိ အမေရိကန်စစ်အရာရှိများကလည်း ဆီးရီးယားဘက်မှ အီရတ်နိုင်ငံတွင်းသို့ ဝင်လာကြသည့် နိုင်ငံခြားတိုက်ခိုက်ရေးသမားများမှာ တစ်လလျှင် ၉၀ ခန့်ဝင်လာရာမှ ယခုအခါ ၂၀ ခန့်အထိကျဆင်းသွားသည်ဟု ပြောကြသည်။ (၂၀၀၇ ခုနှစ်ကဆိုလျှင် လစဉ် ၁၂၀ ခန့်အထိ ဝင်ခဲ့ကြသည်။) ထိုသို့ကျဆင်းသွားခြင်းမှာ အီရတ်ရှိ အမေရိကန်စစ်တပ်ဖွဲ့များ၏ အောင်မြင်မှုဖြစ်ပေသည်။ ထို့ပြင် ယင်းမှာ ဆွန်နီတို့က အမေရိကန်အား ထိပ်တိုက်တွေ့မှု အပေါ်လည်း အောင်နိုင်လိုက်ခြင်းဖြစ်သည်။

အီရတ်နှင့် ပတ်သက်၍ အမေရိကန်နှင့် ဆီးရီးယားတို့၏ အားထုတ်မှုများသည် မဟာမိတ်သဘောဆန်လာသည်။ သို့ဖြင့် ဘရှားမှာ အမေရိကန်ဦးဆောင်သော ဝိုင်းပယ်ခံရမှုမှ လျင်မြန်စွာ လွတ်မြောက်လာခဲ့သည်။ ထို့ကြောင့် ပြင်သစ်သမ္မတ နီကိုလတ်ဆာကိုဆီ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၀၈ ခုနှစ် ဇူလိုင်လ ဥရောပမြေထဲပင်လယ်ထိပ်သီးအစည်းဝေးသို့ပင် တက်နိုင်ခဲ့ပေသည်။ ယင်းမှာ ၂၀၀၈ ခုနှစ်မေလက လက်မှတ်ရေးထိုးခဲ့သော ဒိုဟာသဘောတူညီချက်တွင် ဆီးရီးယား၏ အခန်းကဏ္ဍအတွက် ပြင်သစ်က ကျေးဇူးတင်သည့်သဘောလည်း ဖြစ်သည်။ ထိုသဘောတူညီချက်ကြောင့် လက်ဘနွန်နိုင်ငံတွင် ထိန်းမရအောင်ဖြစ်နေသည့်ပြဿနာကို တည်ငြိမ်သွားစေခဲ့သည်။ ဘရှားသည် အီရန်၊ ဟစ္စဘိုလာ၊ ဟားမတ်တို့နှင့် ဆက်ဆံရေးမပျက်ချင်။ ထို့ကြောင့် ထိုအဖွဲ့များနှင့် အနောက်နိုင်ငံတို့ ရင်ဆိုင်မှုတွင် သူက ခြံစည်းရိုးကို ခွထိုင်ခဲ့ခြင်းဖြစ်သည်။

အာရပ်ကမ္ဘာ၏ မဟာဗျူဟာညီမျှခြင်းတွင် မိမိမှန်ကန်သောဘက်မှ ရပ်တည်ခဲ့သည်ဟု သူကိုယ်သူ ယုံကြည်ထားခဲ့သည်။ အထူးသဖြင့် ၂၀၀၈ ခုနှစ်အကုန်ပိုင်းနှင့် ၂၀၀၉ ခုနှစ်အစပိုင်းတို့တွင် ဂါဇာရှိ ဟားမတ်တို့အား အစ္စရေးတို့ အကြီးအကျယ် တိုက်ခိုက်ပြီးနောက်ဖြစ်သည်။

အမေရိကန်နှင့် ဆီးရီးယားတို့အကြား ပူးပေါင်းဆောင်ရွက်လိုသည့်သဘောထားများ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ပျောက်ကွယ်လာခဲ့သည်။ ထိုနေ့တွင် အမေရိကန်တို့သည် ဆီးရီးယားနယ်မြေအတွင်းသို့ဝင်ကာ အဘူကမဲနယ်စပ်မြို့ကို တိုက်ခိုက်ခြင်းကြောင့်ဖြစ်သည်။ ထိုသို့တိုက်ရာမှ အယ်လ်ကေဒါ အကြီးတန်းအဖွဲ့ဝင် အဘူဂါဒယားသေဆုံးခဲ့သည်။

သူသည် ၂၀၀၅ ခုနှစ်ကတည်းက ဆီးရီးယားနိုင်ငံအကူအညီဖြင့် အကြမ်းဖက်မှုများ လုပ်လာခဲ့သူဖြစ်သည်။ ထိုစွပ်စွဲချက်ကို ဆီးရီးယားကငြင်းဆိုပြီး ထိုသို့ဝင်တိုက်မှုကို အကြီးအကျယ်မကျေနပ်ကြောင်း ပြခဲ့သည်။ ထိုအတွက် ဆီးရီးယားက ဒမတ်စကတ်မြို့ရှိ အမေရိကန်စာသင်ကျောင်းနှင့် အမေရိကန်ယဉ်ကျေးမှုဌာနကို ပိတ်ပစ်ခဲ့သည်။ ထိုထက်ကြီးကျယ်သော တုံ့ပြန်မှုမျိုးတော့ မလုပ်ခဲ့။

the bookhouse
we bring your future

www.burmeseclassic.com



ဘရှားကလည်း ထိုထက်ကြီးကျယ်သော တုံ့ပြန်မှုမျိုး လုပ်၍မဖြစ်ကြောင်း သိထားသည်။ သူက လူထုသဘောထား ကောက်ယူမှုများကိုလည်း အာရုံစိုက်သည်။ စစ်တမ်းကောက်ယူမှုအရ ဆီးရီးယားအပေါ် သဘောထားပျော့ပျောင်းနိုင်သည့် ဘားရက်အိုဘားမား ရွေးကောက်ပွဲတွင်နိုင်မည့်အလားအလာကို တွေ့နေရသည်။ ဆီးရီးယား၏ အခြားခေါင်းဆောင်များက အမေရိကန်အား ပြင်းပြင်းထန်ထန် တုံ့ပြန်စေလိုသည်။ သို့သော် ဘရှားက ၂၀၀၉ ခုနှစ်တွင် အိုဘားမား သမ္မတဖြစ်လာသည့်အခါ အမေရိကန်နှင့် ဆီးရီးယားဆက်ဆံရေး အဆင်ပြေလာနိုင်မည့်အရေးကို မထိခိုက်စေလို။ အဘူကမဲမြို့အား တိုက်ခိုက်မှုကြောင့် ဆီးရီးယားသည် နိုင်ငံခြားတိုက်ခိုက်ရေးသမားများနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်အား အကူအညီမပေးတော့။

အီရတ်မူဝါဒကြောင့် အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏ အရှိန်အဝါလည်း ကျဆင်းလာသည်။ ထို့ပြင် အစ္စရေး-ပါလက်စတိုင်း ပြဿနာအတွက်လည်း ထိရောက်သော လုပ်ဆောင်မှုများမရှိခဲ့။ အရှေ့အလယ်ပိုင်းတွင် ကျဆင်းလာနေသော အမေရိကန်၏ သံတမန်ရေးအနေအထားကို ကာတာနှင့် တူရကီနိုင်ငံတို့က အဖတ်ဆယ်ရန် ကြိုးစားခဲ့ကြသည်။ ၂၀၀၈ ခုနှစ် မေလတွင် တူရကီက ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်ရန် စေ့စပ်ပေးရန် ကြေညာသောအခါ အားလုံး အံ့သြကုန်ရသည်။

ယင်းမှာ ဒေသအတွင်း သံတမန်ဟာကွက်ဖြစ်နေခြင်းကို ပြနေသည်သာမက အစ္စရေးကလည်း ဆီးရီးယားနှင့် အလွန်ငြိမ်းချမ်းရေးရလိုနေကြောင်း ပြသနေသည်။ သို့သော် ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလတို့တွင် အစ္စရေးက ဂါဇာကိုထိုးစစ်ဆင်မှုကြောင့် ဆွေးနွေးရေးကို အားလုံးဖျက်သိမ်းလိုက်ကြသည်။

ဆီးရီးယား၏ ဝိုင်းပယ်ခံရမှုမှာလည်း လျင်မြန်စွာ ပြိုလဲသွားတော့သည်။ ၂၀၀၇ ခုနှစ်အကုန်ပိုင်းနှင့် ၂၀၀၈ ခုနှစ်ဆန်းပိုင်းတို့တွင် ဥရောပနိုင်ငံအချို့သည် ဆီးရီးယားနှင့် ဆက်ဆံရေးလမ်း ဖွင့်လာကြသည်။ အစ္စရေးကပင် ဘရှား၏ ဆွေးနွေးပွဲကမ်းလှမ်းမှုကို စဉ်းစားလာရသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် အစ္စရေးသည် ဆီးရီးယား၏ နျူကလီးယားစက်ရုံဟု ထင်ရသည့် အဆောက်အအုံကို တိုက်ခိုက်ခဲ့သည်။

ယင်းကိုအကြောင်းပြုကာ နိုင်ငံတကာ နျူကလီးယားစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)ကပင် စုံစမ်းစစ်ဆေးမှုများ လုပ်ခဲ့ရသည်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလကလည်း အမေရိကန်သည် ဆီးရီးယားနယ်ထဲသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုသည်များကြောင့် ဆီးရီးယားသည် မူလလမ်းကြောင်းမှ မပြောင်းလဲခဲ့။ အိုဘားမား သမ္မတဖြစ်လာသည့်အခါ သံတမန်ဆက်ဆံရေးအသစ် ပြန်လည်ထူထောင်နိုင်မည်ဟူသော အမြင်ဖြင့် ဘရှားသည် အမေရိကန်နှင့်လည်း တင်းမာမှု မဖြစ်စေချင်။

the bookhouse
we bring your future

www.burmeseclassic.com



၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အိုဘားမားအနိုင်ရသောအခါ ဆီးရီးယား-အမေရိကန်ဆက်ဆံရေး တိုးတက်မည့်အသွင် ဖြစ်လာသည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များတွင် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ ပုံမှန်တွေ့လာခဲ့ကြသည်။ ၂၀၀၉ ခုနှစ်တွင် အိုဘားမားက ဒမတ်စကတ်တွင် သံအမတ်ပြန်လည်ထားရှိမည်ဖြစ်ကြောင်း ကြေညာသည်။ ၂၀၁၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် လွှတ်မည့်သံအမတ်ကို ရွေးချယ်သည်။ သို့ရာတွင် ဆီးရီးယားဆန့်ကျင်ရေးသဘောထားများမှာ အမြဲအသာစီးရနေသည်။

သို့သော် အိုဘားမားက ဆီးရီးယားနှင့် အကျိုးပြုဆက်ဆံရေး ထူထောင်လိုက်သည်။ ဘုရှ်အစိုးရ၏ အမွေအနှစ်အဖြစ် နှစ်ဖက်အပြန်အလှန် မယုံကြည်မှုများ ဆက်လက်ရှိနေခဲ့သည်။ ကုလသမဂ္ဂ၏ ဟာရီရီလုပ်ကြံခံရမှုကို ဆက်လက်စုံစမ်းခြင်းနှင့် အိုင်အေအီးအေ၏ ဆီးရီးယားတွင် နျူကလီးယားစက်ရုံရှိနေသည်ဆိုသည့်အပေါ် စုံစမ်းမှုများကို အိုဘားမားမထိုးဖောက်နိုင်ဖြစ်နေသည်။ အိုဘားမားအစိုးရမှာလည်း အရေးကြီးသည့် အခြားပြည်တွင်းပြည်ပ မူဝါဒ ပြဿနာများအပေါ် အာရုံစိုက်နေရသည်။

## *ယုံကြည်မှု ရှိလာခြင်း*

ထိုနှစ်များတွင် ဘရှားမှာ သမ္မတအနေဖြင့် အတော်လေးအဆင်ပြေနေသည်ကို တွေ့နေရသည်။ ၂၀၀၄ ခုနှစ်တွင် သူ့ကို ကျွန်တော်စတွေ့တော့ သူသည် မရေမရာအဖြစ်နှင့်သာ ရှိနေသေးသည်။ သူ့ကိုစိတ်ရှုပ်အောင် လုပ်နေသည်မှာ အမေရိကန်မူဝါဒဖြစ်သည်။

၂၀၀၅ ခုနှစ်ကျတော့ သူ့မှာ ခံစစ်အနေအထားဖြစ်နေပြီး ဒေါသလည်းဖြစ်နေရသည်။ အထူးသဖြင့် လက်ဘနွန်မှ မိမိတို့တပ်များဆုတ်ရန် အမိန့်ပေးရသည်အခါကဖြစ်သည်။ (နိုင်ငံတကာ၏ဖိအားကြောင့် တပ်ဆုတ်ရသည် ဖြစ်သော်လည်း အကောင်းပြောမခံရသောကြောင့်ဖြစ်သည်။)၂၀၀၆ ခုနှစ် အစပိုင်းတွင်မူ သူ့အနေအထား လုံခြုံမှုရှိပြီး အနာဂတ်အတွက်လည်း သူစိတ်ချနေသည်။

၂၀၀၆ ခုနှစ် နွေကာလ အစ္စရေး-ဟစ္စဘိုလာစစ်အတွင်း ကျွန်တော်သူနှင့်တွေ့တော့ သူ့ကိုယ်သူ အတော်ပင် ယုံကြည်မှုရှိလာသည်ဟု ကျွန်တော်ထင်သည်။ ဘုရှ်လက်ထက်တွင် သူ့ကို အမျိုးမျိုးနှိပ်စက်ခဲ့သော်လည်း သူဆက်လက်ရှင်သန်နေသည် မဟုတ်လော။

၂၀၀၇ ခုနှစ်၊ မေလတွင် နောက်ထပ် ခုနစ်နှစ်သက်တမ်းအတွက် သူပြန်လည်အရွေးခံရသည်။ ထိုအချိန်တွင်

the bookhouse
we bring your future

www.burmeseclassic.com



သူ့၌ ကျွန်တော် ယခင်ကမမြင်ခဲ့သည်ကို မြင်လိုက်ရသည်။ ယင်းမှာ သူ့ကိုယ်သူ အတော်ကျေနပ်နေပုံရခြင်းဖြစ်သည်။ သူ့ကို စတွေ့စဉ်ကတည်းက သူ့တွင် ဟန်ဆောင်မှုမရှိသည်ကို ကျွန်တော်သတိထားမိသည်။ သူ့ပတ်လည်တွင် အသည်းအသန်ပြဿနာများ ရှိနေလင့်ကစား သူသည် မိမိကိုယ်ကိုယ် ဟုတ်လှပြီဟု ထင်နေတတ်သူမျိုး မဟုတ်ပေ။ ကျွန်တော်က သူ၏အောင်မြင်မှုများကိုပြောပြရန် မေးသောအခါ သူက သူ၏ မအောင်မြင်မှုများအကြောင်းကို ပြောရလျှင် အချိန်ပိုလိုလိမ့်မည်ဟု ပြန်ပြောသည်။

သူ့ကို ရုတ်တရက်ကြည့်လျှင် အကြီးအကဲဟန်ပန်မျိုးမတွေ့ရ။ အပြောအဆို နူးညံ့ပျော့ပျောင်းပြီး ခင်မင်တတ်သည်။ ရယ်သည့်အခါ ကလေးတစ်ယောက်လိုရယ်တတ်ပြီး အာဏာရှင်ပုံစံမျိုး မပေါက်ပေ။ သူ့လက်အောက်တွင် ပစ်ရမစ်ပုံစံ နိုင်ငံရေးနှင့် စစ်ဘက်အဆောက်အအုံရှိနေသည်။ သူ၏ အသွင်အပြင်နှင့် မကိုက်သော်လည်း သူရောက်ရမည့်နေရာကိုတော့ ရောက်နေသည်။

၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရသောသမ္မတအား လူထုထောက်ခံမှုများစွာရကြောင်း တွေ့ရသည်။ ဒမတ်စကတ်မြို့ရှိ ယူမေယဒါရင်ပြင်တစ်ဝိုက်တွင် လူထုထောက်ခံဆန္ဒပြမှုကိုကြည့်ကာ သမ္မတကို အမှန်တကယ်လိုလားသည်ကို ကျွန်တော်တွေ့ခဲ့ရသည်။ သို့သော် အချို့ဆန္ဒပြမှုများမှာ ကြိုတင်စီစဉ်ထားသည်များလည်းရှိသည်။ ဆီးရီးယားတွင် အုပ်စုတစ်စုက အခမ်းအနားတစ်ခု ကျင်းပသည့်အခါ အခြားအုပ်စုများလည်း ရောနှောပါလာတတ်သည်။ (အာဏာရှင်နိုင်ငံများတွင် အစိုးရသတင်းပေးမည်သူဖြစ်သည်ကို မသိနိုင်။ ပြန်လည်အရွေးခံရသည့် သမ္မတအား မထောက်ခံသူအဖြစ်လည်း အမြင်မခံလိုကြ။) ဘရှားမှာ သူ့ကိုလူထုက ထိုမျှထောက်ခံသည်ကိုလည်း ပထမဆုံးအကြိမ် သိရှိခဲ့ရသည်။ ရွေးကောက်ပွဲနေ့တွင် ကျွန်တော် သူနှင့်တွေ့သောအခါ သူ့အား ထိုသို့လူထုထောက်ခံသည်ကို အတော်ပီတိဖြစ်နေသည်ကို တွေ့ရသည်။

ဆန္ဒခံယူပွဲတွင်လည်း သူ့အား ကန့်ကွက်သူမရှိခဲ့။ မဲရုံများကို ကျွန်တော်သွားကြည့်ရာတွင် မဲထည့်သူများမှာ 'ထောက်ခံသည်' သို့မဟုတ် 'မထောက်ခံပါ' ဆိုသည်ကို အမှန်ခြစ်အမှတ်အသား ရေးခြစ်ရုံသာ လုပ်ရသည်ကို တွေ့ရသည်။ ထိုစဉ် ဘင်ခရာတီးဝိုင်းက တီးမှုတ်နေပြီး လူထုက ဘရှားအားချီးကျူးသည့်သီချင်းများ သီဆိုနေသည်ကို တွေ့ရသည်။ 'မထောက်ခံပါ'တွင် အမှန်ခြစ် ခြစ်သောမဲပေးသူ တစ်ယောက်တလေတော့ ရှိသည်။သို့သော် လုံခြုံရေးဝန်ထမ်းများက အနီးကပ်စောင့်ကြည့်နေမည်မှာလည်း သေချာသည်။

ဘရှားရုပ်ပုံပါသည့် ပိုစတာများနှင့် 'ဘရှားကို ချစ်သည်'ဆိုသော ဆိုင်းဘုတ်များမှာလည်း အဆောက်အအုံတိုင်းလိုလိုတွင် ချိတ်ဆွဲထားသည်။ ဘရှားကလည်း လူထုထောက်ခံမှု ၉၇ ရာခိုင်နှုန်းသည် သူ၏အနေအထားကို တိုင်းတာသည့်

the bookhouse

www.burmeseclassic.com



အရာမဟုတ်မှန်း သဘောပေါက်ထားသည်။ မဲမပေးဘဲနေသူအရေအတွက်ကို မထောက်ခံသူအရေအတွက်ထဲတွင် ပေါင်းထည့်ရမည်ဖြစ်သည်။ ထိုသို့တွက်လိုက်လျှင် ဘရှားအား ထောက်ခံမှုမှာ ၇၅ ရာခိုင်နှုန်းသာရှိသည်။ ထိုသည်မှာလည်း ဘရှားထောက်ခံမှုရနေဆဲ ဖြစ်သည်။

ဘရှားသည် သူ့အားဖော်လံဖားကာ ထောက်ခံမဲပေးနေကြောင်းလည်း သဘောပေါက်ထားသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် အမေရိကန်အာဏာပိုင်များသည် သူတို့နှင့် ရင်းနှီးသော အာဏာရှင်များကို 'ကြားကာလ အာဏာရှင်အစိုးရ'များဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်။ (ယင်းမှာ အမေရိကန်လမ်းညွှန်ထောက်ခံသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးနိုင်ငံဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။) သို့ရာတွင် အသွင်ကူးပြောင်းရေး အာဏာရှင်ခေါင်းဆောင်များသည် အသွင်ကူးပြောင်းလိုခြင်းမရှိသည်ကို မကြာခဏတွေ့ရသည်။ သူတို့က အာဏာကိုမက်မောသည်။ တိုင်းပြည်ကောင်းစားရန်အတွက် သူတို့အာဏာမြဲရန်လိုသည်ဟု တွက်ကြသည်။ ထိုသည်ကို ဘရှားကျော်နိုင်ပါမည်လားဟု ထိုစဉ်က ကျွန်တော်တွေးခဲ့မိသည်။

၂၀၀၇ ခုနှစ်အကုန်ပိုင်းတွင် ဘရှား သူ့ကိုယ်သူ စိတ်ယနကင်းလာသည်ကို တွေ့ရသည်။ ယင်းမှာ သူ့ကိုယ်သူပို၍ယုံကြည်မှုရှိလာခြင်းဖြစ်သည်။ ဆီးရီးယားမှာ အနာပိုးလစ်ကွန်ဖရင့်သို့ ဖိတ်ကြားခြင်းပင်ခံခဲ့ရသည်။ ယင်းမှာ ဘုရှ်အစိုးရက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကို ပြန်စရန်လုပ်သော ကွန်ဖရင့်ဖြစ်သည်။ ဥရောပနှင့် အရှေ့အလယ်ပိုင်းသံတမန်များသည် ဒမတ်စကတ်သို့သွားကာ ဘရှားနှင့် အခြားဆီးရီးယားခေါင်းဆောင်များကို တွေ့ကြသည်။ ဘရှားမှာမအားနိုင်အောင် ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ဘရှားသည် မိမိလည်ပင်းမှ ကြိုးကွင်းပြုတ်သွားပြီဟု ယုံကြည်နေ၏။ အမေရိကန်နှင့် ဆက်ဆံရေးမှာလည်း ဆီးရီးယားက ဟစ္စဘိုလာ၊ ဟားမတ်နှင့် အီရန်တို့ကို အဆက်ဖြတ်မှ ကောင်းလာမည်ဖြစ်သည်။ သို့သော်ဆီးရီးယားက သူတို့၏လမ်းကြောင်းကို မပြောင်း။ ထိုလမ်းကြောင်းမှာအမှန်ဟုလည်း တွက်ထားသည်။ အမေရိကန်ကသာသူ၏ လမ်းကြောင်းကို ပြောင်းရမည်ဆိုသည့်သဘော ဖြစ်သည်။ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အိုဘားမားအနိုင်ရလာသဖြင့် ဆီးရီးယားဘက်မှ မပြုပြင်ဘဲ အမေရိကန်ဘက်မှ ပြုပြင်မည့်သဘော ဖြစ်လာသည်။

## စားပွဲဝိုင်းတွင် တစ်နေရာ

ဘရှားနှင့် ဆီးရီးယားသည် နိုင်ငံတကာ အသိုက်အဝန်းကို အလေးအနက်သဘောထားချင်လာသည်။ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ အစ္စရေး-ဟစ္စဘိုလာစစ် ဖြစ်နေသည့်ကာလတွင် ကျွန်တော်က ဘရှားအား တစ်ခုမေးကြည့်သည်။

the bookhouse
we bring your future

www.burmeseclassic.com



ဂျီ-၈ ထိပ်သီးအစည်းဝေးတွင် ဘုရှ်က တိုနီဘလဲအား 'ဟာ့စ္စဘိုလာကို ဆီးရီးယားတားမြစ်မှ ဒီကိစ္စအေးမယ်' ဟု ပြောကြားခြင်းနှင့် ပတ်သက်၍ မည်သို့သဘောထားသနည်းဟု မေးခြင်းဖြစ်သည်။ ယင်းသို့ ဘုရှ်ပြောသည်မှာ ဟာ့စ္စဘိုလာ ထိုမျှ ဩဇာမညောင်းသည်ကို သူမသိ၍ ပြောခြင်းဖြစ်သည်။

ကျွန်တော်၏မေးခွန်းအပေါ် ဘရှား၏အဖြေမှာ 'ဘုရှ် အဲဒီလိုပြောတာကို ကျွန်တော်သဘောကျတယ်၊ ကျေနပ်တယ်၊ ဆီးရီးယားကို သူ ထည့်သွင်းစဉ်းစားတယ်ဆိုတဲ့သဘောသက်ရောက်တယ်၊ ကျွန်တော်တို့ကို သူ ထည့်ပြီးစဉ်းစားသေးသားပဲ' ဟာ့စ္စဘိုလာတို့ လုပ်သမျှနောက်ကွယ်တွင် ဆီးရီးယားရှိမနေခြင်းကို အစ္စရေးတို့သိနေသည့်အတွက် ဆီးရီးယားအစိုးရ ဝမ်းသာနေသည်။ သို့မဟုတ်ပါက အစ္စရေးသည် ဆီးရီးယားကို ရန်ရှာလာနိုင်သည်။

ဆီးရီးယားအစိုးရသည် သူတို့ကို ပြဿနာဖြေရှင်းသူအဖြစ်သာ မြင်စေချင်သည်။ ပြဿနာရှာသူအဖြစ် မမြင်စေချင်ကြ။ ဆီးရီးယားသည် ဒေသတွင်းတွင် တစ်စုံတရာ အသုံးကျမှုရှိသည်ဟူသော ကျွန်တော့်အမြင်နှင့် ဘရှား၏ အမြင်ချင်းတူသည်။ အကယ်၍ ဘရှားအစိုးရက ဟားမတ်၊ ဟာ့စ္စဘိုလာ၊ အီရန်တို့နှင့် လုံးဝအဆက်ဖြတ်လိုက်မည်ဆိုလျှင် ၎င်းတို့၏ သံတမန်အထောက်အကူပြုမှုလည်း ရရှိတော့မည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့နှင့် အနောက်နိုင်ငံများ ဆွေးနွေးနိုင်ရန် ဆီးရီးယားသည် ကြားခံအနေအထားဖြစ်သည်ဟု ဘရှားက ယုံကြည်နေသည်။

၂၀၀၈ ခုနှစ်တွင် နောက်လအနည်းငယ်တွင် တက်လာမည့် အိုဘားမားအစိုးရ၏ မူဝါဒလမ်းကြောင်းကို ဘရှား သုံးသပ်ကြည့်သည်။ ၂၀၀၈ ခုနှစ်သည် သူ့အတွက် ကောင်းသောနှစ်ဖြစ်သည်။ ဒီဟာသဘောတူညီချက်ကြောင့် လက်ဘနွန်တွင် ဆီးရီးယား၏ အနေအထား တိုးတက်နေသည်။

ပြင်သစ်သမ္မတ ဆာကိုဇီက ဘရှားအား အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်အပါအဝင် အခြားသော နိုင်ငံခေါင်းဆောင်များနှင့်အတူ ပဲရစ်မြို့တွင် လက်ခံတွေ့ဆုံသည်။ (ဤသည်မှာ အနောက်နိုင်ငံများက ဆီးရီးယားအား ဝိုင်းပယ်ရန် ကြိုးပမ်းမှု ပြိုပျက်သည့်လက္ခဏာဖြစ်သည်။) ထို့ပြင် ဘုရှ်အစိုးရမရှိတော့ဘဲ ဘုရှ်၏ မူဝါဒများကို ပစ်ပယ်မည့် နောက်အစိုးရတစ်ရပ် တက်လာခြင်းမှာ ဘရှားအတွက် အဆင်ပြေသွားသည်။ဘားရက်အိုဘားမား အာဏာရလာသည်နှင့် အစဉ်အလာ သံတမန်အနေအထား ပြန်ရောက်လာမည်ဖြစ်သည်။ အားလုံး ယခင်ကအနေအထား ပြန်ရောက်လာမည်ဟု ဆီးရီးယားအစိုးရက မြင်နေသည်။

ကျွန်တော့်အမြင်တွင်မူ အကယ်၍ ဆီးရီးယားသည် ၎င်းကို အလေးအနက်သဘောထားစေလိုလျှင် သံတမန်ရေးတွင် များစွာပြုပြင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ရာတွင် ဘရှားသည် သူ့ဖခင်ထက် များစွာသာသည်။ ၂၀၀၇ ခုနှစ် မေလတွင် အထူးအခမ်းအနားတစ်ခု လုပ်ခဲ့သည်။ ကျွန်တော်လည်း ထိုအခမ်းအနားသို့ တက်ခဲ့သည်။ ထိုအခမ်းအနားတွင်

the bookhouse

www.burmeseclassic.com



တက်ရောက်လာသူ အားလုံးပြောသမျှကို သူနားထောင်သည်။ ထို့နောက် သူကလည်း အားလုံးကိုစကားပြောသည်။ ထိုလုပ်ရပ်မှာ အလွန်လေးစားဖွယ်ကောင်းသည်။ ထိုသို့လုပ်ခြင်းမှာ ထိရောက်မှုလည်း ရှိခဲ့သည်။

သူသည် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သည်။ အခြားသော ဗျူရိုကရေစီစနစ်များကိုလည်း တိုက်ဖျက်သည်။ သို့သော် အချို့ကိစ္စများတွင် ညှိနှိုင်းယူရသည်။ အပေးအယူလုပ်ယူရသည်။ ထိုသည်များကို ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတွင် သူ့စိတ်ထဲရှိသမျှကို ကျွန်တော့်အား ပြောပြသည်။ ကျွတော်တို့နှစ်ယောက် ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲအလားအလာကို ပြောကြသည်။ ထိုနှစ်စောစောပိုင်းက တူရကီ၏ စေ့စပ်ပေးမှုဖြင့် ဆီးရီးယားနှင့် အစ္စရေး တိုက်ရိုက်ဆွေးနွေးမှု စခဲ့သည်။သူက လက်ရှိဆွေးနွေးနေသည့် အနေအထား အောင်မြင်မှုမရှိဘဲ ဆွေးနွေးမှုကို နောက်တစ်ဆင့်မတက်ချင်ကြောင်း ပြောသည်။

ထိုသို့ ဆွေးနွေးမှုမှာ သူ့အတွက် ပထမဆုံးလုပ်ရသည်ဖြစ်၍ မအောင်မြင်မည်ကိုလည်း စိုးရိမ်နေသည်။ အစ္စရေးနှင့် ဆွေးနွေးရန်ကို သူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် သူ့ပတ်ဝန်းကျင်မှ လူများ၏ သဘောတူညီချက်ကိုလည်း ရယူခဲ့သည်။ သို့သော် လက်မခံသူများလည်း ရှိနေသည်။ ထို့ကြောင့် ထိုဆွေးနွေးမှု အောင်မြင်စေချင်သည်။ သူက သတိထားကာလည်း ဆောင်ရွက်သည်။

အရေးကြီးဆုံးတစ်ချက်မှာ ၁၉၆၇ ခုနှစ်၊ ဇွန်လက အစ္စရေးတို့သိမ်းယူခဲ့သော ဂိုလန်ကုန်းမြင့်ဒေသကို ပြန်ရမှဖြစ်မည်။ ဂိုလန်ကုန်းမြင့်ဒေသမှာ ၁၉၆၇ ခုနှစ် သူ့ဖခင် ကာကွယ်ရေးဝန်ကြီးလက်ထက် အာရပ်-အစ္စရေးစစ်တွင် အသိမ်းခံခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ဖြစ်လာရန် သူအတော်လိုလားခဲ့သည်။ ဂိုလန်ကုန်းမြင့်ဒေသ ပြန်ရမည်ဆိုလျှင် နိုင်ငံခြားရေးမူဝါဒနှင့် ပြည်တွင်းပြဿနာအချို့ကို လျှော့ပေးရမည်ဆိုလျှင်လည်း လျှော့ပေးမည်။

၂၀၀၇ ခုနှစ်အကုန်ပိုင်းတွင် ကျွန်တော်သူနှင့်တွေ့တော့ ထိုအပေးအယူမှာ အလားအလာကောင်းနေသည်ကို တွေ့ရသည်။ သူနှင့် ကျွန်တော်ပြောကြသည်မှာ အစ္စရေးနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရန် ဆီးရီးယားမှာ ဟားမတ်၊ ဟစ္စဘိုလာနှင့် အီရန်နိုင်ငံတို့ကို အဆက်ဖြတ်ရေးဖြစ်သည်။

ထို့ပြင် ဆီးရီးယား၏စနစ်ကိုလည်း ပြန်လည်ပြုပြင်ပေးရမည် ဖြစ်သည်။ သူက ကုလားထိုင်ကို ရှေ့နောက်လှုပ်ကာထိုင်ရင်း မျက်နှာကျက်ကိုကြည့်လျက် 'ဂိုလန်ကုန်းမြင့်ဒေသ ပြန်ရမယ်ဆိုရင် ကျွန်တော်သူရဲကောင်းဖြစ်ပြီပဲ' ဟုပြောသည်။ ဂိုလန်ကိုပြန်ရရန် ဆီးရီးယားမျိုးဆက်နှစ်ခုလောက် ကြိုးစားခဲ့ကြသည်။ ထိုကိစ္စမှာ ယခင်ကတည်းက အစ္စရေး-ဆီးရီးယား ငြိမ်းချမ်းရေးသဘောတူညီမှုတွင် အဟန့်အတားဖြစ်လာခဲ့သည်။ ထိုကိစ္စမှာ ဆီးရီးယားအစိုးရကို

the bookhouse
we bring your future

www.burmeseclassic.com



လွှမ်းမိုးထားလျက်ရှိသည်။ ထိုသည်မှာ ငြိမ်းချမ်းရေးဆုလာဘ်ဖြစ်သည်။ ထိုသို့ ပြန်လည်ရရှိနိုင်ရန်မှာလည်း ဘရှား သံတမန်စားပွဲ၌ ပြန်လည်နေရာရမှ ဖြစ်နိုင်ဖွယ်ရှိသည်။

၂၀၁၁ ခုနှစ် ပြည်သူ့အုံကြွမှုမတိုင်မီက အိုဘားမားအစိုးရ၊ ပင်တဂွန်၊ အမေရိကန်ထောက်လှမ်းရေးအသိုက်အဝန်း နှင့် ကွန်ဂရက်တို့တွင် ဆီးရီးယားဆန့်ကျင်ရေးသဘောထား သိပ်မရှိခဲ့။ ထိုအချက်မှာ အမေရိကန်ပြည်သူများအကြား ဆီးရီးယားကို အဆိုးမမြင်သည့်သဘောဖြစ်သည်။ ထို့နောက် ဟာရီရီလုပ်ကြံခံရမှုအပေါ် ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးမှု၊ ဘုရှ်အစိုးရ၏ ဒဏ်ခတ်ပိတ်ဆို့မှုများကြောင့် အမေရိကန်-ဆီးရီးယား ဆက်ဆံရေးတိုးတက်ရန်အတွက် အဟန့်အတား ဖြစ်ခဲ့ရသည်။ အမေရိကန်သည် နိုင်ငံခြားခေါင်းဆောင်များ မိမိအပေါ် ကောင်းကျိုးပြုမပြုအပေါ် မူတည်ကာ အကောင်း အဆိုး ခွဲခြားခြင်း ဖြစ်သည်။

၁၉၅၀ ပြည့်လွန်နှင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် အီဂျစ်သမ္မတ နတ်ဆာအား အမေရိကန်၏ မိတ်ဆွေ၊ သို့မဟုတ် ရန်သူအဖြစ်သတ်မှတ်သည်မှာ စစ်အေးတိုက်ပွဲအပေါ် အီဂျစ်၏ သဘောထားအပေါ် မူတည်ကာ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ဆဒမ်ဟူစိန်သည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် အမေရိကန်၏ မိတ်ဆွေဖြစ်ခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များတွင် အမေရိကန်၏ ရန်သူဖြစ်သွားခဲ့သည်။ အစဉ်အလာအားဖြင့် သမ္မတဖြစ်လာရန်မရှိသော အာဆတ်သည် သူတတ်မြောက်သည့် ပညာကို စွန့်လွှတ်ကာ တိုင်းပြည်တာဝန်ထမ်းဆောင်သောကြောင့်သာ သူ့အသက်ရှုပေါက်ချောင်ခဲ့ရခြင်းဖြစ်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

# ဆီးရီးယား၏ ခြားနားချက်

၂၀၁၀ ပြည့်နှစ်အကုန်ပိုင်းနှင့် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းတို့တွင် ဆီးရီးယားနိုင်ငံသည် တူနီးရှား၊ အီဂျစ်၊ ယီမင်နိုင်ငံတို့နှင့်စာလျှင် များစွာတည်ငြိမ်မှုရှိသည်။ ထိုနိုင်ငံများတွင်မူ စတင် ဆူပူလာနေပြီဖြစ်သည်။ ထိုဆယ်စုနှစ်အစပိုင်းတွင် ဘရှား အယ်လ်-အာဆတ်သည် သူကိုယ်သူနှင့် သူ့နိုင်ငံကို သွင်ပြင်တိုးတက်အောင် လုပ်ခဲ့သည်။ အထူးသဖြင့် သူ့နိုင်ငံအား အရုပ်ဆိုးစေခဲ့သည့် ဟာရီရီလုပ်ကြံခံရပြီးနောက် ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဘရှားတို့ဇနီးမောင်နှံကို ပြင်သစ်လူကုံထံ အသိုက်အဝန်းက ပျူငှာစွာကြိုဆိုခဲ့ကြသည်။

ကုလသမဂ္ဂ၏ လက်ဘနွန်နိုင်ငံအတွက် အထူးခုံရုံး(အက်စ်တီအယ်လ်)ကို လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဟာရီရီ လုပ်ကြံခံရမှုအတွက် စစ်ဆေးရန် ၂၀၀၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခြင်းသည်ပင် ဆီးရီးယားမှ အာရုံလွှဲပြောင်းစေရန်လုပ်သကဲ့သို့ ဖြစ်ခဲ့ရသည်။

၂၀၁၀ ပြည့်နှစ်အကုန်ပိုင်းတွင် ထိုခုံရုံးသည် လုပ်ကြံမှုနှင့် ဆက်စပ်မှုရှိသည့် ဟစ္စဘိုလာအဖွဲ့ဝင် လေးယောက်အား ခုံရုံးတင်မည်ဟု သတင်းများထွက်လာသည်။ ဟစ္စဘိုလာသည် ဆီးရီးယား၏ မဟာမိတ်ဖြစ်သဖြင့် ဆီးရီးယားခေါင်းဆောင်ပိုင်းသည် မိမိတို့မှာ ခုံရုံး၏ ပစ်မှတ်ဖြစ်လာမည်ကို စိုးရိမ်နေကြသော်လည်း ဆီးရီးယားနိုင်ငံအပေါ် ဖိအားများ များစွာလျော့ပါးနေသည်။

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အမေရိကန် ထိပ်တန်းသတင်းစာကြီး နှစ်စောင်၌ ဆီးရီးယား၏ လူ့အဖွဲ့အစည်း၊ ယင်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဦးတည်ရာလမ်းကြောင်းတို့ကို ချီးမွမ်းထားသည့် ဆောင်းပါးနှစ်ပုဒ် ပါလာသည်။

the bookhouse
we bring your future

www.burmeseclassic.com



လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာ၏ ကမ္ဘာလှည့်ခရီးသွား အခန်းတွင်ပါသည့် ဆောင်းပါးခေါင်းစဉ် မှာ 'အရှေ့အလယ်ပိုင်းမှ တောက်ပသည့်ကြယ်-ဆီးရီးယား၊ ခေတ်မီသည့် အစိုးရ၊ ခမ်းနားသည့် ဟိုတယ်များနှင့် ဟင်းလျာများ၊ ထွန်းကားသည့် ယဉ်ကျေးမှုများရှိသည့် ဆီးရီးယားမှာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကြောင့် တိုးတက်နေပြီ' ဟူ၍ ရေးထားသည်။ နောက် တစ်နေ့ နယူးယောက်တိုင်းမ် သတင်းစာထဲတွင်လည်း 'ဆီးရီးယားတွင် ရိုးရာအမွေကို ထိန်းသိမ်းကာ ဘဝများသာယာ နေပြီ' ဟု ရေးထားသည်။ ဆောင်းပါးထဲတွင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ လုပ်နေပုံကို ချီးကျူးရေးသားထားသည်။

အားလုံးတော့ အဆင်ပြေနေသည်ပင်။

သို့သော် နောက်တစ်နှစ်တွင် အစ္စလာမ်ဘာသာနှင့် ဒီမိုကရေစီလေ့လာရေးဌာနက ဌာန၏ခေါင်းဆောင်များထံသို့ အီးမေးတစ်စောင် ပို့လိုက်သည်။ 'ဆီးရီးယားမှ ဘရှား အာဆတ်၏ လူသတ်ယန္တရားကို ချက်ချင်းတားဆီးပါ' ဟူ၍ဖြစ် သည်။ အလားတူ ဘရှားနှင့် သူ့အဖွဲ့သားများအား အပုပ်ချသည့်စာများ ၂၀၁၁ ခုနှစ် တစ်ခုလုံး လူထုအုံကြွမှု အရှိန်ရ လာသည်နှင့်အတူ များပြားစွာ ထွက်ပေါ်လာသည်။ ဆယ့်နှစ်လအတွင်း ဘရှား၏ကျရှုံးမှုမှာ လျင်မြန်လှပေသည်။

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အစ္စရေးထိပ်တန်းသတင်းစာတစ်စောင်က အမေရိကန် ဆီနိတ်အမတ် ဂျွန်ကယ်ရီ၏ ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လုပ်နိုင်ရန် ကြိုးပမ်းပုံများကို ရေးသားထားသည်။ ကယ်ရီ သည် ယမန်နှစ်ကလည်း ဘရှားနှင့် ဒမတ်စကတ်မြို့တွင် ငါးကြိမ်တွေ့ခဲ့သည်ဟုဆိုသည်။

တယ်လီဖုန်းနှင့်လည်း မကြာခဏ စကားပြောကြသည်ဟုလည်းဆိုသည်။ ထိုဆောင်းပါးထဲတွင် ကယ်ရီတို့ ဇနီးမောင်နှံသည် ဘရှားတို့ဇနီးမောင်နှံနှင့် ညစာအတူစားသည်ပင် ရှိခဲ့သည်ဟု ရေးထားသည်။ ဟောလီးဝုဒ် မင်းသားချော ဘရက်ပစ်နှင့် အိန်ဂျလီနာဂျိုလီတို့ပင် ဆီးရီးယားသမ္မတ ဇနီးမောင်နှံနှင့် ညစာအတူစားဖူးသည်ဟု ဆိုသည်။ မတ်လတွင် လည်း ဗော့မဂ္ဂဇင်းက သမ္မတကတော် အက်စ်မာအကြောင်းကို တခမ်းတနား ဖော်ပြခဲ့သည်။ ထိုအချိန်မှာ လူထုအုံကြွမှု အရှိန်ရလာပြီး ပေါက်ကွဲလုလု အချိန်ဖြစ်သည်။ ထိုဆောင်းပါး၏ ခေါင်းစဉ်မှာ 'အက်စ်မာ အယ်လ်-အာဆတ် သို့မဟုတ် သဲကန္တာရ နှင်းဆီတစ်ပွင့်' ဟူ၍ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် စီအင်န်အင်န်ဝက်ဘ်ဆိုက်တွင် အက်စ်မာနှင့် ပတ်သက်၍ 'အက်စ်မာ သူ့ဘာသာရပ်တည်မည်လား၊ သူ့ခင်ပွန်းဘက်မှ ရပ်တည်မည်လား' ဟူသော ဆောင်းပါးတစ်ပုဒ်ဖော်ပြထားသည်။ အကြမ်း ဖက် အုံကြွမှုများနှင့် သေဆုံးမှုများ အရှိန်ရလာသည့်အချိန်တွင် ထိုဆောင်းပါးရှင်က 'ဆီးရီးယားသမ္မတကတော် ဘာ စဉ်းစားနေမည်နည်း၊ သွေးမြေကျမှုကို သူမ တားဆီးနိုင်မည်လား' ဟူသောမေးခွန်းကို အွန်လိုင်းတွင် တင်လိုက်ပြန် သည်။

the bookhouse

www.burmeseclassic.com



ထိုဆောင်းပါးတွင် သူမသည် သူမခင်ပွန်းဘက်မှ ရပ်တည်ရန် ဆုံးဖြတ်ထားပြီး အကြမ်းဖက်နှိမ်နင်းမှုကို မျက်ကွယ်ပြုကာ အားပေးနေဟန်ရှိသည်ဟုလည်း ရေးထားသည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်းက *ဝေါစထရိဂျာနယ်* သတင်းထောက်များနှင့် အင်တာဗျူးတွင် ပြောကြားသည်များအရ အီဂျစ်၊ တူနီးရှားနှင့် ယီမင်နိုင်ငံတို့တွင် ဆူပူလှုပ်ရှားမှုများဖြစ်နေသည့်တိုင် သူ့အတွက်တော့ သူစိတ်ချနေပုံရသည်။ အင်တာဗျူးတွင် သူက ထိုနိုင်ငံများတွင် ဆူပူအုံကြွနေမှုများသည် အရှေ့အလယ်ပိုင်းတွင် ခေတ်သစ်တစ်ခုသို့ ရောက်တော့မည့်လက္ခဏာဖြစ်ပြီး ထိုခေတ်သစ်တွင် အုပ်ချုပ်သူများသည် လူထု၏ နိုင်ငံရေး၊ စီးပွားရေး တောင်းဆိုမှုများကို လိုက်လျောပေးရမည်ဖြစ်သည်ဟု ဆိုသည်။ 'အီဂျစ်နဲ့ တူနီးရှားမှာလိုမဖြစ်ခင် ပြုပြင်ပြောင်းလဲရကောင်းမှန်း မသိရင်တော့ ဘာမှ ပြုပြင်ပြောင်းလဲလို့မရအောင် နောက်ကျသွားလိမ့်မယ်'ဟု သူကဆိုသည်။ သူကဆက်၍-

'ဆီးရီးယားမှာ တည်ငြိမ်နေတာ ဘာကြောင့်လဲ၊ ခေါင်းဆောင်ဟာ ပြည်သူတွေရဲ့ ယုံကြည်မှုနဲ့ နီးကပ်နေရမယ်၊ အဲဒီလိုမသိရင်တော့ ပရမ်းပတာ ဖြစ်ကုန်မှာပဲ'

ယင်းမှာ ပါလက်စတိုင်း-အစ္စရေးပြဿနာတွင် ဆီးရီးယား၏ ရပ်တည်ချက်ကိုလည်း ပြနေသည်။ ဒေသအတွင်း 'အမေရိကန် စီမံကိန်း'ကို ဘရှားအောင်မြင်စွာအာခံနိုင်မှုကိုလည်း ပြနေသည်။ ဘရှားသည် ဆီးရီးယားတွင် သူလုပ်နေသည့် ပြုပြင်ပြောင်းလဲရေးအဆင့်ကို ကျေနပ်နေဟန်ရှိသည်။

ပြုပြင်ပြောင်းလဲရေးကို ထိုထက် ပိုလုပ်ရန်လိုကြောင်းကိုလည်း သူဝန်ခံသည်။ သို့သော် နိုင်ငံကိုတည်ဆောက်ရန်နှင့် ပညာရေးတိုးတက်အောင်လုပ်ဖို့ အချိန်လိုသည်ဟု သူက ဆိုသည်။ သို့မှသာ ပြုပြင်ပြောင်းလဲရေး ပိုမိုလုပ်သည်ကို နိုင်ငံက ခံနိုင်ရည်ရှိမည်ဟုဆို၏။ ပြုပြင်ပြောင်းလဲရေးအတွက် လူ့အဖွဲ့အစည်းက အသင့်မဖြစ်သေးလျှင် ဘေးထွက်ဆိုးကျိုးဖြစ်လာနိုင်သည်ဟု သူကဆိုသည်။

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဗိုဂ်ရှေ့သို့ မဂ္ဂဇင်း ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် ဘရှား၏ *ဝေါစတြိဂျာနယ်*နှင့် အင်တာဗျူးကို ဖော်ပြထားသည်။ ထိုမဂ္ဂဇင်းမှာ အစိုးရကိုလိုလားသော မဂ္ဂဇင်းဖြစ်သည်။ (ထိုသို့မဟုတ်ပါကလည်း ထုတ်ဝေခွင့်မရပေ။) ထိုမဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ်ပါသည်။ တစ်ပုဒ်ကို ထိပ်တန်းဝေဖန်သူတစ်ယောက်ကရေးပြီး ကျန်တစ်ပုဒ်ကို သမ္မတနှင့်နီးစပ်သော သမ္မတအကြံပေးက ရေးခြင်းဖြစ်သည်။ ထိုဆောင်းပါးများထဲတွင် ဆီးရီးယားနိုင်ငံ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုများကို ဖောင်းပေးရေးထားသည်။ နိုင်ငံရေးဝေဖန်မှုတော့ တစ်ခုနှစ်ခုပါသည်။ နိုင်ငံရေးဝေဖန်မှုများကို ပြန်ကြားရေးဝန်ကြီးဌာနကို တင်ပြီးမှ ထုတ်ဝေခွင့်ရှိသည်။ ထိုဆောင်းပါးများတွင် အာရပ်ကမ္ဘာ၌ ပျံ့နှံ့နေသော ကန့်ကွက်ဆန္ဒပြမှုများမှ ဆီးရီးယား လွတ်မြောက်မည်ဆိုသည့် အစိုးရသဘောထားများ

the bookhouse
we bring your future

www.burmeseclassic.com



ပါရှိသည်။ ထိုမဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဒေါက်တာဆမ်မီမူဘာယက်သည် နိုင်ငံတကာဆက်ဆံရေးပါမောက္ခ ဖြစ်သည်။ ထိပ်တန်းဝေဖန်ရေးသမားလည်း ဖြစ်သည်။

သူ၏ဆောင်းပါးများမှာ အစိုးရ၏ သဘောထားများ ဖြစ်နေသည်။ ထိုအပတ်မဂ္ဂဇင်းထဲတွင် သူ့ဆောင်းပါးခေါင်းစဉ်မှာ 'အီဂျစ်နိုင်ငံ၏ သင်ခန်းစာ-အနောက်တိုင်းသည် အကောင်းဆုံးမဟုတ်' ဟူ၍ဖြစ်သည်။ ဆောင်းပါးတွင် သူက အာဏာရှင်များအနက် ပြုတ်ကျသွားသူများ (တူနီးရှားမှ ဘင်အလီ) ပြုတ်ကျလုဆဲဆဲ အာဏာရှင်များ (အီဂျစ်မှ မူဘာရက်နှင့် ယီမင်မှ အဗ္ဗသွာလ်လာဆလေး)တို့ ပြုတ်ကျကြသည်မှာ အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံ၏ နောက်လိုက်များဖြစ်သောကြောင့်ဖြစ်သည်ဟု ရေးထားသည်။

ထိုအပတ်ထုတ် အဆိုပါ မဂ္ဂဇင်းထဲတွင် ဒေါက်တာဘူသိန့်မှာ ရှားဘန်းကလည်း 'ဒေသအတွင်း မကောင်းဆိုးဝါး အစစ်ပျံ့နှံ့နေခြင်း'ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးထားသည်။ ရှားဘန်းသည် အာဆတ်မိသားစုနှင့် ရင်းနှီးသည်။ သူမသည် ဘရှား၏ ဖခင်လက်ထက်က ဘာသာပြန်သူနှင့် အကြံပေးဖြစ်ခဲ့သည်။ သူသည် ဘရှား၏အစ်မ ဘူရှရာနှင့်လည်း ရင်းနှီးသည်။

ဘရှားအာဏာရလာတော့ သူမကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ခန့်ထားသည်။ နိုင်ငံခြားရေးဝန်ကြီး ဖာရောက် ပြုတ်သွားသောအခါ သူမကို အဝေးရောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။ မကြာသေးမီနှစ်များက သူမအား သမ္မတရုံးနိုင်ငံရေးနှင့် မီဒီယာအကြံပေးအရာရှိအဖြစ် ခန့်ထားခဲ့သည်။ သူမ၏ ရုံးခန်းမှာလည်း သမ္မတရုံးထဲတွင်ဖြစ်သည်။ ကျွန်တော် သူမကို အကြိမ်ကြိမ် အင်တာဗျူးလုပ်ဖူးခဲ့သည်။

သူမသည် ကျွန်တော် လေးစားရသူတစ်ယောက်လည်း ဖြစ်သည်။ ထို့ပြင် သူမသည် ဘရှား၏ အကြံပေးများထဲတွင် အနောက်တိုင်းလိုလားသူဖြစ်သည်ဟု နာမည်ကြီးသည်။ သူမ၏ရေးသားချက်များမှာ ဘရှား၏သဘောထားများ ဖြစ်သည်မှာ ထင်ရှားသည်။

သူမ၏ ဆောင်းပါးထဲတွင်လည်း အီဂျစ်၊တူနီးရှား၊ယီမင်နိုင်ငံတို့တွင် ဆူပူနေကြသည်မှာ အနောက်နိုင်ငံများ၏ သွေးထိုးမှုဟု စွပ်စွဲထားသည်။သူမသည်လည်း အာရပ်ကမ္ဘာတွင် လူမှုစီးပွားရေးပြဿနာများ ပျံ့နှံ့နေသည်ကို အသိအမှတ် ပြုဟန်ရှိသည်။

လူထုအုံကြွမှုများ၏ အကြောင်းရင်းမှာ လူမှုစီးပွားရေး ပြဿနာသာမကဘဲ ပါလက်စတိုင်းအရေးကို ဥပေက္ခာပြုမှု၊ အစ္စရေးနိုင်ငံ၏ ရက်စက်ကြမ်းကြုတ်မှု၊ အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်၏ မူဝါဒများကြောင့်ဖြစ်သည်ဟု ဆိုထားသည်။ သူမက အကယ်၍ အာရပ်ခေါင်းဆောင်တစ်ယောက်သည် ထိုမူဝါဒများကို ဆန့်ကျင်ကာ ပါလက်စတိုင်း

the bookhouse

www.burmeseclassic.com



နှင့် နစ်နာခံနေရသော အခြားအာရပ်များအား ကူညီမည်ဆိုလျှင် ထိုခေါင်းဆောင်သည် မှန်ကန်သည့်ဘက်မှ ရပ်တည်သဖြင့် ပြုတ်ကျမည်မဟုတ်ဟု ရေးထားသည်။

သူမက 'အကယ်၍ ဆူပူမှုများသည် အစိုးရများကို ဦးတည်ကာ အုပ်ချုပ်သူများနှင့် ၎င်းတို့၏နည်းစနစ်များကို ပြောင်းစေရန် ရည်ရွယ်သည်ဆိုလျှင် ထိုအုပ်ချုပ်သူများသည် အစ္စရေးသိမ်းပိုက်ခံနယ်မြေအတွင်းရှိ ပါလက်စတိုင်းတို့၏ လွတ်လပ်ရေးဘက်မှ ရပ်တည်ခြင်းမရှိသည်မှာ ထင်ရှားသည်' ဟူ၍ ဆောင်းပါးကို အဆုံးသတ်ထားသည်။

### *အဘယ်ကြောင့် ဘုရားနှင့်သူ့အစိုးရက ဆီးရီးယားကို ခြားနားစွာ မြင်သနည်း*

ရှားဘန်းရေးသလိုပင် ၂၀၁၀ ပြည့်နှစ်တွင် လူငယ်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် မီးရှို့ရာမှစတင်ကာ 'အာရပ်နွေဦး' ဆိုသော အဖြစ်အပျက်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နှစ်ဆယ့်ခြောက်နှစ်အရွယ် လူငယ်တစ်ယောက်သည် တူနီးရှားနိုင်ငံ ဆစ်ဒီဘူဇစ်မြို့တွင် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို လှည်းပေါ်တင်ကာ ရောင်းချစားသောက်သူဖြစ်သည်။

သို့သော် ရဲက ပါမစ်မရှိဟုဆိုကာ သူ့ပစ္စည်းများကို သိမ်းပိုက်လိုက်သည်။ ပါမစ်ရရန်မှာလည်း လာဘ်ထိုးမှရသည်။ ထို့ကြောင့် ထိုလူငယ်သည် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မိမိကိုယ်ကို မီးရှို့ကာ အသေခံလိုက်သည်။ ထိုလုပ်ရပ်ကြောင့် အာရပ်ကမ္ဘာတစ်ခုလုံး မီးကူးစက်ပျံ့နှံ့သွားသည်ကိုတော့ ထိုလူငယ် သိမသွားရှာခဲ့။

အီဂျစ်၊ တူနီးရှားနှင့် အာရပ်ကမ္ဘာ၏ အခြားနေရာများ၌ ဖြစ်ပျက်မှုများသည် ထိုလူငယ် မိုဟာမက်ဘွာဇီဇီ၏ အဖြစ်အပျက်ကြောင့် ဖြစ်ရခြင်းဖြစ်သည်။ အကြောင်းမူ သူ့လိုဖြစ်ပျက်သည်များမှာ သူတစ်ယောက်တည်း မဟုတ်ပေ။ အာရပ်ကမ္ဘာတွင် အသက်နှစ်ဆယ်ကျော် လူငယ်အလုပ်လက်မဲ့များ ပေါလှသည်။ သူတို့သည် စားဝတ်နေရေး အခက်အခဲများစွာ ရှိနေကြသည်။ အိမ်ထောင်ကျကာ သားသမီးရနေသူများသည် မိသားစုကို မကျွေးမွေးနိုင်ကြ။ အနည်းငယ်မျှ ကျွေးမွေးနိုင်သူများမှာလည်း အလုပ်နှစ်ခုသုံးခု လုပ်နေကြရသည်။

လူပျိုလူလွတ်များမှာ အိမ်ထောင်ပြုရန် တင်တောင်းစရာပင်မရှိကြ။ ရပ်ဝတ္ထုပစ္စည်း တင်မတောင်းနိုင်သည့်အခါ အနာဂတ်မျှော်လင့်ချက်ကလေးဖြင့် အိမ်ထောင်ပြုကြသည်။ သူတို့သည် သတို့သမီးကို ကတိများ ထိုထက်ပိုပေးချင်ကြသည်။ အထူးသဖြင့် တက္ကသိုလ်ပညာတတ်များဖြစ်သည်။

၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၆၀ ပြည့်လွန်နှစ်များတွင် အာရပ်နိုင်ငံအတော်များများ၌ အစိုးရနှင့် ပြည်သူ

the bookhouse

www.burmeseclassic.com



အကြား လူမှုအသိစိတ်ဓာတ် ရှိကြသည်။ စည်းမျဉ်းတစ်ခုအရ ကောလိပ်အထိ အခမဲ့ပညာရေးဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ဘွဲ့ရကျောင်းသား ထောင်နှင့်ချီရှိသည်။ ပြဿနာက ရေနံနိုင်ငံမဟုတ်သော အီဂျစ်နှင့် တူနီးရှားလို နိုင်ငံများတွင် နိုင်ငံပိုင်စီးပွားရေးစနစ်၊ အကျင့်ပျက်ခြစားမှု၊ မွေးဖွားနှုန်းမြင့်မားမှုတို့ကြောင့် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသော သူတို့၏ စီးပွားရေးတွင် ထိုဘွဲ့ရပညာတတ်များအား အလုပ်မပေးနိုင် ဖြစ်ရသည်။ ထိုအခါ အစိုးရအလုပ်ကို ဝင်လုပ်ကြရကာ အလုပ်သမားဖောင်းပွသောဌာနများ ဖြစ်လာတော့သည်။

အာရပ်ကမ္ဘာတွင် ထိုသို့သောအစိုးရများသည် ဈေးကွက်အခြေပြု စီးပွားရေးစနစ်သို့ပြောင်းရန် ဆယ်စုနှစ်များ နှင့်ချီကာ တနဲ့နဲ့နှင့် ကြိုးစားလာခဲ့ကြသည်။ ထိုသည်မှာ ထိုအစိုးများသည် သူတို့အာဏာတည်မြဲလိုလျှင် မြန်မြန်ဆန် ဆန်လုပ်ရမည့် လုပ်ငန်းဖြစ်သည်။ သိပ်မြန်ပါလျှင်လည်း စီးပွားရေးမတည်ငြိမ်မှုနှင့် နိုင်ငံရေးမငြိမ်သက်မှုများ ဖြစ်လာ နိုင်ပြန်သည်။ ထိုအစိုးရများအတွက် အာဏာတည်မြဲရေးမှာ အရေးကြီးသဖြင့် ပြုပြင်ပြောင်းလဲရေးကို မဖြစ်စလောက် လုပ်နေကြသည်။

ထိုအစိုးရများသည် ဂျီဒီပီတိုးတက်ရန် လုပ်ကြသော်လည်း ရင်းနှီးမတည်မှုအဝင်နှင့် အခြေခံအဆောက်အအုံ တိုးတက်မှု မလုပ်သဖြင့် ပြီးပြည့်စုံသော ဈေးကွက်ပြုပြင်ပြောင်းလဲရေးမဟုတ်သောကြောင့် ဓနအင်အားဖြန့်ဝေမှု မညီမျှခြင်း၊ အဂတိမှုပေါ်များခြင်းနှင့် ဆင်းရဲမွဲတေမှုများ ရှိလာကြသည်။ စီးပွားရေးကျယ်ပြန့်မှု မြန်ဆန်ခြင်းမရှိသော အခါ၊ အထူးသဖြင့် အသက်သုံးဆယ်အောက်လူဦးရေ အများစုရှိသောနိုင်ငံတွင် အလုပ်အကိုင်ရှားပါးခြင်း ဖြစ်လာ သည်။

အလုပ်ကောင်းများကျတော့လည်း လက်သင့်ရာစားတော်ခေါ် ဖြစ်ကုန်သည်။ ထိုအခါ အလုပ်သမားဦးရေနှင့် အလုပ်ပေးနိုင်မှုကွာဟချက်မှာ ကြီးမားလာသည်။ ထိုအခါ အာရပ်ကမ္ဘာတွင် လူမှုဒေါသနှင့် မကျေနပ်မှုများ များပြားလာ တော့သည်။

ထိုအခါ လူလတ်တန်းစား ပညာတတ်များသည် ဆူပူမှုကို ဦးဆောင်သူများဖြစ်လာကြသည်။ ထိုသည်များနှင့် အဂတိများ များပြားမှု၊ နိုင်ငံရေးဖိနှိပ်မှုများ ပေါင်းစပ်လိုက်သောအခါ ပေါက်ကွဲတော့မည့်အဆင့်သို့ ရောက်လာတော့ သည်။ 'အာရပ်နွေဦး'အဖြစ်အပျက်များသည် အစိုးရများအပေါ် ပထမဆုံး မကျေနပ်မှုနှင့် ဒေါသများမဟုတ်ပေ။ အာရပ် ကမ္ဘာတွင် ထိုအဖြစ်အပျက်မျိုး ယခင်ကလည်းရှိခဲ့ဖူးသည်။

ဥပမာ ၁၉၇၀ ပြည့်လွန်နှင့် ၁၉၈၀ ပြည့်လွန်များက အီဂျစ်နိုင်ငံတွင်ဖြစ်ခဲ့သည့် ပေါင်မုန့်အဓိကရုဏ်းများ ဖြစ်သည်။ ထိုစဉ်က အစိုးရ၏ ရိက္ခာပေးဝေမှုများ လျှော့ချလိုက်သောကြောင့် ထိုသို့ဖြစ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အစိုးရ၏ ဖိနှိပ်မှုနှင့် ဗျူဟာကျကျ အုပ်စိုးမှုတို့ကြောင့် အစိုးရများ တည်မြဲနေခဲ့ခြင်းဖြစ်သည်။ သို့သော် သည်တစ်ကြိမ်

the bookhouse
we bring your future

www.burmeseclassic.com



တွင်တော့ မရတော့ပေ။ လူထု၏ဒေါသမှာ ပိုမိုပြင်းထန်လာသည်။ မိုဟာမက် ဘွာဇီဇီမှာ အတော်ပင်ခံပြင်းခဲ့ရသည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ သူမသေမီ နှစ်ပတ် ခန့်တွင် သူအတော်လေးခံစားခဲ့ရသည်။ သူ ဆက်လက်အသက်ရှင်မနေလိုတော့။ သို့သော် သူ့ကံကြမ္မာသည် အာရပ်ကမ္ဘာ၏ ကံတရားကို ဖန်တီးလိုက်တော့သည်။

ဘွာဇီဇီ သူ့ကိုယ်သူမီးရှို့ကာ အသေခံသွားပြီး နောက်တစ်နေ့တွင် သူနေသည့်နိုင်ငံ တူနီးရှားတွင်မှာပင် ကန့်ကွက်ဆန္ဒပြမှုများ စတင်တော့သည်။ ထို့နောက် ဖေ့စ်ဘုတ်များ၊ မိုဘိုင်းဖုန်းများနှင့် ကာတာနိုင်ငံ၏ အယ်လ်ဂျာဇီးယားရုပ်သံများမှတစ်ဆင့် သတင်းများ ပျံ့သွားတော့သည်။ ဆန္ဒပြမှု အရှိန်တက်လာသည်နှင့်အမျှ အစိုးရကလည်း အကြမ်းဖက်နှိမ်နင်းရာ သေကြေမှုများ ရှိလာခဲ့သည်။ ထို့နောက် ဆန္ဒပြသူများသည် နိုင်ငံကို နှစ်ပေါင်းများစွာ အုပ်ချုပ်လာသော အသက် ၇၀ ကျော် သမ္မတ ဘင်အလီအား နုတ်ထွက်ရန် တောင်းဆိုကြတော့သည်။

အုံကြွမှုမှာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မြို့တော် တူနစ်အထိ ရောက်လာသည်။ နောက်တစ်နေ့တွင် ဘင်အလီသည် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသွားသည်။ အရှေ့အလယ်ပိုင်းတွင် လူထုအုံကြွမှုကြောင့် အစိုးရပြုတ်ကျသည့်အဖြစ်မျိုး တစ်ခါမျှ မဖြစ်ခဲ့ဖူးချေ။ ယင်းမှာ အရှေ့အလယ်ပိုင်းတွင် အသစ်အဆန်းတစ်ခုဖြစ်နေသည်။ တူနီးရှား၊ အီဂျစ်နှင့် နောက်ပိုင်း အာရပ်ကမ္ဘာ၏ အခြားနိုင်ငံများတွင်ပါ လူငယ်များစုဝေးသည်မှာ နည်းပညာသစ်များနှင့် လူမှုမီဒီယာကြောင့် ပိုမိုမြန်ဆန်လာသည်။ တူနီးရှားအဖြစ်အပျက်ကြောင့် ကြောက်စိတ်လည်း မရှိကြတော့။ ယခင်က ဖိနှိပ်သည့်အစိုးရများ၏ သတင်းထိန်းချုပ်နိုင်မှုသည် အတိတ်တွင်ကျန်ခဲ့လေပြီ။

တူနီးရှား၏ အဖြစ်အပျက်ကို အီဂျစ်နိုင်ငံတွင် သတိထားမိသူ အတော်များသည်။ အီဂျစ်နိုင်ငံတွင်လည်း အသက် ၈၀ ကျော် ဟူစနီမူဘာရက်သည် ၁၉၈၁ ခုနှစ်တွင် ယခင်သမ္မတ အန်ဝါဆာဒတ် လုပ်ကြံခံရပြီးသည်မှ စတင်၍ အုပ်စိုးလာခဲ့သူဖြစ်သည်။ ပြည်သူလူထုသည် အမျိုးသားရဲအဖွဲ့နေ့ဖြစ်သော ဇန်နဝါရီလ ၂၅ ရက်နေ့ကို ရွေးချယ်ကာ လူတန်းစားပေါင်းစုံက ကိုင်ရိုမြို့ တာဟာရာရင်ပြင်အထိ ချီတက်ဆန္ဒပြကြသည်။ (ထိုရင်ပြင်၏ နာမည်ကပင် လွတ်မြောက်ရေးဟု အဓိပ္ပာယ်ရသည်။) တစ်နိုင်ငံလုံးတွင် နေရာအသီးသီး၌ ဆန္ဒပြမှုများရှိသော်လည်း တဟာရာရင်ပြင်ဆန္ဒပြမှုကိုသာ နိုင်ငံတကာက အာရုံပြုမိကြသည်။

ပထမတွင် အစိုးရက ရဲများဖြင့်သာလွှတ်ကာ ဖြိုခွဲသည်။ စစ်တပ်က လက်ရှောင်နေသည်။ နောက်ပိုင်းတွင်မူ လမ်းများကို ပိတ်ဆို့ကာ ဆန္ဒပြသူများအား မပစ်ခတ်လိုသည့်သဘော ပြခဲ့ကြသည်။ စစ်တပ်က သွေးထွက်သံယိုနှိမ်နင်းမှုမလုပ်ရန် ဆုံးဖြတ်သည်မှာလည်း မူဘာရက်အတွက်ပင် ဖြစ်သည်။ မူဘာရက်သည် သူကိုယ်တိုင် စစ်အရာရှိဖြစ်ခဲ့သော်လည်း နိုင်ငံရေး၊ စီးပွားရေးအရ အဆင်ပြေနေကြသော ဗိုလ်ချုပ်ကြီးများအပေါ် ဩဇာမရှိလှချေ။ ဗိုလ်ချုပ်များက

the bookhouse

www.burmeseclassic.com



လည်း မိမိတို့ရပ်တည်ချက်များသွားလျှင် လက်ရှိအနေအထားများ လက်လွတ်မည်ကို စိုးရိမ်နေကြသည်။ သို့ဖြင့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် စစ်တပ်က မူဘာရက်ကို ရာထူးမှချကာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ကောင်စီချုပ်က အာဏာကို လွှဲယူမည်ဟု ကြေညာသည်။

၂၀၁၁ ခုနှစ်အဖြစ်အပျက်များတွင် အီဂျစ်နှင့် တူနီးရှားနိုင်ငံတို့မှ အဖြစ်အပျက်များမှာ သိသာထင်ရှားသော်လည်း ယီမင်နှင့် လစ်ဗျားနိုင်ငံတို့တွင်လည်း အလားတူ လူထုဆန္ဒပြမှုများ ဖြစ်ခဲ့သည်။ ထိုလှုပ်ရှားမှုများသည် ရေရှည်အုပ်ချုပ်ခဲ့သည့် အာဏာရှင်အစိုးရများကို ဦးတည်ဆန့်ကျင်သည်မှာ အခြားနိုင်ငံများနှင့် တူညီသော်လည်း နိုင်ငံအလိုက် ထူးခြားချက်များ ရှိကြသည်။

သိပ်မထင်ရှားသော်လည်း ထူးခြားသည့် လူထုဆန္ဒပြမှုများ ဂျော်ဒန်နှင့် မော်ရိုကိုနိုင်ငံများတွင်လည်း ဖြစ်ခဲ့သည်။ ဆော်ဒီအာရေးဗီးယားကဲ့သို့ ရေနံကြွယ်ဝသော အာရပ်နိုင်ငံများသည် လူထုဆန္ဒပြမှုများ ကူးစက်မလာစေရန် ဒေါ်လာဘီလျံချီသော ရေနံငွေများကို လူမှုရေးဝန်ဆောင်မှုများနှင့် လစာတိုးမှုများတွင် သုံးခဲ့သည်။ ထို့ပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုလည်း မစို့မပို့လုပ်ခဲ့သည်။ လူထုမကျေမနပ် ဆန္ဒပြမှုများ မကူးစက်နိုင်သည့်နိုင်ငံမရှိသလို ဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လတွင် အာရပ်ကမ္ဘာမှအုံကြွမှုများ ဆီးရီးယားနိုင်ငံထဲသို့ စိမ့်ဝင်လာသောအခါ ဘရှားမှာ အတော်ပင်ထိတ်လန့်သွားပုံရသည်။ သူ့နိုင်ငံတွင် သူ့ကို လူကြိုက်များပြီး ထိုအဖြစ်မျိုး သူ့တွင်မဖြစ်နိုင်ဟု သူထင်နေပုံရသည်။ သို့သော် အင်တာနက် ဖေ့စ်ဘုတ်၊ တွစ်တာ၊ ယူကျုနှင့် မိုဘိုင်းဖုန်းများမှာ ယခင်ကလို ထိန်းချုပ်၍ရနိုင်သည့် အရာများ မဟုတ်ချေ။

အာရပ်ကမ္ဘာတွင် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ လူငယ်ဦးရေ တိုးပွားလာမှု၊ အုပ်ချုပ်သူလူတန်းစား၏ လူနေမှုအဆင့်အတန်းကို ဖော်ပြပေးနေသည့် ဝီကီလိကဲ့သို့ ဝက်ဘ်ဆိုက်များ ပေါ်လာမှုတို့အပြင် လူမှုစီးပွားပြဿနာများ ပွံ့နှံ့လာခြင်း၊ အဂတိမှုများ ပေါများလာခြင်းနှင့် နိုင်ငံရေးချုပ်ချယ်မှုများ ရှိခြင်းတို့သည် ထိုဖြစ်ရပ်များ၏ အခြေခံဖြစ်နေသည်။ ထိုအခြေအနေများမှာ ဆီးရီးယားနိုင်ငံတွင်လည်း မကင်းချေ။ တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့တွင် လူထုအုံကြွမှုဖြစ်ကာ အစိုးရများ ပြုတ်ကျသွားပြီးနောက် ဖိနှိပ်ရေးကိရိယာများလည်း ပျက်စီးကုန်တော့သည်။

ဘရှားက ဆီးရီးယားသည် အခြားနိုင်ငံများနှင့်မတူဟု တွက်သည်။ ယင်းမှာ သိပ်မှားသည်။ သူ့နိုင်ငံတွင် ထိုပြည်တွင်းမငြိမ်သက်မှုများ ကူးစက်မလာနိုင်ဟု အင်တာဗျူးများတွင် သူပြောခဲ့သည်။ အစိုးရမီဒီယာများကလည်း ထိုအယူအဆကို ပွဲတင်ထပ်ကာ အခြားအာရပ်နိုင်ငံများမှ ဆန္ဒပြသူများကိုပင် ထောက်ခံရေးသားကြသည်။ ပြည်တွင်းပြည်ပမှ အာဆတ်ဆန့်ကျင်သူများက အလားတူအုံကြွရန် လှုံ့ဆော်ကြသည်။ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် လူပေါင်း

the bookhouse

www.burmeseclassic.com



ဒါဇင်အနည်းငယ်မျှသာ ဆန္ဒပြခဲ့ကြသည်။ ထောင်နှင့်ချီကာ ပါဝင်ခြင်းမရှိခဲ့ကြ။ ထိုမျှလောက်ကို လုံခြုံရေးတပ်ဖွဲ့များက အသာအယာ ဖြိုခွဲနိုင်ခဲ့သည်။ ဆီးရီးယားနိုင်ငံတွင် အခြားနိုင်ငံများလောက် ဆန့်ကျင်ဆန္ဒပြရန် ဒေါသမကြီးကြ။ သည်တော့လည်း အစိုးရမှာ စိတ်ချနေသည်။

အာဆတ်ကို ထောက်ခံသူများက ထိုအာရပ်နိုင်ငံများမှ ခေါင်းဆောင်များမှာ အသက်ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်ကျော်များဖြစ်ကြပြီး လူထုနှင့်ကင်းကွာကာ လာဘ်စားသူများဖြစ်သည့်ပြင် အမေရိကန်နှင့်အစ္စရေး၏ နောက်လိုက်များ ဖြစ်ကြသည်ဟု ဆိုကြသည်။ ဘရှားအာဆတ်မှာ အသက်လေးဆယ့်ငါးနှစ်သာ ရှိသေးသဖြင့် ထိုခေါင်းဆောင်များနှင့် အသက်များစွာကွာသည်။ နောက်ပြီး သူက အမေရိကန်နှင့် အစ္စရေးတို့ကို ဆန့်ကျင်ကာ ဟားမတ်နှင့် ဟစ္စဘိုလာအဖွဲ့တို့အား မြှောက်ပေးလာခဲ့သူဖြစ်သည်။ ထို့ကြောင့် အာရပ်ကမ္ဘာတွင် သူ့အားဆန့်ကျင်သူမရှိဟု သူကထင်သည်။ ထို့ကြောင့် သူအချိန်အနည်းငယ် သက်ဆိုးရှည်နေခြင်းဖြစ်သည်။ သို့သော် အခြေအနေကို သူအတွက်မှားခဲ့သည်။ နောက်ပိုင်းတွင်တော့ ဆီးရီးယားမှာလည်း ရေနံမကြွယ်ဝသည့် အခြားအာရပ်နိုင်ငံများကဲ့သို့ ပြဿနာများရှိနေသည်ဖြစ်ရာ ထိုမုန်တိုင်းနှင့် မလွတ်တော့ချေ။

သို့ရာတွင် ဆီးရီးယားသည် တူနီးရှား၊ အီဂျစ်နိုင်ငံတို့နှင့် ခြားနားမှုရှိသည်တော့ အမှန်ဖြစ်သည်။ အတော်များများကလည်း ဆီးရီးယားသည် အာရပ်နွေဦးမုန်တိုင်း အတိုက်ခံရဖွယ်မရှိဟု တွက်ကြသည်။ အတိုက်ခံရသော်မှ ထိခိုက်မှုအနည်းဆုံးဖြစ်မည်ဟု ဆိုကြသည်။ ဆီးရီးယားတို့သည် မတည်မငြိမ်ဖြစ်စေမည့် လှုပ်ရှားမှုများတွင် ပါဝင်လေ့မရှိခဲ့ပေ။ အိမ်နီးချင်း အီရတ်နှင့် လက်ဘနွန်နိုင်ငံများတွင် လူမျိုးကွဲ၊ ဘာသာကွဲများ ရှိနေပြီး ထိုနိုင်ငံများတွင် နိုင်ငံရေး မတည်ငြိမ်မှုကြောင့် လူ့အဖွဲ့အစည်းပြိုကွဲသည်များကို သူတို့တွေ့နေရသည်။ ထိုသို့ဖြစ်မည်ကို စိုးရိမ်ကာ တည်ငြိမ်မှုရှိစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်လာခဲ့သည်။ သို့ရာတွင် အကယ်၍ အစိုးရအားဆန့်ကျင်မှုပေါ်လာသည်နှင့် အာဆတ်မင်းဆက်မှာ အမြန်ဆုံး ပျက်သုဉ်းသွားမည်ဖြစ်သည်။

ဘရှားသည် အာဏာရလာသည့် တစ်လျှောက်လုံးတွင် သူ့သစ္စာတော်ခံများကို စစ်ဘက်လုံခြုံရေးအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ဘသ်ပါတီများတွင် ထည့်ထားခဲ့သည်။ ၂၀၀၅ ခုနှစ် ဆီးရီးယားတပ်ဖွဲ့များကို လက်ဘနွန်နိုင်ငံမှ ရုပ်သိမ်းပြီးနောက် လူပြောင်းလဲမှုများ အကြီးအကျယ်လုပ်ခဲ့သည်။ နောက် လအနည်းငယ်အကြာတွင် ကျင်းပသည့် ပါတီညီလာခံတွင် သူက ရန်သူဖြစ်လာနိုင်ဖွယ်ရှိသူများကို ထုတ်ပယ်ကာ သစ္စာခံများကို ထည့်သွင်းလာသည်။ ၂၀၀၆ ခုနှစ် အစိုးရအဖွဲ့ အပြောင်းအလဲတွင်လည်း သူ၏ လက်ရွေးစင် စင်တော်ကောက်များ ပိုပါလာခဲ့သည်။ ထို့ကြောင့် နိုင်ငံ၏အရေးကြီးသည့်နေရာများတွင် သူ့လူများချည်း ဖြစ်နေတော့သည်။ သူ့ဖခင်လက်ထက်မှ အကြွင်းအကျန် လူများ

the bookhouse
we bring your future

www.burmeseclassic.com



ထည်း မရှိတော့ပေ။ ဆီးရီးယားစစ်ဘက်နှင့် လုံခြုံရေးအဖွဲ့များကို အစိုးရနှင့် ချိတ်ဆက်ထားသည်။ ဆီးရီးယားတွင် အီဂျစ်ကဲ့သို့ မဟုတ်ဘဲ ထိုအဖွဲ့များကို နိုင်ငံရေးခေါင်းဆောင်မှုနှင့် ခွဲထုတ်၍မရအောင် လုပ်ထားသည်။ ၂၀၁၁ ခုနှစ်တွင် ၄င်းတို့သည် ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းခဲ့ကြသည်။ ထို့ပြင် အစိုးရသည် သစ္စာခံတပ်များကို ဂရုတစိုက် အသုံးချခဲ့သည်။ ထိုတပ်များတွင် အလာဝိတ်အများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုတပ်များကို အုံကြွနေသည့် မြို့များဆီသို့လွှတ်ကာ နှိမ်နင်းစေသည်။

၁၉၈၂ ခုနှစ်က ဟာမာမြို့တွင် အစ္စလာမ်စစ်သွေးကြွများကို ဟာဖစ် အယ်လ်-အာဆတ်က စစ်တပ်လွှတ်ပြီး နှိမ်နင်းခိုင်းစဉ်က လူပေါင်း ၂၀,၀၀၀ သေခဲ့သည်။ ဆီးရီးယားလူမျိုးများမှာ ဤသည်ကိုအမှတ်ရကာ အလားတူဖြစ်မည်ကို ကြောက်နေကြသည်။ ၂၀၁၁ ခုနှစ်တွင် အုံကြွမှုအား ရက်စက်စွာနှိမ်နင်းစဉ်ကလည်း အစိုးရသည် ဆန့်ကျင်မည့်သူမှန်သမျှ ထိုအတိုင်းခံစားရမည်ဆိုသည်နှင့် စစ်တပ်သည် မိမိတို့ဘက်တွင်ရှိနေကြောင်း ပြသလိုဟန်ရှိသည်။

အရေးပါသောနေရာများတွင် အလာဝိတ်များကိုခန့်ထားခြင်းဖြင့် အစိုးရသည် ဆွန်နီဘာသာဝင် ၇၅ ရာခိုင်နှုန်း ရှိသော နိုင်ငံတွင် လူနည်းစုလူမျိုးများကို အကာအကွယ်ပေးထားကြောင်း ပြလိုဟန်ရှိသည်။ အလာဝိတ်များအပြင် ခရစ်ယန် ၁၀ ရာခိုင်နှုန်း၊ ဒရုဇ် ၃ ရာခိုင်နှုန်းအပြင် ဂျူးလူမျိုးနှင့် အခြားမွတ်ဆလင်ဂိုဏ်းကွဲများ ရှိနေကြသည်။ ထို့ပြင် သာမကသေး ဆွန်နီကဒ်လူမျိုးများမှာလည်း ၁၀ ရာခိုင်နှုန်းရှိသည်။ ကဒ်လူမျိုးများသည် မကြာခဏ အုံကြွကြရာ ၁၉၈၂ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များတွင် ကြမ်းတမ်းစွာ နှိမ်နင်းခံခဲ့ကြရသည်။ ၂၀၁၁ ခုနှစ် ဆန္ဒပြမှုအရှိန်မရသေးမီတွင် ကြီးမားသော ပုန်ကန်မှုမျိုး ဖြစ်မလာစေရန် အစိုးရက ကဒ်လူမျိုးများအား လိုက်လျောမှုများပေးခဲ့သည်။

ဘရှား အယ်လ်-အာဆတ်မှာ တိုင်းပြည်တွင် ယေဘုယျအားဖြင့် လူကြိုက်များခဲ့သည်။ မကြိုက်သည့်တိုင် သူ့ကို မကောင်းမပြောကြ။ တူနီးရှားသမ္မတ၏ ဇိမ်ခံပုံကို ဝီကီလိက အွန်လိုင်းတွင် ထုတ်ဖော်သည်မျိုး အာဆတ်အား ထုတ်ဖော်ခြင်း မရှိ။ သူကလည်း ထိုကဲ့သို့ အဆင့်အတန်းမြင့်မြင့်ဇိမ်ခံသည်မျိုး မရှိ။ သူတို့ဇနီးမောင်နှံ ဒမတ်စကတ်မြို့ထဲ ဈေးဝယ်ထွက်သည့်အခါ သက်တော်စောင့်မပါ။ ကားကို ကိုယ်တိုင်မောင်း၍သွားသည်ဟူသောသတင်းများ လူပြောများသည်။

ဘရှား သမ္မတဖြစ်စအချိန်ကပင် ထိုအတိုင်းနေလာခဲ့သည်။ နောက်ပိုင်းတွင် သူတို့ဈေးဝယ်ထွက်သည်ကို လူတိုင်းမြင်သည်ဟုပင် ပြောလာကြသည်။ ထို့ကြောင့် သူတို့မိသားစုမှာ သာမန်ပြည်သူများပမာ ဖြစ်နေသည်။ ပြည်သူနှင့် မကင်းကွာ။ ပြည်သူနှင့် အမြဲထိတွေ့နေသောကြောင့် ပြည်သူတို့၏ ပြဿနာများကို သိရှိစာနာမှုရှိသည်ဆိုသည်မျိုး ဖြစ်လာသည်။ သူ့ကို လိုလားသူများကတော့ သူ့ကို တမန်တော်တမျှ ပြောကြသည်။ သူသည် နိုင်ငံကိုရှေ့သို့ရောက်ကာ

the bookhouse
we bring your future

www.burmeseclassic.com



ဒေသတွင်းတွင် အရေးပါသောနိုင်ငံဖြစ်လာအောင် လုပ်ပေးနေသည်ဟုပင် ဆိုကြသည်။ သူသမ္မတဖြစ်လာကတည်းက သူချစ်သော မျက်စိဆရာဝန်အလုပ်ကို စွန့်လွှတ်ကာ သူ့ကို လိုအပ်နေသည့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်သည့်အတွက် ပြည်သူများက သူ့ကိုလေးစားလာခဲ့သည်။ ထို့ကြောင့်လည်း သူ့အစိုးရ၏ ဝါဒဖြန့်ချိမှု အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သူ၏ ပြုပြင်ပြောင်းလဲရေးများကို သည်းခံနိုင်ခဲ့ကြခြင်းဖြစ်သည်။ ချောမောလှပ၍ ယဉ်ကျေးသိမ်မွေ့ကာ ထက်မြက်သောဇနီးနှင့် သူ့မိသားစုကို ပြည်သူများက လေးစားကြသည်။ ပြည်တွင်းပြည်ပက ဖိအားများ ပေးနေကြသော်လည်း တိုင်းပြည်ကို မပြိုကွဲအောင် အုပ်ချုပ်ထားနိုင်သည့်အတွက်လည်း ပြည်သူများက ကျေးဇူးတင်နေကြသည်။ စီးပွားရေးလည်း အထိုက်အလျောက် တိုးတက်ခဲ့သည်။ ငွေကြေး၊ အုပ်ချုပ်ရေးနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများလည်း မဆိုသလောက် လုပ်ခဲ့သည်။

ပြည်တွင်းပြည်ပမှ သူ့ကို ဆန့်ကျင်မှုများမှာလည်း စည်းစည်းလုံးလုံးမရှိကြ။ အုံကြွမှုများ စတင်ကတည်းက ပြည်ပရောက် အတိုက်အခံ ဆီးရီးယားတို့သည် စုစည်းညီညွတ်စွာ အုံကြွမှုလုပ်ရန် ကြိုးစားခဲ့ကြသည်။ ပထမတွင် နိုင်ငံတကာ၏ ထောက်ခံမှုရအောင် သူတို့ကြိုးစားရမည်ဖြစ်သည်။သို့သော် ပိုအရေးကြီးသည်က ရွေးချယ်စရာမရှိသဖြင့် လက်ရှိအစိုးရကိုသာ ထောက်ခံနေသည့် ပြည်တွင်းပြည်သူများကို စည်းရုံးရန်ဖြစ်သည်။ ယနေ့အထိ ထိုကြိုးပမ်းမှုများမှာ အဆင်မပြေသေး။

ဆီးရီးယားတွင် ပြည်ပအတိုက်အခံများကို တရားမဝင်ဟု သဘောထားနေကြသည်။ ဆီးရီးယားတွင် ဖိနှိပ်သော အစိုးရလက်အောက်တွင် နေနေရသူများ၊ ပြည်ပသို့ ထွက်သွားသူများ၊ အနေအစားချောင်သဖြင့် နိုင်ငံ၏ပကတိအခြေအနေကို မသိသူများဟူ၍ အမျိုးမျိုးကွဲနေသည်။ ပြည်ပမှ ဆန့်ကျင်ရေးအင်အားစုများ၊ အဖွဲ့အစည်းများမှာလည်း သူတို့နှင့်နီးစပ်သည့် အနောက်နိုင်ငံများ၊ သူတို့ကိုထောက်ပံ့နေသည့် အမေရိကန်နှင့် အချို့ဥရောပနိုင်ငံများ၏ သွေးထိုးမှုတွင် မြောနေကြသည်။

၂၁ ရာစု၏ ပထမဆယ်စုနှစ်ကို ကျော်ကာ ဒုတိယဆယ်စုနှစ်အတွင်း ဝင်လာသည်အထိ ပြည်ပအတိုက်အခံများမှာ ဆီးရီးယားအများစုကို စည်းရုံးရန် ခက်ခဲနေသည်။

အစိုးရအနေဖြင့်လည်း ပြည်တွင်းပြည်ပ အတိုက်အခံများကို နယ်ချဲ့အသုံးတော်ခံများဟု ဝါဒဖြန့်လွယ်ကူနေသည်။ အကြောင်းမူ လွတ်လပ်ရေးရပြီးစ နှစ်နှစ်ဆယ်တွင် ဆီးရီးယားမှာ နယ်ချဲ့လက်အောက်ခံ ဖြစ်ခဲ့ရသောကြောင့် ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ အာဆတ်ဆန့်ကျင်ရေး အင်အားစုများသည် တူနီးရှား၊ အီဂျစ်နိုင်ငံများ

the bookhouse

www.burmeseclassic.com



မှာကဲ့သို့ ကြီးကျယ်သော ဆန္ဒပြမှုများလုပ်ရန် ကြိုးပမ်းမှုများမှာ မအောင်မြင်ခဲ့ပေ။အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မည်သည့်နေရာ၊ မည့်သည့်အချိန်တွင် စုရုံးကြရန်ဟု ချိန်းထားသော်လည်း ရောက်လာသောအရေအတွက်မှာ လက်တစ်ဆုပ်စာလောက်သာ ရှိသည်။

ထို့ကြောင့်လည်း နိုင်ငံတကာမှ ပညာရှင်များ၊ သံတမန်များ၊ အကဲခတ်သူများက အာရပ်နွေဦး မုန်တိုင်းမှာ ဆီးရီးယားနိုင်ငံသို့ ရောက်လာမည်မဟုတ်၊ ရောက်လာလျှင်လည်း ဆီးရီးယားအစိုးရကို ဖြုတ်ချရန်မလွယ်၊ ပြုတ်ကျလျှင်သော်မှ အာရပ်ကမ္ဘာတွင် နောက်ဆုံးမှပြုတ်ကျမည့်နိုင်ငံဟု ဟောကိန်းထုတ်နိုင်ခြင်းဖြစ်ပေသည်။ သို့ဖြင့် မတ်လလယ်ထိ ဘရှား အယ်လ်-အာဆတ်မှာ ဆက်လက်ကံကောင်းနေခဲ့သည်။

သို့သော် အတိုက်အခံပြုမှုကို အပြီးတိုင်ချေမှုန်း၍ မရနိုင်။ ဆီးရီးယားပြည်သူများ၊ အထူးသဖြင့် လူငယ်များ၏ စစ်တပ်နှင့် လုံခြုံရေးအဖွဲ့များအား ရင်ဆိုင်ရဲသည့်သတ္တိကိုလည်း မချေဖျက်နိုင်။ မုန်တိုင်းကား အရှိန်ရလာပေပြီ။

■

the bookhouse
we bring your future

www.burmeseclassic.com

# ဘယ်ဟုတ်မလဲ

ဒါရားသည် လူဦးရေ ၇၀,၀၀၀ မှ ၁၀၀,၀၀၀ အကြားရှိသော မြို့ဖြစ်သည်။ ယင်းမှာ ဆီးရီးယားအနောက်တောင်ပိုင်း ဂျော်ဒန်နယ်စပ်တွင် တည်ရှိသည်။ ယင်းမှာ ဒါရားပြည်နယ်၏ မြို့တော်လည်း ဖြစ်သည်။ ဒမတ်စကတ်မြို့၏ တောင်ဘက် မိုင်ခြောက်ဆယ်အကွာ ဂျော်ဒန်မြို့တော် အန်မန်မြို့သို့သွားရာ ကားလမ်းပေါ်တွင်ရှိသည်။ ထိုဒေသမှာ စိုက်ပျိုးရေးကို အခြေပြုနေပြီး မိုးခေါင်မှုကြောင့် စီးပွားရေးမှာ ကျဆင်းနေရသည်။

ထိုနေရာမှာပင် ဆီးရီးယားနိုင်ငံဆန္ဒပြပွဲ အောင်မြင်စွာစတင်ခဲ့သည်။

မတ်လ ပထမပတ်တွင် ဒါရားရှိကျောင်းတစ်ကျောင်းမှ အသက်ဆယ်နှစ်နှင့် ဆယ့်ငါးနှစ်အကြားရှိ ကျောင်းသားလေးတစ်စုသည် ကမ္ဘာတွင် သူတို့အရွယ်ကလေးများလုပ်သလိုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အီဂျစ်နိုင်ငံဆန္ဒပြပွဲတွင် သုံးခဲ့သည့် ကြွေးကြော်သံကိုအားကျကာ ကျောင်းနံရံတွင် 'အစိုးရပြုတ်ကျပါစေ'ဟု ရေးကြသည်။ ကျောင်းသားကလေးများ (နောက်ပိုင်းတွင် ဆန္ဒပြသူများပါ ပါလာသည်)သည် ဟူကူမား (အစိုးရ) ဆိုသောစကားလုံးကိုမသုံးဘဲ နစ်ဇမ် (စနစ်)ဆိုသော စကားလုံးကို သုံးခဲ့သည်။ သူတို့မကျေမနပ်ဖြစ်နေသည်မှာ အစိုးရမဟုတ်ဘဲ စနစ်သာဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ လူမှုတရားမျှတရေး၊ အဂတိပပျောက်ရေးသာ လိုလားသည်။ ဒီမိုကရေစီကို တောင့်တသည်မဟုတ်ဟူ၍ဖြစ်သည်။ အစိုးရကို ဖြုတ်ချရန် ရွေးကောက်ပွဲကဲ့သို့သော အခြားနည်းလမ်းမရှိသဖြင့် ထိုသို့ မကျေနပ်ချက်များကို နံရံပေါ်ရေးခြင်း၊ လမ်းပေါ်ထွက် ဆန္ဒပြခြင်းများ လုပ်ရခြင်းဖြစ်သည်။ ထို့နောက် ကျောင်းသားကလေးများကို သက်ဆိုင်ရာက ဖမ်းဆီးကာ ဒမတ်စကတ်သို့ ပို့လိုက်

the bookhouse
we bring your future

www.burmeseclassic.com



သည်။ ဒမတ်စကတ်မြို့သို့ရောက်သောအခါ ကလေးများကို စစ်ကြောရေးများလုပ်သည်။ ညှဉ်းပန်းနှိပ်စက်သည်လည်း ဖြစ်နိုင်သည်။ ကလေးများ၏ မိသားစုများက ကလေးများကိုလွှတ်ပေးရန် ညှိနှိုင်းသော်လည်း လွှတ်မပေးခဲ့။

ဒါရားကဲ့သို့ ပြည်နယ်မျိုးတွင် အရေးပါသည့်ပုဂ္ဂိုလ်သုံးဦးရှိသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ထောက်လှမ်းရေးအကြီးအကဲ၊ ဘသ်ပါတီအကြီးအကဲတို့ဖြစ်သည်။ အခြားပြည်နယ်များတွင်လည်း ထိုအတိုင်းရှိကြသည်။ ထိုသုံးဦးအနက် မည်သူကပိုအရေးပါသည်ဆိုသည်မှာ သက်ဆိုင်ရာပြည်နယ်အခြေအနေပေါ်တွင် မူတည်သည်။ ၂၀၁၁ ခုနှစ်တွင် အရှေ့အလယ်ပိုင်းဒေသများ၌ ထောက်လှမ်းရေးအကြီးအကဲများသည် အရေးအပါဆုံးဖြစ်သည်။ ဆီးရီးယားတွင် ကလေးများကို ဖမ်းသည်ဆိုခြင်းမှာ အဆန်းမဟုတ်။ သို့သော် တူနီးရှား၊ အီဂျစ်နှင့် အခြားနေရာများတွင် ဖြစ်ပျက်မှုများကြောင့် လူမှုပတ်ဝန်းကျင်အနေအထား ပြောင်းလဲခဲ့ရသည်။

မတ်လ ၁၅ ရက်နေ့တွင် အဖမ်းခံရသည့်ကလေးများ၏ မိသားစုနှင့် ဆွေမျိုးများ အများစုပါဝင်သော ဆန္ဒပြသူများ ဒါရားမြို့လယ်ရှိ အိုမာရီဗလီရှေ့သို့ ချီတက်ဆန္ဒပြကြသည်။ သူတို့က ကလေးများကို ပြန်လွှတ်ပေးရန်နှင့် အစိုးရ၏ အကျင့်ပျက်ဖိနှိပ်သည့်စနစ်ကို ပြုပြင်ပေးရန် တောင်းဆိုကြသည်။ ထိုစနစ်ကြောင့်လည်း အင်အားအလွန်အကျွံသုံးခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများမှာ ထောင်ပေါင်းများစွာ ဖြစ်လာသည်။ လုံခြုံရေးတပ်ဖွဲ့များကို လူစုခွဲရန် သေနတ်ဖြင့် ပစ်ခတ်ရာ လေးဦးသေဆုံးခဲ့သည်။ နောက်တစ်နေ့တွင် လူပေါင်း ၂၀,၀၀၀အထိဖြစ်လာသည်။ သူတို့သည် ယမန်နေ့က သေဆုံးသူများ၏ အသုဘအခမ်းအနားကို တက်လာကြခြင်းဖြစ်သည်။ သူတို့က အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများကို အော်ဟစ်ကာ အစိုးရရုံးများကို ဖျက်ဆီးကြသည်။ ထို့ပြင် ဘသ်ပါတီရုံးများ၊ လုံခြုံရေးတပ်ဖွဲ့ရုံးများ (ထိုရုံးများကို ဘရှား၏ ဝမ်းကွဲညီအစ်ကိုများက ဦးဆောင်သည်။)ကို ဖျက်ဆီးကြသည်။

ဆန္ဒပြမှုမှာ နေ့စဉ်ဖြစ်နေသည်။၂၃ ရက်နေ့တွင် အစိုးရတပ်ဖွဲ့များက အင်အားသုံးဖြိုခွဲကာ အိုမာရီဗလီကို ဝင်စီးရာ အခြေအနေမှာ ပိုဆိုးလာသည်။ ထိုဗလီမှာလည်း ဆန္ဒပြသူများကိုကုသရန် ယာယီဆေးရုံနှင့် ယာယီတည်းခိုစခန်း ဖြစ်လာခဲ့သည်။

အရပ်သားဆယ့်ငါးယောက်သေဆုံးပြီး ဒဏ်ရာရသူလည်း ရာနှင့်ချီရှိခဲ့သည်။ အစိုးရက ရေနှင့် လျှပ်စစ်မီးများကို ဖြတ်တောက်လိုက်သည်။ အသုဘအခမ်းအနားများမှာ လူစုဝေးရာဖြစ်သဖြင့် ပိတ်ပင်ခဲ့သည်။ ညနေ ပိုင်းတွင် အစိုးရတပ်ဖွဲ့များက ဗလီကိုဝိုင်းထားပြီး အဝင်အထွက်မလုပ်ရန် ပိတ်ထားလိုက်သည်။ ထိုသို့ပိတ်ဆို့သည်မှာ ဆန္ဒပြမှုများ အခြားနေရာများသို့ မကူးစက်စေရန်ဖြစ်သည်။

the bookhouse we bring your future

www.burmeseclassic.com



### *အခြေခံပြဿနာများ*

စစ်မှန်သော စီးပွားရေးပြုပြင်ပြောင်းလဲမှု မလုပ်လျှင် လူမျိုးကွဲများ၊ ဘာသာ ကွဲများပေါများကာ အစွန်းရောက် အစွလာမ်ဝါဒီများရှိနေသော ဆီးရီးယားတွင် ပြည်တွင်းစစ် ဖြစ်လာနိုင်သည်ဟု ၂၀၀၅ ခုနှစ်တွင် ကျွန်တော်ရေးခဲ့သည့် ဆောင်းပါးထဲတွင် ပါခဲ့သည်။

ဘရှား၏ သမ္မတကျမ်းသစ္စာကျိန်ဆိုအပြီး၌ ပြောသောမိန့်ခွန်းတွင် စီးပွားရေး ကို ပထမဦးစားပေးအဖြစ် ပြောကြားခဲ့သည်။ အချို့ကဏ္ဍများသည် သူ့ဖခင်လုပ်ခဲ့ သော နိုင်ငံရေးဆောင်ရွက်မှုများကို အမီမလိုက်နိုင်ခဲ့ဟု သူက ပြောသွားခဲ့သည်။ ဆီးရီးယား၏ အခြေခံအဆောက်အအုံကို ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန် နှစ်များတွင် တည်ဆောက်ခဲ့ရာ ပြည်သူပိုင်ကဏ္ဍ၌ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ သည်ဟု ဘရှားကယူဆသည်။

စင်စစ် ထိုကဏ္ဍတွင် လုပ်သားအင်အား ၂၀ ရာခိုင်နှုန်းသာ သုံးနိုင်ခြင်းဖြစ်သည်။ သူက ယင်းမှာ ယာယီကောင်း အောင်လုပ်ပေးခြင်းဖြစ်ပြီး စီးပွားရေးကို သည်အတိုင်းတည်ဆောက်၍မရဟု ကျွန်တော့်အား ပြောခဲ့သည်။ ၁၉၉၀ပြည့် လွန်နှစ်များတွင် ပုဂ္ဂလိကပိုင်ကဏ္ဍကို အားပေးရန် စဉ်းစားခဲ့သော်လည်း ကမ္ဘာတွင် ဂလိုဘယ်လိုက်ဇေးရှင်းဖြင့် ပြောင်း လဲလာခဲ့ရာ သူတို့နိုင်ငံတွင် ကမောက်ကမ ဖြစ်ခဲ့ရသည်ဟု သူက ဆိုသည်။ 'ကျုပ်တို့လည်း ဖွံ့ဖြိုးအောင် ကြိုးစားတာပဲ၊ ဒါပေမဲ့ ကျုပ်တို့မှာ အကြံဉာဏ် ကောင်းတွေမရှိဘူး'ဟု သူကဆို၏။

ဘရှားအာဏာရလာသည့် ပထမဆယ်စုနှစ်တွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အချို့လုပ်ခဲ့သည်။၂၀၀၄ ခုနှစ်တွင် ပုဂ္ဂလိကဘဏ်များ ဖွင့်ခဲ့သည်။ ဘဏ်အရေအတွက်မှာ တဖြည်းဖြည်းတိုးလာကာ ၂၀၁၀ ခုနှစ်တွင် ၁၃ ဘဏ်အထိ ဖြစ်လာသည်။ ထိုအထဲတွင် အစ္စလာမ်ဘဏ်နှစ်ခုပါသည်။ ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအချို့လည်း အကောင်အထည် ဖော်ခဲ့သည်။ ချေးငွေအတိုးနှုန်းများကို ဖြတ်တောက်ခဲ့ပြီး ငွေလဲနှုန်းများကိုလည်း တညီတညွတ်တည်း ဖြစ်စေခဲ့သည်။ (ထိရောက်မှုတော့ သိပ်မရှိခဲ့။) ကြာမြင့်စွာ စောင့်စားခဲ့ရသည့် စတော့ချေးကွက်အတွက် ဒမတ်စကတ် အာမခံချေးကွက်ကို ၂၀၀၉ ခုနှစ်တွင် ဖွင့်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။

ဘရှားလက်ထက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်လာသည်။ အထူးသဖြင့် ပင်လယ်ကွေ့အာရပ်နိုင်ငံများမှဖြစ် သည်။ ထိုရင်းနှီးမြှုပ်နှံမှုများကလည်း စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်ငန်းများသို့ မရောက်ဘဲ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းများသို့သာ ရောက်ကုန်သည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း သည် ဂျီဒီပီ၏ ၁၂ ရာခိုင်နှုန်းအထိဖြစ်လာသည်။ သို့ဖြင့် ငွေမှာ ဒေါ်လာ ၈ ဘီလျံရရှိခဲ့သည်။ ဆီးရီးယားနိုင်ငံ

the bookhouse

www.burmeseclassic.com



သမိုင်းအလှည့်အပြောင်းသို့ ရောက်နေစဉ် နိုင်ငံတွင်း၌ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့်နေရာ များစွာရှိခဲ့သည်။ သို့သော် ခရီးသည်အဝင်အနည်းဆုံးနိုင်ငံ ဖြစ်ခဲ့သည်။ ထို့ကြောင့် ထိုကဏ္ဍမှာ အာဆတ်အစိုးရ အာရုံထားသည့်ကဏ္ဍ ဖြစ်ခဲ့၏။ သို့သော် စနစ်ကျနမှုအားနည်းသည်။

အစိုးရသည် ပြည့်သူ့အသုံးစရိတ်ကို လျှော့ချကာ စီးပွားရေးကို ဈေးကွက်ကို ပို၍အခြေပြုစေရန် အခြေခံကုန်ပစ္စည်းများဖြစ်သော ဓာတ်ဆီ၊ အနွေးဓာတ်ပေးလောင်စာဆီနှင့် ဘီလပ်မြေများကို ဈေးတင်လိုက်သည်။ ဆိုရှယ်လစ်လုပ်ထုံးလုပ်နည်းဖြစ်သော အခမဲ့ပညာရေးစနစ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်ပြုပြင်ကာ ငွေကြေးအနည်းအကျဉ်း ရယူခဲ့သည်။

ထို့ပြင် ဘရှားအစိုးရလက်ထက်တွင် မက်ခရိုစီးပွားရေးအဆင့် အနည်းငယ်တိုးတက်လာသည်။ အစိုးရဌာနများတွင်လည်း ယခင်ကလို မျက်နှာလိုက်ကာ ခန့်ထားမှုများမလုပ်ဘဲ ကျွမ်းကျင်သူများကို ခန့်ထားသည်များ လုပ်ခဲ့သည်။ ဆီးရီးယားတွင် အခြားအာရပ်နိုင်ငံများလိုပင် ခေတ်သစ်စီးပွားရေးနှင့်အံဝင်သည့် ကျွမ်းကျင်မှုများ အားနည်းသည်။

ကုလသမဂ္ဂ၏ ၂၀၀၂ ခုနှစ် အာရပ်လူ့အခွင့်အရေး တိုးတက်မှုအစီရင်ခံစာ၌ အာရပ်ကမ္ဘာတွင် ဗဟုသုတ အားနည်းသည်ဟု ဖော်ပြထားသည်။ ဆီးရီးယားနိုင်ငံ ပညာရေးစနစ်မှာ မူလတန်းမှတက္ကသိုလ်အထိ ခေတ်နောက်ကျခြင်း၊ သွက်လက်မှုမရှိခြင်း၊ ကျောင်းနှင့် ကျောင်းသားဦးရေမဆံ့ခြင်း၊ ပညာရေးအသုံးစရိတ် နည်းပါးခြင်းများ တွေ့ရသည်။ ဘရှားက ထိုသည်များကို ပြုပြင်သည့်အနေဖြင့် ဆရာ၊ ဆရာမများကို လစာများတိုးပေးခြင်း၊ သင်ရိုးညွှန်းတမ်းကို ပြုပြင်ခြင်း၊ ပုဂ္ဂလိကကျောင်းများကို ခွင့်ပြုခြင်းများလုပ်ခဲ့သည်။ ဘရှားက ကျွန်တော့်ကို ရှင်းပြရာတွင် ဆီးရီးယားသည် အိန္ဒိယနိုင်ငံလိုပင် ကမ္ဘာ့စီးပွားရေးကို အမီလိုက်မှ ဖြစ်မည်ဟုဆိုသည်။ ဆီးရီးယားသည် သယံဇာတနည်းပါးသော ဆင်းရဲသည့်နိုင်ငံဖြစ်သည်ကို သူကဝန်ခံသည်။

ထို့ကြောင့် သူက 'ကုန်ကြမ်းကတော့ ဦးနှောက်ပဲ'ဟု သူကဆို၏။ သို့ရာတွင်သူက ယင်းကိုပြောင်းလဲအောင်မလုပ်နိုင်ဘဲ စီးပွားရေးတိုးတက်ရန်နှင့် ပြည်သူများ၏စိတ်ထားနှင့် အယူအဆများကို ပြောင်းလဲစေချင်နေသည်။ စနစ်တကျ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသော်လည်း သူကမလုပ်နိုင်ဖြစ်နေသည်။ ထို့ကြောင့် သူ့အပေါ် ကျိတ်၍မကျေနပ်မှုများ ပြည်သူများအကြား ရှိနေကြသည်။

ဘရှားသည် မတ်စောက်သော တောင်တက်တိုက်ပွဲကို တိုက်နေခြင်းဖြစ်သည်။ သူ့ပြဿနာများတွင် အကယ်၍ ဈေးကွက်အခြေပြု စီးပွားရေး ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်နှင့် လုပ်လာသည့်အခါ မိမိတို့ အကျိုးစီးပွားအား ထိခိုက်မည်ကို ကြောက်နေသူများ ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အစိုးရသည် ဟိုတစ်မျိုး သည်တစ်မျိုး ပြောနေခြင်းဖြစ်

the bookhouse

www.burmeseclassic.com



သည်။ အချို့ကလည်း ဈေးကွက်စီးပွားရေးဖြစ်လာစေရန် ပြုပြင်ပြောင်းလဲရေးကို အင်တိုက်အားတိုက်လုပ်ရန် လိုလားသူများရှိသလို နိုင်ငံရေး မတည်ငြိမ်မှု မဖြစ်စေရန် ပြုပြင်ပြောင်းလဲရေးကို တဖြည်းဖြည်းသာ လုပ်စေလိုသူများလည်း ရှိသည်။

ထိုသို့ ကွဲပြားနေမှုများကြောင့် ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် လုပ်ရပ်များ ကွဲပြားနေသည်။ မြန်မြန်ပြောင်းလဲချင်သူများက အနောက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံရေး မြန်မြန်ဖြစ်စေချင်နေကြသည်။ အခြားတစ်ဖက်ကလည်း အနောက်နိုင်ငံများနှင့် စီးပွားဆက်ဆံမှုလုပ်သည့်အခါ မိမိတို့နိုင်ငံတွင် အန္တရာယ်ရှိနိုင်သည်ဆိုကာ အစိုးရအဖွဲ့ထဲတွင် ပိတ်ဆို့တားဆီးနေသူများလည်း ရှိနေပြန်သည်။ ထိုလူများက အရှေ့နိုင်ငံများနှင့်သာ စီးပွားဆက်ဆံမှုလုပ်လိုကြသည်။

သူတို့က အိမ်နီးချင်းနိုင်ငံများ ရုရှ၊ အီရန်၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် ဆက်ဆံသည်ကိုကြည့်ကာ အီရတ်၊ တူရကီနိုင်ငံတို့နှင့်သာ ဆက်ဆံလိုကြသည်။ ၂၀၀၅ ခုနှစ်က ဆီးရီးယားသည် ရုရှနိုင်ငံအပေါ် တင်ရှိနေသော အကြွေးဒေါ်လာ ၁၃ ဘီလျံမှ ၈၀ ရာခိုင်နှုန်းလျှော်ပစ်ရန် သဘောတူခဲ့သည်။ ထို့အတူ မိမိတို့၏ ကြွေးရှင်နိုင်ငံများနှင့်လည်း ဆက်ဆံရေး ကောင်းအောင်လုပ်ကာ ကြွေးလျှော်ခိုင်းခဲ့သည်။ ၂၀၀၀ ပြည့်လွန်နှစ်များတွင် ဒမတ်စကတ်မြို့ရှိ ဇိမ်ခံဟိုတယ်များ၌ စီးပွားရေးအခွင့်အလမ်းလာရှာသော တရုတ်၊ အိန္ဒိယ လူစုများကိုသာ တွေ့ရမည်ဖြစ်သည်။

ဆီးရီးယား၌ ထိုကဲ့သို့ အကျိုးစီးပွားအားပြိုင်နေသည်ကို ၂၀၀၅ ခုနှစ် ဘသ်ပါတီဒေသညီလာခံတွင် ဘရှား၏ ကြေညာချက်အရ သိသာပေသည်။ ထိုကြေညာချက်တွင် သူ့နိုင်ငံသည် လူမှုဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဟု ပါရှိသည်။ ထိုစနစ်မှာ ဂျာမနီနိုင်ငံတွင် အထိုက်အလျောက် အောင်မြင်ခဲ့သည်။ ထိုစနစ်ကို ကျင့်သုံးမည်ဆိုသော ရည်ရွယ်ချက်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ် စရိုက်လက္ခဏာများကို ချက်ချင်းစွန့်ခြင်းမရှိဘဲ ဈေးကွက်ပြုပြင် ပြောင်းလဲရေးကို တဖြည်းဖြည်းလုပ်သွားရန်ဖြစ်သည်။ သို့ရာတွင် ထိုနည်းမှာ ထိရောက်သော ဈေးကွက်အခြေပြု စီးပွားရေး ပြုပြင်ပြောင်းလဲရေးကဲ့သို့ ဖြစ်မလာဘဲ ပြည်သူများ အသားကျနေသည့် လူမှုလုံခြုံရေးကွန်ရက် အားနည်းလာခဲ့ရသည်။

စီးပွားရေးပြဿနာများ၊ အစဉ်အလာချို့ယွင်းချက်များအပြင် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကပါ ဆီးရီးယားကို ရိုက်ခတ်သဖြင့် ၂၀၁၁ ခုနှစ်အစပိုင်းတွင် နိုင်ငံစီးပွားရေးမှာ ဖရိုဖရဲဖြစ်လာတော့သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ တွက်ချက်မှုအရ ဆီးရီးယား၏ဂျီဒီပီမှာ ၂၀၀၈ ခုနှစ်တွင် ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၃ ဒသမ ၉ သို့ ကျဆင်းခဲ့သည်ဟုဆိုသည်။ စီအိုင်အေ၏ တွက်ချက်မှုတွင်လည်း ဆီးရီးယား စီးပွားရေး တိုးတက်နှုန်းမှာ နေးကွေးပြီး ၁ ဒသမ ၈ ရာခိုင်နှုန်းသာ ရှိသည်ဟုဆိုသည်။ မည်သို့ဆိုစေ ဆီးရီးယားစီးပွားရေး

the bookhouse

www.burmeseclassic.com



တိုးတက်နှုန်းမှာ လိုအပ်သည့် ၆ ရာခိုင်နှုန်း-၇ ရာခိုင်နှုန်းသို့ ရောက်မလာသည်မှာ သေချာသည်။ အလုပ်လက်မဲ့နှုန်းမှာလည်း မြင့်တက်နေသည်။

၂၂ သန်းသော လူဦးရေတွင် ၆၀ ရာခိုင်နှုန်းမှာ အသက် ၂၅ နှစ်အောက် လူငယ်များဖြစ်နေသည်။ လူဦးရေ၏ ၅၃ ရာခိုင်နှုန်းမှာ ယောကျ်ားများဖြစ်ပြီး ၆၇ ရာခိုင်နှုန်းမှာ မိန်းမများဖြစ်သည်။နှစ်စဉ်လူဦးရေ တိုးပွားနှုန်းမှာလည်း ၂ ဒသမ ၅ ရာခိုင်နှုန်း မှ ၃ ရာခိုင်နှုန်းအထိရှိသည်။ ယင်းမှာ ဒေသအတွင်း အများဆုံးဖြစ်သည်။ထို့ကြောင့် စီးပွားရေးသည် တိုးပွားလာသည့်လူဦးရေကို အမီမလိုက်နိုင်ချေ။ သို့ဖြင့် အလုပ်ရှာသူအများအပြားမှာ နှစ်စဉ် ဈေးကွက်ထဲသို့ ရောက်ကုန်တော့သည်။

နိုင်ငံ၏ စီးပွားရေးမှာ မိုးမှန်မှုနှင့် ရေနံဈေးပေါ်တွင် တည်နေသည်။ ဆီးရီးယားစီးပွားရေးတွင် စိုက်ပျိုးရေးနှင့် ရေနံသည် အဓိကကျနေသောကြောင့်ဖြစ်သည်။ ဂျီဒီပီ၏ လေးပုံတစ်ပုံမှာ စိုက်ပျိုးရေးမှရရှိသည်။ ထို့ကြောင့် မိုးခေါင်သည့်အခါ ထိုရာနှုန်းမှာ ကျသွားတော့သည်။ ထိုအခါ အလုပ်လက်မဲ့ဦးရေ တိုးလာတော့သည်။ ထို့ပြင် လယ်ယာများတွင် အလုပ်မရှိသောအခါ လယ်ယာလုပ်သားများသည် မြို့များသို့တက်ကာ အလုပ်ရှာကြသည်။ ထိုအခါ မြို့များတွင် လူနေကျပ်သိပ်ပြီး အိမ်ငှားခများလည်း တက်လာသည်။ အာရပ်ကမ္ဘာတွင် သွင်းကုန်အပေါ် များစွာမှီခိုကြရသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ကုန်ဈေးနှုန်းများတက်လာသောအခါ ဆီးရီးယားလိုနိုင်ငံမျိုးမှာ ပို၍အထိနာတော့သည်။ ဘရှား တက်လာပြီး ခုနစ်နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) အတော်လေး တိုးတက်လာခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ်ကျတော့ အက်ဖ်ဒီအိုင်များ အခြားဘက်သို့ ပြောင်းကုန်သည်။ ၂၀၀၈ ခုနှစ်ကထက် ၂၈ ရာခိုင်နှုန်း ကျဆင်းသွားခြင်း ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် နိုင်ငံတိုင်းတွင် အက်ဖ်ဒီအိုင်များ ထိခိုက်ခဲ့ရသည်။

လူထုအုံကြွမှုမဖြစ်ခင်က ရေနံမှဝင်ငွေသည် နှစ်စဉ်နိုင်ငံ့ဝင်ငွေ၏ ၂၈ ရာခိုင်နှုန်းရှိသည်။ ပြည်ပသို့တင်ပို့သော ရေနံ ၉၅ ရာခိုင်နှုန်းမှာလည်း ဥရောပနိုင်ငံများသို့ ပို့ခြင်းဖြစ်သည်။ အထူးသဖြင့် အီတလီနှင့် ဂျာမနီနိုင်ငံတို့သို့ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် နေ့စဉ်ရေနံစိမ်းစည်ပေါင်း ၃၈၅,၀၀၀ သာထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ်ဆိုလျှင် ၆၁၀,၀၀၀ ထုတ်လုပ်ခဲ့သည်။ ဘရှားလက်ထက်တွင် နိုင်ငံခြားရေနံရှာဖွေရေးကုမ္ပဏီများနှင့် စာချုပ်ကာ ရေနံများ ထပ်မံအရှာခိုင်းခဲ့သည်။ ၂၀၁၁ ခုနှစ် လူထုအုံကြွမှုမဖြစ်ခင်တွင် ရလဒ်ကောင်းများထွက်ခဲ့သည်။ ရေနံသိုက်များ ထပ်မံတွေ့ရှိသော်လည်း စက်မှုလက်မှုတည်ထောင်ခြင်းနှင့် လူဦးရေတိုးတက်လာမှုကြောင့် ရေနံသုံးစွဲမှုတိုးလာကာ နောက်ဆယ်နှစ်လောက်ဆိုလျှင် ဆီးရီးယားမှာ ရေနံကို ပြန်လည်တင်သွင်းရမည့် အနေအထားရှိနေသည်။

the bookhouse

www.burmeseclassic.com



ထိုပြဿနာများကြောင့် ၂၀၁၀ ပြည့်နှစ်တွင် လူဦးရေ ၃၀ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေမှုမျဉ်းကြောင်း၏အောက်တွင်ရှိနေကြရသည်။ ၁၁ ရာခိုင်နှုန်းမှာ စားနိုင်သောက်နိုင်ရုံအဆင့်တွင်သာရှိသည်။ ထိုကိန်းဂဏန်းများမှာ အုံကြွမှုဖြစ်လာသောအခါ ပိုဆိုးကုန်သည်။ ထို့ကြောင့် အုံကြွမှုမဖြစ်မီနှစ်များတွင် အစိုးရသည် ဆင်းရဲမှုတိုက်ဖျက်ရေးကို အာရုံစိုက်ခဲ့သည်။ သို့သော် ထိရောက်စွာ မလုပ်နိုင်ခဲ့။ ၂၀၀၃ ခုနှစ်က အမေရိကန်တို့ အီရတ်ကို ဝင်ရောက်တိုက်ခိုက်သဖြင့် ဆီးရီးယားနိုင်ငံထဲသို့ ပြေးဝင်ခိုလှုံနေသော သန်းချီသည့် ဒုက္ခသည်များကြောင့်လည်း ဆီးရီးယားအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေရပြန်သည်။

ဘရှားတက်လာပြီးကတည်းက အဓိကရင်ဆိုင်နေရသည့် ပြဿနာများမှာ ဓနဥစ္စာဖြန့်ဝေမှု မညီမျှခြင်းဖြစ်သည်။ ပုဂ္ဂလိကပိုင်းလုပ်ခြင်းနှင့် အခြားသော ပြုပြင်ပြောင်းလဲရေးများကြောင့် အလုပ်လက်မဲ့နှုန်းတက်လာသည်။ အစိုးရနှင့် အလွန်းသင့်သူများသာ အနေအစားချောင်ကြသည်။ ဆီးရီးယားတွင် တိုးတက်နေသည်မှာ လစ်ဘရယ် အရင်းရှင်စနစ် မဟုတ်။ 'စင်တော်ကောက် အုပ်ချုပ်ရေးစနစ်' ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ကို နိုင်ငံရေးနှင့် စီးပွားရေးတွင် အခြေကျပြီးသား လူများကိုသာ ချပေးခြင်းအားဖြင့် စင်တော်ကောက်အရင်းရှင်များ ကြီးပွားနေကြသည်။ ဘရှား၏ ဝမ်းကွဲညီအစ်ကို (ဆီးရီးယား၏ အကြီးဆုံး တယ်လီဖုန်းကော်ပိုရေးရှင်းပိုင်ရှင်) ရမ်မီမက်လုဖ်နှင့် အာဆတ် နှစ်ယောက်စလုံးလက်ထက်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ကြာမြင့်စွာတာဝန်ထမ်းဆောင်ခဲ့သူ မူစတာဖာ တလတ်၏သား ဖရတ်တလတ်တို့သည် နိုင်ငံခြားမှ စီးပွားရေးလာလုပ်ချင်သူများအတွက် ဝင်ပေါက်တံခါးများ ဖြစ်သည်။ သူတို့သည် ပြည်တွင်းစီးပွားရေးတွင်လည်း အရေးပါသူများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ၂၀၁၁ ခုနှစ်တွင် ဆန္ဒပြသူများသည် ရမ်မီကို ဦးတည်တိုက်ခိုက်ကြခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း တူနီးရှား၊အီဂျစ်နှင့် အခြားအာရပ်နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် လူမှုစီးပွားရေးပြဿနာများ ဆီးရီးယားနိုင်ငံတွင်လည်း ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၊ အထူးသဖြင့် လူငယ်များအကြား မကျေနပ်မှုနှင့် ဒေါသများ ကြီးထွားနေရခြင်းဖြစ်သည်။

ပြည်သူများအကြား မကျေနပ်မှုနှင့် ဒေါသများဖြစ်ရသည့် အခြားအကြောင်းတစ်ခုမှာ အဂတိမှုများဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအပေါ် အဂတိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်သိတတ်မှုနှင့် စီးပွားရေးလုပ်ရန် အဆင်ပြေမှုများအပေါ် လေ့လာဆန်းစစ်မှုများတွင် ဆီးရီးယားနိုင်ငံမှာ အောက်ဆုံးအဆင့်တွင်ရှိနေသည်။ ဥပမာ ၂၀၁၀ ပြည့်နှစ်အတွက် အဂတိမှုညွှန်းကိန်းအရ ဆီးရီးယားနိုင်ငံသည် နိုင်ငံပေါင်း ၁၇၈ နိုင်ငံအနက် ၁၂၇ တွင်ရှိနေသည်။

ထိုလေ့လာမှုအရ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသရှိ ၁၉ နိုင်ငံတွင်လည်း အဆင့် ၁၄ တွင်ရှိသည်။

the bookhouse
we bring your future

www.burmeseclassic.com



(သူ့နောက်တွင် အီရန်၊ လစ်ဗျား၊ ယီမင်နှင့် အီရတ်တို့သာရှိသည်။) လာဘ်စားခြင်းသည် သာမန်လုပ်ရိုးလုပ်စဉ်လို ဖြစ်လာသည်။ ရေပိုက်ပြင်ဆင်ခြင်းမှအစ လမ်းပေါက်နေသည်ကို ဖာထေးခြင်းအဆုံး၊ လုပ်ငန်းလိုင်စင် ရရှိရန်မှအစ တရားရုံးတွင် စီရင်ချက်အဆုံး လာဘ်ပေးမှရသည်။ ထိုသည်များကြောင့် ဆီးရီးယားတွင် ငွေရှိသူနှင့် အာဏာရှိသူများကသာ ချယ်လှယ်နေသည်။ အဆက်အသွယ်ကောင်းလျှင် လိုချင်သမျှ ရနိုင်သည်။ ထိုသည်များကို ပြည်သူများ ကာလရှည်ကြာစွာ ခံစားခဲ့ကြရသည်။

## *ဖိနှိပ်ခြင်း*

မူခါဘရက် ခေါ် လုံခြုံရေး ထောက်လှမ်းရေးများသည် နေရာတကာတွင် ရှိနေသည်။ အချိန်ပြည့် လုံခြုံရေးအရာရှိ ၅၀,၀၀၀ မှ ၇၀,၀၀၀ အကြားရှိသည်။ အချိန်ပိုင်းကလည်း သောင်းချီ၍ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ပြည်သူ ၂၄၀ ၌ ထောက်လှမ်းရေးတစ်ယောက်နှုန်း ရှိနေသည်။ အဆိုပါ လုံခြုံရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်မှာ နှစ်စဉ်ဒေါ်လာ ၃ ဘီလျံဖြစ်သည်။ အစဉ်အလာအားဖြင့် စစ်ဘက်အသုံးစရိတ်၏ သုံးပုံတစ်ပုံကျော်ရှိသည်။

မူခါဘရက် တစ်ခုလုံးအတွက် လုံခြုံရေးလုပ်ငန်းခွဲ ၁၅ ခုရှိသည်။ လေကြောင်းထောက်လှမ်းရေး၊ စစ်ဘက်ထောက်လှမ်းရေး၊ အထွေထွေထောက်လှမ်းရေး၊ (ပါလက်စတိုင်းပြဿနာအတွက် ပါလက်စတိုင်းထောက်လှမ်းရေး)၊ နိုင်ငံရေးလုံခြုံရေးတို့မှာ အရေးအပါဆုံးဖြစ်ကြသည်။ ၎င်းတို့သည် ပြည်သူကို ဖိနှိပ်ရုံသာမက လုပ်ချင်ရာလုပ်ခွင့်ရှိသည်။ ထိုအဖွဲ့များသည် ပြည်တွင်းပြည်ပ အန္တရာယ်ဖြစ်လာနိုင်သည်များကို ကာကွယ်ရသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ကြောက်ရွံ့နေကာ အစိုးရက နိုင်နင်းစွာအုပ်ချုပ်နိုင်ပေသည်။ 'အမှိုက်သိမ်းအလုပ်သမားတွေဟာ ထောက်လှမ်းရေးတွေပဲ၊ တစ်ခါတလေ ကိုယ့်မိန်းမတောင် ထောက်လှမ်းရေးဖြစ်နေမလား အောက်မေ့ရတယ်၊ တယ်လီဖုန်းအားလုံးကို အသံနိုးဖမ်းထားတယ်၊ ကျုပ်တို့အဖို့ ငရဲကျနေသလိုပါပဲ'ဟု ဆီးရီးယားအမျိုးသားတစ်ယောက်က ညည်းတွားသည်။

ထောက်လှမ်းရေးတို့သည် ပြည်တွင်းတည်ငြိမ်ရေးနှင့် အစိုးရအား ကာကွယ်ရန်အတွက် ကြိုက်သလို လုပ်ပိုင်ခွင့်ရှိကြသည်။ ထိုအတိုင်း နှစ်များစွာကြာလာသောအခါ သူတို့မှာ သြဇာအာဏာကြီးလာပြီး ထိုမှတစ်ဆင့် အစိုးရကို ပြန်ထိခိုက်လာသည်။ ဒါရားမြို့မှ ကျောင်းသားကလေးများကို ဖမ်းဆီးခြင်းသည် သူတို့အားလုံး စုပေါင်းလက်ချက်ဖြစ်သည်။

ထိုဖြစ်စဉ်များကို ကျွန်တော် အကြိမ်များစွာ အနီးကပ်လေ့လာခွင့်ရခဲ့သည်။ ၂၀၀၇ ခုနှစ်အကုန်ပိုင်းတွင်

the bookhouse

www.burmeseclassic.com



ကျွန်တော် ဆီးရီးယားသမ္မတနှင့် တွေ့ဆုံရန်အသွား လေဆိပ်တွင် ကျွန်တော် အဖမ်းခံရသည်။ ကျွန်တော့်ပတ်စပို့လည်း အသိမ်းခံရပြီး ကျွန်တော့်ကို သုံးနာရီကြာ စစ်ကြောမေးမြန်းကြသည်။ လုံခြုံရေးအရာရှိ ဗိုလ်မှူးကြီးက မောင်းတင်ထားဟန်ရှိသော ပစ္စတိုကိုလက်ထဲတွင်လှည့်ရင်း ကျွန်တော့်ရှေ့စားပွဲကို ပတ်လျှောက်နေသည်။ ထို့နောက် ထိုဗိုလ်မှူးကြီးက သမ္မတရုံးသို့ဖုန်းဆက်ကာ ကျွန်တော်သမ္မတနှင့် တွေ့ရန်ရှိသည်မှာ သေချာတော့မှ ကျွန်တော့်ကိုလွှတ်ပေးသည်။

ကျွန်တော် ဘရှားနှင့်တွေ့တော့ အဖမ်းခံရပုံကို ပြောပြလိုက်သည်။ ကျွန်တော်က ကျွန်တော်ပြန်သည့်အခါ အမေရိကန် ဆီးရီးယား ဆက်ဆံရေးတိုးတက်မှုအခြေအနေကို ဆီနိတ်နိုင်ငံခြားဆက်ဆံရေး ကော်မတီတွင်တင်ပြရမည်ဖြစ်ကြောင်း၊ အကယ်၍ လုံခြုံရေးအရာရှိအာ သမ္မတရုံးသို့ ဖုန်းဆက်ကြည့်ရန်မပြောခဲ့လျှင် ကျွန်တော်ဘာဖြစ်နိုင်သနည်းဟုလည်း မေးကြည့်သည်။

ကျွန်တော့်အား ညှဉ်းပန်းနှိပ်စက်ခြင်း၊ ထောင်ချခြင်းလုပ်လျှင် မည်သို့ဖြစ်မည်နည်းဟုလည်း မေးသည်။ ထို့နောက် လုံခြုံရေးများကို ထိုမျှအထိန်းအကွပ်မရှိ လွှတ်ထားလျှင် ဘရှားအတွက်ပါ အန္တရာယ်ရှိနိုင်ကြောင်းလည်း ပြောပြလိုက်သည်။

ဆီးရီးပြည်သူများသည် ထိုသို့သောဖိနှိပ်မှုဒဏ်ကို နေ့စဉ်ခံစားနေရသည်။ ပြည်သူအများစုသည် တစ်စုံတစ်ယောက် အဖမ်းအဆီးခံရကာ နှိပ်စက်ညှဉ်းပန်းခံရသည်ကို သိနေကြသည်။ ပြည်သူအများစုသည် ဘာမပြောရ၊ ဘာမလုပ်ရဆိုသည်ကို သိနေကြသည်။

သို့သော် ထိုမျှနှင့်လည်း ထောက်လှမ်းရေးတို့ရန်က လွတ်သည်မဟုတ်။ ဘရှားက ၎င်းတို့ကို လိုအပ်သောအကုသိုလ်အဖြစ် သဘောထားသည်။ ထို့ကြောင့်လည်း ယင်းတို့ကို မထိန်းချုပ်ဘဲထားခြင်းဖြစ်သည်။(မထိန်းချုပ်နိုင်သည်လည်းဖြစ်နိုင်သည်။)

ဆီးရီးယားပြည်သူများသည် ထိုထောက်လှမ်းရေး လုံခြုံရေးများကို စိတ်ပျက်နေသည်။ ၂၀၁၁ ခုနှစ်အစပိုင်းတွင် တူနီးရှား၌ ပြည်သူများသည် ဖိနှိပ်မှုကိုတွန်းလှန်ရန် ရဲများနှင့် လုံခြုံရေးများကို တိုက်ခိုက်ခဲ့သည်ကို ဆီးရီးယားတို့တွေ့ခဲ့ကြရသည်။

အခြားအာရပ်နိုင်ငံများ၌လည်း သမ္မတများ ကာလကြာရှည်စွာ အုပ်စိုးသည်ကို လက်မခံကြောင်း တွေ့ခဲ့ကြရသည်။ သမ္မတများ၊ ဝန်ကြီးချုပ်များ ကြာရှည်အုပ်ချုပ်သည့်ခေတ် ကုန်သွားလေပြီ။ ဟာဖစ်နှင့် ဘရှားတို့နှစ်ယောက်အုပ်ချုပ်လာခဲ့သည်မှာ ၄၂ နှစ်ရှိခဲ့ပေပြီဖြစ်၏။

ဆီးရီးယားပြည်သူများသည် သူတို့အား အုပ်စိုးမည့်သူကို သူတို့ကိုယ်တိုင် ရွေးလိုသည်။ သူတို့၏အနာဂတ်ကို

the bookhouse
we bring your future

www.burmeseclassic.com



သူတို့ဘာသာ ဖန်တီးလိုကြသည်။ ဆီးရီးယားတွင် နိုင်ငံရေးကို ချုပ်ချယ်ထားသည်။ တူနီးရှား၊ အီဂျစ်နှင့် အခြားအာရပ်နိုင်ငံများတွင် အာရပ်နွေဦးဖြစ်နေသည်ကို သိလာသောအခါ မိမိတို့နိုင်ငံတွင်ရော အဘယ်ကြောင့် မဖြစ်စရာရှိရမည်နည်းဟု စဉ်းစားလာကြသည်။ တော်လှန်ရေးဟု ခေါ်ခေါ် အုံကြွမှုဟုခေါ်ခေါ် ထိုသို့ တစ်နိုင်ငံတွင်ဖြစ်လျှင် အခြားနိုင်ငံများသို့ ကူးစက်တတ်သည်။

အာရပ်နွေဦးအစပိုင်းတွင် လမ်းပေါ်မှအင်အားသည် အာဏာရှင် တစ်ယောက်ပြီးတစ်ယောက်ကို ဖြုတ်ချပစ်ခဲ့သည်။ အာရပ်နွေဦးအပြီးတွင် ဘာတွေဖြစ်လာမည်နည်းဟူသော မေးခွန်းများစွာ ပေါ်လာသည်။ ပိုကောင်းသွားမည်လား။ ကောင်းလျှင်လည်း မည်သူ့အတွက် ကောင်းမည်နည်း။ လိုချင်သည့်အတိုင်းဖြစ်ရန်ကိုလည်း မျိုးဆက်တစ်ခုမျှ လုပ်ယူရဦးမည်။ သို့သော် ၂၀၁၁ ခုနှစ်အစပိုင်းတွင် ဖြစ်ပျက်သည်များကမူ တွက်ချက်ရန် ခက်လှသည်။ ဘာမဆိုဖြစ်သွားနိုင်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

## အစိုးရ၏ တုံ့ပြန်မှု

၂၀၁၁ ခုနှစ် မတ်လတွင် ဒါရားတစ်မြို့တည်းသာ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်သည်မဟုတ်။ မြေထဲပင်လယ် ကမ်းခြေရှိ ဆွန်နီအများစုနေထိုင်ရာ ဘန်နီယပ်မြို့တွင်လည်း အလားတူဆန္ဒပြမှုများ ဖြစ်ခဲ့သည်။ ဆန္ဒပြသည်မှာ ၂၀၁၀ ပြည့်နှစ်က ထုတ်ပြန်သည့် အစ္စလာမ်ဆန့်ကျင်ရေးဥပဒေများကို မကျေနပ်သောကြောင့်ဖြစ်သည်။ အထူးသဖြင့် ကျောင်းဆရာမများ ခေါင်းမြီးခြုံရမည်ဆိုသော အမိန့်ကို မကျေနပ်ခြင်း ဖြစ်သည်။ ဆန္ဒပြမှုများမှာ ဟွမ်းမြို့နှင့် ကဒ်လူမျိုး အများစုနေထိုင်ရာ ကမ်မစ်စလီ၊ အယ်လ်-ဟာဆာကာ၊ဟာမာနှင့် လက်တကြီးယားမြို့တို့တွင်လည်း တစ်ချိန်တည်း ဖြစ်ခဲ့ကြသည်။ ဒမတစကတ်မြို့ ဆင်ခြေဖုံးများတွင်လည်း အလားတူဆန္ဒပြမှုများဖြစ်ခဲ့ကြသည်။

သတင်းများပြန့်ရသည်မှာ နည်းပညာသစ်များဖြစ်သော ဂြိုဟ်တုရုပ်သံ၊ အင်တာနက်ဖေ့စ်ဘုတ်၊ တွစ်တာနှင့် မိုဘိုင်းဖုန်းများကြောင့်ဖြစ်သည်။ ဆန္ဒပြသည့်သတင်းများ တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။ ထိုမြို့များတွင် ကနဦးဆန္ဒပြရသည့်အကြောင်းရင်းမှာ တစ်နိုင်ငံလုံးနှင့်ဆိုင်သည့် မကျေနပ်ချက်များ မဟုတ်ဘဲ မိမိတို့မြို့မှပြဿနာများအတွက် ပြခြင်းဖြစ်သည်။

ဆန္ဒပြအဖွဲ့အချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှု မရှိသလောက်ဖြစ်သည်။ သူတို့သည် ကိုယ့်မြို့အလိုက် စည်းလုံးစွာ ချီတက်ကြခြင်းဖြစ်သည်။ သူတို့က လာဘ်စားမှုနှင့် ဖိနှိပ်မှုကို ကန့်ကွက်ကြခြင်းဖြစ်သည်။ နောက်ပိုင်းတွင်တော့ အချင်းချင်း စည်းစည်းလုံးလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိလာသည်။ ဘရှား၏ ဓါတ်ပုံများ၊ပိုစတာများကို ဆွဲဆုတ်နင်းချေခဲ့ကြသော်လည်း အစိုးရပြုတ်ကျပါစေဟု ကြွေးကြော်မှုများ သိပ်မရှိခဲ့။

the bookhouse
we bring your future

www.burmeseclassic.com



ဆန္ဒပြသူများသည် ပထမတွင် အစိုးရက ကတိပေးထားသည့်အတိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ပေးရန်သာ တောင်းဆိုခဲ့ကြသည်။ အစိုးရက ကြမ်းတမ်းစွာမဖြိုခွဲမီ သူတို့သည် မကျေနပ်ချက်ကို ထုတ်ဖော်ခွင့်ရသည့်အတွက် ကျေနပ်နေရုံသာရှိခဲ့သည်။

ဆန္ဒပြမှုများ တိုးလာသည်နှင့်အမျှ အစိုးရသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပြုပြင်ပြောင်းလဲရေးများကို ဆက်တိုက် ကြေညာတော့သည်။ ယင်းမှာ အီဂျစ်နှင့် တူနီးရှားတို့တွင် အစိုးရများပြုတ်ကျပုံနှင့် တူညီနေသည်။ အခြားအာရပ်နိုင်ငံများဖြစ်သော ဘာရိန်း၊ လစ်ဗျား၊ ယီမင်၊ ဂျော်ဒန်၊ ဆော်ဒီအာရေးဗီးယား၊ မော်ရိုကို နိုင်ငံများတွင် ဖြစ်နေသည့် ပြဿနာများနှင့်လည်း တူညီနေသည်။ သို့သော် ရေမှတ်ဟူသော ပြုပြင်ပြောင်းလဲရေးနောက်တွင် မီးစက လိုက်လာတော့သည်။

ယင်းမှာလည်း အခြားအာရပ်နိုင်ငံများနှင့် တစ်ပုံစံတည်းဖြစ်နေသည်။ မတ်လ ၂၄ ရက်နေ့တွင် ဥပဒေမဲ့ပြုမူမှုများအတွက် စုံစမ်းစစ်ဆေးရေး ကော်မတီဖွဲ့ကြောင်း ကြေညာချက်လည်း ထွက်ပေါ်လာသည်။ ဥပဒေမဲ့ပြုမူမှုဟု ဆိုရာတွင် ဆန္ဒပြသူများကို ပစ်သတ်သည့်စစ်သားများလည်းပါဝင်သည်။ အစိုးရပြောရေးဆိုခွင့်ရှိသူ ဘူသိုင်နာ ရှားဘန်းက အစိုးရဝန်ထမ်းများကို လစာများ ၂၀ မှ ၃၀ ရာခိုင်နှုန်းတိုးပေးမည်ဖြစ်ကြောင်း ကြေညာသည်။ ထို့ပြင် ဝင်ငွေခွန်ဖြတ်တောက်မည်ဖြစ်ကြောင်းနှင့် ပင်စင်လစာများ တိုးပေးမည်ဖြစ်ကြောင်းလည်း ပါရှိသည်။ ထိုမျှသာမကသေး ကျန်းမာရေးကုသမှု၊ တရားရေးတို့တွင် ပြုပြင်ပြောင်းလဲရေး၊ လာဘ်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်ပေးမည့်အပြင် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း ကြေညာသွားသည်။

သူမကဆက်လက်၍ သမ္မတဘာရှားက ဒါရားမြို့မှ ကလေးများ၏မိသားစုများထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ကြောင်း၊ ရဲ၊ လုံခြုံရေးအရာရှိနှင့် အစိုးရဝန်ထမ်းများ သေကျေသည့်တိုင် ကျည်အစစ်ဖြင့် မပစ်ခတ်ရန် သမ္မတက အမိန့်ပေးကြောင်း၊ ဒါရားနှင့် အခြားပြည်နယ်များမှ လူထု၏တောင်းဆိုချက်များသည် တရားဝင်ကြောင်း၊ တရားဝင်တောင်းဆိုမှုမှန်သမျှကိုပေးမည်ဖြစ်ကြောင်း၊ သို့သော် အေးချမ်းစွာတောင်းဆိုရမည်ဖြစ်ကြောင်း ပြောသွားသည်။

ရှားဘန်းပြောသွားသည့်အထဲတွင် အရေးကြီးဆုံးမှာ အစိုးရသည် အရေးပေါ်အခြေအနေကို တိုးမြှင့်သင့်မသင့်လေ့လာရန် ကော်မတီတစ်ရပ် ဖွဲ့စည်းမည်ဆိုသောအချက်ဖြစ်သည်။ အရေးပေါ်အခြေအနေမှာ ၁၉၆၃ ခုနှစ်ကတည်းကချမှတ်ထားပြီးဖြစ်သည်။ ထိုကော်မတီတွင် အကြီးတန်းရှေ့နေများ ပါဝင်မည်ဖြစ်ပြီး တစ်လအတွင်း အပြီးစုံစမ်းစစ်ဆေးရမည်ဖြစ်သည်။ အရေးပေါ်အခြေအနေ၊ သို့မဟုတ် စစ်အုပ်ချုပ်ရေး ဥပဒေသည် ဘသ်ပါတီကအာဏာသိမ်းပြီးသည့်နောက်တစ်နေ့ ၁၉၆၃ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ မူလက အစ္စရေးရန်မှ ကာကွယ်ရန်ဖြစ်

the bookhouse
we bring your future

www.burmeseclassic.com



သော်လည်း အစိုးရကိုဆန့်ကျင်သည့် ပြည်တွင်းနိုင်ငံသားများကိုသာ ထိုဥပဒေဖြင့်နှိမ်နင်းခဲ့သည်။ ထိုဥပဒေအရ ဖွဲ့စည်းပုံဥပဒေနှင့် အခြားဥပဒေများကို ကျော်လွှားကာ ဖမ်းဆီးအရေးယူနိုင်ခွင့်ရှိသည်။ ယင်းဥပဒေသည် တရားခံရပိုင်ခွင့်များကိုလည်း မပေးဘဲထားနိုင်သည်။ ထိုအရေးပေါ်ဥပဒေအရ နိုင်ငံတော်လုံခြုံရေးတရားရုံးချုပ်ကို ဖွဲ့စည်းကာ အဖမ်းခံရသူအား နိုင်ငံတော်ကာကွယ်ရေးအလို့ငှာ ကြားနာစစ်ဆေး အပြစ်ပေးနိုင်သည်။

အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီတောင်းဆိုသူများ၏ မူလရည်ရွယ်ချက်မှာ ထိုဥပဒေနှင့် ယင်းနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများကို ဖျက်သိမ်းပေးရန်ဖြစ်သည်ကို ဘရှား အယ်လ်-အာဆတ်နားလည်ထားသည်။ အစိုးရသည် ထိုဥပဒေကိုအသုံးချကာ ပြည်တွင်းနိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား နှိမ်နင်းခဲ့သည်ကိုလည်း ဘရှားကဝန်ခံခဲ့သည်။ သို့သော်သူက ထိုဥပဒေလိုအပ်သည်ဟုလည်း ယူဆသည်။ သူက ကျွန်တော့်ကို ပြောပြရာတွင် 'ဒီဥပဒေကို ကျုပ်တို့ လုပ်ချင်ရာလုပ်တာကို အကြောင်းပြစရာအဖြစ် အသုံးချဖို့မဟုတ်ဘူး၊ မမှန်တဲ့နေရာမှာလည်း သုံးဖို့မဟုတ်ဘူး၊ အရေးပေါ်ဥပဒေဟာ လွတ်လပ်မှုကို နှိပ်ကွပ်ဖို့မဟုတ်ဘူး၊ အကြမ်းဖက်မှုကို နှိပ်ကွပ်ဖို့ပါ၊ ဒီနှစ်ခုဟာ ကွာပါတယ်၊ အရင်တုန်းကတော့ ဒါကို တလွဲသုံးခဲ့တာတွေ ရှိခဲ့ပါတယ်' ဟုဆိုသည်။

### *ဘရှား ဘယ်မှာလဲ*

ကန့်ကွက်ဆန္ဒပြမှုများ အရှိန်ကောင်းလာသည့်အချိန်တွင် အကြမ်းဖက်မှုများနှင့် သေဆုံးမှုများ များပြားလာသည်။ သူ၏ ပြောရေးဆိုခွင့်ရှိသူ ရှားဘန်းအသံမှလွဲ၍ ဘရှားထံမှအသံများ ပျောက်ကွယ်နေသည်။ ထိုသည်နှင့် ပတ်သက်၍ ဆောင်းပါးထဲတွင် ကျွန်တော်ထည့်ရေးခဲ့သည်။

*'ဆီးရီးယားသမ္မတ ဘရှား အယ်လ်-အာဆတ် ဘယ်ရောက်နေသနည်း။ ဆန္ဒပြမှုများ အရှိန်မြင့်လာပြီး အကြမ်းဖက်မှုများ ဖြစ်လာသည့်အချိန်တွင် သူပျောက်နေသည်။ သူ့အသံမကြားရသဖြင့် အတွင်းအာဏာသိမ်းမှုကြောင့် သူပြုတ်ကျသွားပြီဟူသော ကောလာဟလများလည်း ထွက်နေသည်။ နိုင်ငံကို ပြန်လည်ထိန်းသိမ်းရန် ရုပ်မြင်သံကြားမှ သူ မိန့်ခွန်းပြောသင့်သည်။ သတင်းတစ်ပတ်ကြာအောင် သူ အဘယ်ကြောင့် စောင့်နေသနည်း။ လူများသည် နိုင်ငံ၏ ဦးတည်ရာလမ်းကြောင်းကို အသဲအသန်ရှာနေကြသည်။ ဆီးရီးယားတွင် သူ့ရဲကောင်းတစ်ယောက်လိုနေသည်။ ဘရှားသူ့ကို ထောက်ခံမည့်လူထုကို စုဆောင်းနေသည်လား။ အချိန်က စကားပြောလိမ့်မည်။ သို့သော် လုပ်စရာရှိသည်ကိုလုပ်ရမည်။ ဘရှား ဦးဆောင်ရမည်။ ဤသည်မှာ သူ့အချိန်။ ရာထူးကို စွန့်လွှတ်ကာ ဆီးရီးယားအား လမ်းကြောင်းမှန်ကို*

the bookhouse

www.burmeseclassic.com



ရောက်အောင် သူ တည့်မတ်ပေးနိုင်ရမည်။ သူ တစ်သက်လုံး သမ္မတမဖြစ်နိုင်။ နိုင်ငံရေး ဗဟုစနစ်ဖြစ်ရန် သမ္မတသက်တမ်း ရှိရမည်'

ဆန္ဒပြမှုများ ပြင်းထန်လာသည့်အချိန်တွင် ရှားဘန်းထံ အီးမေးအစောင်ပေါင်းများစွာပို့ကာ ထိုစာများကို ဘရှားအား ပြနိုင်းခဲ့သည်။ ဘရှားထံ ရောက်မရောက်တော့မသိ။ သို့သော် ဆီးရီးယားအာဏာပိုင်များက ကျွန်တော့်စာများ ကို အလေးအနက်ထားကြောင်းတော့ သိရသည်။

လူထုအုံကြွမှုကို ကိုယ်တိုင်မရှင်းဘဲ တစ်ပတ်ကြာအောင် စောင့်နေသည်မှာ ဖြစ်နိုင်စရာအကြောင်းများတော့ ရှိသည်။ ဆန္ဒပြမှုများ လျင်မြန်စွာပြင်းထန်လာသည့်အတွက် သူဘာလုပ်ရ ဘာကိုင်ရမှန်မသိဖြစ်သွားသည်လည်း ဖြစ်နိုင် သည်။ အစိုးရသည် ဒါရားမြို့အဖြစ်အပျက်ကြောင့် အရှိက်ထိုးခံရသလို ဖြစ်သွားသည်။ ထိုကိစ္စကိုဖြေရှင်းရန် ဘရှားပတ် လည်မှ လူများအကြား သဘောကွဲလွဲမှုများ ဖြစ်နေသည်မှာ သေချာသည်။ အချို့က ဆီးရီးယားတွင် ယခင်ကလုပ်ခဲ့သလို ကန့်ကွက်သူများကို ရက်ရက်စက်စက် ဖြိုခွင်းရန်လိုလားမည်။ အဓိပ္ပာယ်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲရေး လုပ်ပေးစေ လိုသူများလည်းရှိမည်။ သို့ဖြင့် အငြင်းပွားကာ ဘာမျှမလုပ်နိုင်ဘဲ ဖြစ်နေဟန်ရှိသည်။

ဘရှားသည် အရေးကြီးသည့်ကိစ္စများကို မြန်မြန်ဆုံးဖြတ်လုပ်ကိုင်တတ်သည့် လူစားမျိုးမဟုတ်။ ကန့်ကွက် ဆန္ဒပြမှုများမှာလည်း ပထမရက်ပိုင်း၊ သတင်းပတ်ပိုင်းတွင် ဘာရယ်ဟူ၍ တိတိကျကျသိရန် မလွယ်ချေ။ ဆီးရီးယားတို့ ဆုံးဖြတ်ချက်ချသည်မှာလည်း နှောင့်နှေးသည်။ ကျွန်တော်သိသလောက်မူ သဘောကွဲလွဲမှုများ ရှိနေသည်။ သမ္မတနှင့် နီးစပ်သည့် အကြံပေးအဖွဲ့ငယ်များရှိသည်။

သူတို့က လက်ဘနွန်၊ အစ္စရေး၊ ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေး၊ အမေရိကန်နှင့် ဆက်ဆံရေး စသည့် အရေးကြီးသည့်ကိစ္စများအတွက် အကြံပေးကြသည်။ အချို့က ထိုကော်မတီများတွင် တစ်ခုမက ပါဝင်နေကြသည်။ ကော်မတီတစ်ခုတည်းမှာပင် အမြင်များ မကြာခဏကွဲနေတတ်သည်။ ထို့ကြောင့် သမ္မတသည် မတူသောသဘောထားများ ကို သိနေရသည်။ သမ္မတသည် ဆုံးဖြတ်ချက်ချနိုင်အောင် ထိုသို့ တမင်လုပ်ထားခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်မချမီ ကြာကြာစဉ်းစားနိုင်သည်။ ထိုသည်မှာ မြန်မြန်ဆုံးဖြတ်ကာ ထိရောက်စွာလုပ်နိုင်သောစနစ် မဟုတ်ပေ။ ပြည်တွင်းမငြိမ် သက်မှုများကို ကြီးထွားမလာမီ အေးချမ်းသွားအောင်လုပ်နိုင်သည့်စနစ်လည်း မဟုတ်ပေ။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆီးရီးယားအကြီးတန်းအရာရှိတစ်ယောက်နှင့် ဥရောပတွင် ကျွန်တော်တွေ့တော့ သူက ဆန္ဒပြမှုအစပိုင်းတွင် တူနီးရှားနှင့် အီဂျစ်သမ္မတများ လုပ်ကိုင်ပုံအတိုင်း မလုပ်မိရန် ချင့်ချိန်နေခြင်းဖြစ်သည်ဟု ပြောပြသည်။ ဘင်အလီနှင့် မူဘာရက်တို့သည် လျင်မြန်စွာ ပြုတ်ကျသွားခဲ့ကြသည်။ ထို့ကြောင့်လည်း ဘရှားသည်

the bookhouse

www.burmeseclassic.com



ထိုနှစ်ယောက် လုပ်သလို မလုပ်မိအောင် ရှောင်နေခြင်းဖြစ်သည်။ ထိုနှစ်ယောက်သည် ပျော့ညံ့ကာ အလွယ်တကူ အလျှော့ပေးလိုက်ကြခြင်းဖြစ်သည်။ ထိုအဖြစ်များသည် ဘရှားအပေါ် သြဇာသက်ရောက်ခဲ့ဟန်တူသည်။ ရှားဘန်းထံ ကျွန်တော်ပို့ခဲ့သည့် အီးမေးများထဲတွင် ဘရှားကို ကင်မရာရှေ့သို့ ခေါ်သွားပြီး ပြည်သူနှင့် မျက်နှာချင်းဆိုင် တွေ့နိုင်းကာ ပြုပြင်ပြောင်းလဲရေးများ ရှင်းပြနိုင်းလိုက်ပါဟု ရေးခဲ့သည်။ ဆန္ဒပြမှုများ မတိုင်မီက ဘရှားကို ပြည်သူများက လေးစားခဲ့ကြသည်။

ထိုသည်မှာ ပျောက်မသွားသေး။ ထိုအချိန်တွင် ထိုအချက်ကိုအသုံးချကာ ပြည်သူနှင့် ထိတွေ့လိုက်လျှင် များစွာထိရောက်မှု ရှိသွားမည်ဟု ကျွန်တော်ယုံကြည်သည်။ စင်စစ်တွင် ဘင်အလီနှင့် မူဘာရက်တို့သည် မိုဟာမက် ဘွာဇီဇီ မီးရှို့အသေမခံမီကပင် ပြုပြင်ပြောင်းလဲရေးများနှင့် သူတို့နုတ်ထွက်မည့်အကြောင်းများကို ကြေညာခဲ့မည်ဆိုလျှင် ပြည်သူများက သူတို့ကို သူရဲကောင်းများပမာ ကြိုဆိုကြမည်ဖြစ်သည်။ အာဏာကို ဖက်တွယ်ထားသည့် အာဏာရှင်များဟု ရှုတ်ချကြမည်မဟုတ်ပေ။

ဒီဇင်ဘာလတွင် တွေ့ခဲ့သော ဆီးရီးယားအရာရှိအား ရုပ်မြင်သံဖြင့် ဘရှား ဘာကြောင့် မိန့်ခွန်းမပြောသလဲဟု မေးရာ သူက ဘရှားကို ထိုအတိုင်းလုပ်ရန် တိုက်တွန်းသူများစွာရှိခဲ့သည်ဟုပြောပြသည်။ သို့ရာတွင် အတွင်းစည်းထဲမှ သြဇာပိုကြီးသူများက ထိုနည်းကို အခြားအာရပ်ခေါင်းဆောင်များလည်းကျင့်သုံးခဲ့သည်မို့ သူတို့က ထိုသို့မလုပ်ရန် တားခဲ့ကြသည်ဟုဆိုသည်။ နောက်ပြီး သူတို့က လူထုအား အမှားကိုဝန်ခံလိုက်လျှင် သမ္မတပျော့ညံ့ရာကျမည်ဟု ယူဆကြဟန်တူသည်။

### *ဘရှား မိန့်ခွန်းပြောပြီ*

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ဆီးရီးယားထိပ်တန်းအရာရှိတစ်ယောက်နှင့် တွေ့သောအခါ မတ်လ ၃၀ ရက်နေ့က ပြည်သူ့ညီလာခံတွင် ဘရှားပြောသော မိန့်ခွန်းနှင့်ပတ်သက်၍ ကျွန်တော် ပြောပြခဲ့သည်။ ထိုမိန့်ခွန်းမှာ ဆူပူဆန္ဒပြမှု စတင်ကတည်းက တိုင်းပြည်သို့ သူ ပထမဆုံးပြောသောမိန့်ခွန်းဖြစ်သည်။ ကျွန်တော်က ယင်းမိန့်ခွန်းမှာ ပြည့်စုံမှုမရှိဟု ဝေဖန်လိုက်သည်။ ဆီးရီးယားအရာရှိက 'ကျွန်တော် ခင်ဗျားရဲ့ ဝေဖန်ချက်တွေကို ကြားရဖတ်ရပါတယ်၊ ဆီးရီးယားလူတချို့က ခင်ဗျားကို ဒါနဲ့ပတ်သက်ပြီး စိတ်ပျက်နေကြတယ်၊ ကျွန်တော်လည်း ခင်ဗျားပြောတာကို လက်ခံပေမဲ့ ခင်ဗျားကို အံ့သြမိတယ်'ဟု ပြန်ပြောသည်။

the bookhouse

www.burmeseclassic.com



ဘရှား၏ မိန့်ခွန်းနှင့်ပတ်သက်၍ များစွာမျှော်လင့်ထားကြသည်။ လူအတော်များများက သမ္မတသည် လိုက်လျောခွင့်လွှတ်ကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလုပ်ရန် ကြေညာသွားမည်ဟု မျှော်လင့်ခဲ့ကြသည်။ နောက်တော့ သူတို့စိတ်ပျက်သွားကြသည်။

ကျွန်တော်က ထိုမိန့်ခွန်းကို အသေးစိတ်လေ့လာလိုသည်။ အကြောင်းမူ ထိုမိန့်ခွန်းတွင် ဘရှားနှင့် သူ့အစိုးရဆောင်ရွက်မည့် အစီအစဉ်များ ပါရှိနိုင်သောကြောင့်ဖြစ်သည်။ အထူးသဖြင့် အုံကြွမှုနှင့် ပတ်သက်၍ အကောင်အထည်ဖော်မည့် မူဝါဒများဖြစ်သည်။

မိန့်ခွန်းကို အစပျိုးပြီးသည်နှင့် ကန့်ကွက်မှုများနှင့် ပတ်သက်၍ သူ့သဘောထားကို ထည့်သွင်းပြောကြားခဲ့သည်။ 'ဒီနိုင်ငံကို ကာကွယ်ဖို့နဲ့ တည်ငြိမ်ဖို့ ကျွန်တော်မှာ တာဝန်ရှိပါတယ်၊ ဒီတာဝန်ဟာ ကျွန်တော့်ရင်ထဲမှာ အမြဲကိန်းအောင်းနေပါတယ်' သူက ပြည်သူများအပေါ် သူ့ဖခင် ထမ်းဆောင်ခဲ့သည့် တာဝန်ကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည်။ ယင်းမှာ တည်ငြိမ်မှုအတွက် လွတ်လပ်မှုကို နည်းပေးရမည်ဖြစ်သည်။ နောက်ပြီး သူကနိုင်ငံကို ယခုလိုမိန့်ခွန်းပြောရန် တစ်ပတ်ကျော်စောင့်ခဲ့ရသည့် အကြောင်းကိုလည်း ပြောသွားသည်။ ထို့ပြင် ယခုကဲ့သို့ ဆူပူမှုနောက်ကွယ်တွင် ပြည်ပ ပယောဂများပါသည်ဟုလည်း ပြောသွားသည်။ (ယင်းမှာ အာဏာရှင်အစိုးရများ၏ လက်သုံးစကားဖြစ်သည်)

အာရပ်ကမ္ဘာ၏ ဒေသအသီးသီးတွင် ဖြစ်ပျက်နေသည်များသည် ဆီးရီးယားနိုင်ငံကို ရိုက်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သူကအသိအမှတ်ပြုပြီး အမျိုးသားညီညွတ်မှုနှင့် ဆီးရီးယားနိုင်ငံ၏ ထူးခြားသောစရိုက်လက္ခဏာကို ထည့်သွင်းပြောကြားခဲ့သည်။ ထိုစရိုက်လက္ခဏာကြောင့် အာရပ်ကမ္ဘာတွင် မိမိတို့နိုင်ငံသည် ထူးခြားစွာ ရပ်တည်နေပြီး ထိုအနေအထားကြောင့်ပင် ဒေသတွင်းနှင့် နိုင်ငံတကာ၏ လျှို့ဝှက်ကြံစည်မှုများကိုခံနေရခြင်းဖြစ်သည်ဟု ပြောသွားသည်။

## နောက်ထပ်ပြုပြင်ပြောင်းလဲရေးများ

ဘရှား၏ မိန့်ခွန်းကို သူ့အားထောက်ခံသူများမှလွဲ၍ တစ်ကမ္ဘာလုံး စိတ်ပျက်သွားကြသည်။ မိန့်ခွန်းပြောပြီးသည်နှင့် ကန့်ကွက်ဆန္ဒပြမှုများ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့သည်။ ဒမတ်စကတ်နှင့် အလက်ပို အကြီးဆုံးမြို့ကြီးနှစ်မြို့သာလွတ်သည်။ ထိုအခါ အစိုးရတပ်ဖွဲ့များက အကြီးအကျယ်ဖြိုခွဲလေတော့သည်။ သမ္မတ၏ မိန့်ခွန်းမှာ မူလထင်ထားသလို ပြဿနာကို ဖြေရှင်းပေးမည့် မိန့်ခွန်းဖြစ်မလာသောအခါ ကျန်အစိုးရအဖွဲ့ဝင်များလည်း အံ့အားသင့်ကုန်သည်။ များမကြာမီ အခြေအနေကို ထိန်းပေးရန် လုပ်လာသည်။

the bookhouse

www.burmeseclassic.com



မိနစ်ခွန်းမပြောမီနေ့က အစိုးရပြောင်းပစ်မည်ဟု ကြေညာချက်ထွက်လာခဲ့သည်။ သက်တမ်းရှည်ဝန်ကြီးချုပ်နာဂျီ အယ်လ်-အိုတာရီက နုတ်ထွက်စာပင် ရေးထားသည်။ သို့သော် အစိုးရသစ် ဖွဲ့စည်းပြီးသည်အထိ ထိုရာထူးတွင် သူဆက်နေသွားမည်ဖြစ်သည်။ ထိုလုပ်ရပ်မှာလည်း ဆန်းကြယ်လှသည်မဟုတ်။ အာရပ်ခေါင်းဆောင်ဒဏ်ခံရသည့် အာရပ်နိုင်ငံတိုင်း ထိုအတိုင်း လုပ်ခဲ့ကြသည်။ သို့သော် ရလဒ်မှာမူ မကောင်းခဲ့။ အာရပ်ကမ္ဘာမှ ပြည်သူများသည် အစိုးရအဖွဲ့အတွင်း နာမည်ဆိုင်းဘုတ်ပြောင်းရုံအတွက်လောက်နှင့် ဆန္ဒပြကြသည်မဟုတ်ပေ။

မတ်လ ၃၁ ရက်နေ့တွင် ဘရှားသည် ၁၉၆၃ ခုနှစ်အရေးပေါ်ဥပဒေကို လျှော့လာရန် ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့သည်။ ဘရှားတွင် လုပ်ပိုင်ခွင့်အာဏာ များစွာရှိနေခြင်းကို နားမလည်နိုင်ဖြစ်နေရသည်။ အထူးသဖြင့် အကျပ်အတည်းကာလတွင် ဖြစ်၏။ အများစုကတော့ ယင်းမှာအာရုံလွှဲရန်၊ သို့မဟုတ် အချိန်ဆွဲရန်နည်းဖြစ်သည်ဟု ယူဆကြသည်။

အများစုက ကော်မတီဖွဲ့နေမည့်အစား အရေးပေါ်ဥပဒေပယ်ဖျက်ကြောင်း ကြေညာစေလိုကြသည်။ ထိုအတွက်နှင့် နောက်ထပ် ပြုပြင်ပြောင်းလဲရေး ဖြစ်နိုင်ချေကို လျှော့လာရန် စုံစမ်းစစ်ဆေးမှုများမှာ အနှစ်နှစ်အလလ လုပ်လာခဲ့သော်လည်း နောက်ဆုံးတော့ ဘာမျှဟုတ်တိပတ်တိ မလုပ်နိုင်ဘဲ ပြီးဆုံးသွားရသည်ချည်း ဖြစ်ခဲ့ရသည်။ အချို့က အရေးပါပြီး သက်တမ်းရှည်သည့် ထိုဥပဒေကို ပိုမိုကောင်းမွန်သောဥပဒေဖြင့် အစားမထိုးနိုင်ဘဲ မဖျက်သိမ်းသင့်ဟု ယူဆသူများရှိသလို ပြည်သူများကိုလည်း သမ္မတထံမှ တိတိကျကျ ကြေညာသည်မျိုးကို လိုချင်ကြသည်။ ထိုနေ့မှာပင် ဘရှားက အစိုးရဝန်ထမ်းများအား ဧပြီလ ၁ ရက်နေ့မှစ၍ လစာများတိုးကြောင်း ကြေညာချက်ထုတ်ခဲ့သည်။ ယင်းမှာလည်း သူ့အပေါ် သစ္စာရှိမှုကို ဝယ်ယူသည့်သဘောသာဖြစ်သည်ဟု အားလုံးက ထင်မြင်ချက်ပေးကြသည်။

ပြည်သူများ ဆန္ဒပြနေသည့် ကာလအတွင်းမှာပင် ဘရှားသည် လက်ရှိစိုက်ပျိုးရေးဝန်ကြီး အဒဲလ်ဆေဖာအား ဝန်ကြီးချုပ်ခန့်ကာ အစိုးရသစ်ဖွဲ့ခိုင်းသည်။ ဧပြီလ ၄ ရက်နေ့တွင် ဒါရားပြည်နယ်အုပ်ချုပ်ရေးမှူးကို ဖြုတ်ပစ်ပြီး သူ့နေရာတွင် မိုဟာမက် ခါလစ် အယ်လ်-ဟန်းနုတ်အား ခန့်ထားခဲ့သည်။ ဤသည်မှာ အစိုးရက ဒါရားတွင်ဖြစ်ပျက်ခဲ့သည်များအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် လုံခြုံရေးအရာရှိအချို့အပေါ် အပြစ်ပုံချကာ အကောင်းဆုံး တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ သို့သော် ယင်းမှာလည်း အောင်မြင်မှုမရှိခဲ့ပေ။

ဧပြီလ ၆ ရက်နေ့တွင် အရေးကြီးသည့် မဲဆန္ဒနယ်များမှ ထောက်ခံမှုရစေရန် ကဒ်လူမျိုးတို့အား လိုက်လျောမှုများပေးမည်ဟု ကြေညာသည်။ ကဒ်တို့မှာ လူဦးရေအားလုံး၏ ၁၀ ရာခိုင်နှုန်းရှိပြီး ဆီးရီးယား အရှေ့မြောက်ဘက်တွင် နေထိုင်ကြသည်။ ယခင်က ကဒ်တို့သည် နိုင်ငံသားဖြစ်မှု၊ ယဉ်ကျေးမှုများနှင့် ပတ်သက်ပြီး ဆန္ဒပြမှုများရှိခဲ့သည်။

the bookhouse

www.burmeseclassic.com



နောက်ဆုံးဆန္ဒပြသည်မှာ ၂၀၀၄ ခုနှစ်ကဖြစ်သည်။ ထိုစဉ် အစိုးရကလည်း အကြီးအကျယ် ဖြိုခွဲခဲ့သည်။ အထူးသဖြင့် ကဒ်တို့၏မြို့ဖြစ်သော ကမ်မစ်စလီတွင်ဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက တူရကီနိုင်ငံမှ ဆီးရီးယားနိုင်ငံတွင်းသို့ ရောက်လာကြသည့် ကဒ်တို့အား နိုင်ငံသားဖြစ်ခွင့်ပေးမည်ဟု ကြေညာသည်။ ကဒ်တို့၏ နှစ်သစ်ကူးနေ့ကိုလည်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးမည်ဟုလည်း ဆိုသည်။

ထိုဧပြီလ ၆ ရက်နေ့မှာပင် ဆွန်နီမွတ်ဆလင်များနှင့် ပြေလည်မှုရစေရန် ဆရာမများ ခေါင်းမြီးခြုံရမည်ဆိုသော အမိန့်ကို ပယ်ဖျက်ပေးမည့်ပြင် အလုပ်ထုတ်ပစ်ခံရသော ဆရာများကိုလည်း ပြန်ခန့်မည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ဒမတ်စကတ်မြို့ အပြင်ဘက်ရှိ တစ်ခုတည်းသော ကက်စီနိုလောင်းကစားဝိုင်းကို ပိတ်ပစ်မည်ဟုလည်း ကြေညာသည်။ ကက်စီနိုကို ရှေးရိုးစွဲဝါဒီ မွတ်ဆလင်များက မကြိုက်ကြပေ။ အစိုးရကိုထောက်ခံသော မွတ်ဆလင်ပါတီ ထူထောင်ခွင့်ပေးမည်ဟုလည်းပါရှိသည်။ (မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ကို ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက ပိတ်ပင်ထားခဲ့သည်။) ဧပြီလ ၁၄ ရက်နေ့တွင် အစိုးရက နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့သည်။ ၎င်းတို့မှာ အုံကြွမှု စတင်ကတည်းက အဖမ်းခံထားရသူများဖြစ်သည်။

ထိုလုပ်ဆောင်မှုများကို ဧပြီလ ၁၆ ရက်နေ့ ဝန်ကြီးအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲတွင်ပြောသော မိန့်ခွန်း၌ ဘရှား ထည့်သွင်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းကို တစ်နိုင်ငံလုံးသို့ ရုပ်သံဖြင့်လွှင့်ထုတ်ရာ ဘရှား သူ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ သူက မိန့်ခွန်းထဲတွင် အရေးပေါ်ဥပဒေကို ဖျက်သိမ်းမည်ဖြစ်ကြောင်းလည်း ထည့်ပြောခဲ့သည်။ သူက ဝန်ကြီးများအား မိမိပြည်နယ်အသီးသီးရှိ တက်ကြွလှုပ်ရှားနေသည့် အုပ်စုများနှင့် ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။ သူက နိုင်ငံတော် အဆောက်အအုံနှင့် နိုင်ငံသားများအကြား ကွဟမှုရှိနေကြောင်း၊ ထိုကွာဟချက်ကို ကျဉ်းမြောင်းသွားအောင်လုပ်ကာ လူထုနှင့် ထိတွေ့မှုရှိရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်းလည်း ပြောသွားသည်။ လက်ရှိ ပြဿနာများကို ပြေလည်စေရန် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားရန်လိုသည်ဟုလည်း ဆိုသည်။

နိုင်ငံရေး ပြုပြင်ပြောင်းလဲရန်ကိုမူ နည်းနည်းသာပြောသွားသည်။ တိုင်းပြည်၏ ဆုံးဖြတ်ချက်ချရေးတွင် ပြည်သူများ ပိုမိုပါဝင်လာရေး၊ ပါတီဥပဒေကို ပြုပြင်ရန် လေ့လာရေး၊ မီဒီယာဥပဒေအသစ် ပြဋ္ဌာန်းရေးတို့လောက်သာ ပြောသွားသည်။ကဒ်လူမျိုးတို့အတွက် နိုင်ငံသားဖြစ်မှုဥပဒေကို ပြဋ္ဌာန်းကာ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သွားရန်ကိုလည်း တိုက်တွန်းသွားခဲ့သည်။

ဧပြီလ ၁၉ ရက်နေ့တွင် အရေးပေါ်ဥပဒေကို ရုပ်သိမ်းရန် အစိုးရကအတည်ပြုလိုက်သည်။ ယင်းမှာ အတိုက်

the bookhouse

www.burmeseclassic.com



အခံတို့ အဓိကထားသည့် တောင်းဆိုချက်ဖြစ်သည်။ နောက်နှစ်ရက်အကြာတွင် အရေးပေါ်ဥပဒေဖျက်သိမ်းရန်နှင့် နိုင်ငံတော်လုံခြုံရေးတရားရုံးကိုဖျက်သိမ်းရန် အမိန့်များကို ဘုရားလက်မှတ်ထိုးလိုက်သည်။ ပြဿနာမှာ အရေးပေါ်ဥပဒေကို ဖျက်သိမ်းလိုက်သော်လည်း ကန့်သတ်ချုပ်ချယ်သည့် အခြားဥပဒေများမှာ ဆက်လက်ရှိနေသည်။ ဥပမာ လုံခြုံရေးတပ်ဖွဲ့ဝင်ဖြစ်သွားလျှင် တရားစွဲဆိုခံရမှုမှ လွတ်ကင်းသည်။

မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ဝင်ဖြစ်လျှင် သေဒဏ်အပြစ်ပေးနိုင်သည်ဆိုသော ဥပဒေမျိုးတို့ဖြစ်သည်။ အမျိုးသားလုံခြုံရေးကာကွယ်သည့် ဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်းသည်။ ထိုဥပဒေကြောင့် လုံခြုံရေးအဖွဲ့ဝင်များအတွက် အမျိုးသားလုံခြုံရေးကို လိုသလို အဓိပ္ပာယ်ဖွင့်နိုင်သွားပေသည်။ အရေးပေါ်ဥပဒေမှာ အသွင်တစ်မျိုးဖြင့် ဆက်လက်တည်ရှိသွားသည့်သဘောဖြစ်သည်။

ဆီးရီးယား တက်ကြွလှုပ်ရှားသူများမှာ စိတ်မရှည်နိုင်တော့။ နိုင်ငံတကာအသိုက်အဝန်းကလည်း ထိုအတိုင်းဖြစ်လာသည်။ ထိုသို့ စိတ်မရှည်သည်မှာ ကြမ်းတမ်းစွာဖြိုခွဲမှုကြောင့် လူသေနှုန်းများတက်လာကတည်းက ဖြစ်သည်။ ထိုသိုသော ကတိစကားများကို သူတို့ ကြားခဲ့ရပေါင်းများလေပြီ။ သူတို့လိုချင်သည်မှာ လက်တွေ့အကောင်အထည်ဖော်ရေးသာဖြစ်သည်။ ကြားကောင်းအောင်ပြောနေခြင်းမျိုးကို လိုချင်သည်မဟုတ်။

■

the bookhouse

www.burmeseclassic.com

# အတိုက်အခံတို့ တက်ကြွလာခြင်း

၂၀၁၁ ခုနှစ် နွေဦးတွင် စတင်ခဲ့သည့် ကန့်ကွက်ဆန္ဒပြမှုများသည် ဘရှား အစိုးရ ပထမဆုံးကြုံတွေ့ရသည်မဟုတ်။ ၂၀၀၀ ပြည့်နှစ်တွင်ဖြစ်ခဲ့သော 'ဒမတ်စကတ် နွေဦး'သည် လူ့အဖွဲ့အစည်းထဲသို့ တက်ကြွလှုပ်ရှားသူများဝင်နိုင်ရန် တံခါးဖွင့်ပေးလိုက် သလို ရှိခဲ့သည်။ ထိုဆန္ဒပြမှုအတွင်းနှင့် နောက်ပိုင်းတွင် တစ်ဦးချင်းအလိုက်နှင့် အဖွဲ့ အစည်းအလိုက် ဆက်သွယ်မှုများကို တည်ဆောက်ခဲ့ကြသည်။ သူတို့သည် ပိုမိုရဲတင်း ကာ သတ္တိများရှိလာကြသည်။ မျှော်လင့်ချက်များလည်း ကြီးမားလာကြသည်။ သည် တစ်ကြိမ် နှိမ်နင်းခံလိုက်ရလျှင် မကျေနပ်မှုဒီဂရီက ပိုတိုးလာသည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ 'ဒမတ်စကတ်နွေဦး' ဖြစ်ပျက်မှုအတွင်း လူ့အဖွဲ့အစည်း၏ အင်အားစုများဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်များသည် '၉၉ ထုတ်ပြန်ချက်' (တစ်ခါတစ်ရံ '၉၉ ကြေညာစာတမ်း'ဟုလည်း ခေါ်သည်)ကို ရေးဆွဲခဲ့သည်။ ထိုထုတ်ပြန်ချက်ကို ဆီးရီးယား ပြည်သူ့လူ့အဖွဲ့အစည်းမှ တက်ကြွ လှုပ်ရှားသူ ၉၉ ယောက်က လက်မှတ်ထိုး ထုတ်ပြန်ခြင်းဖြစ်သည်။ ထိုထုတ်ပြန်ချက် တွင် ဘရှားကျမ်းသစ္စာကျိန်ဆိုအပြီး ဖြစ်ပေါ်ခဲ့သော လှုပ်ရှားမှုများ၏ ရည်မှန်းချက် များပါရှိသည်။ ယင်းတွင် စကားလုံးများကို ဂရုတစိုက် ရွေးချယ်သုံးစွဲထားသည်။

ထို့ထက် ရဲတင်းသည်က '၁၀၀၀ ကြေညာစာတမ်း'ဖြစ်သည်။ (အခြေခံ စာတမ်းဟုလည်း သိကြသည်။) ယင်းကို ၂၀၀၁ ခုနှစ်တွင် လက်ဘနွန်သတင်းစာ တစ်စောင်က ဖော်ပြပေးခဲ့သည်။ ယင်းတွင် ယခင်ကလူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီ လိုလားသည့် ရည်မှန်းချက်များပါရှိသည်။ ဘသ်ပါတီအုပ်စိုးမှုကို တိုက်ခိုက်ထားပြီး ပါတီစုံနိုင်ငံရေးစနစ်ကိုလည်း တောင်းဆိုထားသည်။ ထိုစာတမ်းတွင် အစိုးရ၏ နိုင်ငံရေး

the bookhouse
we bring your future

www.burmeseclassic.com



ပြုပြင်ပြောင်းလဲမှုမလုပ်မီ စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ခြင်းကို ရှုတ်ချထားသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု မရှိဘဲ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်လျှင် မအောင်မြင်နိုင်ဟု ဆိုထားသည်။ ယင်းမှာ အစိုးရအဖွဲ့အတွင်းမှ အရာရှိများ အချိုးအကွေ့တစ်ခုသို့ ရောက်သွားသလို ဖြစ်ခဲ့ရသည်။

ထိုစာတမ်းကြောင့် သူတို့က သမ္မတအား နောက်ကြောင်းပြန်လှည့်ရန် ဖိအားပေးလာကြသည်။ ထို့နောက် အစိုးရသည် ဒမတ်စကတ်နွေဦးကို ချုပ်ချယ်နှိမ်နင်းမည့် အမိန့်ကြော်ငြာစာများ တစ်ခုပြီးတစ်ခု ထုတ်ပြန်လာသည်။ အချို့က လန်ဒန်မှ အာရပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာနှင့် ဘရှားအင်တာဗျူးကို ထောက်ပြကာ အစိုးရသည် နောက်ကြောင်းပြန်လှည့်ရန် စီစဉ်နေသည်ဟု ဆိုကြသည်။ ထိုအင်တာဗျူးတွင် ပြောသည်များနှင့် ၂၀၁၁ ခုနှစ် ဆန္ဒပြသူများကို ဖြိုခွင်းပြီးနောက် ဘရှားပြောသည်များမှာ အတော်ပင်တူနေသည်။

ထို့နောက် အဆင့်မြင့်အရာရှိများသည် တစ်နိုင်ငံလုံးကို လှည့်လည်၍ မြို့များ၊ တက္ကသိုလ်များတွင် အစည်းဝေးများလုပ်ကာ လူထုလှုပ်ရှားမှုများကို ရှုတ်ချကြသည်။ ထိုအတိုင်းဆက်လုပ်သွားမည်ဆိုလျှင် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်ကာ တိုင်းပြည်ပြိုကွဲသွားနိုင်သည့်ပြင် ထိုအခြေအနေကို အမေရိကန်နှင့် အစ္စရေးတို့လို ပြည်ပရန်သူများက အခွင့်ကောင်းယူသွားနိုင်သည်ဟု အစည်းဝေးတွင် ပြောကြသည်။ ဒီမိုကရေစီအရေးလှုပ်ရှားသူများ နောက်ဆုတ်သွားကြပြီ ဖြစ်သော်လည်း အစိုးရကို နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနှင့် အရေးပေါ်ဥပဒေဖျက်သိမ်းရန် ဖိအားပေးမှုကိုတော့ သူတို့ စွန့်လွှတ်ကြမည်မဟုတ်ဟုလည်း ပြောခဲ့ကြသည်။ ထင်ရှားသည့် တက်ကြွလှုပ်ရှားသူများကို လုံခြုံရေးတပ်ဖွဲ့များက ခြိမ်းခြောက်ခြင်း၊ ထောင်ချခြင်း များလုပ်ခဲ့သည်။

နောက်ထပ် အတိုက်အခံလှုပ်ရှားမှုများ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များတွင်ဖြစ်ခဲ့သည်။၂၀၀၅ ခုနှစ် ဟာရီရီ လုပ်ကြံခံရပြီးနောက် လက်ဘနွန်နိုင်ငံမှ ဆီးရီးယားတပ်များဆုတ်ခွာရကာ ဆီးရီးယားအစိုးရအား နိုင်ငံတကာဖိအားပေးမှုများ ရှိလာပြီးနောက် ဖြစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ် နွေဦးရာသီတွင် ဘရှားပြုတ်ကျရန် တည်းတည်းသာလိုတော့သည်ဟု အများကထင်နေကြသည်။ အထူးသဖြင့် ဟာရီရီလုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးသော ကုလသမဂ္ဂကော်မတီ၏ အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက်ဖြစ်သည်။ ထိုအစီရင်ခံစာအရ လုပ်ကြံခံရမှုမှာ ဆီးရီးယားအစိုးရတွင် တာဝန်ရှိပြီး ဘရှား၏ညီ မဟာ အယ်လ်- အာဆတ်နှင့် သူ့ယောက်ဖ ထောက်လှမ်းရေးအကြီးအကဲ အဆက် အယ်လ်-ရှောကက်တို့ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိသည် ဟုဆိုထားသည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် 'အမျိုးသားဒီမိုကရေစီပြောင်းလဲမှု ဒမတ်စကတ်ကြေညာချက်' ထွက်ပေါ်လာသည်။ ယင်းကို 'ဒမတ်စကတ် ကြေညာချက်'ဟုလည်းခေါ်သည်။ ယင်းကို ပြည်တွင်းပြည်ပ အတိုက်အခံ ၂၅၀

the bookhouse

www.burmeseclassic.com



က လက်မှတ်ထိုးခဲ့သည်။ ထိုကြေညာချက်က ဒီမိုကရေစီပြောင်းလဲမှုကို အေးချမ်းစွာ တဖြည်းဖြည်းပြောင်းလဲရန် တောင်းဆိုထားသည်။ လက်မှတ်ထိုးသူများမှာ ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက အတိုက်အခံပြုလာခဲ့သူများဖြစ်သည်။ အစိုးရက ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများကို တိုးကာနှိမ်နင်းပြီးနောက် ထိုအုပ်စုက ပြည်တွင်းဆန္ဒကျင်မှုများ လုပ်လာခဲ့ရာ သူတို့ကို ပြည်ပနိုင်ငံများအဖြစ် စွပ်စွဲလာသည်။

သူတို့သည် အစိုးရ မကြာမီပြုတ်ကျတော့မည်ဟု မှားယွင်းစွာတွက်ခဲ့ကြသည်။ သို့သော် အစိုးရမှာ ပြုတ်မကျခဲ့။ ဘုရှ်အစိုးရက ကုလသမဂ္ဂတွင် ဆီးရီးယားအစိုးရအား နိုင်ငံတကာမှဖိအားပေးရန် ကြိုးစားရာတွင် တရုတ်နှင့် ရုရှနိုင်ငံတို့က ကဖျက်ယဖျက်လုပ်နေသည်ကို သူတို့ ထည့်မတွက်ခြင်းဖြစ်သည်။ အစိုးရကို ဖိအားပေးရန် ပိုမို လုပ်ဆောင်လာသောအခါ ထိုအတိုက်အခံများသည် အခြေအနေကို တိကျစွာမသိဘဲ အစိုးရပြုတ်ကျအောင်လုပ်နေသည့် ပြည်ပလက်ကိုင်တုတ်များဟု ဆီးရီးယားတို့က မြင်လာကြသည်။ ၂၀၀၃ ခုနှစ်က အီရတ်နိုင်ငံထဲသို့ အမေရိကန်တို့ ဝင်ရောက်သိမ်းပိုက်သောအခါ ၎င်းတို့နှင့်အတူ ပါလာသည့် အီရတ်ပြည်ပြေးများအား အမေရိကန်က ငွေကြေးထောက်ပံ့ထားသူများအဖြစ် မြင်ခဲ့သလိုမျိုးဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် အက်ဘဒဲ-ဟာလင်း ခတ်ဒမ်အား ဘသ်ပါတီဒုဥက္ကဋ္ဌအဖြစ်မှ ဘရှားကထုတ်ပယ်လိုက်သောအခါ ခတ်ဒမ်သည် အတိုတ်အခံများနှင့် ပူးပေါင်းသွားပြီး အာဆတ်အစိုးရအား အဓိကဝေဖန်သူ ဖြစ်လာသည်။ သို့သော် သူထင်သလို ဖြစ်မလာခဲ့။ သူသည် ယခင်က လာဘ်စားသူတစ်ယောက် ဖြစ်ခဲ့သည်သာမက အတိုက်အခံများကို နှိမ်နင်းသည့်အထဲတွင် သူလည်းပါခဲ့သည်ဟု အတိုက်အခံများက မြင်ထားကြသည်။ အာဆတ်အစိုးရကို ဝေဖန်သည့် အင်တာဗျူးများတွင် သူပြောသည်များမှာ ဟန်ဆောင်မှုများသာဖြစ်သည်ဟု ယူဆကြသည်။ သူရှိနေခြင်းကြောင့် အတိုက်အခံများအကြား မူလရှိနေသည့် အကွဲအပြဲမှာ ပို၍ကြီးများလာသည်။

အတိုက်အခံများအကြား ကွဲပြဲမှုများရှိနေခြင်းကြောင့် ခတ်ဒမ်သည် ၂၀၀၆ ခုနှစ် မတ်လတွင် မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ထဲသို့ ဝင်သွားပြန်သည်။ လန်ဒန်တွင် ခိုလှုံနေသော အလီဆဒါ အယ်လ်-ဒင် ဘေယံနူနီသည် အမျိုးသားကယ်တင်ရေးတပ်ဦး (အင်န်အက်စ်အက်ဖ်)ကို ဖွဲ့စည်းခဲ့သည်။ မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့သည် ဆီးရီးယားတွင် မတရားအသင်း ကြေညာခံထားရသည်။

ယင်း၏အဖွဲ့ဝင်များကိုလည်း သေဒဏ်အထိ အပြစ်ပေးနိုင်သည်။ သို့ရာတွင် အလီဆဒါက အလယ်အလတ်သဘောထားရှိသော ဆီးရီးယား မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ကို ဖွဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ သူက ဒီမိုကရေစီရရှိရေး၊ လူနည်းစု တိုင်းရင်းသားများ အခွင့်အရေးကို ကာကွယ်ရေး၊ အပြောင်းအလဲကို အကြမ်းမဖက် ငြိမ်းချမ်းသောနည်းဖြင့်

the bookhouse

www.burmeseclassic.com



ဆောင်ရွက်ရေးတို့မှာ သူ့အဖွဲ့၏ ရည်မှန်းချက်ဖြစ်သည်ဟု ဆိုသည်။ သို့သော် မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့မှာလည်း ညီညွတ်သည့်အဖွဲ့ မဟုတ်ချေ။ သူ့ကို အလက်ပိုမြို့မှ အလယ်အလတ် သဘောထား ပိုမိုရှိသော ညီအစ်ကိုတော်အဖွဲ့က ထောက်ခံသည်။ ဟာမာမြို့တွင် အခြေစိုက်သော စစ်သွေးကြွအဖွဲ့တစ်ဖွဲ့လည်း ရှိသေးသည်။ ထိုနှစ်ဖွဲ့သည် တစ်ခါတစ်ရံ ပူးပေါင်းဆောင်ရွက်သလို တစ်ခါတလေတော့ နှစ်ဖွဲ့ပြန်ခတ်နေကြသည်။ မကြာခဏဆိုသလို နှစ်ဖက်ညှိနှိုင်းမှုများ ရှိခဲ့သည်။ သို့ဖြင့် ၂၀၁၁-၁၂ ခုနှစ် အုံကြွမှုဖြစ်လာခဲ့သည်။

ဒမတ်စကတ်ကြေညာချက် လက်မှတ်ထိုးသူများသည် အင်န်အက်စ်အက်ဖ်အဖွဲ့နှင့် မပတ်သက်ကြ။ အထူးသဖြင့် ခတ်ဒမ်ရှိ၍ဖြစ်သည်။ သူတို့သည် ဆွန်နီအများစုပါဝင်သော မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ကိုလည်း သိပ်မယုံကြ။ ထိုအဖွဲ့အာဏာရလျှင်ဖြစ်စေ၊ အတိုက်အခံအဖွဲ့များတွင် ဦးဆောင်မှုအခန်းမှပါလာလျှင်ဖြစ်စေ လူနည်းစုအုပ်စုများ ဖြစ်သော ခရစ်ယာန်၊ ဒရုဇ်နှင့် အလာဝိတ်တို့၏ ဘာသာရေးအနေအထားကို ခြိမ်းခြောက်လာမည်စိုးသောကြောင့် ဖြစ်သည်။ နှစ်နှစ်ခန့် အကြာ ၂၀၀၉ ခုနှစ်တွင် အင်န်အက်စ်အက်ဖ်အဖွဲ့ မှေးမှိန်ပျောက်ကွယ်သွားသည်။ အထူးသဖြင့် ထိုအဖွဲ့မှ မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ ခွဲထွက်စဥ်ကဖြစ်သည်။ ထိုအချိန်တွင် လက်ဘနွန်နှင့် ပတ်သက်၍ ဆော်ဒီ-ဆီးရီးယား ဆက်ဆံရေးလည်း တိုးတက်လာခဲ့သည်။

အင်န်အက်စ်အက်ဖ်အတွက် ဆော်ဒီနိုင်ငံ၏ ငွေကြေးထောက်ပံ့မှုက အရေးကြီးနေသည်။ ဟာရီရီ၏ မိသားစု ဆီးရီးယားအစိုးရနှင့် ပြန်လည်ရင်ကြားစေ့သောအခါ အင်န်အက်စ်အက်ဖ်အဖွဲ့ အားနည်းသွားရတော့သည်။ ခတ်ဒမ်၏ မှေးမှိန်မှုမှာ ပို၍ပင် မြန်သေးသည်။ ဆီးရီးယားဆန့်ကျင်ရေး ကြိုးဟတ်တုရုပ်သံလိုင်းကို ပိတ်ကာ ပဲရစ်မြို့တွင် ပြည်ပြေးဘဝဖြင့် နေထိုင်သွားတော့သည်။

၂၀၀၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ အိုဘားမားသမ္မတဖြစ်လာချိန်တွင် ဆီးရီးယားနိုင်ငံမှာ နိုင်ငံတကာ၏ ဝိုင်းပယ်ခြင်းမှ လွတ်မြောက်လာသည်။ (အိုဘားမားသည် ဆီးရီးယားကဲ့သို့သော နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်လိုခဲ့သည်။) ထိုအခါ ဆီးရီးယားအတိုက်အခံများ၏ စကားများလည်း မအောင်တော့ချေ။ ဆီးရီးယား အစိုးရအခြေအနေမှာ ဦးမော့လာပြီဖြစ်ရာ အစိုးရသည် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများကို လိုက်လံနှိမ်နင်းတော့သည်။

***အတိုက်အခံနှင့် အာရပ်နွေဦး***

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်ရှိ အယ်လ်-ဟက်စကာမြို့တွင်

the bookhouse

www.burmeseclassic.com



ဟာစင်အလီအက်ကလေဆိုသူ လူတစ်ယောက်သည် သူ့ကိုယ်သူ ဓာတ်ဆီလောင်းကာ မီးရှို့ခဲ့သည်။ တူနီးရှားနိုင်ငံမှ မိုဟာမက် ဘွာစီဇီ မိမိကိုယ်ကို မီးရှို့အသေခံသွားသကဲ့သို့ပင် ဟာစင်သည်လည်း အစိုးရမူဝါဒများကို ကန့်ကွက်ဆန္ဒပြခြင်း ဖြစ်သည်။ သို့သော် ဟာစင်၏ လုပ်ရပ်မှာ ဘွာစီဇီလောက် ကျယ်ကျယ်ပြန့်ပြန့် အာရုံပြုမိခြင်း မရှိခဲ့ပေ။ ထို့ပြင် သူ့လုပ်ရပ်သည် အုံကြွမှုများကို ချက်ချင်းမီးထိုးပေးနိုင်ခြင်းလည်း မရှိခဲ့ပေ။ သို့သော် အထိုက်အလျောက်တော့ ထိရောက်မှုရှိခဲ့သည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြည်တွင်းပြည်ပ လူမှုမီဒီယာများသည် တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့မှ လူမှုမီဒီယာများအတိုင်း ထိရောက်မှုရှိစေရန် ထိုလ ၄ ရက်နေ့နှင့် ၅ ရက်နေ့များတွင် တစ်နိုင်ငံလုံး 'ဒေါသူပုန်နေ့' ဆင်နွှဲရန် ဆော်သြခဲ့သည်။ ပြည်ပရောက် အုပ်စုများကလည်း ဂြိုဟ်တု မိုဒန်များ၊ မိုဘိုင်းဖုန်းများ၊ ကွန်ပြူတာများနှင့် မီဒီယာလက်နက်အမြောက်အမြားကို ပြည်တွင်းသို့ တင်သွင်းခဲ့သည်။ သို့ရာတွင် ဒေါသူပုန်နေ့မှာ စည်းရုံးသူများ စိတ်ပျက်သွားလောက်အောင် ဖြစ်ခဲ့ရသည်။

ထိုသို့ မဆင်နွှဲမီ လုံခြုံရေးတပ်ဖွဲ့များက ပြည်တွင်းတက်ကြွလှုပ်ရှားသူများကို ဆက်သွယ်ကာ ကန့်ကွက်လှုပ်ရှားမှုများတွင် မပါဝင်ရန် သတိပေးခဲ့သည်။ အကြောက်တရားသည် အစိုးရအတွက် အဆင်ပြေနေစေဟန်တူ၏။ ဒမတ်စကတ်မြို့ရှိ ဦးဆောင်တက်ကြွလှုပ်ရှားသူ ဆူဟာ အယ်လ်-အတာစီက 'ဆီးရီးယားဟာ အသံတိတ်နိုင်ငံ ဖြစ်နေခဲ့တာ ကြာပြီ' ဟု ပြောခဲ့သည်။ ပြည်ပရောက်နေသူများ၏ တောင်းဆိုချက်များမှာ ပြင်းထန်လွန်းသည့်အတွက် ပြည်တွင်းမှလူများက ထိုလူများကို မယုံသင်္ကာ ဖြစ်လာသည်။

သို့ရာတွင် ဒါရားမှ ကျောင်းသားကလေးများကို ဖမ်းဆီးနှိပ်စက်သည်ဟု ကြားရသောအခါ အနေအထားမှာ တစ်မျိုး ပြောင်းသွားသည်။စုပေါင်းလက်မှတ်ထိုးသည့် အုံကြွမှုဖြစ်လာခဲ့သည်။ ထိုကလေးများသည် ဆီးရီးယား၏ ဘွာစီဇီများ ဖြစ်လာကြတော့သည်။ကလေးများဖြစ်၍လည်း တစ်နိုင်ငံလုံး ယူကြုံးမရဖြစ်ကြရပေသည်။ ထိုဖြစ်ရပ်သည် ဆယ်စုနှစ်များစွာ အစိုးရ၏မတရားဖိနှိပ်မှုပြယုဂ် ဖြစ်လာခဲ့သည်။

အရှေ့အလယ်ပိုင်းရှိ နေရာအသီးသီးမှ ဖြစ်ရပ်များကိုကြည့်ကာ လုံခြုံရေးတပ်ဖွဲ့များ သတိထားနေရသည်။ လူအများအပြားမှာ ဝရမ်းမရှိဘဲ အဖမ်းခံရသည်။ အဖမ်းခံရသူများအား မည်သည့်နေရာတွင် ချုပ်ထားသည်ကိုလည်း အစိုးရကထုတ်မပြော။ တရားမျှတမှုမရှိသော တရားရုံးတွင်လည်း စစ်ဆေးခံရသည်။ မကျေနပ်ချက်ကို အနည်းငယ် ပြောရုံမျှဖြင့် ထောင်ချခံရသည်။ (ဤသည်ကို အစိုးရက 'အမျိုးသားစိတ်ဓာတ်ကို အားနည်းအောင်လုပ်သည်' ဟု ဆိုသည်။) ထိုအတွက် ညှဉ်းပန်းနှိပ်စက်မှုလည်း ခံရသည်။ အစိုးရတွက်ထားသည်ထက် ပိုမိုပေါက်ကွဲလာနိုင်သည့် အခြေ

the bookhouse

www.burmeseclassic.com



အနေတွင် ဒါရားမှ ကျောင်းသားကလေးများ ဖမ်းဆီးနှိပ်စက်ခံရသည်ဆိုသောအခါ ကန့်ကွက်မှုအရှိန်အဟုန် မြင့်တက်လာသည်။ အချို့က ဤသည်ကို မတော်တဆဖြစ်ခြင်းဟု ဆိုကောင်းဆိုမည်။ အချို့ကမူ ယင်းသည် တမင်လုပ်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ထိုလုပ်ရပ်ကြောင့် အစိုးရမှာ အနေးနှင့်အမြန် ဒုက္ခတွေ့မည်ဟု ဆိုကြသည်။

မတ်လ ၁၅ ရက်နေ့တွင် ဒါရား၊ ဒယာ အယ်လ်-ဇော၊ အယ်လ်-ဟဆကား၊နှင့် ဟာမာမြို့များတွင် ကန့်ကွက်ဆန္ဒပြမှုများနှင့် လုံခြုံရေးတပ်ဖွဲ့များနှင့် အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်လာတော့သည်။ ဒမတ်စကကတ်မြို့တွင်လည်း ဆန္ဒပြမှု အနည်းအကျဉ်း စတင်လာသည်။ ထိုနေ့မှာပင် အင်တာနက်ဖေ့စ်ဘုတ်၌ '၂၀၁၁ ခုနှစ် ဆီးရီးယားတော်လှန်ရေး'ဟူသော လန်ဒန်မြို့မှတင်သည့် စာမျက်နှာတက်လာသည်။

ထိုအထဲတွင် ဆန္ဒပြမှုများနှင့် နောက်ပိုင်းအကြမ်းဖက်မှုများကို ဗီဒီယို၊ အော်ဒီယိုများဖြင့် ပါလာသည်။ ထိုဆန္ဒပြမှုများကို ထောက်ခံသည့် အာလင်၊ ပဲရစ်၊ ဟယ်လ်စင်ကီ၊ နီကိုးရှား၊ ကိုင်ရိုနှင့် အီစတန်ဘူမြို့များတွင် လူထုဆန္ဒပြသည့်ပုံများလည်း ပါလာသည်။ မတ်လ ၁၈ ရက် သောကြာနေ့တွင် တစ်နိုင်ငံလုံး အရှိန်အဟုန်နှင့် ဆန္ဒပြလာသည်တို့ကို အပျော်တမ်းဓာတ်ပုံဆရာများက ရိုက်ကာ ယူကျူနှင့် ဖေ့စ်ဘုတ်များ တွင်တင်လာသည်။ သောကြာနေ့သည် မွတ်ဆလင်တို့ ဗလီများတွင် စုပေါင်းဝတ်ပြုသည့်နေ့ ဖြစ်ခြင်းကြောင့် မွတ်ဆလင် ကမ္ဘာတွင် ဗလီများသည် လူစုဝေးရာနေရာများဖြစ်ခဲ့ကြသည်။ ထိုသည်များသည် ဝတ်ပြုလိုသူတို့ ဝတ်ပြုရာနေရာဖြစ်ပြီး ဆန္ဒပြလိုသူတို့အတွက်လည်း စုရပ်ဖြစ်ကြသည်။

ဆီးရီးယားတွင်လည်း ထိုအတိုင်းပင်။ အစိုးရဆန့်ကျင်ရေး လူမှုမီဒီယာများက မတ်လ ၁၈ရက်နေ့ကို 'သိက္ခာရှိသောကြာနေ့' သတ်မှတ်ကြေညာလိုက်ကြသည်။ ထို့ကြောင့် သောကြာနေ့သည် ကန့်ကွက်ဆန္ဒပြသူတို့က အရေးကြီးသောပြဿနာများကို လူများအာရုံစိုက်လာစေရန် လုပ်သည့်နေ့ဖြစ်လာသည်။ ပြည်သူများက ဘရှား၏ ညီအစ်ကိုဝမ်းကွဲ၊ ဆီးရီးယားတွင် အချမ်းသာဆုံး ရမ်မီမက်ကလုအား အစိုးရ၏ လာဘ်စားမှု၊ လက်သင့်ရာ စားတော်ခေါ်မှုနှင့် ဓနဥစ္စာခွဲဝေရေး မညီမျှမှုတို့၏ ပြယုဂ်အဖြစ် အော်ဟစ်ရှုတ်ချကြသည်။ နောက်တစ်ပတ်အကြာတွင် မြို့အများအပြားတွင်ရှိသည့် ဘသ်ပါတီ အကြီးအကဲရုံး၊ ရဲဌာန၊ လုံခြုံရေးတပ်ဖွဲ့ရုံးများ၊ ဆီးရီးယားတဲလ်လုပ်ငန်းပိုင် အဆောက်အအုံများ တိုက်ခိုက်ခံကြရသည်။

ထို့ပြင် အလာဝိတ်တို့ အများစုနေထိုင်ရာနှင့်နီးပြီး အဆတ်မိသားစု၏ ဇာတိမြို့ဖြစ်သော ဆီးရီးယား အနောက်မြောက်ဘက်ရှိ လာတကြီးယား ဆိပ်ကမ်းမြို့တွင်လည်း တိုက်ခိုက်ခံရသည်။ဒါရားမြို့တွင် ပြည်သူများက 'ဘုရားသခင်၊ ဆီးရီးယား လွတ်မြောက်ပါစေ' ဟူ၍ ကြွေးကြော်ခဲ့ကြသည်။ မတ်လ ၂၅ ရက်နေ့ကို အွန်လိုင်းများပေါ်တွင် 'ဂုဏ်ကြီးမြတ်သော သောကြာနေ့'ဟု ရေးသားကြသည်။ ထိုကန့်ကွက်ဆန္ဒပြမှုမှာ ယနေ့အထိ အကြီးကျယ်ဆုံးဖြစ်သည်။

the bookhouse

www.burmeseclassic.com



ကန့်ကွက်ဆန္ဒပြမှုများ တိုးပွားပြင်းထန်လာသည်နှင့် အစိုးရကလည်း တိုးတက်တုံ့ပြန်လာသည်။ တစ်နေ့ပြီး တစ်နေ့ ဆန္ဒပြသူများ သေဆုံးနှုန်းကလည်း တိုးလာသည်။ ဆန္ဒပြသူများနှင့် အတိုက်အခံအုပ်စုများ၏ တောင်းဆိုမှုများမှာ အေးအေးချမ်းချမ်းရှိသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးမှုများရှိလာသည်။ လူထုက မိမိကိုယ်ကို ကာကွယ်ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးရခြင်းဖြစ်သည်။ အချို့ကလည်း ထိုအခြေအနေကို အခွင့်ကောင်းယူကာ သတ်ပစ်ခြင်းများလည်းရှိသည်။ စင်စစ်ပြဿနာတစ်ခုက လူထုနှင့် အစိုးရအကြား တိုက်ရိုက်သတင်းဆက်သွယ်မှုမရှိခြင်းဖြစ်သည်။ လူအသေအပျောက်နှင့် ဒဏ်ရာသူများအရေအတွက်ကို အစိုးရဘက်ကဖြစ်စေ၊ အတိုက်အခံဘက်ကဖြစ်စေရသည့် သတင်းများကို အတည်ပြုနိုင်ခြင်း မရှိချေ။ အကြောင်းမူ ထိုနိုင်ငံတွင်းသို့ ဝင်ရောက်ရေးမှာ အကန့်အသတ်များ ရှိနေသောကြောင့်ဖြစ်သည်။

ဤသည်မှာလည်း အစိုးရ၏ အပြစ်သာဖြစ်သည်။ အကြောင်းမှာ ဧပြီလက သတင်းသမားများကို နိုင်ငံတွင်းမှ ထွက်ခွာကြရန် အအစိုးရက ခေါ်ပြောခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သတင်းမှန်ရရန် ခက်ခဲနေသည်။ လူမှုမီဒီယာ သတင်းရပ်ကွက်များမှာလည်း အစိုးရဆန့်ကျင်သည်များဖြစ်သောကြောင့် ထိုနေရာများမှရသော သတင်းများမှာ သူတို့လိုလားသလိုရေးထားသည့် သတင်းများသာဖြစ်နေတတ်သည်။ အစိုးရသတင်းဌာနများမှ သတင်းများသည်လည်း အစိုးရအာဘော်များသာ ဖြစ်နေပြန်သည်။ သတင်းမှန်မှာ နှစ်ဖက်သတင်းများ၏ ကြားတွင်ဖြစ်နိုင်သည်။ သို့သော် သတင်းမှန်များသည် အတိုက်အခံဘက်မှသတင်းများနှင့် ပို၍နီးစပ်သည်။

အစိုးရသည် သူ့ကိုမကောင်းသောအစိုးရအဖြစ် ပုံဖော်နေသည်ကို ထိုင်ကြည့်နေမည်မဟုတ်ဟု ပြောချင်ပြောကြမည်။ သိပ်မကြာမီတွင် အစိုးရလိုလားသော ချီတက်ပွဲတစ်ခု စတင်ခဲ့သည်။ မတ်လ ၂၉ ရက်နေ့ ဘရှားပထမဆုံးမိန့်ခွန်းမပြောမီ တစ်ရက်အလိုတွင် ဒမတ်စကတ်၊ အလက်ပို၊ ဟွမ်း၊ ဟာမာ၊ တောတပ်နှင့် အခြားမြို့များတွင် သမ္မတကိုထောက်ခံသော ချီတက်ဆန္ဒပြမှုများလုပ်ခဲ့သည်။

ဘရှား၏ ပါလီမန်တွင်ပြောသော မိန့်ခွန်းအပေါ် မကျေနပ်မှုများ ဧပြီလ ၁ ရက်၊ သောကြာနေ့တွင် အထွတ်အထိပ်သို့ ရောက်လာသည်။ (ထိုနေ့ကို ဝက်ဘ်ဆိုက်များတွင် 'အာဇာနည် သောကြာနေ့'ဟု ရေးသားကြသည်။) ထိုနေ့တွင် ကန့်ကွက်ဆန္ဒပြမှုများ ပိုမိုများပြားလာသည်။ ဖြိုခွဲမှုများလည်း ပိုမိုလာရာ အသေအပျောက်နှုန်းမှာလည်း တိုးလာသည်။ ဧပြီလ ပထမပတ်တွင် ခေါင်မိုးများပေါ်၌ လက်ဖြောင့်တပ်သားများရောက်ရှိနေကာ ဆန္ဒပြသူများနှင့် ညမထွက်ရအမိန့်ကို ဖောက်ဖျက်သူများအား ပစ်ခတ်ကြသည်ဆိုသောသတင်းများ အတိုက်အခံဘက်မှ ထွက်ပေါ်လာသည်။ ဧပြီလ ၈ ရက်နေ့တွင် ဒါရားမြို့၌ ရဲအရာရှိနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၉ ယောက်သေဆုံးသည်ဟု အစိုးရကထုတ်ပြန်သည်။

the bookhouse
we bring your future

www.burmeseclassic.com



မြောက်ဘက် အလက်ပိုမြို့နှင့် ဒမတ်စကတ်မြို့များတွင်မူ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှု ကြီးကြီးမားမား မရှိလှပေ။ လုံးဝမရှိသည်တော့ မဟုတ်။ ထိုမြို့နှစ်မြို့၏ တက္ကသိုလ်များတွင် အနည်းအပါး ခပ်ကျဲကျဲဆန္ဒပြမှုများ ရှိခဲ့သည်။ အီဂျစ်သမ္မတ ဟူစနီမူဘာရက် ပြုတ်ကျစေသည့် ထောင်သောင်းချီသော ဆန္ဒပြမှုမျိုးတော့ မရှိခဲ့ပေ။ အကယ်၍ ထိုအချိန်တွင် ထောင်သောင်းချီကာ ဆန္ဒပြခဲ့မည်ဆိုလျှင် ဘရှား၏ ကျဆုံးမှုမှာ ရက်ပိုင်းသာလိုတော့သည်ဟု ပြောနိုင်ပေမည်။ စင်စစ် စစ်တပ်ဖွဲ့များ ဖြန့်ချထားပုံမှာလည်း ထိုမြို့နှစ်မြို့၏ ဆင်ခြေဖုံးမှလူများ မြို့လယ်များသို့ စုဝေးရောက်ရှိလာမည်ကို တားဆီးလိုသည့်သဘောဖြစ်သည်။ ၂၀၁၁ ခုနှစ်အကုန်ပိုင်းအထိ ထိုနှစ်မြို့တွင် ကြီးကြီးကျယ်ကျယ် ဆန္ဒပြမှုမျိုးမရှိခဲ့။ ဒမတ်စကတ်တွင်တော့ မကြာခဏ ဆန္ဒပြမှုများဖြစ်ကာ အကြမ်းဖက်မှုများလည်း ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်လောက်တွင် ဆန္ဒပြမှုများသည် ထိုနှစ်မြို့၏ မြို့လယ်ပိုင်းသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေသည်။

ထိုနှစ်မြို့တွင် ထူးထူးခြားခြား ဆန္ဒပြမှုများမရှိရသည်မှာ အကြောင်းများစွာရှိသည်။ ပထမတစ်ကြောင်းမှာ ထိုနှစ်မြို့ကို ဘရှားက အတော်ဂရုစိုက်ခဲ့သည်။ ထို့ပြင် ဘရှားသည် ဒမတ်စကတ်တွင်နေ၊ ထိုမြို့တွင် အလုပ်လုပ်လာခဲ့ပြီး အာဆတ်မိသားစုအား ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဖြစ်လာအောင် သွေးဖခင်ကလုပ်ခဲ့၍လည်းဖြစ်သည်။ ဘရှားသည် အလက်ပိုမြို့သို့ သူ့ဖခင်ထက် အသွားများခဲ့သည်ပြင် ထိုမြို့မှလူအတော်များများကိုလည်း အစိုးရအဖွဲ့တွင် ခန့်ထားခဲ့သည်။ဒုတိယအချက်မှာ ထိုနှစ်မြို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရှိကြသည်။ ထို့ကြောင့် ထိုမြို့များတွင် အခြေခံအဆောက်အအုံများလည်း ကောင်းမွန်သည်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မည့်နေရာများကိုလည်း လှပအောင်ပြင်ဆင်ပေးထားသည်။ ထို့ကြောင့် ထိုနှစ်မြို့တွင် စီးပွားရေးအောင်မြင်သည်။ ထိုသို့ စီးပွားရေးကောင်းသည့်အကျိုးကို ခံစားနေရသူများက အစိုးရကိုထောက်ခံသည်။ အစိုးရဝန်ထမ်းများလည်း ထိုနှစ်မြို့တွင် နေထိုင်ကြသည်။ ထိုသည်များကြောင့် ထိုမြို့များတွင် ကြီးမားသောဆန္ဒပြမှု မဖြစ်နိုင်ချေ။

၂၀၁၁ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ မြို့အများအပြားကျင်း အကြီးမားဆုံးသော ဆန္ဒပြမှုများဖြစ်ခဲ့သည်။ သွေးမြေအကျဆုံးလည်း ဖြစ်ခဲ့သည်။ လူ့အခွင့်အရေးအုပ်စုများ၏ သတင်းပေးပို့ချက်အရ လူတစ်ရာကျော်သေခဲ့သည်။ အစိုးရထံမှ ထွက်လာသည့် သတင်းများတွင်တော့ ထိုထက်နည်းသည်။ ထိုသတင်းများတွင် လုံခြုံရေးဝန်ထမ်းများ သေသည်ကိုသာ ဦးစားပေးဖော်ပြသည်။ 'အကြမ်းဖက်သမားများ'နှင့် 'လက်နက်ကိုင်ဂိုဏ်းများ' လက်ချက်ဖြင့်သေရသည်ဟုလည်း ဖော်ပြသည်။

အစိုးရသည် ဧပြီလ ၂၅ ရက်နေ့တွင် ဖြိုခွင်းမှုကို အရှိန်မြှင့်တင်လိုက်သည်။ ဆန္ဒပြမှုများ၏ ဗဟိုချက်ဖြစ်သော ဒါရားမြို့ထဲသို့ တင့်ကားများဖြင့် တရကြမ်းဝင်လာခဲ့သည်။ ထိုမြို့အနီးရှိ ဂျော်ဒန်နှင့် နယ်စပ်ကို ပိတ်ပစ်လိုက်သည်။

the bookhouse

www.burmeseclassic.com



ထိုမြို့ ရေ၊ မီးနှင့် တယ်လီဖုန်းလိုင်းများ ဖြတ်တောက်ခံခဲ့ရသည်။ ထိုအချိန်တွင် ဘရှားအား ဖယ်ရှားရေးမှာ ဘုံတောင်းဆိုချက် ဖြစ်လာသည်။ ဒါရာမြို့သားတစ်ယောက်က 'အီဘားမားရယ် လာပြီး ဆီးရီးယားကိုသိမ်းပါ၊ အစ္စရေးရယ် လာပြီး ဆီးရီးယားကိုသိမ်းပါ၊ ဂျူးများရယ် လာကြပါ၊ သူတို့ဟာ ဘရှားအာဆတ်ထက်တော့ ကောင်းကြမှာပါ' ဟု ပြောခဲ့သည်။

ဧပြီလ ၂၈ ရက်နေ့တွင် ဆန္ဒပြသူများအား သေနတ်ဖြင့်မပစ်သော ဆီးရီးယားစစ်သားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် စစ်သားများဒဏ်ရာရသွားသည်ဟူသော သတင်းများ ဗီဒီယိုရိုက်ကူးထားသည်များ ထွက်ပေါ်လာသည်။ အချို့စစ်သားများ တပ်မှထွက်ပြေးသွားကြသည်ဟူသော ခန့်မှန်းမှုများလည်း ရှိသည်။ ထိုသတင်းကိုတော့ ထုံးစံအတိုင်း အတည်ပြုရန်ခက်သည်။

သို့သော် ထိုကဲ့သို့သောသတင်းများ ပလူပျံအောင်ထွက်လာသည်။ စစ်တပ်သည် သူတို့၏သခင်များကို ဆန့်ကျင်နေသည်ဟူသောအဖြစ်နှင့် စစ်သားများ တပ်မှပိုမိုထွက်ပြေးစေရန် အတိုက်အခံများက ထိုသတင်းများကို ပုံကြီးချဲ့သတင်းပေးကြသည်။ ထိုသို့ တပ်ပြေးများ ရှိလာမှုကြောင့် နွေရာသီရောက်သောအခါ အတိုက်အခံဘက်တွင် လွတ်လပ်သော ဆီးရီးယားတပ်မတော်ဟူ၍ ဖွဲ့စည်းလာသည်။ သို့ရာတွင် စစ်ဘက်နှင့် လုံခြုံရေးတပ်ဖွဲ့အကြီးတန်းအရာရှိများသည် အစိုးရအား ဆက်လက်သစ္စာရှိနေကြသည်။

ဧပြီလ နောက်ဆုံးပတ်တွင် ပါလီမန်အမတ်နှစ်ဦးနှင့် ဘာသာရေးအကြီးအကဲတစ်ယောက်တို့သည် ရာထူးမှ နုတ်ထွက်လိုက်ကြသည်။ သူတို့သုံးယောက်စလုံးမှာ ဒါရားနယ်မှဖြစ်ကြသည်။ ဒါရားနယ် ဘာသာရေးအကြီးအကဲက နုတ်ထွက်စာတွင် 'ကျွန်တော်တို့၏ အပြစ်မဲ့ကလေးများ သွေးမြေကျသည်ကို ကျွန်တော်သည်းမခံနိုင်ပါ'ဟု ပါရှိသည်။ အမတ်နှစ်ဦးမှာ နတ်ဆာဟာရီရီနှင့် ခါလီရစ်ဖိုင်းတို့ဖြစ်ကြသည်။ နတ်ဆာကလည်း 'ကျွန်တော့်နယ်သားများကို ယခုလို ရက်ရက်စက်စက် တိုက်ခိုက်မှုမှ အကာအကွယ်မပေးနိုင်လျှင် ကျွန်တော် အမတ်ရာထူးနှင့် ဆက်လက်မနေသင့်တော့ပါ၊ ကျွန်တော့်နုတ်ထွက်ပါသည်' ဟု ထွက်စာတင်ခဲ့သည်။

အတိုက်အခံဘက်မှ ပြောရာတွင် ပါလီမန်သည် အာဏာသိပ်ရှိလှသည်မဟုတ်။ သို့သော် ယခု နုတ်ထွက်မှုများမှာ ထိရောက်မှုရှိပြီး ဝန်ကြီးများပါ နုတ်ထွက်စေရန် နမူနာများဖြစ်သည် ဟု ဆိုကြသည်။ သို့သော် ထိုမျှလောက်အထိတော့ ဖြစ်မလာ။ သံအမတ်များလည်း သက်ဆိုင်ရာနိုင်ငံများတွင် နိုင်ငံရေး ခိုလှုံခွင့်တောင်းသည်မျိုးလည်း မရှိခဲ့။ ဤသည်မှာ လစ်ဗျားနိုင်ငံဖြစ်စဉ်နှင့်တော့ ခြားနားသည်။ လစ်ဗျားနိုင်ငံတုန်းကမူ ဝန်ကြီးများ၊ သံအမတ်များ၊ စစ်အရာရှိများ နုတ်ထွက်ခဲ့ကြသည်။ ဆီးရီးယားတွင် ထိုရာထူးရှင်များသည် အစိုးရအပေါ် အထိုက်အလျောက် သစ္စာရှိကြသည်။ ထို့ပြင် သူတို့

the bookhouse

www.burmeseclassic.com



ထိုသို့ အစိုးရကို သစ္စာဖောက်လိုက်လျှင် သူတို့မိသားစုများအား ရန်ရှာလာမည်ကို စိုးရိမ်နေကြ၍လည်း ဖြစ်သည်။ အခြေအနေမှာ ထိုသို့ဖြစ်နေသော်လည်း အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို အလေးအနက်လုပ်ကာ စစ်သားများကို စစ်တန်းလျားပြန်နိုင်းမည်ဟူသော မျှော်လင့်ချက်ကလေးများ ရှိလာပုံပေါ်သည်။ ဧပြီလအကုန်ပိုင်းတွင် အမျိုးသားပြောင်းလဲရေး ဆောင်ရွက်မှုအဖွဲ့ခေါ် အတိုက်အခံ ပြည်ပြေးအုပ်စုတစ်ခုက ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဟူသော သူတို့၏ သဘောထားကို ထုတ်ပြန်လာသည်။

ထိုထုတ်ပြန်ချက်တွင် တောင်းဆိုထားသည်များမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်နှင့် တိုးပွားလာသော အကြမ်းဖက်မှုများကို ရပ်တန့်ရန်တို့ဖြစ်သည်။ ဘရားနုတ်ထွက်ပေးရန်တော့ တိုက်ရိုက်တောင်းဆိုခြင်းမရှိ။ သို့သော် 'အကယ်၍ သမ္မတသည် အသွင်ကူးပြောင်းရေး၏ ခေါင်းဆောင်အဖြစ် သမိုင်းအတင်မခံလိုဟုဆိုလျှင် ပြည်သူများတွင် အခြားရွေးချယ်ရန်လမ်းမရှိ၊ တူနီးရှား၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့မှ ပြည်သူများလုပ်သလို လုပ်သွားရန်ပင် ရှိတော့သည်'ဟု ပါရှိသည်။

ထိုထုတ်ပြန်ချက်တွင် အီဂျစ်မှာကဲ့သို့ စစ်တပ်နှင့် အစိုးရကိုခွဲထုတ်ရန် 'အသွင်ကူးပြောင်းရေး ကာလကို ဦးဆောင်ရန် အသင့်တော်ဆုံးအဖွဲ့အစည်းမှာ စစ်တပ်သာလျှင်ဖြစ်သည်၊ အထူးသဖြင့် လက်ရှိကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အလီဟာဘစ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒါဝပ်ရာဂျာတို့ဖြစ်သည်' ဟု ပါရှိသည်။ ဩဂုတ်လ ၈ ရက်နေ့တွင် အလီဟာဘစ်မှာ သူ့အိမ်တွင် သေဆုံးနေသည်ကို တွေ့ရသည်မှာ အံ့ဩစရာမရှိပေ။ မသေမီတစ်နေ့က သူ့ကို ရာထူးမှထုတ်ပယ်လိုက်ကြသည်။ နိုင်ငံပိုင် အာရပ်သတင်းအေဂျင်စီကထုတ်သည့်သတင်းတွင် သူသည် ကျန်းမာရေးအတော်ပင် ချို့ယွင်းနေသည်ဟု ဖော်ပြထားသည်။ ကျွန်တော်ကတော့ သွေးရိုးသားရိုး သေသည်မဟုတ်ဟု ထင်သည်။

ဧပြီလအတွင်းတွင် ဖြစ်ခဲ့သောဆန္ဒပြမှုများမှာ စနစ်တကျမရှိ။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လည်းမရှိ။ ဦးဆောင်သော အဖွဲ့အစည်းလည်းမရှိ။ တကွဲတပြား အုပ်စုများကို ပေါင်းစပ်ထားခြင်းမျှသာဖြစ်သည်။ ဒမတ်စကတ်ကြေညာစာတမ်းကို လက်မှတ်ထိုးခဲ့သော အစဉ်အလာအတိုက်အခံများကလည်း ဆန္ဒပြမှုများကြောင့် အံ့အားသင့်နေကြသည်။ ထိုလူများမှာ အတော်အတန် အသက်ကြီးနေကြပြီး ဆန္ဒပြလူငယ်များကို လိုက်မမီဖြစ်နေကြသည်။ အထူးသဖြင့် လူမှုမီဒီယာနည်းပညာများတွင်ဖြစ်၏။ သူတို့နှစ်များစွာ အားချည့်နေစဉ် ထက်မြက်သူများမှာလည်း ထောင်ကျနေကြသည်။ သူတို့သည် ဖြစ်ပျက်နေသည်များကို ဘေးမှထိုင်ကြည့်ရုံသာ လုပ်နိုင်ကြသည်။ အချို့ကတော့ အုပ်စုများအကြား ချိတ်ဆက်ပေးနေကြသည်။

အပြင်ပန်းအားဖြင့်ကြည့်လျှင် အဖုံအခဲလိုက် ပေါက်ကွဲဆန္ဒပြနေသည်ဟု ထင်စရာရှိသည်။ တကယ်တမ်းမှာမူ

the bookhouse
we bring your future

www.burmeseclassic.com



ဒေသအလိုက် လိုလားချက်ကို တောင်းဆိုနေခြင်းမျှသာဖြစ်သည်။တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တောင်းဆိုနေကြသည်မျိုး မဟုတ်။ ဆန္ဒပြသူများနှင့် အစိုးရတပ်ဖွဲ့များအကြား ကြောင်နှင့် ကြွက်ကစားသလိုလုပ်နေကြသည်။ အချို့ကို အိမ်အမိုးများပေါ် တက်ကာ လုံခြုံရေးတပ်ဖွဲ့များ လာမလာစောင့်ကြည့်နိုင်းထားသည်။ ဘေးချင်းယှဉ်သော လမ်းများတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရသလိုမျိုးလုပ်နေကြသည်။

အထူးသဖြင့် ညဘက်များတွင်ဖြစ်သည်။ တူရိယာများပင် တီးခတ်ကာ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများကို အော်ဟစ်နေကြသည်။ ဆန္ဒပြသည်များမှာလည်း ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်မျှသာဖြစ်သည်။ အမိုးပေါ်တွင် စောင့်ကြည့်နေသူက လုံခြုံရေးတပ်ဖွဲ့များလာနေပြီဟု သတိပေးလိုက်သည်နှင့် ပုန်းစရာရှိသည့်နေရာကို သေပြေးရှင်ပြေး ပြေးတော့သည်။ နောက်တစ်ညကျတော့ ထိုအတိုင်း ပြန်လုပ်ကြပြန်သည်။

## *အစိုးရ၏ စကီဇိုဖရီးနီးယားရောဂါ*

၂၀၁၁ ခုနှစ် မေလနှင့် ဇွန်လကိုရောက်တော့ အစိုးရသည် ဆန္ဒပြသူများကို စကီဇိုဖရီးနီးယား ရောဂါသည်ပမာ တုံ့ပြန်လာသည်။ အစိုးရသည် အလျှော့ပေးမှုအချို့လုပ်လိုက်၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်ကို ကြေညာလိုက် လုပ်နေစဉ် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များက မြို့အသီးသီးရှိ ဆန္ဒပြပွဲများကို တိုးတက်ဖြိုခွင်းလာသည်။ ထိုသည်ကို အပြင်ပန်းမှကြည့်မည်ဆိုလျှင် ထိုနှစ်ခုသည် ဝိရောဓိဖြစ်နေပြီး ထိုသို့နှစ်ခုကွဲလွဲနေသည်မှာ ဆန္ဒပြပွဲများကို တုံ့ပြန်မှုအပေါ် အစိုးရအဖွဲ့အတွင်း သဘောထားကွဲနေသည်ဟု ထင်စရာရှိသည်။

အခြားတစ်ဖက်ကလည်း ဘရှားနှင့် သူ၏အတွင်းစည်းရှိလူများသည် ယခုလိုလုပ်ခြင်းမှာ ဒင်္ဂါး၏ ခေါင်းနှင့် ပန်းလိုမျိုး မြင်စေချင်၍ဖြစ်သည်။ တစ်နည်းအားဖြင့် အာဆတ်အစိုးရများသည် အင်အားနိုင်ငံရေးကို ကျင့်သုံးသည်ဟု မြင်စေလိုခြင်းဖြစ်သည်။ ယင်းမှာ အလျှော့ပေးခြင်းသည် အားကြီးသူကသာ ပေးနိုင်သည်။ အားနည်းသူက မပေးနိုင်ဟူ၍ ဖြစ်သည်။

ဆိုလိုသည်မှာ ဆူပူမှုကိုနှိမ်နင်းရာတွင် ဘရှားအစိုးရသည် အင်အားကြီးသည့် အနေအထားကြောင့် အလျှော့ပေးမှုများ လုပ်နေသည်ဟု မြင်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤသို့ဖြင့် အစိုးရသည် အတိုက်အခံများကို ရေရှည်တွင် အင်အားချည့်နဲ့လာစေကာ ပွဲသိမ်းထိုးချက်ဖြင့် အပြတ်ဖြတ်ပစ်မည်ဖြစ်သည်။

အစိုးရသည် ပြည်ပလျှို့ဝှက်ကြံစည်မှုများဖြင့် ပြည်တွင်းမှ လက်နက်ကိုင်ဂိုဏ်းများ၊ အစွန်းရောက်အကြမ်းဖက်

the bookhouse we bring your future

www.burmeseclassic.com



သမားများ၊ ရာဇဝတ်ကောင် လူရမ်းကားများကို သွေးထိုးပေးနေသည်ဟု မြင်လာအောင် ပုံဖော်နေသည်။ အစိုးရသည် အတိုက်အခံအုပ်စုများ၏ ရက်စက်မှုများကို ပုံကြီးချဲ့ခြင်းဖြင့် အနောက်တိုင်းမီဒီယာတို့၏ မရေမရာသတင်းများကို လွှမ်းမိုးပစ်ခဲ့သည်။

သို့သော် စစ်ဘက်နှင့် လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြသူများအား လိုအပ်သည်ထက်ပို၍ အင်အားသုံးဖြိုခွဲသည်ကတော့ သေချာသည်။ သို့ဖြင့် ဝါဒဖြန့်ချိရေးစစ်တွင် အစိုးရဘက်မှ ပြည်တွင်းရောပြည်ပတွင်ပါ ရှုံးလာသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်မည်၊ တွေ့ဆုံဆွေးနွေးမည်ဟူသော ဟန်ဆောင်မှုများကို အချိန်ဆွဲရန် လှည့်စားမှုများသာဖြစ်သည်ဟု မြင်လာကြသည်။

အစိုးရ၏ လုံခြုံရေးမဟာဗျူဟာမှာ တစ်နေရာတွင် ဆန္ဒပြမှုဖြစ်သည်နှင့် သစ္စာရှိစစ်တပ်ဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များကိုလွှတ်ကာ နှိမ်နင်းနိုင်းတော့သည်။ အချို့လူများမှာ သုံးလေးခါ အဖမ်းခံသည်။ ပထမ စစ်တပ်ကဖမ်းသည်။ နောက်တော့ လုံခြုံရေးတပ်ဖွဲ့များကဖမ်းသည်။ ထို့နောက်တစ်ဖန် လုံထိန်းနှင့် ပြည်သူ့စစ်များကဖမ်းပြန်သည်။ ပြည်သူ့စစ်များသည် စစ်စည်းမျဉ်းများကိုကျော်လွန်ကာ လုပ်ဆောင်ကြတော့သည်။ ညာဘက်လက် ဘာလုပ်နေသည်ကို ဘယ်ဘက်လက်က မသိသည်မျိုးလည်း မကြာခဏဖြစ်သည်။

ဆန္ဒပြသူတစ်ယောက်ကို လုံခြုံရေးတပ်ဖွဲ့ကဖမ်းပြီး ညှဉ်းပန်းနှိပ်စက်သည်။ ထိုလူကို စစ်တပ်၊ ရဲ၊ သို့မဟုတ် ထောက်လှမ်းရေးက ဖမ်းပြီးညှဉ်းခဲ့ပြီးမှန်း လုံခြုံရေးတပ်ဖွဲ့များ မသိခဲ့။ ထို့ပြင် လွတ်မြောက်ရေးနယ်မြေမလုပ်နိုင်အောင်လည်း တပ်ဖွဲ့များလွှတ်၍ တားဆီးနိုင်းသည်။ အထူးသဖြင့် မြောက်ဘက် တူရကီနှင့် နယ်စပ်တွင်ဖြစ်သည်။ ထိုနေရာတွင် တူရကီသည် ဆီးရီးယားအတိုက်အခံများနှင့် စစ်ပြေးများကို လက်ခံထားလေ့ရှိသည်။ လက်ခံပြီး နိုင်ငံတကာအကူအညီကို တောင်းခံသည်။ သစ္စာရှိတပ်ဖွဲ့များမှာ အများအားဖြင့် အလာဝိတ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဆန္ဒပြသူအများစုမှာ ဆွန်နီမွတ်ဆလင်များဖြစ်၍ စစ်တပ်ထဲမှ ဆွန်နီများက မပစ်ခတ်ဘဲ သစ္စာဖောက်မည်ကို အစိုးရက စိုးရိမ်နေသည်။

ထိုမဟာဗျူဟာဖြင့် အစိုးရ၏ လူမိုက်များသည် အစိုးရအလိုကျ ဖြစ်နေခြင်းဖြစ်သည်။ ဘရှား၏ညီ မဟာအယ်လ်- အာဆတ်သည် အမှတ် ၄ သံချပ်ကာတပ်ရင်း၏ တပ်မှူးဖြစ်သည်။သူသည် ယခင်နှစ်များကပင် လူကြမ်းတစ်ယောက်အဖြစ် နာမည်ကြီးလာခဲ့သည်။သူ့ကို ဘရှား၏ဦးလေး ရစ်ဖတ် အယ်လ်-အာဆတ်နှင့် တူသည်ဟု အများကနှိုင်းနှိုင်းကြသည်။ ရစ်ဖတ်သည် သူ့အစ်ကို ရာဖစ်လက်အောက်တွင် ယခု မဟာ၏ရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၉၈၂ ခုနှစ်က ဟာမာမြို့တွင် မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ ပုန်ကန်မှုကို နှိမ်နင်းခဲ့သူလည်းဖြစ်သည်။ ဆန္ဒ

the bookhouse

www.burmeseclassic.com



ပြသူများအား ပစ်ခတ်နေသည်ကို ရိုက်ထားသည့်ဗီဒီယိုအား ကြည့်ရသူများက ပစ်ခတ်သူမှာ မဟာဖြစ်သည်ဟုဆိုကြသည်။ ထိုသည်မှာ ဟုတ်မဟုတ်ပြောရန်လည်း သူကငြင်းသည်။ ဘရှားက တပ်ဖွဲ့များအား အရပ်သားများကို မပစ်ခတ်ရန် အမိန့်ပေးထားသည်ဟု မကြာခဏ ပြောလေ့ရှိသည်။ သို့သော် မဟာကတော့ မနာခံ။

မည်သို့ပင်ဖြစ်စေ အာဆတ်အစိုးရများသည် ပြည်တွင်းအန္တရာယ်ရှိလာပြီဆိုလျှင် အမြန်ဆုံးနှင့် အရက်စက်ဆုံး နှိမ်နင်းတတ်ကြသည်။ ယင်းကို မည်သူမျှမငြင်းနိုင်။

အစိုးရသည် သူတို့အာဏာကို ထိပါးလာသည့်အခါ၊ တစ်နည်းအားဖြင့်ဆိုသော် သူတို့အာဏာတည်မြဲရေးကို ရန်ပြုလာလျှင် ထိုရန်ကို ကျော်လွှားရန်သုံးသည့် အခြားမဟာဗျူဟာမှာ ဘာသာရေးကွဲပြားမှုကို အသုံးချခြင်းဖြစ်သည်။ ၂၀၁၁-၁၂ ခုနှစ် အုံကြွမှုကို ရက်စက်စွာဖြိုခွင်းခြင်းမှာ ဘာသာကွဲများအကြား တင်းမာမှုကို အလာဝိတ်တို့က ဆွပေးခြင်းလည်း ဖြစ်သည်။

ယင်းမှာ အစိုးရကလိုလားသော လုပ်ငန်းစဉ်ဖြစ်သည်။ အတိုက်အခံများကို ဆွန်နီအစွန်းရောက်များဟု စွပ်စွဲခြင်းဖြင့် အစိုးရမှာ အခြားဘာသာကွဲများ၏ ထောက်ခံမှုကို ဆက်လက်ရရှိနေမည်ဖြစ်သည်။ ယင်းမှာ အစိုးရအတွက် အဓိကအရေးပါသည်။ ထိုဘာသာကွဲများမှာ ခရစ်ယာန်နှင့် အလာဝိတ်တို့ဖြစ်သည်။ သို့သော် သူတို့က အာဆတ်တို့အား သိပ်ကြည်ဖြူသည်တော့ မဟုတ်။ ထိုအုပ်စုနှစ်ခုက အကယ်၍ ဘရှားအစိုးရပြုတ်ကျပြီး ဆွန်နီအစိုးရ တက်လာလျှင် မိမိတို့အား ရန်ရှာလာမည်ကို ကြောက်နေကြသည်။ ထိုအဖြစ်မျိုး အရှေ့အလယ်ပိုင်းသမိုင်းတွင် မကြာခဏ ဖြစ်နေသည်။

ထိုအဖြစ်မျိုးမှာ ဖြစ်လေ့ဖြစ်ထရှိပြီး သွေးထွက်သံယိုများလည်း ရှိကြသည်။ အထူးသဖြင့် အမျိုးသားရေးလက္ခဏာ မပီပြင်သေးသည့် နိုင်ငံများတွင် အဖြစ်များသည်။ မကြာသေးမီကပင် အိမ်နီးချင်း အီရတ်နိုင်ငံတွင် ဖြစ်သွားခဲ့သေးသည်။ ထိုနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဆဒမ်ဟူစိန်ပြုတ်ကျပြီးနောက် ဆွန်နီနှင့် ရှီယာအစွန်းရောက်များ၏ နှိပ်စက်မှုကို ခရစ်ယာန်များ ခံခဲ့ရသည်။ အီဂျစ်နိုင်ငံတွင်လည်း မူဘာရက်ပြုတ်ကျပြီးနောက် ခရစ်ယာန်များသည် ဆွန်နီအစွန်းရောက်များ၏ အကြမ်းဖက်မှုဒဏ်ကို ခံခဲ့ကြရသည်။

ဆီးရီးယားအစိုးရကတော့ 'ငါတို့ရလျှင်ရ မရလျှင် ဝရုန်းသုန်းကားဖြစ်စေရမည်' ဆိုသောမူဖြင့် မတည်ငြိမ်မှုနှင့် ဘာသာကွဲစစ် ဖြစ်မည်ကို ကြောက်ကြသော ဆီးရီးယားလူမျိုးတို့အား စည်းရုံးထားသည်။ အတိုက်အခံများကလည်း လက်စားချေခံရမည်ကို ကြောက်နေသူများအား ကောင်းစွာစည်းရုံးမထားနိုင်ခဲ့။ ထိုမျှသာမကသေး အတိုက်အခံတို့၏ ထုတ်ပြန်ချက်များတွင် ရင်ကြားစေ့မည်ဆိုသည်ထက် လက်စားချေမည့်သဘောများ ပါနေသည်။ အတိုက်အခံလှုပ်ရှား

the bookhouse

www.burmeseclassic.com



မှုများတွင် လူမျိုးစုများ ပါလာစေရန် မကြာခဏကြိုးစားသော်လည်း ယင်းမှာဟန်ပြမျှသာဖြစ်သည်။ အစိုးရက ဘာသာကွဲပြားမှုကို အသုံးချသည်မှာ သူတို့မလုပ်ပါဟု အတန်တန်ပြောခဲ့သည့်လုပ်ရပ်ဖြစ်သည်။ ဘာသာကွဲပြားမှုကို အကာအကွယ်ယူလျက် မြို့အများအပြားတွင် ဘာသာရေးခွဲခြားထားခြင်းသည် ဘာသာရေးအခြေခံ အကြမ်းဖက်မှုများနှင့် ဘာသာကွဲပြည်တွင်းစစ် ဖြစ်လာနိုင်သည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ နာဒင်ကပြောရာတွင် 'ဆီးရီးယားအစိုးရဟာ သူ့ကိုယ်သူ ဘာသာကွဲလူမျိုးကွဲတွေရဲ့ ကြားခံလို့ သတ်မှတ်ထားတာ ''ငါတို့မရှိရင် မင်းတို့ ဝံပုလွေစာ ဖြစ်မယ်''ဆိုပြီး အားလုံးကိုစည်းရုံးထားတာ'ဟုဆိုသည်။

အလာဝိတ်များသည် သူတို့နှင့်ဘာသာတူများဖြင့် ဖွဲ့စည်းထားသော အစိုးရကပစ်ထားသဖြင့် ဆင်းရဲနေကြရသည်။ လူကုံထံ အလာဝိတ်များ၏ ဆွေမျိုးမဟုတ်သော၊ လူမျိုးစုမတူသော အလာဝိတ်များမှာ တောသူတောင်သားများကဲ့သို့ ခဲခဲယဉ်းယဉ်း ရှာဖွေစားသောက်ကြရသည်။ သူတို့အတွက် လက်စားချေခံရမည်ဆိုလျှင်လည်း သိပ်မထူးတော့။ သူတို့သည် ၁၀၇၀ ပြည့်လွန်နှစ်များက အစိုးရနှင့် ဆွန်နီမွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့တို့အကြား ပြည်တွင်းစစ်ကိုလည်း မှတ်မိနေသည်။ ၁၉၈၂ ခုနှစ် ဟာမာမြို့လူသတ်ပွဲကိုလည်း မှတ်မိနေသည်။

ဆီးရီးယားနိုင်ငံတွင် 'အာရပ်နွေဦး' ဖြစ်နေစဉ်အတွင်း အဖြစ်အပျက်များစွာရှိခဲ့သည်။ တစ်ခုမှာ ၁၃ နှစ်သားကလေးတစ်ယောက်၏ အဖြစ်အပျက်ဖြစ်သည်။ အမည်မှာ ဟမ်ဇာ အယ်လ်-ခတ်တက်ဖြစ်သည်။သူသည် ဧပြီလ ၂၉ ရက်နေ့တွင် သူနေထိုင်ရာ ကျေးရွာမှ ပျောက်သွားခဲ့သည်။ နောက်တစ်လအကြာတွင် ခြေလက်ဖြတ်ထားသော သူ့အလောင်း သူ့အိမ်သို့ ရောက်လာသည်။ သူ့အလောင်းဓာတ်ပုံများကို ကမ္ဘာသို့ ထုတ်လွှင့်ပြသလိုက်သောအခါ နိုင်ငံတကာတွင် ဒေါသများဖြစ်ကုန်သည်။ ဆီးရီးယားအစိုးရက ကလေးကိုညှဉ်းဆဲခြင်းမရှိကြောင်း ငြင်းဆိုသည်။ အစိုးရကဆရာဝန်တစ်ယောက်ကို ငှားပြီး ကလေးအလောင်းကို စစ်ဆေးခိုင်းသည်။ ဆရာဝန်က ဒဏ်ရာများမှာ ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာမဟုတ်ကြောင်း ထွက်ဆိုသည်။

မည်သူ့လက်ချက်ဖြစ်သည်ကို အပထား၊ ထိုအဖြစ်မှာ ဆီးရီးယားအရေးအခင်းကြောင့် ဖြစ်သည်မှာတော့ အမှန်ပင်။ လက်ညှိုးအားလုံးကတော့ အစိုးရ၏လုံခြုံရေးတပ်ဖွဲ့များကိုသာ ထိုးနေကြသည်။ ထိုတပ်ဖွဲ့များသည် ဒါရာအရေးကပင် ကလေးများကို ညှဉ်းဆဲခဲ့သည်မှာ အထူးပြောရန်မလိုတော့။ အစိုးရက ထိုကိစ္စအတွက် စုံစမ်းစစ်ဆေးမည်ဟုပင် ကြေညာသည်။ ဘရှားက ထိုကလေး၏မိသားစုကိုပင် သွားရောက်တွေ့ဆုံခဲ့သေးသည်။ ထိုအဖြစ်အပျက်ကြောင့် 'အာရပ်နွေဦး'အတွင်း အခြားအာရပ်နိုင်ငံများ၏ ဆန္ဒပြပွဲများ၌ 'ကျုပ်တို့လည်း ဟမ်ဇာ အယ်လ်-ခတ်တက်တွေပဲ'ဟု ဟစ်အော်ခဲ့ကြသည်။ မေလ ၂၈ ရက်နေ့တွင် သူ့အမည်ဖြင့် ဖေ့စ်ဘုတ်စာမျက်နှာတစ်ခု ဖွင့်ခဲ့သည်။ ထိုစာမျက်နှာတွင် သူ့ကို

the bookhouse

www.burmeseclassic.com



ထောက်ခံရေးသားသူ ၆၇,၀၀၀ ရှိခဲ့သည်။ တစ်ယောက်က ရေးသားရာတွင် 'ဟမ်ဇာကို သတ်သည့်အစိုးရအတွက် နေရာမရှိတော့'ဟူ၏။

မေလ ၉ ရက်နေ့တွင် ဘူသိန်နာ ရှားဘန်းက ဆန္ဒပြသူများအပေါ် အစိုးရက အသားစီးရနေပြီဖြစ်ကြောင်း ကြေညာသည်။ 'ဇာတ်သိမ်းတာကို မြင်ရဖို့ ကျွန်မ ဆုတောင်းပါတယ်၊ သိပ်အန္တရာယ်များတဲ့ကာလကို ကျွန်မတို့ လွန်မြောက်ခဲ့ပါပြီ၊ အဲဒီအတိုင်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ ဖြစ်ပြီလို့လည်း ထင်ပါတယ်' ဆန္ဒပြသူများနှင့် ပတ်သက်၍ ပြောကြားရာတွင် သူမက 'သူတို့တွေဟာ အခြေခံဝါဒီတွေ၊ အစွန်းရောက်ဝါဒီတွေ၊ မှောင်ခိုတွေ၊ ပြစ်မှုကျူးလွန်ဖူးခဲ့သူတွေကိုပေါင်းပေးပြီး ဒုက္ခပေးဖို့ အသုံးချတာပါ' သူမက ထိပ်တန်းနိုင်ငံရေးအတိုက်အခံများကို တွေ့ခွင့်ပေးခဲ့ကြောင်း၊ သူတို့က နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို ဦးတည်မည့် နှစ်ဖက်တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းကြောင်းလည်း ထည့်ပြောသွားသည်။

'ဒီနိုင်ငံမှာ ဖြစ်ပျက်သွားတာကို အခွင့်အလမ်းအဖြစ် ကျွန်မတို့ အသုံးချချင်ပါတယ်၊ ဒါကို ရှေ့ကိုတက်လှမ်းရမယ့် အခွင့်အလမ်းလို့ ကျွန်မတို့ မြင်ပါတယ်၊ အထူးသဖြင့် နိုင်ငံရေးအပိုင်းမှာပေါ့' ဟုဆိုသည်။

ဤသည်မှာ အတိုက်အခံတို့က ပယ်ချသည့် အစိုးရ၏ အလျှော့ပေးချက်ဖြစ်သည်။ အတိုက်အခံတို့က ကမ်းလှမ်းချက်သည် အချိန်ဆွဲသည့် နည်းဗျူဟာဖြစ်ကြောင်း၊ ထိုမျှနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ဖြစ်မလာနိုင်ကြောင်း ထောက်ပြကြသည်။ တင့်ကားများသည် လမ်းများပေါ်တွင် ရှိနေဆဲ၊ လူတွေကိုလည်း သတ်နေဆဲဟုလည်းဆိုသည်။ ပထမလုံခြုံရေးတပ်ဖွဲ့များကို ရုပ်သိမ်းပေးရမည်။ အုံကြွမှုစကတည်းက ဖမ်းထားသည့် နိုင်ငံရေးအကျဉ်းသားများ (ဇွန်လအထိ ၁၀,၀၀၀ ခန့်ရှိသည်။)ကို လွှတ်ပေးရမည်ဟုလည်း ဆိုသည်။

ထိုအကျဉ်းသားများကို လက်ရှိအကျဉ်းထောင်များတွင် အခြေအနေ ဆိုးရွားစွာဖြင့် ချုပ်ထားသည်။ အချို့ကို ကျတော့ စာသင်ကျောင်း၊ အားကစား လေ့ကျင့်သည့်ရုံ၊ ကုန်လှောင်ရုံ၊ အစိုးရ အဆောက်အအုံများကို အကျဉ်းထောင်အဖြစ် ပြောင်းထားသည့်နေရာများတွင် ချုပ်ထားသည်။ အမည်မဖော်လိုသည့် အာဏာပိုင်တစ်ယောက်က သမ္မတ၏ အဓိကအခက်အခဲကိုပြောရာတွင် 'သူဟာ ဒီပြုပြင်ပြောင်းလဲရေးတွေကို အကောင်အထည်မဖော်နိုင်ဘူး၊ အကောင်အထည်ဖော်လိုက်ရင် သူပြုတ်ကျမယ်ဆိုတာ သူသိနေတယ်'ဟုဆို၏။

၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် အစိုးရအား နာမည်ပျက်လောက်သည့် ထိုးနှက်ချက်တစ်ခု ဖြစ်ခဲ့ပြန်သည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားပြဿနာနှင့် ပတ်သက်သော ၅၅ မျက်နှာပါ အစီရင်ခံစာကို ထုတ်ပြန်လိုက်သောကြောင့်ဖြစ်သည်။ ထိုအစီရင်ခံကို ခေါင်းစဉ်ဖတ်ရုံဖြင့် ဆက်ဖတ်စရာပင် မလိုတော့။ ခေါင်းစဉ်မှာ 'သည်မျှ

the bookhouse

www.burmeseclassic.com



*ကြောက်စရာကောင်းသည်မျိုး မရှိခဲ့ဖူးသော ဆီးရီးယား လုံခြုံရေးတပ်ဖွဲ့များ၏ လူသားများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ'* ဟူ၍ဖြစ်သည်။ ထိုအစီရင်ခံစာက အသေးစိတ်ဖော်ပြရာ၌ ဆန္ဒပြသူများနှင့် ဘေးမှရပ်ကြည့်သူများအား စနစ်တကျသတ်ဖြတ်ပုံ၊ တရားမဲ့ဖမ်းဆီးပုံ၊ လူများပျောက်သွားပုံ၊ ညှဉ်းပန်းနှိပ်စက်ပုံ၊ ဆေးဝါးကုသခွင့်မပေးပုံ၊ ကွပ်မျက်ပုံ၊ အစုလိုက်အပြုံလိုက် မြေမြှုပ်သင်္ဂြိုဟ်ပုံများပါရှိသည်။ ထိုအစီရင်ခံစာမှာ ဘရှားအား လူသားများအပေါ် ကျူးလွန်သော ရာဇဝတ်မှုဖြင့် နိုင်ငံတကာခုံရုံးသို့ တင်သင့်၊ မတင်သင့် အချေအတင်ပြောနေသည်များအတွက် အထောက်အကူဖြစ်ခဲ့သည်။

## ရင့်ကျက်လာသည့် အတိုက်အခံများ

အစိုးရသည် နိုင်ငံရေးအဖြေရှာရန် စိတ်ဝင်စားဟန် ဆက်လက်ပြသနေသည်။ ယင်းမှာ ပြည်တွင်းထက် နိုင်ငံတကာကို ပြသလိုခြင်းဖြစ်သည်။ ထို့ပြင် ပြည်ပြေးများကိုလည်း ထိုးနက်လိုသည့်သဘောဖြစ်သည်။ မေလ ၃၁ ရက်နေ့တွင် ဘရှားသည် တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာအောင် ဆောင်ရွက်မည့် ကော်မတီတစ်ရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ကြေညာလိုက်သည်။ ထို့ပြင် ၂၀၁၁ ခုနှစ် မေလ ၁ ရက်မတိုင်မီက ကျူးလွန်ခဲ့သည့် နိုင်ငံရေးပြစ်မှုများကို ခွင့်လွှတ်မည်ဟူ၍လည်း ကြေညာသည်။ ထိုအထဲတွင် မတရားသင်း ကြေညာခံထားရသော မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့လည်း အကျုံးဝင်သည်ဟု ပါရှိသည်။ ထိုကြေညာချက်ပါ နေ့စွဲများမှာ ပြည်ပြေးအတိုက်အခံများ တူရကီနိုင်ငံ အင်တာယာမြို့တွင် (မေလ ၃၁ ရက်မှ ဇွန်လ ၃ ရက်အထိ)လုပ်မည့် အစည်းအဝေးရက်စွဲနှင့် တူညီနေသည်မှာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပေ။

ထိုအစည်းအဝေးတွင် အတိုက်အခံတို့ကို ကိုယ်စားပြုမည့် အဖွဲ့အစည်းတစ်ခုဖွဲ့ရန်ဖြစ်သည်။ အစည်းအဝေးနာမည် ကပင် 'ဆီးရီးယားပြောင်းလဲရေး ကွန်ဖရင့်' ဖြစ်သည်။ ထိုအစည်းအဝေးကို ကမကထ ပြုသည်မှာ အီဂျစ်နိုင်ငံအခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဖွဲ့ဖြစ်သည်။ ထိုအစည်းအဝေးသို့ အတိုက်အခံ ၃၀၀ ခန့်တက်ရောက်ကြသည်။ ရည်ရွယ်ချက်မှာ အတိုက်အခံအုပ်စုများ ညှိနှိုင်းကာ အသွင်ကူးပြောင်းရေးကောင်စီဖွဲ့ရန်ဖြစ်သည်။ ယင်းမှာလည်း လစ်ဗျားနိုင်ငံတွင်ဖွဲ့ခဲ့သော အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီကို အတုယူခြင်းဖြစ်သည်။ ဝါရှင်တန်အခြေစိုက် ထင်ရှားသော တက်ကြွလှုပ်ရှားသူ ရာဒွမ် ဇီယာဒါက 'ဆီးရီးယားအုံကြွမှုဟာ ခေါင်းဆောင်မဲ့ဆိုတာ လူတိုင်းသိပါတယ်၊ ရှေ့ကိုဆက်သွားဖို့ ဦးဆောင်မှုလိုတယ်၊ ရည်ရွယ်ချက်က ပြည်တွင်းပြည်ပအတိုက်အခံတွေ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်း ဆောင်ရွက်ဖို့ပါ' ဟုဆိုသည်။ အစိုးရအနေဖြင့် စိတ်ပူရသည့်တစ်ချက်မှာ အစိုးရတည်မြဲရေးတွင် ဆွန်နီကုန်သည်လူတန်းစား၏ သစ္စာရှိမှု

the bookhouse
we bring your future

www.burmeseclassic.com



လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အတိုက်အခံတို့၏ ကွန်ဖရင့်ကို ထင်ရှားသည့် ဆီးရီးယားစီးပွားရေးသမားများက စိတ်ဝင်စားနေခြင်းဖြစ်သည်။ ထိုကွန်ဖရင့် ကျင်းပနိုင်ရန် အလီဆန်ကာနှင့် ဝပ်ဆင်ဆန်ကာ ညီအစ်ကိုတို့က ငွေကြေး ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ဇိမ်ခံကား ဖြန့်ချိရေးလုပ်ငန်းလုပ်သူများဖြစ်ကြသည်။

ထိုကွန်ဖရင့် မကျင်းပမီတွင် အတိုက်အခံများအကြား ပြည်တွင်းနှင့်ပြည်ပ ကွဲနေကြသည်။ လန်ဒန်အခြေစိုက် ဒီမိုကရေစီရေးနှင့် လွတ်လပ်ရေးအဖွဲ့ခေါင်းဆောင် ဘရှား၏ညီအစ်ကိုဝမ်းကွဲ ရစ်ဘဲ အယ်လ်-အာဆတ်က ယခု ကွန်ဖရင့်သည် အစ္စလာမ်အစွန်းရောက်ဝါဒ၏ ရှေ့တန်းဖြစ်သည်ဟုဆိုသည်။

သူက 'လွတ်လပ်၍ ဒီမိုကရေစီနည်းကျသည့် ဘာသာရေးဗဟုဝါဒ'ကိုဦးတည်သည့် ကွန်ဖရင့်တစ်ရပ် ကျင်းပ ဦးမည်ဟုလည်းဆိုသည်။ ကွန်ဖရင့်ကိုတက်ရောက်သော မွတ်ဆလင် ညီအစ်ကိုတော်အဖွဲ့ဝင်များသည် အလယ်အလတ် သဘောထား ရှိဟန်ဆောင်နေကြသည်ဟုလည်း သူက ဆိုသည်။ 'ဒီလူတွေဟာ အတိုက်အခံတွေကို ကိုယ်စားမပြု ဘူးဆိုတာ သေချာတယ်၊ သူတို့ကိုယ်သူတို့ပဲကိုယ်စားပြုတယ်၊' ကဒ်လူမျိုး အတိုက်အခံအုပ်စုများက ထိုကွန်ဖရင့်ကို သပိတ်မှောက်ကြသည်။ အခြားပြည်ပြေး အတိုက်အခံများကလည်း ကွန်ဖရင့်၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို သဘော မကျကြ။

ကွန်ဖရင့်တွင် အတိုက်အခံများက ဘရှား၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်များ ကို ပယ်ချကြသည်။ ထို့ပြင် 'ဆီးရီးယား ဒီမိုကရေစီနိုင်ငံသစ်'ထူထောင်ရန် အစီအစဉ်ဆွဲနေပြီဟုလည်း သူတို့ကဆိုသည်။ ဝါရှင်တန်အခြေစိုက် ဆီးရီးယားဒီမိုကရေစီ တက်ကြွလှုပ်ရှားသူ အမ္မာ အဗ္ဗဟာမစ်ကလည်း ကွန်ဖရင့်ကို အတိုက်အခံများ အား ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်စေချင်သည်ဟုဆိုသည်။

သဘောတူမှု၊မတူမှုများ ရှိခဲ့လင့်ကစား ထိုကွန်ဖရင့်ကြောင့် ၂၀၁၁ ခုနှစ်တွင် ဆီးရီးယားအမျိုးသားကောင်စီ (အက်စ်အင်န်စီ)ကို ဖွဲ့ဖြစ်ခဲ့ခြင်းဖြစ်သည်။အငြင်းအခုံတွေ များခဲ့သော်လည်း အက်စ်အင်န်စီသည် ၂၀၁၁ ခုနှစ်အကုန်တွင် နိုင်ငံတကာမှ အသိအမှတ်ပြုသော အတိုက်အခံအဖွဲ့အစည်းဖြစ်လာခဲ့သည်။

အစိုးရက ပို၍စိတ်ဝင်စားသည့် အဖွဲ့မှာ ပြည်တွင်းအတိုက်အခံများကဖွဲ့သည့် ဒေသခံပူးတွဲလုပ်ဆောင်ရေး ကော်မတီ (အယ်လ်စီစီ)ဖြစ်သည်။ ထိုကော်မတီတွင် နည်းပညာကျွမ်းကျင်သည့်လူငယ်အများစု ပါဝင်သည်။ ထိုလူငယ် များမှာ အုံကြွမှု စတော့မှ ပေါ်လာကြပြီး အုံကြွမှုတွင် အရေးပါသောအခန်းမှ ပါဝင်ခဲ့ကြသည်။ ပြည်ပအတိုက်အခံများ နှင့် အာဆတ်လွန်အစိုးရ ရှိလာမည်ဆိုလျှင် အယ်လ်စီစီကို အလေးအနက် သဘောထားရမည်ဖြစ်သည်။ သူတို့သည် အစိုးရဆန့်ကျင်ရေး အုံကြွမှုတွင် အသက်နှင့် ခြေလက်များအဆုံးရှုံးခံကာ ဦးဆောင်ခဲ့သူများလည်းဖြစ်ကြသည်။ သူတို့နှင့်

the bookhouse
we bring your future

www.burmeseclassic.com



သူတို့ကိုထောက်ခံသူများသည် ပြည်ပြေးအတိုက်အခံများကို မလိုလားလှချေ။ သူများခူးပြီးခပ်ပြီးမှ ဝင်စားချင်သူများဟု မြင်သည်။

မြို့အသီးသီးရှိ အယ်လ်စီစီအဖွဲ့များအကြား သဘောထားကွဲမှုများ ရှိနေကြသည်။ ဒေသအလိုက် အခြေအနေများ မတူသည့်အပေါ်မူတည်ကာ သဘောထားကွဲကြခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုအဖွဲ့များ ပွံ့နှံ့လာကာ အုံကြွမှုတွင် အဓိကမောင်းနှင်အားများဖြစ်ခဲ့သည်။

ဘရှားအာဆတ်သည် အုံကြွမှု၏ ပထမနှစ်လခွဲတွင် လူပေါင်း ၁၁၀၀ ကျော် သေခဲ့ရလင့်ကစား သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲရေးသမားဟန် ပြုနေဆဲရှိနေသေးသည်။ ဇွန်လ ၂၀ ရက်နေ့တွင် ဒမတ်စကတ်တက္ကသိုလ်ခန်းမထဲတွင် အစိုးရ လိုလားသူ ပရိတ်သတ်အား အရေးအခင်းအတွင်း တတိယမိန့်ခွန်းပြောခဲ့သည်။ ထိုမိန့်ခွန်းကို ရုပ်သံမှလွှင့်ထုတ်သဖြင့် နိုင်ငံသို့ပြောသော မိန့်ခွန်းဖြစ်သွားသည်။

ထိုမိန့်ခွန်းမှာ လေသံသိပ်မမာဘဲ ယခင်မိန့်ခွန်းနှစ်ခုထက် အနည်းငယ်ပို၍ လေးနက်သည်။ ပြုပြင်ပြောင်းလဲမည့်သဘော အနည်းငယ်ပိုပါသော်လည်း အုံကြွမှုကို သုံးသပ်သည်ကသာများသည်။ သူက စစ်တပ်ဖွဲ့များကို စစ်တန်းလျားသို့ အမြန်ဆုံးပြန်ပို့ဖို့ ကြိုးစားနေပါသည်ဟု ပြောသွားသည်။ ထို့ပြင် ပြည်သူများအား သွေးမြေကျအောင် လုပ်သူများအား လိုက်လံရှာဖွေ အရေးယူမည်ဟုလည်း ပြောသွားသည်။ လက်နက်ကိုင်ဂိုဏ်းများက အကြမ်းဖက်မှုများကို လှုံ့ဝှက်ကြံစည်ခဲ့ကြသည်ဟုလည်း ထပ်မံပြောသွားသေးသည်။ 'ပြည်ပမှာ ဆီးရီးယားနိုင်ငံ အရုပ်ဆိုးအောင် လုပ်နေတဲ့လူတွေလည်း ရှိသေးတယ်။ သူတို့က နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ဖို့တောင် တောင်းဆိုနေကြတယ်' ဟုပြောသွားသေးသည်။

သူက ပြုပြင်ပြောင်းလဲရေးနှင့် တွေ့ဆုံဆွေးနွေးရေးကို ဖောင်းပေးရန်ကြိုးစားသည်။' အစိုးရရဲ့ အတိုက်အခံကြား တွေ့ဆုံဆွေးနွေးတာမျိုး မဖြစ်သင့်ဘူး၊ ဆီးရီးယား လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဆွေးနွေးတာမျိုးပဲ ဖြစ်သင့်တယ်' ဟု သူကဆို၏။ ပြုပြင်ပြောင်းလဲရန် အချိန်လိုသည်၊ ယင်းမှာ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရမည်လည်း ဖြစ်သည်ဟု ပြောသွားသေးသည်။ တူရကီနိုင်ငံထဲမှ ဆီးရီးယားဒုက္ခသည်များကိုလည်း ပြန်လာရန်လည်း ထည့်သွင်းပြောသွားသည်။

'အဲဒီမှာ သူတို့လုံခြုံရေးအတွက် စစ်တပ်ချပေးထားပါတယ်၊ နိုင်ငံသားတွေနဲ့ မြို့တွေလုံခြုံဖို့လည်းပါတာပေါ့'

အတိုက်အခံများက သူ့မိန့်ခွန်းကို ချက်ချင်းပယ်ချကြသည်။ သူပြောသွားသည်များမှာ ဗလာကတိများသာဖြစ်ပြီး ယခင်ကလည်း ပေးသွားသည့်ကတိများကို အကောင်အထည်ဖော်ခြင်းမရှိခဲ့ဟု ပြောကြသည်။ ဘရှားအာဆတ်သည်

the bookhouse
we bring soul future

www.burmeseclassic.com



ဆူပူမှု၏ ဇာစ်မြစ်မှာ လူမှုစီးပွားရေးနှင့် နိုင်ငံရေးကြောင့်ဆိုသည်ကို လက်မခံဘဲ ပြည်ပသွေးထိုးမှုဟုသာ ပြောနေသည်။ ဆန္ဒပြသူတစ်ယောက်ရေးသောစာတန်းတွင် 'ကျုပ်တို့ဟာ ရောဂါပိုးတွေဆိုရင် ခင်ဗျားက ရောဂါပိုးခေါင်းဆောင်ကြီးပေါ့' ဟူ၏။

အာဆတ်၏ နောက်ဆုံးမိန့်ခွန်းကြောင့် ဖြစ်လာသည့် အားတက်စရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ နိုင်ငံရေးပါတီ ဥပဒေသစ်ကို အစိုးရကမူကြမ်းရေးဆွဲပြီး အွန်လိုင်းပေါ်တင်ကာ ပြည်သူများဖတ်ရှုစေပြီး ဩဂုတ်လတွင် ပါလီမန်က အတည်ပြုမည့်အစီအစဉ်ဖြစ်သည်။ ထိုဥပဒေအရ ဘဲသ်ပါတီ၏ တစ်ပါတီစနစ် အဆုံးသတ်သွားမည်ဖြစ်သည်။ (လူဦးရေ ၂၂ သန်းရှိသော ဆီးရီးယားတွင် ဘဲသ်ပါတီဝင် ၂ ဒသမ ၈ သန်းရှိသည်။) ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက ပါလီမန်ထဲတွင် သစ္စာရှိအတိုက်အခံပါတီတစ်ခု ရှိခဲ့သည်။ ယင်းမှာ အမျိုးသားတိုးတက်ရေးတပ်ဦးပါတီဖြစ်သည်။ ထိုပါတီအောက်တွင် လက်ဝဲယိမ်းပါတီငယ်များစွာရှိသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၈ တွင် ဘဲသ်ပါတီသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ဦးဆောင်သောပါတီဖြစ်သည်ဟုပါရှိသည်။ ဥပဒေသစ်အရ ပါတီစုံစနစ်ကို ဦးတည်နေသည်။ သို့ရာတွင် ကန့်သတ်မှုများ များစွာ ပါဝင်နေသည်။ အထူးသဖြင့် ဘာသာရေးဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ ဒေသဆိုင်ရာပါတီများ မပါရအောင် ပိတ်ဆို့ထားသည်များ ပါနေသည်။

ပါတီထောင်ရန် လျှောက်ထားမည့် ပါတီခေါင်းဆောင်သည် အသက် ၂၅ နှစ်ထက်မငယ်ရ။ ပြည်နယ်များ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းကို ပါတီဝင်ဖြစ်အောင် စည်းရုံးနိုင်သူဖြစ်ရမည်။ လျှောက်ထားသည့်အချိန်တွင် ပါတီဝင် ၂၀၀၀ ရှိနေရမည်ဖြစ်သည်။ပြည်ထဲရေးဝန်ကြီး ဦးဆောင်သော ပါတီရေးရာကော်မတီက လျှောက်ထားချက်ကို အတည်ပြုနိုင် ပယ်ချနိုင်မည်ဖြစ်သည်။

ဇူလိုင်လတွင် အစိုးရသည် တိုင်းပြည်တွင်ထင်ရှားသူများဖြစ်သည့် အသိပညာရှင်များ၊ လူငယ်ခေါင်းဆောင်များ၊ ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများ စသည်တို့ကို အမျိုးသားတွေ့ဆုံဆွေးနွေးရေးအတွက် ခေါ်ယူလိုက်သည်။ထိုအဖွဲ့ကို ဦးဆောင်မည့်သူမှာ ဒုသမ္မတ၊ ဆွန်နီဘာသာဝင်၊ ဒါရားဇာတိ ဖာရောက် အယ်လ်-ရှာရားဖြစ်သည်။ ဖာရောက်မှာ အဂတိကင်းပြီး တိုင်းပြည်အကျိုးကို အမှန်တကယ်လိုလားသူဖြစ်သဖြင့် အများလေးစားခံရသူဖြစ်သည်။ သူ၏ အဖွင့်မိန့်ခွန်းတွင် သူက ဒီမိုကရေစီနိုင်ငံဖြစ်ရေးကို ဦးတည်သည့် ယခု တွေ့ဆုံဆွေးနွေးပွဲကို ကြိုဆိုကြောင်း ပြောသွားခဲ့သည်။

သို့သော် ထိုအစည်းဝေးပြီးသည့်နောက် မည်သည့်တွေ့ဆုံဆွေးနွေးမှုမှ ပေါ်မလာတော့။ ထင်ရှားသော ဒီမိုက

the bookhouse

www.burmeseclassic.com



ရေစီ တက်ကြွလှုပ်ရှားသူနှစ်ယောက်က ဆန္ဒပြသူများကိုယ်စား မိမိတို့မပြောနိုင်။ သူတို့ကိုယ်တိုင်သာ ပြောသင့်သည်ဟု ကျွန်တော့်အား ပြောပြသည်။ အခြားတက်ကြွလှုပ်ရှားသူတစ်ယောက်ကလည်း အစိုးရက သူကြိုက်သည့်လူများကို ခေါ်ကာ ဆွေးနွေးမည်ဆိုခြင်းမှာ မမှန်၊ စာရေးဆရာများ၊ လူမျိုးစုခေါင်းဆောင်များ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ စသည်ဖြင့် အကုန်ခေါ်ကာ ဆွေးနွေးမှ မှန်မည်ဟုဆိုသည်။ ယင်းမှာလည်း အစိုးရက အချိန်ဆွဲသည့်သဘောသာဖြစ်သည်ဟုမြင်ကြသည်။ ယင်းမှာ လက်ခံနိုင်စရာရှိသော အတိုက်အခံများနှင့် လက်ခံနိုင်စရာမရှိသော အတိုက်အခံများကို ခွဲထုတ်လိုက်ခြင်းသာ ဖြစ်သည်ဟုလည်း ဆိုကြသည်။

ပြည်တွင်းပြည်ပ အတိုက်အခံအင်အားစုများသည် အာဆတ်ပြုတ်ကျရေးကိုသာ ဦးတည်နေသည်။ အစိုးရနှင့် တွေ့ဆုံဆွေးနွေးနေ၍လည်း အကြောင်းထူးမည်မဟုတ်။ အီဂျစ်နိုင်ငံတွင် မူဘာရက်လုပ်ခဲ့သော တွေ့ဆုံဆွေးနွေးမှုနှင့်သာ တူနေမည်ဟု ဆိုနေကြသည်။

## လူမှုကွန်ရက်

တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့တွင် အုံကြွမှုဖြစ်စဉ်က လူမှုမီဒီယာများမှာ များစွာထိရောက်မှုရှိခဲ့သည်။ ဆီးရီးယားနိုင်ငံတွင်လည်း အုံကြွရေး၊ အတိုက်အခံပြုလှုပ်ရှားရန် စည်းရုံးရေးတို့တွင် လူမှုမီဒီယာကွန်ရက်မှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုလှုပ်ရှားမှုများတွင် လူထုမီဒီယာလမ်းကြောင်းများဖြစ်သည့် ဖေ့စ်ဘုတ်၊ တွစ်တာ၊ ယူကျူးများမှတစ်ဆင့် စည်းရုံးလှုံ့ဆော်သွားကြခြင်းဖြစ်သည်။ ထိုသည်များကို အသုံးချခြင်းဖြင့် ဟိုတစ်စသည်တစ်စ ကန့်ကွက်မှုများမှ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကန့်ကွက်ဆန္ဒပြမှုကြီး ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ထိုလူမှုမီဒီယာ၏ အဓိကအားသာချက်မှာ ဆင်ဆာလုပ်၍မရခြင်း၊ ပေးပို့သူ မည်သူမှန်းမသိနိုင်ခြင်း စသည်တို့ကြောင့် ယင်းတို့ကိုအသုံးချသော အတိုက်အခံအင်အားစုများ အကာအကွယ်ရနေခြင်းဖြစ်သည်။

လူမှုမီဒီယာရှိနေခြင်းကြောင့် အာဏာရှင်အစိုးရများ ယခင်ကလို သတင်းစီးဆင်းမှုကို ထိန်းချုပ်၍မရနိုင်ဖြစ်ခဲ့ရသည်။ အတိုက်အခံတို့သည် ထိုစနစ်များကို အသုံးချကာ မိမိတို့အတွက် အကျိုးရှိမည့်သတင်းမျိုးကို ဖြန့်ဝေနိုင်ခဲ့သည်။ ယခင်ကမူ အစိုးရသည် နိုင်ငံပိုင်မီဒီယာကို အသုံးချကာ မိမိတို့အတွက်အကျိုးရှိမည့် သတင်းများကို ဖန်တီးဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ အုံကြွမှုသတင်းများကို လူမှုမီဒီယာအသုံးပြုလျက် အစိုးရမထိန်းချုပ်နိုင်ဘဲ ပထမဆုံးဖြန့်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။

the bookhouse
we bring your future

www.burmeseclassic.com



အစိုးရကိုဆန့်ကျင်သူများသည် အတိုက်အခံလှုပ်ရှားမှုများအတွက် ဖေ့စ်ဘုတ်နှင့် တွစ်တာများကို အသုံးချခဲ့ကြသည်။ 'ဆီးရီးယားတော်လှန်ရေး ၂၀၁၁' နှင့် 'ဆီးရီးယားတော်လှန်ရေး သတင်းပေါင်းချုပ်' စသည်တို့ကဲ့သို့ လူမှုမီဒီယာဝက်ဘ်ဆိုက် အမြောက်အမြားဖြင့် ဆန္ဒပြမှုများကို ချိတ်ဆက်လုပ်ဆောင်ခဲ့ကြသည်။ ဆိုက်(ဝက်ဘ်ဆိုက်)များကို အသုံးချကာ အတိုက်အခံများသည် ပြည်တွင်းပြည်ပသို့ အစိုးရ၏ ရက်စက်စွာဖိနှိပ်ပုံများကို သိအောင်လုပ်နိုင်ခဲ့သည်။

ခြေလက်များပြတ်နေသော ၁၃ နှစ်သားလေး ဟမ်ဇာ၏ဓာတ်ပုံကိုပါ အွန်လိုင်းတွင် တင်ပေးနိုင်ခဲ့သည်။ ထိုကဲ့သို့သော ဗီဒီယိုများကို အွန်လိုင်းတွင်တင်နိုင်သဖြင့် အတိုက်အခံများ ပိုမိုတက်ကြွကာ ကန့်ကွက်ဆန္ဒပြမှုများ ပို၍အသံကျယ်လာသည်။ လူမှုမီဒီယာကြောင့် ပြည်သူများ ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ခဲ့ရသည်။

ဖြစ်ပုံက ဘရှားအာဆတ်သည် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက ဆီးရီးယားကွန်ပျူတာအဖွဲ့တွင် ဥက္ကဋ္ဌလုပ်လာခဲ့သည့် ကွန်ပျူတာကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။ အာဆတ်သည် ဆီးရီးယားတွင် အင်တာနက်ဝင်ရောက်မှုကို အရှိန်မြှင့်ပေးခဲ့သည်။ ထို့ကြောင့် အတိုက်အခံများက သူ့ကိုဖြုတ်ချရန်ကြိုးပမ်းမှုတွင် နည်းပညာအခြေခံ ရရှိခဲ့သည်။ အင်တာနက်ကို နိုင်ငံတော်က ထိန်းချုပ်ထားသည်။

သို့သော် အင်တာနက်ဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီနှစ်ခုလည်း ရှိသည်။ ဆီးရီးယားတဲလ်နှင့် ဆီးရီးယား တယ်လီဖုန်းဆက်သွယ်ရေး တည်ဆောက်မှု (အက်စ်တီအီး)လုပ်ငန်းတို့ဖြစ်သည်။ ယခင်နှစ်များက နိုင်ငံတော်သည် တယ်လီဖုန်းဆက်သွယ်မှု လုံခြုံရေးကို အလေးထားဆောင်ရွက်လာခဲ့သည်။ ခေတ်မီသော မီဒီယာထောက်လှမ်းရေးနည်းပညာကိုလည်း အီရန်၊ အီတလီနှင့် ကနေဒါနိုင်ငံများမှ ရရှိခဲ့သည်။

ဆီးရီးယားသည် အင်တာနက်မှတစ်ဆင့် ကမ္ဘာကိုတံခါးဖွင့်ပေးဟန်ရှိသော်လည်း အစိုးရဆန့်ကျင်သူဟု မသင်္ကာရသူများအား ဆိုက်ဘာနည်းပညာဖြင့် ခြေရာခံသည်များလည်း ရှိခဲ့သည်။၂၀၀၁ ခုနှစ်တွင် ဘရှားအာဆတ်က ပုဂ္ဂလိကမီဒီယာလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခဲ့သဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အကြား အင်တာနက်အသုံးပြုမှု ၄၉၀၀ ရာနှုန်း ရှိခဲ့သည်။ အစိုးရက ထောက်လှမ်းမှုနှင့် လုံခြုံရေးသတိရှိမှုများ မြှင့်တင်ဆောင်ရွက်ခဲ့သော်လည်း လူငယ်များက ယင်းတို့ကို ရှောင်ရှားသည့် နည်းပညာများ တီထွင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် လူငယ်များသည် လုံခြုံရေးတပ်ဖွဲ့များ၏ စောင့်ကြည့်မှုကို ရှောင်ရှားနိုင်သည့် နည်းပညာအတွေ့အကြုံ များစွာရှိနေပြီဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် အစိုးရက ဖေ့စ်ဘုတ်အသုံးပြုမှုကို ပိတ်ပစ်ခဲ့သည်။ အစ္စရေးတို့ ထိုးဖောက်ဝင်ရောက်လာနိုင်သောကြောင့်ဟု အကြောင်းပြသည်။ သို့သော် အစိုးရဆန့်ကျင်သူများကမူ လူထုအတွင်း အစိုးရ လက်လှမ်းမမီနိုင်သည့် နည်းဖြင့် လူမှုကွန်ရက်တည်ထောင်မည်စိုးသောကြောင့်ဟု တွက်သည်။ သို့သော် နည်းပညာကျွမ်းကျင်သောလူငယ်များ

the bookhouse

www.burmeseclassic.com



က နိုင်ငံတကာဆာဗာများဖြင့် ရှောင်ရှားကာလုပ်ယူနိုင်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပိတ်ထားသည့် ဖေ့စ်ဘုတ်နှင့် လူမှုမီဒီယာ(ဝက်ဘ်)ဆိုက်များကို ပြန်ဖွင့်ပေးခဲ့သည်။ ယင်းကို အစိုးရကအလျှော့ပေးခြင်းဟု အချို့က ယူဆသော်လည်း အချို့ကမူ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများကို ကြားဖြတ်ထောက်လှမ်းနိုင်ရန်ဟု တွက်ကြသည်။ ထိုအချိန်တွင် အစိုးရသည် အီရန်နိုင်ငံမှ ဆိုက်ဘာ ထောက်လှမ်းရေးနည်းပညာကို ရရှိထားသည်။

သတင်းစီးမျောမှုကို မထိန်းချုပ်နိုင်သည်ဖြစ်၍ အစိုးရသည် ဖေ့စ်ဘုတ်၊ တွစ်တာ၊ ယူကျုတို့မှတစ်ဆင့် သတင်းများပျံ့ကာ အုံကြွမှုဖြစ်လာသည်ကို ထိုင်ကြည့်နေရတော့သည်။ ထို့ကြောင့် ဆန့်ကျင်သူများအား အစိုးရက ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ဓာတ်ပုံများ၊ ဗီဒီယိုများဖြင့် အွန်လိုင်းတွင်တက်လာနေတော့သည်။ ထိုမျှသာမက သေး၊ အတိုက်အခံတို့၏ အင်တာဗျူးများ၊ အစိုးရဆန့်ကျင်ရေးသီချင်းများနှင့် ဝေဖန်ချက်များပါ တက်လာကြသည်။

တင်သူ မည်သူမှန်းမသိနိုင်သည့် လူမှုမီဒီယာဆိုက်များ၏ သဘာဝကြောင့် ယင်းတို့ကို အတိုက်အခံများက ကောင်းစွာ အသုံးချနိုင်ခဲ့ကြသည်။၂၀၁၁ ခုနှစ်တွင် တက်လာသောဘလော့တစ်ခုတွင် အဖိနှိပ်ခံလူမျိုးတစ်စုက ပြန်လည်တိုက်ခိုက်ပုံကိုရေးထားသည်။ထိုဘလော့ကို ပြည်တွင်းပြည်ပမှ စိတ်ဝင်တစား ဖတ်ရှုကြသည်။ထိုဘလော့သည် ဆက်လက်တက်မလာသောအခါ ယင်းကိုရေးသူ ယောကျ်ားလျာမ အမီနာအရဖ် အဖမ်းခံရပြီဟု ပရိသတ်တွက်ခဲ့ကြသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး ဒေါသတကြီးဖြစ်ကုန်ရပြန်သည်။ နောက်တစ်ပတ်ကြာသောအခါ အမီနာဆိုသူမှာ စကော့တလန်မှ အသက် ၄၀ အရွယ် ဘွဲ့ရကျောင်းသား တွမ်မက်မာစတာဖြစ်နေကြောင်း ပေါ်လာသည်။

လက်ဘနွန်နိုင်ငံအခြေစိုက် ဆိုက်ဘာကိုအသုံးချကာ တက်ကြွလှုပ်ရှားနေသူ ရမ်မီနက်ခလာက 'သန်းပေါင်းများစွာသော ပြည်သူတွေမှာ ကိုယ်ပိုင်လွတ်လပ်တဲ့ သတင်းဌာနတွေ(အွန်လိုင်း)ရှိနေရင် လူထုအုံကြွမှုကို ဖြိုခွင်းလို့မရနိုင်ဘူး'ဟုပြောခဲ့သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

# နိုင်ငံတကာ တုံ့ပြန်မှု

လူထုအုံကြွမှုနှင့် ယင်းအပေါ် အစိုးရကတုံ့ပြန်မှုများနှင့် ပတ်သက်ပြီး နိုင်ငံတကာ၏ တုံ့ပြန်မှုများမှာလည်း အမျိုးမျိုးပြောင်းလဲနေသည်။ ကနဦး တုံ့ပြန်မှုကတော့ နှုတ်ဆိတ်ကာ စောင့်ကြည့်နေခြင်းသာ ဖြစ်သည်။ ပထမပိုင်းတွင် ဆီးရီးယားပြဿနာမှာ သူ့ဘာသာပြီးသွားမည်ဟု အများကတွက်ခဲ့ကြသည်။ သို့သော် အုံကြွမှုက ငြိမ်းမသွားသောအခါ ဒေသတွင်းနှင့် နိုင်ငံတကာမှ ဩဇာတိက္ကမရှိသည့်နိုင်ငံများက ဆုံးဖြတ်ချက်တစ်ခုခု ချရတော့မည်ဖြစ်လာသည်။

လစ်ဗျားနိုင်ငံနှင့် မတူသည်က တိတိကျကျအဖြေမရှိခြင်းနှင့် ဦးတည်ရာလမ်းကြောင်း တိတိကျကျမရှိခြင်းဖြစ်သည်။ အကြမ်းဖက်မှုများ ဖြစ်နေသည်မှာလည်း နိုင်ငံတကာက မည်သို့တုံ့ပြန်လာမည့်အပေါ် မူတည်နေသည်။ ၂၀၁၁ ခုနှစ်နှောင်းတွင် အီရန်နှင့် သူ့မဟာမိတ်နိုင်ငံများအကြား စစ်အေးတိုက်ပွဲဖြစ်သည့်အနေအထားသို့ ရောက်နေသည်။ (ပထမ ဆီးရီးယားအပြင် ဟစ္စဘိုလာဦးဆောင်သော လက်ဘနွန်နိုင်ငံတို့နှင့်ဖြစ်သည်။ ထို့ပြင် ရှီယာတို့ဦးဆောင်သော အီရတ်နိုင်ငံလည်းပါ၏။)

နောက်စစ်အေးတိုက်ပွဲမှာ ဆော်ဒီအာရေးဗီးယားနှင့် သူ့မဟာမိတ်နိုင်ငံများအကြားဖြစ်သည်။ (သူ့မဟာမိတ်များမှာ ကာတာ၊ အမေရိကန်နှင့် တူရကီနိုင်ငံတို့ဖြစ်သည်။) ဆီးရီးယားအရေးမှာ နိုင်ငံတကာအဆင့် ဒေသတွင်းစစ်အေးတိုက်ပွဲပမာ ဖြစ်လာသည်။ ယင်းမှာ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနှင့် ရုရှဦးဆောင်ကာ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကအုပ်စုဖြစ်သည်။ (ထိုအုပ်စုကို ဘီအာရ် အိုင်စီအက်စ်ဟုလည်း ခေါ်သည်။)

ဘရှားအစိုးရက ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအား အကြမ်းဖက်ဖြိုခွဲနေသော

the bookhouse

www.burmeseclassic.com



လည်း နိုင်ငံတကာမှ တုံ့ပြန်ရန် လက်နှေးနေရသည်မှာ ၂၀၁၁ ခုနှစ်မေလတွင်ပါလာသော ဆောင်းပါးတစ်ပုဒ်တွင် ပါရှိသကဲ့သို့ 'ဆီးရီးယားပြိုလဲလျှင် ကမ္ဘာပျက်သည့်နေ့ဖြစ်သွားမည်' ဆိုသည်အတိုင်းကြောင့်ဖြစ်သည်။ ဆဒမ်လွန် အီရတ်လိုမျိုး နောက်တစ်နိုင်ငံဖြစ်လာမည်ကို မည်သူကမျှ မမြင်လို။ အီရတ်တွင် ဆဒမ်ဟူစိန်မရှိသောအခါ ဗဟိုချုပ်ကိုင်မှုမရှိတော့ သည့်အတွက် မတည်ငြိမ်မှုများ ဖြစ်ကုန်ရသည်။ ဆီးရီးယားဆိုလျှင် သာ၍ပင်ဆိုးလိမ့်ဦးမည်ဟု တွက်ခဲ့ကြသည်။

ဆီးရီးယားသည် အီရတ်လိုပင် လူမျိုးကွဲ၊ဘာသာကွဲ များစွာရှိနေသည်။ အီရတ်လိုပင် အာဏာရနေသည့် လူနည်းစု တိုင်းရင်းသားအုပ်စုက အဆင့်တိုင်းတွင် မလှုပ်နိုင်အောင် ချုပ်ကိုင်ထားသည်။ ထို့အပြင် အီရတ်မှာလိုပင် အာဏာရှင်ပြုတ်ကျသွားသည့်အခါ အသင့်ဆက်ခံနိုင်မည့် အရပ်သားနိုင်ငံရေးအဖွဲ့အစည်းလည်း မရှိပေ။ *ဝါရှင်တန်ပို့စ်* သတင်းစာထဲတွင် ပညာရှင်တစ်ယောက်ရေးသော ဆောင်းပါးတွင် 'အစိုးရပြုတ်ကျလျှင် ပြည်တွင်းစစ်ဖြစ်သွားမည်၊ ထိုပြည်တွင်းစစ်သည် ဒေသတစ်ခုလုံးကို ပျံ့နှံ့သွားမည်' ဆိုသကဲ့သို့ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ဒေသတွင်း အင်အားချိန်ခွင်လျှာလည်း ပျက်သွားမည်ဟု လူအတော်များများက တွက်ကြသည်။

ရာမီခိုရီဆိုသူ ပညာရှင်က ထိုအဖြစ်ကို ၂၀၀၈ ခုနှစ်တွင် အမေရိကန်အစိုးရက ဒေဝါလီခံသွားသည့် ငွေကြေးလုပ်ငန်းများကို ဖျက်သိမ်းပစ်သည်မျိုးဖြစ်သည်ဟု နိုင်းနှိုင်းသည်။ ဆီးရီးယားသည် ဖျက်သိမ်းရန် မလွယ်လောက်အောင်ကြီးမားသောဘဏ်တစ်ခုနှင့် တူသည်ဟု သူကဆိုသည်။ အာဆတ်လွန် ဆီးရီးယားတွင် လူမျိုးကွဲ၊ ဘာသာကွဲများအကြားဖြောင်းဆန်ကုန်မည်ဖြစ်ပြီး ယင်းမှာ အခြားနိုင်ငံများသို့ပါ ကူးစက်သွားနိုင်သည်ဟုလည်း သူကဆိုသည်။ ကျွန်တော်ကလည်း 'အိုဘားမားအစိုးရသည် အီရတ်မှ အမေရိကန်တပ်များကို ရုပ်သိမ်းနေစဉ် ဆီးရီးယား၌ မတည်မငြိမ်ဖြစ်မည်ကို လိုလားမည်မဟုတ်' ဟုရေးခဲ့သည်။

အစိုးရိမ်ဆုံးမှာ အီရတ်နိုင်ငံပြိုလဲလျှင် ပြင်ပစွက်ဖက်မှုများ ရှိလာနိုင်သည်။ သို့မဟုတ်ကလည်း ဒေသစစ်ပွဲဖြစ်သွားနိုင်သည် ဟူ၍ဖြစ်သည်။ နောက်ထပ် အာရပ်-အစ္စရေးစစ်ပွဲပင် ဖြစ်လာနိုင်သည်ဟုပင် ထင်နေကြ၏။ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲတွင် ဆဒမ်ဟူစိန်လုပ်သကဲ့သို့ အာဆတ်အစိုးရသည် အစ္စရေးနှင့် တင်းမာမှုကိုဖန်တီးကာ ပြည်သူများ အစိုးရ၏နောက်တွင် ရပ်တည်လာအောင် လုပ်လာနိုင်သည်။ ပြည်တွင်းအုံကြွမှုကို အာရပ်-အစ္စရေး ပဋိပက္ခဖြင့် အာရုံလွှဲခြင်းမျိုးဖြစ်သည်။ ထိုအခါ အီရန်နှင့် ၎င်း၏လက်ပါးစေများ (အထူးသဖြင့် ဟစ္စဘိုလာ)ပါလာကြကာ ဆီးရီးယားအား ကျားကန်ပေးကြမည်ဖြစ်သည်။ ထိုအခါ ပထမကမ္ဘာစစ်မှာကဲ့သို့ ဒေသစစ်မှ ကမ္ဘာစစ်အထိလည်း ဖြစ်သွားနိုင်သည်။

the bookhouse

www.burmeseclassic.com



ဆီးရီးယား၏ မြောက်ဘက်အိမ်နီးချင်း တူရကီသည် သူ၏အကျိုးစီးပွားကို ကာကွယ်ရန် စွက်ဖက်ရန် အများဆုံး ဖြစ်နိုင်ခြေရှိသည်။ အရှေ့ဘက်မှ အီရတ်နှင့် အီရန်တို့ကလည်း သူတို့၏အကျိုးစီးပွားကို အကြောင်းပြု၍ သူတို့၏မိတ်ဖက် လက်ရှိဆီးရီးယားအစိုးရတည်မြဲစေရန် ကြိုးစားလာနိုင်သည်။ ဆီးရီးယား၏ မတည်ငြိမ်မှုသည် လက်ဘနွန်၊ အီရတ်အပြင် ဂျော်ဒန်နိုင်ငံများသို့ပါ ကူးစက်သွားနိုင်သည်။ အမေရိကန်နိုင်ငံပင်လျှင် ထိုဆူနာမီတွင် ပါဝင်လာရဖွယ်ရှိသည်။ထိုအခါ အမေရိကန်သည် အရှေ့အလယ်ပိုင်းသို့ တတိယအကြိမ် တပ်ဖွဲ့များ အပြည့်လွှတ်လာရနိုင်သည်။

အကယ်၍ အာဆတ်သည် ကတိပေးခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သော ပြုပြင်ပြောင်းလဲရေးကို အကောင်အထည် ဖော်ပြီး အတိုက်အခံများနှင့် တွေ့ဆုံဆွေးနွေးမည်ဆိုလျှင် အားလုံးအဆင်ပြေသွားမည်။ အုံကြွမှုလည်း မှေးမှိန်ပျောက်ကွယ် သွားမည်။ တင်းမာနေသည့် အတိုက်အခံများလည်း ပျော့သွားမည်။ ဆီးရီးယားနိုင်ငံလည်း ဒီမိုကရေစီနည်းကျသော ပွင့်လင်းသည့် လူ့အဖွဲ့အစည်းဖြစ်သွားမည်။ နိုင်ငံတကာက စောင့်ကြည့်နေမှုလည်း လွန်မြောက်သွားမည်။ နိုင်ငံလည်း ပြိုလဲခြင်းမရှိတော့။

## အာဆတ်လိုလားသော အီရန်

အပေါ်ယံက ကြည့်မည်ဆိုလျှင် အီရန်နှင့် ဆီးရီးယားတို့သည် ခိုင်မာသောမဟာမိတ်ဟု ထင်စရာရှိသည်။ ဆီးရီးယားသည် တစ်ပါတီအုပ်စိုးသော အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အီရန်ကမူ ပါရှန်လူမျိုးအများစုရှိပြီး ဘာသာရေး အခြေခံသော အစ္စလာမ်သမ္မတနိုင်ငံဖြစ်သည်။ အီရန်-ဆီးရီးယားမဟာမိတ်ဖွဲ့မှုသည် ပြီးခဲ့သည့် ဆယ်စုနှစ်တွင် ဆီးရီးယား အတွက် များစွာအရေးပါခဲ့သည်။ ထိုနှစ်နိုင်ငံ သင့်မြတ်နေခြင်းမှာ အာရပ်စကားပုံနှင့် ပြောရလျှင် 'ရန်သူ၏ ရန်သူသည် မိတ်ဆွေ' ဟူသည့်အတိုင်း ဖြစ်သည်။ ဤတွင် ရန်သူမှာ ဆဒမ်ဟူစိန်၏ အီရတ်နိုင်ငံဖြစ်သည်။ ထိုနှစ်နိုင်ငံဆက်ဆံရေးမှာ ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးအပြီးမှ စခဲ့သည်။

၁၉၈၀-၈၈ ခုနှစ် အီရန်-အီရတ်စစ်တွင် ဆီးရီးယားသည် အီရတ်ကို ဆန့်ကျင်ကာ အီရန်ကို ထောက်ခံခဲ့သဖြင့် ဆက်ဆံရေး ပိုကောင်းလာခဲ့သည်။ (အာရပ်နိုင်ငံဖြစ်သော အီရတ်ကိုဆန့်ကျင်ကာ အာရပ်နိုင်ငံမဟုတ်သော အီရန်ကို ထောက်ခံသည့် အာရပ်နိုင်ငံမှာ ဆီးရီးယားတစ်နိုင်ငံသာရှိသည်။) ဤသည်မှာ အီရတ်နှင့် မသင့်မြတ်မှုကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ဟာဖစ် အယ်လ်-အာဆတ်သည် အမေရိကန်ဦးဆောင်သော ကုလသမဂ္ဂနှင့်ပေါင်းတပ်ဖွဲ့များတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

the bookhouse
we bring your future

www.burmeseclassic.com



အီရန်သည် ဆီးရီးယားနှင့် ဆက်ဆံရေးကောင်းသဖြင့် အရှေ့အလယ်ပိုင်းသို့ မိမိသြဇာ ဖြန့်ကျက်နိုင်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် လက်ဘနွန်မှ ဟစ္စဘိုလာနှင့် ပါလက်စတိုင်းနယ်မြေအတွင်းမှ ဟားမတ်တို့ကဲ့သို့ အစ္စရေးကို ဆန့်ကျင်သောအဖွဲ့များအား ထောက်ခံခဲ့သောကြောင့် အီရန်မှာ အာရပ်-အစ္စရေးပဋိပက္ခတွင် ထဲထဲဝင်ဝင် ပါလာနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့လုပ်နိုင်ခဲ့သည့် အရည်အချင်းကြောင့် အီရန်သည် ဒေသအတွင်း တွင်ကျယ်လာခဲ့ခြင်းဖြစ်သည်။ ၁၉၇၉ ခုနှစ် တော်လှန်ရေးမှာ အီရန်တော်လှန်ရေးမဟုတ်။ အစ္စလာမ်တော်လှန်ရေးသာဖြစ်သည်ဟုလည်း ပြောခဲ့သည်။ ထိုတော်လှန်ရေးမှာ အီရန်နယ်နိမိတ်တွင်ရပ်မသွားဟု ဆိုလိုခြင်းဖြစ်သည်။ စီးပွားရေးကျပ်တည်းသောကာလတွင် ထိုအနေအထားကြောင့် အီရန်အစိုးရမှာ ပြည်တွင်းတွင် အမှတ်များ ရနေခဲ့သည်။

အီရန်၏ ထောက်ခံမှုရနေသောကြောင့် ဆီးရီးယားမှာလည်း မဟာဗျူဟာအခွင့်သာမှုများ ရှိခဲ့သည်။ အထူးသဖြင့် အန္တရာယ်ရှိနေသည့် ကာလများတွင်ဖြစ်သည်။ ဆီးရီးယား၏ မူဝါဒများသည် ဒေသအတွင်း အခြားနိုင်ငံများနှင့် သဟဇာတ သိပ်မဖြစ်ပေ။ ဆီးရီးယားအဖို့ အင်အားကောင်းသည့် မိတ်ဆွေနိုင်ငံရှိလာခြင်းဖြင့် အန္တရာယ်မရှိနိုင်ပေ။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆဒမ်ဟူစိန်၏ အီရတ်နိုင်ငံသည် ဆီးရီးယားကို များစွာပြဿနာရှာခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် ဆိုဗီယက်ယူနီယံ ပြိုလဲပြီးနောက် မိတ်ဆွေနိုင်ငံများ ထပ်တိုးလာခြင်းဖြင့်လည်း မနစ်နာနိုင်ပေ။ ဟာဖစ်အာဆတ်သည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအပြီးတွင် အမေရိကန်နှင့်ပင် ဖက်လဲတကင်းလုပ်ခဲ့သေးသည်။ အစ္စရေးနှင့်လည်း ငြိမ်းချမ်းရေးစာချုပ်ချုပ်ရလုနီးပါးရှိခဲ့သည်။

ထို့ပြင် အီရန်၏ပံ့ပိုးမှုများသည် အစ္စရေးနှင့် ဂိုလန်ကုန်းမြင့်အရေး ဆွေးနွေးရာတွင်လည်းကောင်း၊ အမေရိကန်နှင့် ဆွေးနွေးရာတွင်လည်းကောင်း အားဖြစ်စေခဲ့သည်။ အီရန်-ဆီးရီးယား မဟာမိတ်ဖွဲ့မှုမှာ အရှေ့အလယ်ပိုင်းတွင် အရေးပါပြီး အလွယ်တကူဖြိုခွဲ၍လည်း မရနိုင်ပေ။

နှစ်နိုင်ငံအကြား စီးပွားရေးကြောင့်လည်း ဆက်ဆံရေးမှာ ပိုမိုပြေပြစ်လာသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး စသည်တို့တွင်ဖြစ်သည်။ အီရန်မှရေနံများကို လျှော့ဈေးဖြင့် ဆီးရီးယားသို့ တင်ပို့ပေးသည်။

ဆီးရီးယားရေနံကုမ္ပဏီများက ပေါက်ဈေးဖြင့်ပြန်ရောင်းသဖြင့် ဆီးရီးယားအတွက် အမြတ်ထွက်သည်။ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုမှာ တစ်ဖက်သတ်ဖြစ်နေသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းတွင် ဖြစ်၏။ နှစ်စဉ် အီရန်ဘုရားဖူးများ ဆီးရီးယားရှိ ရှီယာဘုရားကျောင်းများသို့ သွားကြသည်။ သို့သော် ဆီးရီးယားဘက်မှ အီရန်သို့ အသွားနည်းသည်။

the bookhouse

www.burmeseclassic.com



သို့ရာတွင် နှစ်နိုင်ငံအကြား သဘောမတွေ့မှုကလေးများလည်း ရှိခဲ့သည်။ ဆီးရီးယားက အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်မည်ဆိုသည်ကို အီရန်က သဘောမကျ။ အီရတ်အရေးတွင် အီရန်က မကြာခဏ စွက်ဖက်နေသည်ကိုလည်း ဆီးရီးယားက သဘောမတွေ့။ ဆဒမ်ခေတ်လွန် အီရတ်တွင် ရှီယာများကြီးစိုးသော အစိုးရမျိုးဖွဲ့ရန် အီရန်ကစွက်ဖက်မှုများ ရှိခဲ့သည်။

ထို့ပြင် ဆီးရီးယားသည် တူရကီနှင့်လည်း ဆက်ဆံရေးကောင်းလာသဖြင့် တူရကီသည် ဆီးရီးယားနိုင်ငံတွင်းသို့ စီးပွားရေးအတွက်သာမက ယဉ်ကျေးမှုအတွက်ပါ ဝင်ရောက်နိုင်ခဲ့သည်။ တူရကီ၏ အော်ပရာအဖွဲ့များ သွားရောက်ပြသခဲ့ရာ လူကြိုက်များခဲ့သည်။ အီရန်တို့၏ပွဲများကိုမူ လူသိပ်မကြိုက်ကြ။ တူရကီနှင့် ဆီးရီးယားမှာ နယ်စပ်သာခြားသည်။ တူညီသောသမိုင်းကြောင်းလည်း ရှိခဲ့သည်။ တူရကီတွင် ဆီးရီးယားကဲ့သို့ပင် ဆွန်နီအများစုနေထိုင်ကြသည်။

ဘရှားလက်ထက်တွင် အီရန်-ဆီးရီးယား ဆက်ဆံရေးမှာ ပိုမိုနက်ရှိုင်းလာသည်။ ဆီးရီးယားအမြင်တွင် ဤသည်မှာ နှစ်ဦးနှစ်ဖက် လိုအပ်ချက်ဖြစ်သည်။ ၂၀၀၃ ခုနှစ် အမေရိကန်တို့ အီရတ်အား ဝင်ရောက်တိုက်ခိုက်ပြီးနောက်နှင့် ဟာရီရီ လုပ်ကြံခံရပြီးနောက် ဖိအားများ ပေးလာသောအခါ ဆီးရီးယားသည် ထိုဖိအားများမှ လွတ်မြောက်ရန် အီရန်၏အကူအညီ များစွာလိုခဲ့သည်။ ထိုအချိန်တွင် အီရန်မှာလည်း နျူကလီးယားစွမ်းအင်စက်ရုံများတွင် ယူရေနီယံသန့်စင်မှုကို အကြောင်းပြုကာ ဖိအားပေးခံနေရသည်။

အီရန်နိုင်ငံ နျူကလီးယားလက်နက် ထုတ်လာမည်ကို စိုးရိမ်နေကြသည်။ အမေရိကန်နှင့် အစ္စရေးတို့ အီရန်ကို လက်ဦးမှုရယူတိုက်ခိုက်ရန်အတွက် ဆွေးနွေးနေစဉ် အီရန်သည် ဇာက်ဖဲတစ်ချပ်ကို ကိုင်ထားသည်။ ယင်းမှာ အကယ်၍ ထိုသို့တိုက်ခိုက်လာပါက အီရန်သည် ဟစ္စဘိုလာတို့အား အစ္စရေးနိုင်ငံတွင်းသို့ ဝင်တိုက်ခိုင်းမည်ဖြစ်သည်။ ထိုအခါ ဆီးရီးယားမှာ ဟစ္စဘိုလာတို့အား လက်နက်များပို့ပေးခြင်းဖြင့် သွယ်ဝိုက်ပတ်သက်လာရဖွယ် ရှိသည်။ ထိုသို့ဆိုလျှင် ဆီးရီးယား-အစ္စရေး ထိပ်တိုက်တွေ့လာရဖွယ်ရှိသည်။ ဆီးရီးယားသည် အီရန်နျူကလီးယားအစီအစဉ်ကို ထောက်ခံပြောလာခဲ့သည်။ထို့ပြင် အစ္စရေးတွင် နျူကလီးယားလက်နက်ရှိနေပြီး နျူကလီးယားမပြန့်ပွားရေးစာချုပ်တွင် လက်မှတ်မထိုးသေးသည်ကို ထောက်ပြသည်။

ဆီးရီးယားတွင် အုံကြွမှုစဖြစ်တော့ အီရန်ကလည်း ဆီးရီးယားပြောသည့်အတိုင်း ပြည်ပသွေးထိုးလှုံ့ဆော်မှုကြောင့်ဟု ပြောပေးလာခဲ့သည်။ အုံကြွမှုစကတည်းက အီရန်သည် ထိုပြဿနာမှာ မိမိ၏မိတ်ဆွေနိုင်ငံ ပြိုလဲရေးအတွက် အမေရိကန်၊ အစ္စရေးနှင့် သူတို့၏အပေါင်းပါနိုင်ငံများ၏ ကြံစည်ချက်ဟု ယုံကြည်ခဲ့သည်။ ရရှိသောသတင်းများအရ ထိုအတောအတွင်း အီရန်သည် ဆီးရီးယားအား အထောက်အပံ့များစွာပေးခဲ့သည်။ အထူးသဖြင့် ထောက်လှမ်းရေးနည်း

the bookhouse
we bring your future

www.burmeseclassic.com



ပညာများဖြစ်သည်။ အီးမေးလ်၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်ကို ကြားဖြတ်ဖမ်းယူသည့်နည်းများဖြစ်သည်။ အတိုက်အခံများနှင့် ဆိုက်ဘာစစ်ပွဲ ဆင်နွှဲနိုင်ရန်ဖြစ်သည်။

ထိုမျှသာမကသေး အီရန်သည် အတိုက်အခံများကို ဖြိုခွဲနည်းများ ဆီးရီးယားတပ်ဖွဲ့များအား သင်ပေးရန် တော်လှန်ရေးအစောင့်တပ်များ စေလွှတ်ခဲ့သည်ဟူသော သတင်းများလည်း ရခဲ့သည်။ အီဂျစ်နှင့် တူနီးရှား အရေးအခင်းများတွင်မူ အီရန်သည် အနောက်လိုလားသော အစိုးရများကို ဆန့်ကျင်သည့် အတိုက်အခံများကို ပံ့ပိုးခဲ့သည်။ ထို့အတူပင် အမေရိကန်၊ ဆော်ဒီနှင့် ပင်လယ်ကွေ့အာရပ်နိုင်ငံများသည် ဆီးရီးယားအတိုက်အခံများကို အားပေးခဲ့ပြီး ပင်လယ်ကွေ့အာရပ်နိုင်ငံဖြစ်သော ဘာရိန်းတွင် အတိုက်အခံများကို ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီတပ်ဖွဲ့များက ရက်စက်စွာ ဖြိုခွဲသည်ကိုတော့ မသိယောင်ပြုနေခဲ့သည်။ ထို့ကြောင့် နိုင်ငံများသည် ကိုယ့်အကျိုးစီးပွားနှင့် ယှဉ်၍သာ လုပ်ဆောင်တတ်ကြပေသည်။

အီရန်၏ အနေအထားကို စိတ်ဝင်စားစရာကောင်းသည်မှာ ဆီးရီးယားအစိုးရကို အကြီးအကျယ် ပံ့ပိုးကူညီခြင်း မဟုတ်။ ယင်းမှာ ထိုအတိုင်းသာ ဖြစ်လာရမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် အုံကြွမှုအရှိန်တက်လာသည်တွင် အီရန်သည် ဘရှားအား ကန့်ကွက်ဆန္ဒပြမှုများ လျော့ပါးသွားစေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ရန် တိုက်တွန်းခဲ့ခြင်းက အံ့သြစရာကောင်းခြင်းဖြစ်သည်။ ထို့ပြင် အကြမ်းဖက်မှုများကိုလျော့ကာ အတိုက်အခံများနှင့် အသာတကြည် ဆက်ဆံရန်လည်း တိုက်တွန်းခဲ့သည်။ အီရန်အာဏာပိုင်များသည် ဆီးရီးယားနိုင်ငံတွင်းရှိ သူတို့၏အကျိုးစီးပွားများကို ကာကွယ်ရန် ဆီးရီးယားပြည်တွင်းပြည်ပအတိုက်အခံများနှင့် ဆက်သွယ်ခဲ့သည်ဟူသော သတင်းများလည်းထွက်ခဲ့သည်။

အီဂျစ်၊ တူနီးရှားနှင့် လစ်ဗျားနိုင်ငံတို့တွင်ဖြစ်ခဲ့သည့် အရေးအခင်းများသည် အနောက်တိုင်းလိုလားသော ရည်ရွယ်ချက်ရှိသည်ကို မတွေ့ရ။ ထိုနိုင်ငံများတွင် အရေးအခင်းပြီးသည့်နောက် ဖွဲ့ခဲ့သည့်အစိုးရများသည် ယခင်အစိုးရများထက် အနောက်တိုင်းနှင့် အစ္စရေးဆန့်ကျင်သောသဘောထားများ ပိုမိုရှိခဲ့သည်။ ထို့ကြောင့် အီရန်အစိုးရသည် အကယ်၍ အာဆတ် ပြုတ်ကျသည့်တိုင် နောက်တက်သည့် ဆီးရီးယားအစိုးရသည် အီရန်ကိုဆန့်ကျင်သော အစိုးရမဖြစ်နိုင်။ နှစ်နိုင်ငံဆက်ဆံရေးလည်း ပြတ်တောက်သွားဖွယ်မရှိဟု ယူဆထားသည်။ ထို့ပြင် အနောက်နိုင်ငံများက ဆီးရီးယားတွင် စစ်ရေးအရ ဝင်ရောက်စွက်ဖက်လျှင် အာဆတ်ပြုတ်အကျ မြန်မည်။ သို့သော် နောက်တက်သည့်အစိုးရသည် အနောက်လိုလားသောအစိုးရ မဖြစ်နိုင်ဟု အီရန်ကတွက်ထားသည်။အမေရိကန်တပ်ဖွဲ့များ အီရတ်မှ ရုပ်သိမ်းသွားပြီးသည့်အခါ အီရတ်သည် အမေရိကန်နှင့် ခပ်စိမ်းစိမ်းဆက်ဆံသွားဖွယ်ရှိသည်။ ထိုအခါ အီရန်သည် အီရတ်နိုင်ငံရေးတွင် ဩဇာရှိလာဖွယ်ရှိသည်။ဆီးရီးယားအရေးသည် အရှေ့အလယ်ပိုင်းတွင် အရေးတကြီးပြဿနာဖြစ်လာခဲ့သည်။

the bookhouse
we bring your future

www.burmeseclassic.com



## လက်ဘနွန်/ဟစ္စဘိုလာ

ဘက်ဘနွန်သည် ဆီးရီးယားအတွက် အရေးပါသောနိုင်ငံဖြစ်သည်။ ဟာဖစ်အာဆတ်နှင့် ဘရှားအာဆတ် လက်ထက် နှစ်ခုစလုံးတွင် လက်ဘနွန်အပေါ် ဆီးရီးယား ဩဇာသက်ရောက်ခဲ့သည်။ ဆီးရီးယားအဖို့ လက်ဘနွန်တွင် ဆီးရီးယားဆန့်ကျင်သောအစိုးရမတက်ရန် အရေးကြီးသည်။ ထို့ကြောင့်လည်း ၁၉၈၂ ခုနှစ်က အစ္စရေးတို့ လက်ဘနွန်ကို ကျူးကျော်ဝင်ရောက်စဉ် ဆီးရီးယားသည် အစ္စရေးတို့ ပြန်လည်ဆုတ်ခွာရေးအတွက် လက်ဘနွန်ကို အဘက်ဘက်မှကူညီခဲ့သည်။ ဆီးရီးယားခေါင်းဆောင်များအဖို့ လက်ဘနွန်တွင် အနောက်တိုင်းလိုလားသော၊ သို့မဟုတ် အစ္စရေးလိုလားသော၊ သို့မဟုတ် ဆီးရီးယားဆန့်ကျင်သော အစိုးရတက်လာလျှင် ဆီးရီးယားကို စစ်ဆင်သည့်သဘော သက်ရောက်သည်ဟု သဘောထားသည်။

ဆီးရီးယားမှာ မြောက်ဘက်တွင် နေတိုးအဖွဲ့ဝင်တူရကီရှိသည်။ တောင်ဘက်တွင် အစ္စရေးနှင့်အနောက် လိုလားသော ဂျော်ဒန်ရှိသည်။ အရှေ့ဘက်တွင် ၂၀၀၃ ခုနှစ်မတိုင်မီအထိ ဘသ်ပါတီကြီးစိုးသော အီရတ်ရှိသည်။ထို့ပြင် ပြည်ပြေးဆီးရီးယားတို့၏ရန်မှကာကွယ်ရန် လက်ဘနွန်တွင် မိတ်ဆွေအစိုးရတစ်ရပ် ရှိဖို့လိုသည်။ ဆီးရီးယားဆန့်ကျင်ရေးအင်အားစုများ လက်ဘနွန်ကို မည်သို့အသုံးချနိုင်သည်ကို ဆီးရီးယားအစိုးရအဆက်ဆက် သိနေခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့များ လက်ဘနွန်မှ ရုပ်သိမ်းသည့် ၂၀၀၅ ခုနှစ်မတိုင်မီအထိ လက်ဘနွန်သည် ဆီးရီးယားကို အလုပ်အကိုင်ဈေးကွက် ဖွင့်ပေးထားသည်။ လက်ဘနွန်ရှိ ဆီးရီးယားအလုပ်သမား တစ်သန်းခန့်က နိုင်ငံကိုပြန်ပို့သည့် ငွေမှာ နှစ်စဉ် ဒေါ်လာ ၂ ဘီလျံရှိသည်။ထို့ကြောင့် ဆီးရီးယားတွင် အလုပ်အကိုင်ရရှိရေးဝန်ထုပ်ဝန်ပိုးလည်း လျော့သွားခဲ့ရသည်။

၂၀၀၅ ခုနှစ် လက်ဘနွန်မှ ဆီးရီးယားတပ်များ ရုပ်သိမ်းပြီးနောက် ဟစ္စဘိုလာသည် ဆီးရီးယားအတွက် အရေးပါသည့် နိုင်ငံရေးပါတီ စစ်သွေးကြွအဖွဲ့ဖြစ်လာသည်။ ၁၉၉၀ ပြည့်လွန် နောက်ဆုံးနှစ်များတွင် ဟစ္စဘိုလာသည် လက်ဘနွန်တွင် အင်အားအကောင်းဆုံး စစ်ရေးအဖွဲ့ဖြစ်လာခဲ့သည်။ ၁၉၈၂ ခုနှစ် လက်ဘနွန်တောင်ပိုင်းကို ကျူးကျော်သိမ်းပိုက်ပြီးကတည်းက ရှိနေခဲ့သော အစ္စရေးတပ်များကို ၂၀၀၀ ပြည့်နှစ်တွင် ဟစ္စဘိုလာတို့က တိုက်ထုတ်နိုင်ခဲ့သည့်အတွက်လည်း ဟစ္စဘိုလာ နာမည်ရခဲ့သည်။ ၂၀၀၆ ခုနှစ် အစ္စရေး-ဟစ္စဘိုလာစစ်မှာလည်း ထင်ရှားခဲ့သည်။ ထိုစစ်ပြီးကတည်းက ဟစ္စဘိုလာခေါင်းဆောင် ဟတ်ဆန် နာဆရဲလားမှာ အရှေ့အလယ်ပိုင်းတွင် ထင်ရှားသူတစ်ယောက် ဖြစ်လာခဲ့သည်။ သူ၏ ထင်ရှားမှုကို ဘရှားက ရေသာခိုကာ သူ့ကိုယ်သူထင်ရှားအောင်လုပ်ခဲ့သည်။

the bookhouse
we bring your future

www.burmeseclassic.com



ဆီးရီးယား၊ အီရန်၊ ဟစ္စဘိုလာ၊ ဟားမတ်တို့ပါဝင်သော တော်လှန်ရေးဝင်ရိုးစွန်းအဖွဲ့ကို ဖွဲ့လိုက်သောကြောင့်ဖြစ်သည်။ ၂၀၀၈ ခုနှစ်အကုန်ပိုင်းတွင် ဟစ္စဘိုလာ၏ နိုင်ငံရေးအနေအထားမှာ ယင်း၏ စစ်ရေးအနေအထားနှင့်တန်းတူဖြစ်လာသည်။ ၂၀၁၁ ခုနှစ်ခန့်တွင် ယင်းသည် လက်ဘနွန်အစိုးရအဖွဲ့တွင်လည်း အရေးပါသောနေရာတွင် ရှိလာခဲ့သည်။ ဟစ္စဘိုလာ၏ အနေအထားကြောင့်လည်း ဆီးရီးယားမှာ လက်ဘနွန်အပေါ် ဩဇာသက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားမှာ ဟစ္စဘိုလာသို့ ထောက်ပံ့ရေးလမ်းကြောင်းဖြစ်သည့်အတွက်လည်း များစွာသိက္ခာတက်ခဲ့သည်။

လက်ဘနွန်တွင် အာဆတ်ဆန့်ကျင်သူများက ဆီးရီးယားအတိုက်အခံများကို ထောက်ခံနေကြသည်။ သို့သော် ဟစ္စဘိုလာတို့ပါဝင်သော လက်ဘနွန်အစိုးရသည် ဘရှားအာဆတ်ကို ထောက်ခံကြသည်။ သို့သော် ဟတ်ဆန် နာဆရဲလားသည် အီရန်ကဲ့သို့ပင် ၂၀၁၁ ခုနှစ်တွင် အာဆတ်အစိုးရအား ပြုပြင်ပြောင်းလဲရေးလုပ်ရန် တိုက်တွန်းခဲ့သည်။ ဟစ္စဘိုလာအဖွဲ့သည် အီရန်ကဲ့သို့ပင် အကယ်၍ အာဆတ်ပြုတ်ကျသွားပါက ဆီးရီးယားမှတစ်ဆင့် အီရန်နှင့် ဆက်သွယ်ရာလမ်းကြောင်းပျောက်သွားမည်စိုးသဖြင့် ဆီးရီးယားအတိုက်အခံများနှင့်လည်း ဆက်သွယ်မှုများလုပ်ထားသည်။

### ယီမင်-အယ်လ်ဂျီးရီးယား-အီရတ်

ယီမင်နှင့် အယ်လ်ဂျီးရီးယားခေါင်းဆောင်ပိုင်းသည် ဘရှားအာဆတ်အစိုးရကို ထောက်ခံရန်အကြောင်းမရှိပေ။ သို့ရာတွင် အာဆတ်ကို ဆန့်ကျင်သည့် အတိုက်အခံများကိုလည်း အားမပေးခဲ့။ ၂၀၁၁ ခုနှစ်တွင် အာရပ်အဖွဲ့ချုပ်က အာဆတ်အစိုးရကို အရေးယူမည်ဆိုသောအခါ ယင်းကို ထိုနှစ်နိုင်ငံက ထောက်လည်းမထောက်ခံ ကန့်လည်းမကန့်ကွက်ခဲ့။ အကြောင်းမှာ ယီမင်သမ္မတ အလီ အဗ္ဗဒူလာဆလေးကိုယ်တိုင်လည်း အာရပ်နွေဦးနှင့် ရင်ဆိုင်ခဲ့ရသောကြောင့်ဖြစ်သည်။

သူ့နိုင်ငံမှာ ပြည်သူ့အုံကြွမှုကို အစောဆုံးခံရသည့် နိုင်ငံများထဲတွင်ပါဝင်သည်။ ဆလေးသည်လည်း ဆန္ဒပြသူများကို ဖြိုခွင်းကာ မိမိအာဏာတည်မြဲရေးအတွက် အမျိုးမျိုးလှည့်ပတ်လုပ်ဆောင်ခဲ့သည်။ နောက်မှ ဆော်ဒီနိုင်ငံက ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းအောင်လုပ်ပေးခဲ့ရသည်။ ထိုနည်းကို ဆော်ဒီနှင့် အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားတွင် ကျင့်သုံးခဲ့သည်။ ယခုတော့ ဆလေးလည်း ရာထူးမှ နုတ်ထွက်ပေးလိုက်ရသည်ဖြစ်၍ နောက်တက်သည့် ခေါင်းဆောင်များ ဆီးရီးယားနှင့်ပတ်သက်၍ မည်သို့ရပ်တည်မည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည်လည်း အာရပ်နွေဦးအပေါ် ခပ်မဆိတ်သာ နေလာခဲ့သည်။ ထိုနိုင်ငံ၏ အရပ်ဘက်အုပ်

the bookhouse
we bring your future

www.burmeseclassic.com



ချုပ်ရေးမှာ ၁၉၆၀ ပြည့်လွန်နှစ်များကျမှသာ ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထိုနိုင်ငံ၏ ခေါင်းဆောင်ပိုင်းသည် အာရပ်ဓနှေဦးနှင့် ရင်ဆိုင်ခဲ့ရသည့် အာရပ်နိုင်ငံအများစုမှာ ဘုရင်စနစ်မဟုတ်ဘဲ အရပ်ဘက်အုပ်ချုပ်များသာဖြစ်ကြောင်း သဘောပေါက်ထား သည်။ ၁၉၆၀ ပြည့်လွန်နှစ်များက အရပ်ဘက်အုပ်ချုပ်မှုကို လိုလားသူများနှင့် အစ္စလာမ်အစွန်းရောက်များအကြား ပြည်တွင်းစစ် ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဆီးရီးယားအပေါ်ရပ်တည်ချက်ကို အယ်လ်ဂျီးရီးယားခေါင်းဆောင်ပိုင်းက သတိထားနေရပေသည်။

အီရတ်နှင့် ပတ်သက်လျှင်မူ အာဆတ်အစိုးရသည် ၂၀၀၃ ခုနှစ် အမေရိကန်ဦးဆောင်သော အီရတ်ကိုဝင်ရောက် တိုက်ခိုက်ပြီးနောက်ပိုင်း ပေါ်လာသည့် နိုင်ငံရေးအုပ်စုများနှင့် အဆင်ပြေအောင်ဆက်ဆံလာခဲ့သည်။ နှစ်နိုင်ငံကြား အဖုအထစ်ကလေးများ မကြာခဏဖြစ်တတ်သော်လည်း နှစ်နိုင်ငံဆက်ဆံရေးမှာ တိုးတက်လာခဲ့သည်။ ဝင်ရောက်တိုက်ခိုက် ခံရပြီးနောက် အီရတ်တွင် ပရမ်းပတာများဖြစ်ခဲ့ရာ အီရတ်ဒုက္ခသည်တစ်သန်းကျော် ဆီးရီးယားနိုင်ငံထဲသို့ ထွက်ပြေးခို လှုံခဲ့ရသည်။ နှစ်နိုင်ငံအကြား နယ်နိမိတ်မှာ မိုင် ၄၀၀ ရှည်လျားစွာရှိနေသောကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးဆက်ဆံမှုလည်း များစွာရှိခဲ့သည်။ ဆီးရီးယားကို ဖြတ်၍သွယ်တန်းသော အီရတ်ရေနံပိုက်လိုင်းလည်း ရှိနေပြန်သည်။ ရှီယာအများစုပါဝင်သော အီရတ်အစိုးရကို အီရန်ကလည်း ဩဇာဖြန့်ကျက်ထားသည်။ အီရတ်အစိုးရသစ်သည် ဆီးရီးယားအစိုးရနှင့် အပြေသဘော ဆက်ဆံရေးထားရှိရန် လိုလားသည်။

သို့သော် အီရတ်ခေါင်းဆောင်ပိုင်းသည် ဆီးရီးယားနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ချမှတ်သော ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သည်။ ထိုဆုံးဖြတ်ချက်မှာ ဆီးရီးယားတွင် ဘရှားအာဆတ် နုတ်ထွက်ကာ အသွင်ကူးပြောင်းရေးကာလတစ်ရပ် ထားရှိရန်ဖြစ်သည်။ အီရတ်၏ ထိုသို့ထောက်ခံမှုကို ဘရှားအစိုးရက မကျေနပ်သော် လည်း အီရတ်အနေဖြင့် ထိုသို့လုပ်မှဖြစ်မည်။ ကုလအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီဆုံးဖြတ် ချက်လောက် အရာမရောက်၍လည်းဖြစ်သည်။

## *ဟားမတ်*

ဟားမတ်အဖွဲ့ကို အာဆတ်လိုလားသည်ဟု ပြောရန်လည်းခက်သည်။ အကြောင်းမူ ၂၀၁၁ ခုနှစ်တစ်ခုလုံး ဆီးရီးယားအရေးနှင့်ပတ်သက်၍ ဟားမတ်နှုတ်ဆိတ်နေခဲ့သောကြောင့်ဖြစ်သည်။ ယင်းမှာ ဆီးရီးယားအစိုးရကို မလိုလား သည့်သဘောလည်း ဖြစ်နိုင်သည်။

the bookhouse
we bring your future

www.burmeseclassic.com



၂၀၁၂ ခုနှစ်ဆန်းပိုင်းကလည်း ဟားမတ်ခေါင်းဆောင်ပိုင်းသည် ဝန်ကြီးချုပ် အစ္စမေးဟာနီယာ၏ ကြေညာချက်ဖြင့် အာဆတ်ကိုဆန့်ကျင်ကာ ဆန္ဒပြသူများအားထောက်ခံကြောင်း ထုတ်ပြန်ခဲ့သည်။ ဆီးရီးယားကမူ ဟားမတ်ကို များစွာထောက်ခံအားပေးလာခဲ့သည်။ ပါလက်စတိုင်း အစ္စလာမ်အုပ်စုဖြစ်သော ဟားမတ်သည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် စတင်ဖွဲ့စည်းပြီးကတည်းက ဂါဇာကမ်းမြောင်ဒေသကို စိုးမိုးထားခဲ့သည်။ ထို့မျှသာမကသေး ဆီးရီးယားသည် အခြားပါလက်စတိုင်းအုပ်စုများကိုလည်း အားပေးထောက်ခံလာခဲ့သည်။

ပြီးခဲ့သော နှစ်များစွာကတည်းက ဆီးရီးယားမှာ ထိုပါလက်စတိုင်းအုပ်စုများ၏ ဌာနချုပ်လိုဖြစ်လာခဲ့သည်။ ထိုအနေအထားကြောင့် ဆီးရီးယားသည် ဂိုလန်ကုန်းမြင့်ဒေသပြန်ရရေးအတွက် အစ္စရေးနှင့် ဆွေးနွေးသည့်အခါ မိမိတို့ဘက်မှ အားကောင်းနေသည်ဟု ဘရှားအစိုးရက ယူဆထားသည်။ ဟာဖစ်အာဆတ်တုန်းကလည်း ထိုပါလက်စတိုင်းအုပ်စုများကို ထောက်ခံအားပေးခဲ့သည်။

ဆီးရီးယားတွင် အုံကြွမှုအရှိန်ရလာသောအခါ ဟားမတ်သည် ဆီးရီးယားရှိ ၄င်း၏အဖွဲ့ဝင်များနှင့် မိသားစုများကို ပြန်ခေါ်ခဲ့သည်။ နိုင်ငံရေးရုံးကိုတော့ ဆက်လက်ထားရှိသည်။ နှစ်များစွာ အားပေးထောက်ခံခဲ့သည့်အတွက် ဆီးရီးယား၏ ကျေးဇူး ဟားမတ်အပေါ်တွင်ရှိနေသည်။ ဆွန်နီမွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့မှ ပေါက်ဖွားခဲ့သော ဟားမတ်သည် ဆီးရီးယား မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့နှင့် အဆက်အသွယ်မရှိသော်လည်း ဆီးရီးယားတွင် ဆွန်နီက ၇၅ ရာခိုင်နှုန်းရှိသည်။ ဆန္ဒပြနေသည့် အများစုမှာလည်း ဆွန်နီများဖြစ်သည်။ ထို့ပြင် ဆီးရီးယားနိုင်ငံတွင်းရှိ ပါလက်စတိုင်းဒုက္ခသည်များနှင့် ဆီးရီးယား လူ့အဖွဲ့အစည်းထဲသို့ရောက်သွားသော ပါလက်စတိုင်းများမှာလည်း ဆွန်နီများပင်ဖြစ်သည်။

၂၀၁၁ ခုနှစ် နွေကာလတွင် ဟားမတ်ခေါင်းဆောင်ပိုင်းက ဂါဇာတွင်လုပ်နေသော အာဆတ်ထောက်ခံပွဲများကို ဆက်မလုပ်ရန် တားမြစ်ခဲ့သည်။ ထိုအခါ အီရန်က ဟားမတ်အား ငွေကြေးထောက်ပံ့မှုများ ရပ်ဆိုင်းပစ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ဟားမတ်သည် ဟာစ္စဘိုလာလိုမဟုတ်ဘဲ အာဆတ်အစိုးရနှင့် အဆက်ဖြတ်ရန်ပင် ဆုံးဖြတ်ထားဟန်ရှိသည်။

## ရုရှားနှင့် တရုတ်

ရုရှားသည် စစ်အေးခေတ် ဆိုဗီယက်ယူနီယံဘဝကတည်းက ဆီးရီးယားနှင့် ရေရှည်ရင်းနှီးစွာ ဆက်ဆံလာခဲ့သော နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံမှာ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးအရတို့တွင် ဆက်ဆံလာခဲ့ခြင်းဖြစ်သည်။ ထိုဆက်ဆံရေး

the bookhouse

www.burmeseclassic.com



မှာ ဘရှားအာဆတ်လက်ထက်အထိ ဆက်လက်တည်ရှိခဲ့သည်။ ဆီးရီးယားက လိုအပ်ချက်ကြောင့် ထိုသို့ဆက်ဆံခြင်း ဖြစ်သည်။

ဟာဖစ်အာဆတ်သည် ၁၉၈၀ ပြည့်နှစ်တွင် ရုရှားနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းမှာ ၁၉၇၉ ခုနှစ် အီဂျစ်-အစ္စရေး ငြိမ်းချမ်းရေးစာချုပ်ချုပ်အပြီးတွင်ဖြစ်သည်။ သို့ဖြင့် အစ္စရေးသည် တောင်ဘက်မှ အီဂျစ်နိုင်ငံကို စိတ်ချသွားရပြီး မြောက်ဘက်ရှိ ဆီးရီးယားနှင့် လက်ဘနွန်ကိုသာ အာရုံထားရတော့မည် ဖြစ်သည်။ ဤသည်မှာ မိမိအတွက် အန္တရာယ်ရှိသည်ဟု ဆီးရီးယားကမြင်သည်။

၂၀၁၁ ခုနှစ် အုံကြွမှုဖြစ်လာသောအခါ ရုရှားက ဘရှားအာဆတ်အစိုးရဘက်မှ အားပေးထောက်ခံလာသည်မှာ အံ့သြစရာတော့မရှိပေ။ ရုရှားသည် ဆီးရီးယားအစိုးရကို ၂၀၁၂ ခုနှစ်အထိ ဆက်လက်ထောက်ခံလာခဲ့သည်။ ထိုသို့ ထောက်ခံသည်မှာ အကြောင်းများစွာရှိသည်။ ပထမတစ်ကြောင်းမှာ နှစ်နိုင်ငံကြားမြင့်စွာ ဆက်ဆံရေးကောင်းလာသော ကြောင့် ဖြစ်သည်။ ယင်းကို အလွယ်တကူ ပြောင်းလဲပစ်ရန် မဖြစ်နိုင်ပေ။ နှစ်နိုင်ငံခေါင်းဆောင်များကလည်း ထိုဆက်ဆံ ရေးကို တန်ဖိုးထားကြသည်။

နောက်တစ်ခုမှာ ဆီးရီးယားတွင် ရုရှား၏ စီးပွားရေးအကျိုးစီးပွား များစွာရှိနေသည်။ ၂၀၀၉ခုနှစ်တွင် ရုရှား ကုမ္ပဏီများသည် ဆီးရီးယား၌ ခရီးသွားလုပ်ငန်း၊ စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံစီမံကိန်းတို့တွင် ဒေါ်လာ ၁၉ ဒသမ ၄ ဘီလျံဖိုး ရင်းနှီးမြှုပ်နှံထားခဲ့သည်။ ပို၍အရေးကြီးသည်မှာ ရုရှားသည် အီရန်နှင့် စစ်လက်နက် ရောင်းချ ရေးစာချုပ်တွင် အီရန်အားပိတ်ဆို့မှုကြောင့် အရှုံးပြနေပြီး လစ်ဗျားနှင့် စာချုပ်တွင်လည်း ကဒါဖီပြုတ်ကျသွားသဖြင့် ရှုံးခဲ့ရပြန်သည်။ ထို့ကြောင့် ဆီးရီးယားမှာ ရုရှားလက်နက်များ ရောင်းချနိုင်ရေးအတွက် ဖောက်သည်နိုင်ငံဖြစ်နေသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်တွင် စုစုပေါင်းရောင်းရငွေမှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလျံရှိခဲ့သည်။

မဟာဗျူဟာအရလည်း ဆီးရီးယားသည် ရုရှားအတွက် အရေးပါနေသည်။ အကြောင်းမှူ ဆီးရီးယားဆိပ်ကမ်း မြို့ တာတပ်မှာ မြေထဲပင်လယ်တွင် ရုရှား၏ နောက်ဆုံးရေတပ်စခန်း ဖြစ်နေသောကြောင့်ဖြစ်သည်။ မကြာသေးမီက ရုရှားသည် ထိုဆိပ်ကမ်းကို အဆင့်မြှင့်တည်ဆောက်မှုများ လုပ်ခဲ့သေးသည်။

တရုတ်နိုင်ငံသည်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်က ဆီးရီးယားနှင့် ကုန်သွယ်ရေးတိုးမြှင့်လာခဲ့ရာ ၂၀၁၀ ပြည့်နှစ် တွင် တရုတ်သည် ဆီးရီးယား၏ တတိယအကြီးဆုံးဝယ်လက်ဖြစ်ခဲ့သည်။

သံခင်းတမန်ခင်းတွင်လည်း ဆီးရီးယားသည် ရုရှားအတွက် အရှေ့အလယ်ပိုင်းပထဝီ-မဟာဗျူဟာ ဗဟိုချက် ကျနေသည်။ ယင်းမှာ အရှေ့အလယ်ပိုင်းအရေးအတွက် ရုရှား၏နောက်ဆုံးလက်ကျန်စခန်းများအနက် တစ်ခုဖြစ်သည်။

the bookhouse we bring your future

www.burmeseclassic.com



ပြီးခဲ့သည့် နှစ်နှစ်ဆယ်အတွင်း ရုရှားခေါင်းဆောင်များသည် သူတို့လက်လွှတ်ဆုံးရှုံးခဲ့ရသည့် အင်အားကြီးနိုင်ငံအနေအထားကို ပြန်လည်ရယူလိုသည်ဟု မကြာခဏပြောကြားခဲ့သည်။ ရုရှားထိုအခြေအနေမျိုးရောက်အောင် ဆီးရီးယားက ဒေသအတွင်းမှ ဆောင်ကြဉ်းပေးနေသည်။

ရုရှားသည် လက်လွှတ်ခဲ့ရသော သံတမန်အနေအထားကို ပြန်လည်ရရှိရန်နှင့် နိုင်ငံတကာတွင် ကြီးမားသော အခန်းကဏ္ဍတွင် ပါဝင်နိုင်စေရန် ကုလသမဂ္ဂလို နိုင်ငံတကာအဖွဲ့များတွင် အမေရိကန်နှင့် ယင်း၏အနောက်မဟာမိတ်များအား 'ဘက်တိုက်' လာခဲ့သည်။ အထူးသဖြင့် ဆီးရီးယားအရေးအခင်းမျိုးတွင်ဖြစ်သည်။ ၂၀၁၁ ခုနှစ် မေလကလည်း လစ်ဗျားနှင့် ပတ်သက်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သည် မိမိတို့အား တစ်ပတ်ရိုက်သည်ဟု ရုရှားခေါင်းဆောင်များက ယူဆခဲ့ကြသည်။

၁၉၇၃ ခုနှစ် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ လစ်ဗျားနိုင်ငံကောင်းကင်ကို လေယာဉ်မပျံသန်းရဇုံအဖြစ်သတ်မှတ်ခဲ့ပြီး လစ်ဗျားပြည်သူများ၏ လုံခြုံရေးအတွက်လည်း အတတ်နိုင်ဆုံး ဆောင်ရွက်ရမည်ဟု ပါရှိသည်။ ထိုဆုံးဖြတ်ချက်ကို ထောက်ခံမဲဆယ်မဲ၊ ကြားနေမဲ ငါးမဲ၊ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုခဲ့သည်။ကြားနေမဲမှာ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနှင့် ဂျာမနီတို့၏ မဲများဖြစ်သည်။ ရုရှားက ကြားနေမဲပေးခဲ့သည့်အတွက် ကြားနေမှုကို ထောက်ခံသော်သမ္မတ ဒီမီထရီမက်ဗီဒက်နှင့် ဗီတိုအာဏာသုံးလိုသော ဝန်ကြီးချုပ်ပူတင်တို့အကြား အဖုအထစ်ကလေးများ ဖြစ်ခဲ့ရသည်။

ဆီးရီးယားအရေးအခင်းဖြစ်လာတော့ ပူတင်၏ရပ်တည်ချက်မှာ ရုရှားတို့၏ အစဉ်အလာရပ်တည်ချက်မျိုးဖြင့် အာဆတ်အစိုးရဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည်။ လစ်ဗျားပြည်သူများ၏ လုံခြုံရေးကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရမည်ဆိုသည်မှာ ကဒတ်ဖီကို ဖြုတ်ချလိုသော သောင်းကျန်းသူများဘက်မှ နေတိုးက စစ်ရေးဖြင့်ဝင်ရောက်ကူညီမည်ဆိုသည့်သဘောမှန်း ရုရှားခေါင်းဆောင်များ သဘောပေါက်ထားသည်။ ရုရှားတို့က ထိုအဖြစ်မျိုး ဆီးရီးယားတွင် ထပ်မဖြစ်စေလို။

ထို့ကြောင့် ရုရှားတို့သည် ဆုံးဖြတ်ချက်တွင်သုံးသည့် စကားအသုံးအနှုန်းကို များစွာရွေးချယ်ခဲ့သည်။ ရုရှားနှင့်တရုတ်တို့သည် ကုလသမဂ္ဂဆုံးဖြတ်ချက်များမှာ စစ်ရေးအရ ဝင်ရောက်စွက်ဖက်စေသည်မျိုး၊ လူ့အခွင့်အရေး အကြောင်းပြကာ ပိတ်ဆို့ဒဏ်ခတ်သည်မျိုး မဖြစ်စေလို။ ထို့ကြောင့် တရုတ်နှင့် ရုရှားနိုင်ငံတို့သည် နောင်တွင် ထိုဆုံးဖြတ်ချက်များကို ဆန့်ကျင်သွားကြမည်လည်းဖြစ်သည်။

ရုရှားသည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဖိနှိပ်သောအစိုးရများနှင့် ပတ်သက်လာလျှင် အနောက်နိုင်ငံများ၊

the bookhouse
we bring your future

www.burmeseclassic.com



အထူးသဖြင့် အမေရိကန်သည် စံနှစ်မျိုးထားကာ ကြောင်သူတော်လုပ်နေသည်ဟု ယူဆထားသည်။ ပါလက်စတိုင်းနယ်မြေကို အစ္စရေးတို့ သိမ်းပိုက်ထားသည်ကိုတော့ သူတို့မသိယောင်ပြုနေသည်ဟု လူအတော်များများ၏ စိတ်တွင်သိနေကြသည်။ အမေရိကန်သည် ဖိနှိပ်အုပ်ချုပ်သော ဆီးရီးယားအား ဖိအားပေးနေသည့်တစ်ချိန်တည်းမှာပင် လွန်ခဲ့သောနှစ်များက ဆန္ဒပြသူများကို အတော်များများသတ်ပစ်ခဲ့သည့် အာဏာရှင်နိုင်ငံ ဥဇဘက်ကစ္စတန်အား လက်နက်ပိတ်ဆို့ထားမှုကို ရုပ်သိမ်းပေးခဲ့သည်ဟု ရုရှားတို့က ထောက်ပြသည်။

ဥဇဘက်ကစ္စတန်သည် အာဖဂန်ရှိ နေတိုးတပ်ဖွဲ့များသို့ ထောက်ပံ့ရေးလမ်းကြောင်းဖြစ်နေသဖြင့် အမေရိကန်အတွက် အရေးကြီးနေသည်။ အမေရိကန်အစိုးရသည် ဘာရိန်းနိုင်ငံမှ ရှီယာလူနည်းစုအစိုးရက ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းသည်ကို ဘာမျှမပြောဘဲ တူနီးရှား၊ လစ်ဗျားနှင့် အီဂျစ်နိုင်ငံတို့မှ ဆန္ဒပြသူများကိုမူ ထောက်ခံအားပေးနေသည်။

နောက်ဆုံးတွင် ရုရှားသည် အရှေ့အလယ်ပိုင်း၌ မတည်မငြိမ်ဖြစ်နေသည်ကို ကြည့်မနေနိုင်တော့။ ထိုမတည်ငြိမ်မှုသည် ဒေသတစ်ခုလုံးစစ်အသွင် ပျံ့နှံ့သွားနိုင်ပြီး ထိုဒေသ၏ အင်အားချိန်ခွင်လျှာပြောင်းလဲကာ ဒေသအတွင်း ရုရှား၏ အနေအထားကိုပါ ထိခိုက်လာနိုင်သောကြောင့်ဖြစ်သည်။ ရုရှားပညာရှင် ဒမီထရီ ထရင်နင်က-

"ရုရှားအစိုးရဟာ သိသာတဲ့ရေးရိုးစွဲဝါဒီဖြစ်တယ်၊ သူတို့ဟာ တော်လှန်တာကိုမကြိုက်ဘူး၊ သူတို့ဟာ အာရပ်တွေရဲ့ နိုးကြားမှုကိုကြည့်နေတာ ဆန္ဒပြမှုတွေကိုပဲ တွေ့နေရတယ်၊ ဆန္ဒပြမှုတွေဟာ အစ္စလာမ်လွှမ်းမိုးရေးကို ဦးတည်နေတယ်၊ ရုရှားအစိုးရက တော်လှန်ရေးဆိုတာကို အကောင်းမမြင်ဘူး၊ ဒါပေမဲ့ သူများနိုင်ငံရဲ့ ပြည်တွင်းစစ်ကို ဝင်ရောက်စွက်ဖက်ရင် ပိုဆိုးသွားနိုင်တယ်လို့ သူတို့ကယူဆတယ်"ဟုပြောခဲ့သည်။

အာဆတ်ကို ဖြုတ်ချရန် ကြိုးပမ်းခြင်းသည် အီရန်တုန်းကကဲ့သို့ အီရန်အားနည်းသွားသည့်ပမာ ဖြစ်သွားနိုင်သည်။ ဆီးရီးယားပြည်သူများ သူတို့၏အာဏာရှင်ကို ဖြုတ်ချရာတွင် ကူညီရာရောက်မည်မဟုတ်ဟု ရုရှားအစိုးရက ယူဆသည်။ အနောက်နိုင်ငံများ၏ ရည်ရွယ်ချက်မှာ ထိုအတိုင်းမှန်သည်ဆိုလျှင် ပြည်တွင်းပြဿနာကို ဒေသတစ်ခုလုံး၏ ပဋိပက္ခဖြစ်အောင် လုပ်လိုက်သလို ဖြစ်သွားမည်။

ထို့ကြောင့်လည်း ရုရှားသည် ဆီးရီးယားပြဿနာကို ဆီးရီးယားတို့ကသာ ဖြေရှင်းသည်ကို အားပေးနေခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် မေလက ရုရှားသမ္မတ ဒမီထရီမက်ဗီဒက်သည် သမ္မတအာဆတ်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် နိုင်ငံတကာမှ တောင်းဆိုချက်ကို ထောက်ခံခဲ့သည်။သို့ရာတွင်သူက မိမိတို့အနေဖြင့် ဆီးရီးယားအား

the bookhouse
we bring your future

www.burmeseclassic.com



ဒဏ်ခတ်ပိတ်ဆို့မှုကို လိုလားမည်မဟုတ်ဟု ထည့်သွင်းပြောကြားခဲ့သည်။ ထိုသို့လုပ်မည်ဆိုလျှင် အခြေအနေမှာ ပိုဆိုးသွားနိုင်ပြီး ဆီးရီးယားပြည်သူများကိုသာ ထိခိုက်မည်ဟုလည်း ဆိုသည်။

ယင်းမှာ ဘရှားအာဆတ်သည် ပြုပြင်ပြောင်းလဲရေးလုပ်မည်ဟု နိုင်ငံတကာက မျှော်လင့်နေသည့်ကာလက သဘောထားဖြစ်သည်။ ဩဂုတ်လ လဆန်းပိုင်းကလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ အရှေ့အလယ်ပိုင်းဆိုင်ရာဌာနအကြီးအကဲက မိမိတို့နိုင်ငံသည် ဆီးရီးယားအပေါ် ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချမည်ကို ဆန့်ကျင်သွားမည်ဟု ဆိုသည်။ ဆုံးဖြတ်ချက်ချမည်ဆိုလျှင်လည်း ပိတ်ဆို့ဒဏ်ခတ်မှုနှင့် အခြားသောနည်းဖြင့် ဖိအားပေးမှုများ မပါရှိစေရဟုဆိုသည်။

ထိုသဘောထားတွင် အကြောင်းရင်းနှစ်ရပ်ရှိသည်။

(၁)ရုရှားသည် သူ၏အကျိုးစီးပွားများကို ကာကွယ်လိုသဖြင့် ဆီးရီးယားနှင့် လစ်ဗျားနှစ်နိုင်ငံစလုံးမှ ရန်ဘက်ဖြစ်နေသည့် နှစ်ဖက်စလုံးနှင့် ဆက်ဆံရေးကောင်းနေချင်သည်။

(၂)ရုရှားအစိုးရသည် ၂၀၀၀ ပြည့်လွန်နှစ်များကစ၍ အရှေ့အလယ်ပိုင်းတွင် မိမိတို့အနေအထား မြင့်တက်အောင်ကြိုးစားလာခဲ့သည်။ အထူးသဖြင့် ဆွန်နီနိုင်ငံများဖြစ်သော ဆော်ဒီအာရေးဗီးယား၊ ကာတာ၊ တူရကီ၊ ဂျော်ဒန်၊ အာရပ်စော်ဘွားများသမ္မတနိုင်ငံတို့နှင့် ဆက်ဆံရေးတိုးတက်အောင် လုပ်လာခဲ့သည်။ ထိုနိုင်ငံများနှင့် စီးပွားရေး၊ စစ်ရေးသဘောတူစာချုပ်များလည်း ချုပ်ထားသည်။

ဆီးရီးယားအစိုးရကို ပွင့်ပွင့်လင်းလင်း ထောက်ခံလိုက်မှုကြောင့် ရုရှားသည် ထိုဒေသတွင် ၄င်းကြိုးပမ်းခဲ့သောတိုးတက်မှုများ ထိခိုက်ခဲ့ရသည်။ ရုရှားသည် ထိုဒေသတွင် ဆက်ဆံရေးကောင်းအောင် အားထုတ်ထားရင်း ဆီးရီးယားအစိုးရကိုလည်း ဆက်လက်ထောက်ခံနေသည်။

ဩဂုတ်လတွင် အမေရိကန်နှင့် ဥရောပသမဂ္ဂက ဘရှားအာဆတ်နုတ်ထွက်ပေးရန် တောင်းဆိုသောအခါ ရုရှားကကန့်ကွက်ခဲ့သည်။ ရုရှား၏ ထိုမူဝါဒမှာ ၂၀၁၁ ခုနှစ် တစ်ခုလုံးသာမက ၂၀၁၂ ခုနှစ်ထဲအထိ ထိုအတိုင်းရှိနေခဲ့သည်။

### *အာဆတ်ဆန့်ကျင်ရေး*
### *တူရကီ*

ဆီးရီးယား-တူရကီ ဆက်ဆံရေးမှာ ယခင်နှစ်များကပင် များစွာပြောင်းလဲခဲ့သည်။ ဆီးရီးယားတွင် အုံကြွမှုဖြစ်လာသောအခါ ထပ်၍ပြောင်းလဲသွားပြန်သည်။ နှစ်နိုင်ငံဆက်ဆံရေးမှာ ဘရှားအာဆတ် အာဏာမရမီကပင် ရန်သသော

the bookhouse
we bring your future

www.burmeseclassic.com



ဆောင်သော ဆက်ဆံရေးဖြစ်ခဲ့သည်။ နှစ်နိုင်ငံအကြား ပြဿနာများစွာလည်း ရှိခဲ့သည်။ ရေခွဲဝေယူရေး၊ အာတေ/အလက်ဇန်ဒရက်တာ နယ်မြေအငြင်းပွားမှု၊ ဆီးရီးယားက တူရကီနိုင်ငံအတွင်းရှိ ကဒ်လူမျိုးတို့ ခွဲထွက်ရန် ကြိုးစားသည်ကို ထောက်ခံမှု၊ ဆီးရီးယားက နေတိုးအဖွဲ့တွင် ဆိုဗီယက်ယူနီယံ၏ ဧည့်သည်အဖြစ်သာ တက်ခွင့်ရနေချိန် တွင် တူရကီက နေတိုးအဖွဲ့ဝင်ဖြစ်သွားခဲ့မှု၊ ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက တူရကီ-အစ္စရေး ဆက်ဆံရေးရှိခဲ့မှု၊ သမိုင်းအရ ယခု ဆီးရီးယားနိုင်ငံသည် အော်တိုမန် အင်ပါယာထဲတွင်ပါဝင်နေမှု စသည်တို့ဖြစ်သည်။ ဟာဖစ်အာဆတ် သေမည့်နှစ်တွင် တူရကီက အကယ်၍ ဆီးရီးယားသည် တူရကီနိုင်ငံရှိ ကဒ်အလုပ်သမားပါတီ(ပီကေကေ) ခွဲထွက်ရေး သူပုန်များကို ထောက်ပံ့နေမှုများမရပ်လျှင် စစ်ရေးအရဖြေရှင်းရမည်ဟု ခြိမ်းခြောက်လာတည်းက အမုန်းတရားစခဲ့ရသည်။

ထိုအခါ ဟာဖစ်သည် ပီကေကေကို ထောက်ပံ့နေမှုများ ရပ်ဆိုင်းလိုက်ပြီး ပီကေကေခေါင်းဆောင် အဗ္ဗလာ အိုကလန်အား တူရကီသို့လွှဲအပ်လိုက်သည်။ ထိုမှစ၍ နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု ကောင်းခဲ့သည်။ လျှပ်စစ်ဓာတ်အား ခွဲဝေသုံးစွဲရေးလည်း သဘောတူညီချက်ရခဲ့သည်။ ထို့ပြင် တူရကီနိုင်ငံတွင်မှ ဆီးရီးယားနိုင်ငံထဲသို့ စီးဝင်သော ယူဖရိတ် တက်မြစ်ရေ ခွဲဝေသုံးစွဲရေးကိုလည်း ဆွေးနွေးအောင်မြင်ခဲ့သည်။

ဘရှားအာဆတ်လက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးမှာ များစွာတိုးတက်လာသည်။ အထူးသဖြင့် ၂၀၀၃ ခုနှစ် တူရကီတွင် တရားရေးဖွံ့ဖြိုးတိုးတက်မှုပါတီ၏ ခေါင်းဆောင် ရီဆက် တေယစ် အာဒိုဂန် ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဖြစ်သည်။ ထိုသို့ ဆက်ဆံရေးတိုးတက်လာသည်မှာ ဘရှားအာဆတ်၏ နိုင်ငံခြားရေးမူဝါဒကြောင့် ဖြစ်ဖွယ်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များ မိတ်ဆွေရင်းခြာပမာပင် ဖြစ်လာသည်။

တူရကီအဖို့မှ ဆီးရီးယားနှင့် ဆက်ဆံရေးကောင်းမွန်လာခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ဘာပြဿနာမျှ မရှိဖြစ်သွားတော့သည်။ သို့ဖြင့် တူရကီသည် အရှေ့အလယ်ပိုင်းတွင် စီးပွားရေးနှင့် သံတမန်ရေး အချက်အခြာဒေသ အဖြစ် ထူထောင်လာနိုင်ခဲ့သည်။ ဆက်ဆံရေးကောင်းမွန်လာမှုကြောင့် နှစ်နိုင်ငံအတွက် အကျိုးအမြတ်လည်း ရှိခဲ့သည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းနှင့် နယ်စပ်ကုန်သွယ်ရေးတို့တွင်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် နယ်စပ်ကုန်သွယ်ရေးမှာ ဒေါ်လာ ၂ ဒသမ ၅ ဘီလျံအထိရှိလာခဲ့သည်။ ဆီးရီးယားအတွက်လည်း လက်ဘနွန်တွင် တပ်များချထားရသည့်အတွက် ကုန်ကျစရိတ်များလည်း ထေမိသွားသည်။ ဟာရီရီ လုပ်ကြံခံရအပြီး ဆီးရီးယားကို အမေရိကန်ဦးဆောင်ကာ ဝိုင်းပယ်ခံ ထားရသည့်အတွက်လည်း သံတမန်ထွက်ပေါက်ရခဲ့သည်။

အာဒိုဂန်အတွက်လည်း ၂၀၀၃ ခုနှစ်က အီရတ်ကို အမေရိကန်ဦးဆောင်သော တပ်များကဝင်တိုက်ရာတွင် တပ်ဖွဲ့များ အီရတ်နိုင်ငံတွင်းသို့ဝင်ရန် တူရကီနယ်စပ်အား သုံးခွင့်တောင်းသည်ကို ငြင်းခဲ့ရာမှ အနောက်နိုင်ငံများနှင့်

the bookhouse

www.burmeseclassic.com



အဆင်မပြေမှုကို ဖာထေးရာလည်းကျခဲ့သည်။ ထိုသို့ခွင့်မပြုလိုက်ခြင်းကြောင့် အစ္စရေးနှင့်ဆက်ဆံရေးလည်း အဆင်မပြေဖြစ်ခဲ့ရသည်။ သို့သော် ပါလက်စတိုင်းကို များစွာထောက်ခံပေးလိုက်မှုကြောင့်လည်း အီရန်နှင့်သာမက အမေရိကန်၏ နောက်လိုက်မဟုတ်သော နိုင်ငံများနှင့်ပါ အဆင်ပြေခဲ့သည်။ ဘရုားအတွက်လည်း သူ၏ နိုင်ငံခြားရေးမူဝါဒ အောင်မြင်မှုဖြစ်သည်။

ဆီးရီးယားတွင် အုံကြွမှုဖြစ်ပြီး အစိုးရက ရက်စက်စွာနှိမ်နင်းမှုကြောင့် တူရကီနှင့်ဆက်ဆံရေး ယိုယွင်းခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် အာဒိုဂန်သည် ဘရုားထံဖုန်းဆက်ကာ ရာထူးမှဆင်းပေးရန် တောင်းဆိုခဲ့သည်။ အကြမ်းဖက်နှိမ်နင်းမှုများ တိုးလာပြီး ဆီးရီးယားဒုက္ခသည်များ တူရကီနိုင်ငံတွင်းသို့ ထွက်ပြေးလာသောအခါ လေသံကပိုမာလာသည်။ အာဒိုဂန်သည် ဘရုားအား ဆန္ဒပြမှုများကို ငြိမ်းချမ်းစွာဖြေရှင်းကာ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်အောင် လုပ်စေလိုသည်။

တူရကီခေါင်းဆောင်မှာ အာဆတ်ကိုဆုံးမရမည်လား၊ အဆက်ဖြတ်ရမည်လားဆိုသော မတင်မကျအခြေအနေတွင်ရှိနေသည်။ ၂၀၁၁ ခုနှစ် ဧပြီလဆန်းပိုင်းတွင် အာဒိုဂန်အပါအဝင် တူရကီခေါင်းဆောင်များသည် ပြုပြင်ပြောင်းလဲရေးလုပ်ရန် တွန်းအားပေးမည်ဟု တိုင်ပင်ကြသည်။ ထို့နောက် မေလတွင် အာဒိုဂန်က ဆီးရီးယားအစိုးရအား အကြမ်းဖက်မှုများ ရပ်တန့်ရန်နှင့် ၁၉၈၂ ခုနှစ်က ဟာမာမြို့တွင်ဖြစ်သည့်မျိုး ထပ်မဖြစ်စေရန် တောင်းဆိုခဲ့သည်။

၂၀၁၁ ခုနှစ်ဇွန်လတွင် တူရကီနယ်စပ်အနီးရှိ ဂျစ်ဆာ အယ်လ်-ရှုဂါမြို့ကို ဆီးရီးယားတပ်ဖွဲ့များက သိမ်းပိုက်ပြီးနောက် တပ်မှူးဖြစ်သူ မဟာ အယ်လ်-အာဆတ်အား အာဒိုဂန်က 'လူမဆန်စွာ ရက်စက်သူ' ဟု စွပ်စွဲလိုက်သည်။ ထိုအတွက် ဆီးရီးယားခေါင်းဆောင်များက စိတ်ဆိုးသွားသည်။ အာဒိုဂန်က ကြေညာချက်တစ်ခုထုတ်ကာ အကြမ်းဖက်နှိမ်နင်းမှုများကို ရှုတ်ချပြီး ဆီးရီးယားနှင့် ပတ်သက်သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ထောက်ခံမည်ဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။ ဩဂုတ်လ ၁၅ ရက်နေ့ကလည်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက် ဒဗုတိုဂလူက ဆီးရီးယားအစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုများ ချက်ချင်း ခြွင်းချက်မရှိ ဆင်ခြေမပေးဘဲ ရပ်ဆိုင်းရန်၊ မရပ်ဆိုင်းပါက လိုအပ်သလို အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နောက်နှစ်ရက်အကြာတွင် သူက-

'သွေးမြေကျမှုတွေရပ်ပါ၊ စစ်ဆင်ရေးတွေ ရပ်ပါ၊ ဆီးရီးယားမှာ စစ်ဆင်ရေးတွေ ဆက်လုပ်နေမယ်ဆိုရင် ဒေသတွင်းပြဿနာတွေဖြစ်လာနိုင်တယ်၊ တူရကီနိုင်ငံအနေနဲ့ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ဆီးရီးယားကို နိုင်ငံခြား က စွက်ဖက်လာမှာကို လက်မခံနိုင်ဘူး၊ ဒါပေမဲ့ နိုင်ငံသားတွေအပေါ် စစ်ဆင်နေတာကိုလည်း လက်မခံနိုင်ဘူး' ဟုပြောခဲ့သည်။ အဆုံးသတ်တွင် သူက ဤသည်မှာ နောက်ဆုံးစကားဖြစ်ကြောင်း အာဆတ်အား မိမိပြောခဲ့သည်ဟု ပါရှိသည်။

the bookhouse
we bring your future

www.burmeseclassic.com



ဩဂုတ်လ ၂၈ ရက်နေ့တွင်လည်း တူရကီသမ္မတ အဗ္ဗဒူလာ ဂူလ်က 'အခုဆိုရင် နောက်ဆုံးအချိန်ကို ရောက်နေပါပြီ၊ တစ်ပါတီအာဏာရှင်အစိုးရတွေအတွက် နေရာမရှိတော့ပါဘူး၊ အဲဒီနိုင်ငံတွေရဲ့ အစိုးရတွေဟာ ပြောင်းလဲမှုတွေကို သူတို့ဘာသာလုပ်ရင်လုပ်၊ မလုပ်ရင် အတင်းအကျပ်လုပ်ခိုင်းရပါလိမ့်မယ်' ဟုပြောခဲ့သည်။

## *ဆော်ဒီ အာရေးဗီးယား(နှင့် ကာတာနိုင်ငံ)*

အာဆတ်ဆန့်ကျင်ရေးနှင့် ပတ်သက်၍ ဆော်ဒီနိုင်ငံသည် အတော်ပင်သတိထားကိုင်တွယ်ခဲ့သည်။ ဆီးရီးယားသမ္မတအနေဖြင့် လိုအပ်သော ပြုပြင်ပြောင်းလဲရေးများလုပ်လာမည်ဟု မျှော်လင့်ကာ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ ဆော်ဒီ ခေါင်းဆောင်ပိုင်းမှာ မိမိတို့နိုင်ငံတွင်လည်း အလားတူဆန္ဒပြမှုမျိုး ဖြစ်လာလေမည်လားဟု စောင့်ကြည့်နေရသဖြင့် ဆီးရီးယားအတိုက်အခံများကို ထင်ထင်ပေါ်ပေါ်ထောက်ခံရန် ခက်ခဲနေသည်။ ထိုအချိန်တွင် ဆော်ဒီပြည်သူများအတွက် လူမှုရေးဝန်ဆောင်မှုအသုံးစရိတ်များကို ဒေါ်လာဘီလျံနှင့်ချီကာ သုံးပေးထားသည်။ ဆော်ဒီအစိုးရသည် ဘာရိန်းနိုင်ငံတွင် ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းနေသည်ကိုတော့ ထောက်ခံနေခဲ့ရသည်။ ဘာရိန်းမှာ ရှီယာအများစုရှိသောနိုင်ငံကို ဆွန်နီဘုရင်က အုပ်ချုပ်နေခြင်းဖြစ်သည်။ ထို့ပြင် ဆော်ဒီနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် တည်ငြိမ်နေသည်ကိုသာ လိုလားသည့်နိုင်ငံ ဖြစ်သည်။ ယခုလို 'အာရပ်နွေဦး' ဖြစ်နေသည်ကို အီရန်က ဝင်ရောက်အမြတ်ထုတ်မည်ကိုလည်း စိုးရိမ်နေရသည်။

ဆော်ဒီ-ဆီးရီးယား ဆက်ဆံရေးမှာ ၂၀၀၅ ခုနှစ် ဟာရီရီ လုပ်ကြံခံရပြီးကတည်းက ပြတ်တောက်နေခဲ့သည်။ ဟာရီရီမှာ ဆော်ဒီတော်ဝင်မိသားစုနှင့် အလွန်ရင်းနှီးခဲ့သည်။ ဆီးရီးယားအစိုးရကလည်း မိမိနိုင်ငံနှင့် လက်ဘနွန်နိုင်ငံတွင်းရှိ အာဆတ်ဆန့်ကျင်ရေးအင်အားစုများကို ဆော်ဒီက ငွေကြေးထောက်ပံ့နေသည်ဟု စွပ်စွဲခဲ့သည်။

၂၀၀၈ ခုနှစ်လောက်တွင်တော့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာခဲ့သည်။ ကာတာနိုင်ငံ၏ ဈေးစပ်ပေးမှုဖြင့် လက်ဘနွန်နိုင်ငံတွင် အာဏာခွဲဝေယူရေးအတွက် နှစ်နိုင်ငံ တိုက်ရိုက်ညှိနှိုင်းခဲ့ရာမှ ဒိုဟာ သဘောတူညီချက်ရခဲ့သည်။ အာဆတ်နှင့် ဆော်ဒီဘုရင် အဗ္ဗဒူလာလ်လာတို့လည်း အပြန်အလှန်လည်ပတ်ခဲ့ကြသည်။ နောက်ဆုံးတွင် လက်ဘနွန်နိုင်ငံ မပြိုကွဲရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဖြစ်မည်ဟု ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် ဆီးရီးယား၌ အကြမ်းဖက်နှိမ်နင်းမှုများ လုပ်လာသောအခါ ဆော်ဒီအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တည်တံ့ရန်မဖြစ်နိုင်ကြောင်းတွေ့ခဲ့ရသည်။ သို့သော် ဆီးရီးယားတွင် သေကျေမှုနှုန်းများတိုးလာသည်ကို တော့

the bookhouse

www.burmeseclassic.com



ခပ်မဆိတ်နေခဲ့သည်။ ဆီးရီးယားအရေးနှင့် ပတ်သက်၍ ဆော်ဒီသည် ကန့်လန့်ကာနောက်ကွယ်မှနေပြီး ကာတာနိုင်ငံကို သာ ပွဲထုတ်ခဲ့သည်။ သို့သော် အာဆတ်မှာ ရေရှည်ခံမည်မဟုတ်သည်ကို သိလာသောအခါ ဘုရင်အဗ္ဗဒူလာလ်လာသည် ဆီးရီးယားအစိုးရကို ဗြောင် ဆန့်ကျင်လာရတော့သည်။

အာဆတ်၏အခြေအနေ ယိမ်းယိုင်လာသည်နှင့် အရှေ့အလယ်ပိုင်းတွင် အီရန်၏ ဩဇာအာဏာကျဆင်းလာ တော့မည်ကို ဆော်ဒီတွေ့လာရသည်။ ဩဂုတ်လ လဆန်းတွင် ဆော်ဒီဦးဆောင်သော ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီက ဆီးရီးယား၏အကြမ်းဖက်မှုများနှင့် အင်အားအလွန်အကျွံသုံးမှုများအား ရှုတ်ချကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဩဂုတ်လ ၈ ရက်နေ့တွင် ဘုရင်အဗ္ဗဒူလာလ်လာသည် ဆီးရီးယားအစိုးရ၏ လုပ်ရပ်များကို ရှုတ်ချကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသို့ပြောသည်မှာ အာရပ်ခေါင်းဆောင်များထဲတွင် ပထမဦးဆုံး ဖြစ်သည်။ ထို့ပြင်သူက အာဆတ်အားဖုန်း ဆက်ပြီး လူသတ်ယန္တရားကိုရပ်တန့်ရန် ပြောကြားခဲ့သည်။ ဆော်ဒီ၊ ကူဝိတ်နှင့် ဘာရိန်းနိုင်ငံတို့သည် ဆီးရီးယားမှ သူတို့၏သံအမတ်များကို ပြန်ခေါ်လိုက်ကြသည်။

ထိုအရေးတွင် ကာတာနိုင်ငံ၏ အခန်းကဏ္ဍမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။တူရကီနှင့် ဆော်ဒီနိုင်ငံတို့ကဲ့ သို့ပင် ကာတာနိုင်ငံသည်လည်း 'အာရပ်နွေဦး' မတိုင်မီက ဆီးရီးယားနှင့် ဆက်ဆံရေးအလွန်ကောင်းခဲ့သည်။ ဆီးရီးယားတွင် ကာတာ၏ရင်းနှီးမြှုပ်နှံမှုအများအပြားလည်း ရှိခဲ့သည်။ အီရတ်ကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏ သံခင်းတမန်ခင်း အားပျော့လာသည်တွင် ကာတာသည် ထိုဟာကွက်ကို ဝင်၍ယူခဲ့သည်။ အာရပ်ကမ္ဘာ တွင် ဩဇာရှိလှသည့် အယ်လ်-ဂျာဇီးရားရုပ်သံပိုင်ဆိုင်သည့် ကာတာနိုင်ငံမှာ ဒေသအတွင်းတွင် လျှော့တွက်၍မရသည့် နိုင်ငံ ဖြစ်လာခဲ့သည်။

အုံကြွမှုဖြစ်စတွင် ဆီးရီးယားသည် အယ်လ်-ဂျာဇီးရားရုပ်သံဝန်ထမ်းများကို ဘက်လိုက်၍ သတင်းထုတ်ပြန်သည် ဆိုကာ နိုင်ငံမှနှင်ထုတ်ခဲ့သည်။ ကာတာတွင် အမေရိကန်၏ လေတပ်စခန်းကြီးတစ်ခု ဖွင့်ခွင့်ပေးထားသည့်အတွက် ဆီးရီးယားက ကာတာကို အမေရိကန်နှင့် အစ္စရေးတို့၏ လက်ပါးစေဖြစ် စွပ်စွဲခဲ့သည်။

စောစောပိုင်းကတည်းကပင် ကာတာအစိုးရသည် 'အာရပ်နွေဦး'တွင် တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ သည်။ လစ်ဗျားနိုင်ငံမှ ကဒတ်ဖီကိုတိုက်ခိုက်နေသည့် သူပုန်များအား ကာတာက ထောက်ခံပံ့ပိုးခဲ့သည်။ လစ်ဗျား အတိုက်အခံများကို ငွေကြေး၊ လက်နက်နှင့် သင်တန်းများလည်းပေးခဲ့သည်။ တူနီးရှား၊ အီဂျစ်၊ လစ်ဗျားနှင့် အခြားနေရာများ မှ အစ္စလာမ်အုပ်စုများကိုလည်း ပံ့ပိုးကူညီခဲ့သည်။ ထို့ကြောင့် ဒေသတွင်းနှင့် အနောက်နိုင်ငံတို့က ကာတာသည် ဆွန်နီ

the bookhouse

www.burmeseclassic.com



မွတ်ဆလင်အစွန်းရောက်များကို မြှောက်ပေးနေသည်ဟု စွပ်စွဲခဲ့ကြသည်။ အချို့ကလည်း ကာတာသည် အာရပ်နွေဦးတွင် အင်အားကောင်းလာသော အစ္စလာမ်အုပ်စုများကို အသိအမှတ်ပြုခြင်းဖြင့် ဩဇာအာဏာကို တိုးချဲ့နေသည်ဟု စွပ်စွဲကြသည်။ ဆီးရီးယား-ကာတာဆက်ဆံရေး မည်သည့်အချိန်က ပျက်ပြားသွားသည်ကို အတိအကျပြောရန်တော့ ခက်သည်။ အာရပ်နွေဦး မပေါ်မီကတည်းက နှစ်နိုင်ငံအကြား ပြဿနာကလေးများ ရှိခဲ့သည်။ အထူးသဖြင့် အီရန်နှင့်ပတ်သက်၍ ဖြစ်သည်။ ကာတာစော်ဘွား ရှိတ်ဟာမက်သည် အာရပ်ကမ္ဘာတွင် ထင်ရှားသော အီရန်ဆန့်ကျင်သူဖြစ်သည်။ ထို့ပြင် ဆန္ဒပြသူများကို အာဆတ်က အကြမ်းဖက်နှိမ်နင်းသည့်အတွက်နှင့် ကာတာနိုင်ငံ၏ပြောစကားကို နားမထောင်သည့်အတွက် အမျက်ရှသည်လည်းရှိခဲ့သည်။

ဆော်ဒီနိုင်ငံနှင့် ဟားမတ်အဖွဲ့တို့လိုပင် ကာတာသည် အပြစ်မဲ့ဆန္ဒပြသူများကို သတ်နေသောအစိုးရအား ဆက်လက်မထောက်ခံနိုင်ဖြစ်ခဲ့ရသည်။ ဆန္ဒပြသူအများစုမှာလည်း ဆွန်နီမွတ်ဆလင်များ ဖြစ်နေသည်။ အခြား အာဆတ်ဆန့်ကျင်သည့်နိုင်ငံများကဲ့သို့ပင် ကာတာအစိုးရကလည်း ဆီးရီးယားကို သံတမန်ရေးပြစ်ဒဏ်ခတ်ရာတွင် ထိပ်ဆုံးမှပါခဲ့သည်။ အထူးသဖြင့် အာရပ်အဖွဲ့ချုပ်အတွင်းဖြစ်၏။ အခြားသောအာရပ်နိုင်ငံများထက် စောကာ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဆီးရီးယားဆိုင်ရာ ကာတာသံအမတ်ကို ပြန်ခေါ်ပြီး သံရုံးကိုလည်းပိတ်ပစ်ခဲ့သည်။

ဆီးရီးယားအစိုးရကလည်း ဒေသတွင်းမှ မိမိတို့အားဖိအားပေးရာတွင် ဆော်ဒီနှင့် ကာတာတို့က နောက်ကွယ်မှ ကြိုးကိုင်နေသည်ဟု ယူဆသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလက ဆီးရီးယားထိပ်တန်းအရာရှိတစ်ယောက်နှင့် တွေ့သဖြင့် အိုဘားမားနှင့် ဟီလာရီကို ဘာပြောချင်သနည်းဟု ကျွန်တော်ကမေးရာ သူက 'ဆော်ဒီနဲ့ ကာတာကို ကျုပ်တို့ကျောပေါ်က ဆွဲချပေးစမ်းပါလို့ ပြောချင်တယ်' ဟု ပြောသွားသည်။

**အစ္စရေး**

အစ္စရေးဝန်ကြီးချုပ် ဘင်ယမင် နက်တန်ယာဟုသည် ဆီးရီးယားအရေးနှင့်ပတ်သက်၍ အတော်ပင်နှုတ်ဆိတ်နေခဲ့သည်။ အခြားအာရပ်နိုင်ငံများတွင် အလားတူအဖြစ်များ ဖြစ်သွားတုန်းကလည်း ယခုလိုပင် သူနှုတ်ဆိတ်နေခဲ့သည်။ သူနှုတ်ဆိတ်ရသည်မှာ အကြောင်းနှစ်ရပ်ရှိသည်။ (၁)သူ တစ်စုံတစ်ခု ပြောလိုက်လျှင် အခြားအာရပ်နိုင်ငံများက မိမိနိုင်ငံ၏ အကျိုးစီးပွားကို တန်ပြန်တိုက်ခိုက်လာနိုင်သောကြောင့်ဖြစ်သည်။ (၂)ထိုသို့ မပြောသေးမီ ဒေသအတွင်း မည်သို့ပြောင်းလဲသွားမည်ကို သိလိုသောကြောင့်လည်းဖြစ်သည်။

the bookhouse we bring your future

www.burmeseclassic.com



ဆီးရီးယားအရေးဖြစ်နေချိန်တွင် အစ္စရေးခေါင်းဆောင်ပိုင်းသည် အကောင်းဆုံး မည်သို့ဖြစ်လာနိုင်သည်ကို ဆွေးနွေးခဲ့ကြသည်။ အကောင်းဆုံးဖြစ်လာစေရန် မိမိတို့အနေနှင့် ဘာမျှမတတ်နိုင်သည်ကိုလည်း သိထားကြသည်။ အချို့ကလည်း မကောင်းဆိုးဝါး ဆီးရီးယားအစိုးရရှိနေသည်ကပင် ကောင်းနေသည်ဟု ယူဆကြသည်။ အကယ်၍ တစ်စုံတစ်ခုသော ပယောဂကြောင့် အစ္စရေးနယ်စပ်အနီးတွင် မတည်ငြိမ်မှု သို့မဟုတ် ပြည်တွင်းစစ်ဖြစ်လာမည်ဆိုလျှင် အာရပ်-အစ္စရေးပဋိပက္ခ ဖြစ်လာနိုင်သောကြောင့်ဖြစ်သည်။ အစ္စရေးတို့ တစ်ခုစိုးရိမ်နေသည်မှာ ဆီးရီးယားပြည်တွင်းရေး ကြောင့် ထိုနိုင်ငံတွင်ရှိနေသည့် စကဒ်ဒုံးကျည်များ၊ ဓာတုလက်နက်များ မည်သို့ဖြစ်ကုန်မည်နည်း ဆိုသည့်အချက်ပင်။ ဘရှားအာဆတ်သည် အစ္စရေးအပေါ် ဆန့်ကျင်ပြောကြားသည်များရှိသော်လည်း နှိုင်းနှိုင်းချိန်ချိန် ပြောတတ်သည်။

အကြောင်းမူ ၂၀၀၇ ခုနှစ်က ဆီးရီးယားနိုင်ငံတွင်းရှိ နျူကလီးယားဓာတ်ပေါင်းဖိုဟုထင်ရသော အဆောက် အအုံတစ်ခုကို အစ္စရေးက ဗုံးချခဲ့ခြင်းနှင့် ဆီးရီးယားမြို့တော် ဒမတ်စကတ်အလယ်တွင် ဟစ္စဘိုလာအကြမ်းဖက်သမား အင်မက်မူဂနီယေအား လုပ်ကြံခဲ့သည်တို့ကြောင့် အစ္စရေးတို့၏ 'ဓ'ကို သူသိနေ၍ဖြစ်သည်။ (လုပ်ကြံသွားသူမှာ မည်သူ မှန်းမသိသော်လည်း အများကအစ္စရေးလက်ချက်ဟု ယုံကြည်ကြသည်) ဘရှားလက်ထက် ၂၀၀၈ ခုနှစ်တွင် ဆီးရီးယား- အစ္စရေး တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ခဲ့သေးသည်။ ထိုဆွေးနွေးပွဲမှာ အောင်မြင်လုနီးပါးဖြစ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

တစ်နည်းအားဖြင့် ဘရှားသည် အစ္စရေးနှင့် ငြိမ်းချမ်းရေးရယူရန်ဟူသော ဆီးရီးယားမဟာဗျူဟာကို ဆက် လက်ကိုင်စွဲထားသည်။ ထိုမဟာဗျူဟာမှာ သူ့ဖခင် ၁၉၉၀ ပြည့်လွန်နှစ်များကချခဲ့သည့်ဗျူဟာဖြစ်သည်။ အကယ်၍ ဘရှားအာဆတ်ပြုတ်ကျလျှင် နောက်တက်မည့်အစိုးရသည် အစ္စရေးအား ပိုမိုဆန့်ကျင်ကောင်း ဆန့်ကျင်လာနိုင်သည်။ (အီဂျစ်တွင် မူဘာရက်ပြုတ်ကျပြီးနောက် ထိုအတိုင်းဖြစ်ခဲ့သည်။) ထို့ပြင် ဆီးရီးယားအနေဖြင့် အီရန်၊ ဟစ္စဘိုလာ၊ ဟားမတ်တို့နှင့် အဆက်ဖြတ်မဖြတ်ဆိုသည်မှာလည်း မရေရာသေး။

အာဆတ်ပြုတ်ကျလျှင် အစ္စရေးအမြတ်ထွက်မည်ပြီး အီရန်၊ဟားမတ်နှင့် ဟစ္စဘိုလာတို့ အထီးကျန်မည်ဟု မြင်နေ သူများကလည်းရှိသေးသည်။ အာဆတ် ရုတ်တရက်ပြုတ်မကျသေးလျှင်သော်မှ သူ၏အင်အားအခြေစိုက်မှု အားနည်းသွား မည်။ ဆီးရီးယားအားနည်းလျှင် အစ္စရေးအတွက် ကောင်းသည်ဟုလည်း ဆိုကြသည်။ အာဆတ်သည် ထိုသို့အားနည်းသည့် အခြေအနေဖြင့် ဂိုလန်ကုန်းမြင့်ဒေသ ပြန်လည်လွှဲယူရေးအတွက် အစ္စရေးနှင့် လာရောက်ဆွေးနွေးမည်မဟုတ်ဟုလည်း ဆိုကြသည်။ အကယ်၍ လာပြီးဆွေးနွေးလျှင်လည်း အားနည်းနေသည့်အတွက် အစ္စရေးက အပေါ်စီးမှဆွေးနွေးနိုင် မည်ဟုလည်း ဆိုကြသည်။

the bookhouse
we bring your future

www.burmeseclassic.com



အာဆတ်သည် သူ့နိုင်ငံတွင်း အုံကြွမှုသည် အစ္စရေး၏လှုံ့ဆော်ကြံစည်မှုဟု စွပ်စွဲနေသော်လည်း အစ္စရေးသည် အာဆတ်အစိုးရနှင့်ပတ်သက်၍ ရောင့်ရှုတ်ပိတ်နေလာခဲ့သည်။ အာဆတ်သည် လူထုအုံကြွမှုကို အာရုံပြောင်းစေရန် အစ္စရေးအား တိုက်ရိုက်ဖြစ်စေ ဟစ္စဘိုလာတို့မှတစ်ဆင့်ဖြစ်စေ ရန်ရှာလာမည်ကို အစ္စရေးတို့က စိုးရိမ်နေသည်။ ယခုတော့ အစ္စရေးသည်လည်း အခြားနိုင်ငံများနည်းတူ အာဆတ်အစိုးရကို ဝေဖန်လာသည်။ သို့သော် နောက်ပိုင်းတွင် ဆီးရီးယားနှင့် အလွမ်းသင့်သော အီရန်နိုင်ငံကို တိုက်သင့်မတိုက်သင့်ဘက်သို့ အာရုံပြောင်းသွားခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့က အစ္စရေးသမ္မတ ရှီမွန်ပဲရက်သည် သတင်းစာရှင်းလင်းပွဲ၌ အာဆတ်အား နုတ်ထွက်ပေးရန်တောင်းဆိုလိုက်သည်။ ကာကွယ်ရေးဝန်ကြီး အီဟွဒ်ဘာရက်ကလည်း အာဆတ် ကြာကြာမနေရတော့ဟုပြောကြောင်း သတင်းများပေါက်ကြား ထွက်ပေါ်ခဲ့သည်။

## *အမေရိကန်(နှင့် ဥရောပသမဂ္ဂ)*

ဘုရှားအာဆတ်လက်ထက်တွင် ဆီးရီးယား-အမေရိကန် ဆက်ဆံရေးမှာ ရန်သဘောဆောင်ခဲ့သည်။ ဘုရှ်အစိုးရ၏ နောက်ဆုံးနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုအနည်းငယ် လျော့လာခဲ့သည်။ အိုဘားမားတက်လာသည်တွင် ဆက်ဆံရေးကောင်းလာနိုင်သည့် အခွင့်အလမ်းများ ပေါ်ခဲ့သည်။ အိုဘားမားအစိုးရသည် ဆီးရီးယားနှင့် အဆင့်မြင့်ဆွေးနွေးရန် ကြိုးစားခဲ့သည်။ ယင်းမှာ စစ်ရေးထက် သံတမန်ရေးကို ဦးစားပေးမည်ဆိုသော သူ၏နိုင်ငံခြားရေးမူဝါဒကြောင့်ဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇွန်လတွင် ကိုင်ရိုမြို့၌ အိုဘားမားပြောခဲ့သောမိန့်ခွန်းသည် အမေရိကန်နှင့် မွတ်ဆလင်ကမ္ဘာအကြား ဆက်ဆံရေးကောင်းမွန်လာအောင် လမ်းခင်းပေးသည့်သဘောဆောင်သည်။ များမကြာမီတွင် အိုဘားမားက ဆီးရီးယား၌ သံအမတ်ပြန်လည်ထားရှိမည်ဟု ကြေညာလိုက်သည်။ ယင်းမှာ ၂၀၀၅ ခုနှစ် ဟာရီရီလုပ်ကြံခံရကတည်းက သံအဆက်ဖြတ်ထားခဲ့ခြင်း ဖြစ်သည်။ သံအမတ်မှာ အရှေ့အလယ်ပိုင်း ကျွမ်းကျင်သူ ရောဘတ်ဖို့ဒ်ဖြစ်သည်။ သူ့ကို ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက ခန့်ထားခဲ့သော်လည်း ရီပတ်ဘလီကင်တို့ ကန့်ကွက်မှုကြောင့် ဒီဇင်ဘာလကျမှ သွားရခြင်းဖြစ်သည်။

ဆီးရီးယားအစိုးရဘက်ကမူ အိုဘားမားအစိုးရကို ပြန်လှန်ကူညီသည်မျိုး မရှိခဲ့။ အာဆတ်အစိုးရသည် သူတို့အကျိုးစီးပွားကို ကာကွယ်သည့် နိုင်ငံခြားရေးမူဝါဒဖြင့် ခိုင်ခိုင်မာမာရပ်တည်ခဲ့သည်က ပိုများသည်။ ထို့ကြောင့် ထိုသို့ဆက်ဆံရေး တိုးတက်မှုကို အမေရိကန်အတိုက်အခံပါတီက အပြစ်ပြောနေသည်။ ဖို့ဒ်ကို သံအမတ်အဖြစ် ရတ်တရက် မလွှတ်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်တွင် ပြည်တွင်းဆန့်ကျင်မှုများရှိမှန်း သိသာသည်။ အထူးသဖြင့်

the bookhouse

www.burmeseclassic.com



ကွန်ဂရက်တွင်ဖြစ်သည်။

ရီပတ်ဘလီကင်ပါတီသည် အိုဘားမား၏ ပျော့ပျောင်းသောနိုင်ငံခြားရေးမူဝါဒကို မကြိုက်ကြ။ အမေရိကန်နှင့် ဆီးရီးယား အဆင့်မြှင့်ပြီး ဆက်ဆံသည်ကို ရီပတ်ဘလီကင်ပါတီကသာမက ဒီမိုကရက်ပါတီဝင် အတော်များများကလည်း လက်မခံကြ။ သူတို့က ဆီးရီးယားတွင် အာဏာရှင်က ဦးဆောင်ကာ နိုင်ငံတော်အကြမ်းဖက်ဝါဒ ကျင့်သုံးနေဆဲဟုမြင်နေသည်။ ထို့ကြောင့် ဖို့ဒ်အား သံအမတ်အဖြစ်လွှတ်ရေးကို ဆီးနိတ်ကဆိုင်းငံ့ထားခြင်းဖြစ်သည်။ ထို့ပြင် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ဆီးရီးယားအပေါ် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကြောင့် တွေ့ဆုံဆွေးနွေးရန် ခက်ခဲနေရခြင်းဖြစ်သည်။ အမေရိကန်အစိုးရအတွင်းတွင် ဘုရှ်လက်ထက်ကတည်းက ဆီးရီးယား ဆန့်ကျင်သောသဘောထားမှာ ဆက်လက်ရှိနေသည်။

အိုဘားမားအစိုးရထဲတွင် ဆီးရီးယားနှင့်ပတ်သက်၍ မျှော်လင့်ချက်များ ရှိနေသည်။ ထို့ကြောင့် ဆီးရီးယားနိုင်ငံ၏ အုံကြွမှုအပေါ် အမေရိကန်၏ တုံ့ပြန်မှုမှာ အနည်းငယ်တိတ်ဆိတ်လာသည်။ အိုဘားမားအစိုးရထဲတွင် ဘရှား အယ်လ်-အာဆတ်သည် လမ်းမှန်ကမ်းမှန်ဖြင့် ပြုပြင်ပြောင်းလဲရေးများလုပ်လာလိမ့်မည်ဟု လိုရာတွေးကာ မျှော်လင့်နေမှုများလည်းရှိနေသည်။ အမေရိကန်သည် အစပိုင်းတွင် အခြားလူများလိုပင် ဆီးရီးယားနိုင်ငံပြိုကွဲစေနိုင်သည့် မငြိမ်သက်မှုများ မဖြစ်စေချင်။ တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ ဘာရိန်းနှင့် ယီမင်တို့တွင်ဖြစ်ခဲ့သည့် အာရပ်နွေဦးများမှာ မိမိတို့နယ်နိမိတ်အတွင်းမှာပင် ဖြစ်ခဲ့သည်။ သို့သော် ဆီးရီးယားတွင်မူ ထိုသို့ဖြစ်ဖွယ်မရှိချေ။ ဥရောပသမဂ္ဂသည်လည်း ထိုအတိုင်းယူဆဖြင့် ထိုကိစ္စအပေါ် အမေရိကန်၏ ဦးဆောင်မှုနောက်ကသာ လိုက်ခဲ့သည်။

မတ်လ ၂၅ ရက်နေ့တွင် အိုဘားမားအစိုးရသည် ဆန္ဒပြသူများအား အာဆတ်အစိုးရက ရက်စက်စွာ နှိမ်နင်းမှုအပေါ် ပြင်းထန်သောစကားလုံးများဖြင့် ရှုတ်ချကြောင်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဘရှားအာဆတ်အား ပြောထားသည့်အတိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ရန်နှင့် အကြမ်းဖက်နှိမ်နင်းမှုတွင် တာဝန်ရှိသူများအား ဖော်ထုတ်အရေးယူရန် တိုက်တွန်းလိုက်သည်။ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျေးကာနေးကလည်း ဆီးရီးယားအနေဖြင့် လက်ရှိလုပ်ရပ်များကို ရပ်တန့်ရန်နှင့် ပြည်သူများ၏အခွင့်အရေးကို လေးစားရန် အမေရိကန်နိုင်ငံက တောင်းဆိုကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရအား ဝိုင်းဝန်းဖိအားပေးကြသော်လည်း ဘရှားအာဆတ်ကို ပြောင်ဝေဖန်ခြင်းတော့ မရှိပေ။ အိုဘားမားအစိုးရသည် လစ်ဗျားနှင့် ဆီးရီးယား ဖြစ်ပုံခြင်းမတူသည်ကို သဘောပေါက်ထားသည်။ အမေရိကန်အစိုးရသည် စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်မည့်အရိပ်အယောင် မပြလိုခဲ့။ တစ်ချိန်တည်းတွင် အမေရိကန်သည် အီရပ်မှတပ်များကို

the bookhouse

www.burmeseclassic.com



ရုပ်သိမ်းကာ လစ်ဗျားသူပုန်များကို ကူညီနေသော နေတိုးတပ်ဖွဲ့များကိုလည်း ပံ့ပိုးကူညီနေရသည်။

အိုဘားမားအစိုးရသည် အရှေ့အလယ်ပိုင်းတွင် လျှင်မြန်စွာ ဆက်တိုက်ဖြစ်ပေါ်နေသော အရေးအခင်းများကို တုံ့ပြန်ရန် မနိုင်မနင်းဖြစ်နေရသည်။ ဆီးရီးယားနိုင်ငံ ပေါက်ကွဲကာ ဖရိုဖရဲဖြစ်သွားမည်ကိုလည်း အမေရိကန်ကမလိုလား။ ထို့ကြောင့် မတ်လ ၂၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က အမေရိကန်နိုင်ငံသည် လစ်ဗျားတုန်းကကဲ့သို့ ဆီးရီးယားပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

လစ်ဗျားတုန်းကမူ နိုင်ငံတကာမှ ဝိုင်းဝန်းရှုတ်ချခြင်း၊ အာရပ်အဖွဲ့ချုပ်က အရေးယူရန်တောင်းဆိုခြင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခြင်းများ ရှိခဲ့သော်လည်း ဆီးရီးယားတွင် ထိုသို့ဖြစ်မည်မဟုတ်ဟု သူမက ထောက်ပြခဲ့သည်။ အကြောင်းမူ ကွန်ဂရက်တွင် ပါတီနှစ်ရပ်စလုံးက အာဆတ်ကို ပြုပြင်ပြောင်းလဲရေးသမားအဖြစ် မြင်နေကြသောကြောင့်ဖြစ်သည်။

ဧပြီလကုန်ပိုင်းလောက်တွင် အမေရိကန်၏ တုံ့ပြန်မှုမှာ လေသံမာလာသည်။ ဧပြီလ ၂၃ ရက်နေ့တွင် ဆီးရီးယားအစိုးရကို ဆန့်ကျင်သူများအပေါ် အင်းအားသုံးဖြိုခွင်းမှုအား ရှုတ်ချသည့် ကြေညာချက်တွင် အိုဘားမားက ဆီးရီးယားအစိုးရအနေဖြင့် အကြမ်းဖက်နှိမ်နင်းမှုများကို ချက်ချင်းရပ်ပါဟု ပြောခဲ့သည်။ အာဆတ်သည် ပြည်သူများကိုဖိနှိပ်ရန်အတွက် အီရန်၏ အကူအညီယူကာ အီရန်တို့ကျင့်သုံးခဲ့သည့်အတိုင်းလုပ်ခဲ့သည်ဟုလည်း စွပ်စွဲခဲ့သည်။ ဆီးရီးယားအပေါ် ဒဏ်ခတ်ပိတ်ဆို့ရန် စဉ်းစားနေသည်ဟုလည်း ပထမဆုံးပြောကြားခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့တွင် အမေရိကန်နှင့် အီးယူ (ဥရောပသမဂ္ဂက ဆီးရီးယားအား ဒဏ်ခတ်ပိတ်ဆို့ကြောင်း ကြေညာခဲ့သည်။ ထိုအမိန့်အမှတ် ၁၃၅၇၂ ကို အိုဘားမားက လက်မှတ်ထိုးခဲ့သည်။ ထိုအမိန့်အရ ဆီးရီးယားအာဏာပိုင်များနှင့် ပြည်သူများအပေါ် အကြမ်းဖက်ဖိနှိပ်ရာတွင် တာဝန်ရှိသူများအားပိတ်ဆို့ဒဏ်ခတ်သည်ဟု ပါရှိသည်။ ၎င်းတို့ပိုင်သည့် ငွေနှင့် ပစ္စည်းများကိုပိတ်ဆို့ခြင်း၊ ၎င်းတို့၏ ခရီးသွားလာမှု၊ ၎င်းတို့နှင့်တွဲဖက်ကာ စီးပွားရေးလုပ်ကိုင်မှုများကို တားမြစ်ခြင်းများ ပါဝင်သည်။ ထိုအထဲတွင် လူထုကိုဖိနှိပ်ရာတွင် ကူညီခဲ့သော အီရန်နိုင်ငံမှ ကွပ်တပ်ဖွဲ့များကိုပါ ထည့်သွင်းထားသည်။

ပိတ်ဆို့မှုများတွင် ဆီးရီးယားသို့ ကုန်ပစ္စည်းတင်ပို့ခွင့်လိုင်စင်များပါ ပိတ်လိုက်ခြင်းဖြစ်သည်။ ထိုပစ္စည်းများတွင် ဆီးရီးယားတို့ အလွန်လိုအပ်နေသည့် လေယာဉ်နှင့် အပိုပစ္စည်းများလည်းပါသည်။ နောက်ရက် အနည်းငယ်အကြာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆီးရီးယားရှိ အမေရိကန်နိုင်ငံသားများ ထိုနိုင်ငံမှ ချက်ချင်း ထွက်ခွာကြရန် သတိပေး ကြေညာလိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com



မေလ ၉ ရက်နေ့တွင် ရှားဘန်းက သူမ၏အစိုးရသည် အတိုက်အခံများအပေါ် အသာစီးရနေပြီဖြစ်ပြီး အမေရိကန်၏ ပိတ်ဆို့ဒဏ်ခတ်မှုကိုလည်း မဖြုံဟုပြောကြားခဲ့သည်။ 'ကျွန်မတို့အပေါ် ဒါမျိုးလုပ်ခဲ့တာလည်း များခဲ့ပြီပဲ၊ လုံခြုံရေးပြန်ပြီး ရလာရင် အဆင်ပြေသွားမှာပါ၊ အခုအရေးအခင်းက အမြဲတမ်းဖြစ်မနေပါဘူး'ဟု ပြောသွားသည်။

မေလ ၁၈ ရက်နေ့တွင် ဆန္ဒပြသူပေါင်း ၇၀၀ သေဆုံးခဲ့သည်။ အိုဘားမားလည်း ပိတ်ဆို့ဒဏ်ခတ်မှုကို ပိုတိုးကာ အာဆတ်နှင့် ဒုသမ္မတ ဖာရောက် အယ်လ်-ရှာရားတို့အား လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ပိတ်ဆို့ဒဏ်ခတ်ခံရမည့်သူများအဖြစ် သတ်မှတ်ခဲ့သည်။ ထိုအထဲတွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများလည်းပါဝင်သည်။ ပိတ်ဆို့မှုအရ အမေရိကန်ရှိ ထိုလူများပိုင်ဆိုင်သည့် ငွေကြေးများကို ပိတ်ထားလိုက်သည့်ပြင် မိမိတို့ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များကိုလည်း သူတို့နှင့် စီးပွားရေးမလုပ်ရန် တားမြစ်ခဲ့သည်။

အီးယူကလည်း အလားတူလိုက်လုပ်ခဲ့သည်။ သို့သော် ဘရှားအဆတ်အား ရာထူးမှဆင်းပေးရန် တောင်းဆိုသည်တော့ မရှိသေး။ ယခုကဲ့သို့ ဖိအားပေးမှုကြောင့် ဘရှား ပြုပြင်ပြောင်းလဲရေးလုပ်လာမည်ဟု မျှော်လင့်နေသေး၍ဖြစ်သည်။ ထို့ပြင် ဖိအားများတိုးပေးလာခြင်းဖြင့် အစိုးရအတွင်း သဘောထားကွဲကာ အလျှော့ပေးမှုများလုပ်လာခြင်း၊ ကယ်ဆယ်၍မရနိုင်သည့် မဟာ အယ်လ်-အာဆတ်လိုလူမျိုးကို ရာထူးမှဖယ်ရှားခြင်းများ လုပ်လာလိမ့်မည်ဟုလည်း မျှော်လင့်နေကြသေးသည်။ ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က 'သမ္မတအာဆတ်ဟာ သူ့ပြည်သူတွေအပေါ် အကြမ်းဖက်နေတာကို အရပ်မခိုင်းသေးဘူး၊ ပြုပြင်ပြောင်းလဲရေးကိုလည်း လေးလေးနက်နက် မလုပ်သေးဘူး'ဟု ပြောခဲ့သည်။ ကွန်ဂရက်အမတ်များနှင့် အစိုးရအဖွဲ့တွင်းမှ ကျွမ်းကျင်နားလည်သူများက အာရပ်နွေဦးတွင် အိုဘားမား အစိုးရ၏ ဆောင်ရွက်ပုံများ၏ အားနည်းချက်များကို ထောက်ပြဝေဖန်ခဲ့ကြသည်။

ဇူလိုင်လအကုန်တွင် ဆီးရီးယားနှ်ဲ့ သေဆုံးသူအရေအတွက် ၂၀,၀၀၀ အထိရှိလာချိန်တွင် ဆီးရီးယား-အမေရိကန် ဆက်ဆံရေးမှာ ဆက်လက်ပျက်ပြားလျက်ပင်ရှိနေသေးသည်။ ဆီးရီးယားအစိုးရက 'လက်နက်ကိုင်ဂိုဏ်းများ' လက်ချက်ကြောင့် သူတို့၏တပ်ဖွဲ့ဝင် ၅၀၀ သေကျေခဲ့သည်ဟု ကြေညာသည်။ ဇူလိုင်လ ၈ ရက်နေ့တွင် အမေရိကန်သံအမတ် ဖို့ဒ်နှင့် ပြင်သစ်သံအမတ် အီရစ် ရှီဗလီးယားတို့သည် အစိုးရတပ်ဖွဲ့များဝိုင်းထားသော ဟာမာမြို့သို့ သွားရောက်ခဲ့ကြသည်။ သံအမတ်များသည် အတိုက်အခံခေါင်းဆောင်များနှင့် တွေ့ဆုံကာ အေးချမ်းစွာဆန္ဒပြနေသည်ကို လေ့လာခဲ့သည်။

ဖို့ဒ်၏ ထိုလုပ်ရပ်ကို အမေရိကန်နှင့် အနောက်နိုင်ငံများက ဆန္ဒပြသူများ၏ အခက်အခဲကို မီးမောင်းထိုးပြသကဲ့သို့ ရှိသဖြင့် ထောက်ခံကြသည်။ ထိုသို့သွားရောက်ခဲ့သည့်အတွက်လည်း ၁၉၈၂ ခုနှစ်က ဟာမာမြို့တွင်ပင်ဖြစ်ခဲ့သည့်အဖြစ်မျိုး ထပ်မဖြစ်စေရန် ကာကွယ်ရာလည်းကျသည်ဟုဆိုသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း

the bookhouse

www.burmeseclassic.com



ထိုလုပ်ရပ်ကြောင့် အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့သည် ဒီမိုကရေစီတိုက်ပွဲဝင်သူများဘက်မှ ရပ်တည်ကြောင်း ပြသရာ ကျသည်ဟု ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရက ထိုလုပ်ရပ်အပေါ်စိတ်ဆိုးကာ သံအမတ်နှစ်ယောက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဆင့်ခေါ်ကာ မိမိတို့၏ပြည်တွင်းရေးကို စွက်ဖက်သည်ဟု စွပ်စွဲခဲ့သည်။ အမေရိကန်ကွန်ဂရက်သည် ဆီးရီးယားအပေါ် အစိုးရ၏မူဝါဒကို သိပ်အားမရဘဲ မိမိတို့သံအမတ်ကို ပြန်ခေါ်ရန်တောင်းဆိုခဲ့သည်။ ကွန်ဂရက်အမတ်အများစုမှာ ၂၀၁၀ ပြည့်နှစ်က သံအမတ်ရာဘတ်ဖို့ဒ်အား စေလွှတ်မည်ကို ကန့်ကွက်ခဲ့သူများဖြစ်ခဲ့သည်။

သို့သော် အမေရိကန်အစိုးရက အတိုက်အခံများနှင့် အဆက်အသွယ်ရရန်၊ ဆီးရီးယားအစိုးရအား ဆက်လက် ဖိအားပေးနိုင်စေရန် သံအမတ်ကို ဆက်လက်ထားရှိခဲ့သည်။ သံအမတ်ဖို့ဒ်ကို နိုင်ငံတကာမှ ထောက်ခံလာသည့်အတွက် သူ့ကိုပြန်ခေါ်ရန် ကွန်ဂရက်၏ဖိအားများလည်း လျော့သွားခဲ့သည်။ သူ့အား ဆက်လက်ထားရှိရေးကို ဆီးနိတ်က ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုခဲ့သည်။

တစ်ချိန်တည်းမှာပင် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်နိုင်ငံဆိုင်ရာ ဆီးရီးယားသံအမတ်အား ခေါ်ယူ ကာ သံရုံးဝန်ထမ်းများ၏ လုပ်ရပ်များအပေါ် မိမိတို့စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ သံရုံးဝန်ထမ်းများသည် အမေရိကန် ရောက် ဆီးရီးယားလူမျိုးများ အာဆတ်ဆန့်ကျင်ရေး ဆန္ဒပြသည်ကို စုံစမ်းထောက်လှမ်းမှုများလုပ်သည်ဟု သတင်းများ ရရှိသောကြောင့်ဖြစ်သည်။ ထိုသို့ ထောက်လှမ်းသိရှိသွားခြင်းဖြင့် သူတို့နိုင်ငံတွင်ကျန်နေခဲ့သော သူတို့၏မိသားစုများ အန္တရာယ်ရှိနိုင်ပေသည်။ အမေရိကန်ရောက် ဆီးရီးယားလူမျိုးတို့၏ ဈေးဆိုင်များကိုလည်း အာဆတ်လိုလားသော ဆီးရီးယားတို့က ဖျက်ဆီးခဲ့ကြသည်။

ဟားမားမြို့သို့ ဖို့ဒ်သွားရောက်ပြီး မျှားမကြာမီ အစိုးရလိုလားသော ဆီးရီးယားတို့က အမေရိကန်သံရုံးနှင့် ပြင်သစ်သံရုံးများရှေ့သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြသူများသည် သံရုံးအုတ်တံတိုင်းကို တွယ်တက်ကာ ရိုက်ခွဲ ဖျက်ဆီးမှုများ လုပ်ခဲ့ကြသည်။ အချို့ဆန္ဒပြသူများက သံရုံးမှခပ်လှမ်းလှမ်းတွင်ရှိသော သံအမတ်အိမ်သို့လည်း ချီတက် ဆန္ဒပြခဲ့ကြသည်။ ထိုနေရာတွင်လည်း ထုရိုက်ဖျက်ဆီးမှုများလုပ်ခဲ့သည်။ ထိုသို့လုပ်သူများမှာ အစိုးရအမှုထမ်းများ ဖြစ်သည်။ အများစုမှာ အရပ်ဝတ်စုံထောက်များဖြစ်ကြပြီး သူတို့ကညွှန်ကြားခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်းများ လုပ်ပေး သည်။ ထိုအတွက် ဇူလိုင်လ ၁၁ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကလင်တန်က ပြင်းထန်စွာတုံ့ပြန် ပြောကြား ခဲ့သည်။ မိမိတို့သံရုံးများကို ကောင်းမွန်စွာ ကာကွယ်မပေးသည့်အတွက် အာဆတ်၏ သမ္မတအဖြစ် တရားဝင်မှုမှာ ပျက်ပြယ်သွားပြီဟု မိမိယူဆကြောင်း သူမကပြောခဲ့သည်။

the bookhouse

www.burmeseclassic.com



အိုဘားမားကလည်း စီဘီအက်စ်ရုပ်သံနှင့် အင်တာဗျူးတွင် ပြောကြားရာ၌ 'အာဆတ်ဟာ သူ့ပြည်သူတွေအမြင်မှာပဲ တရားဝင်မှုမရှိတော့ဘူး၊ သူဟာ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့လည်း အကြိမ်ကြိမ်ပျက်ကွက်ခဲ့တယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံတကာအဆင့်ကနေ ဖိအားပေးဖို့စီစဉ်နေပါတယ်'ဟုဆိုသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် မွတ်ဆလင်ဥပုသ်လသို့ဝင်သည်။ ဆီးရီးယား၏ ပြည်တွင်းအရေးအခင်းမှာလည်း ကြမ်းတမ်းနေဆဲပင်။ ယခုတော့ ဗလီများသို့ သောကြာနေ့တစ်ရက်သာ သွားသည်မဟုတ်ဘဲ နေ့စဉ်သွားနေကြသည်။ လူများ သေဆုံးသည့်ဓာတ်ပုံများလည်း မိုဘိုင်းဖုန်း၊ ရုပ်မြင်သံကြားများနှင့် အင်တာနက်များတွင် အမြဲတက်နေသည်။ ထို့ကြောင့် အိုဘားမားအစိုးရအား ဆီးရီးယားနှင့် လုံးဝအဆက်ဖြတ်ရန် ဖိအားပေးမှုများ တိုးလာနေသည်။ ဥပုသ်လ ပထမနေ့မှာပင် ရက်စက်မှုများ ပြင်းထန်ခဲ့သည်။ ဟားမားမြို့တွင် လူ ၁၂၀ အထိအသတ်ခံခဲ့ရသည်။

## အယ်လ်ကေဒါ

အာဆတ်ဆန့်ကျင်သူစာရင်းတွင် အယ်လ်ကေဒါကို ကျွန်တော် မထည့်ဘဲထားခဲ့မည်ဟု စဉ်းစားခဲ့သေးသည်။ နောက်မှ ကျွန်တော်ရေးနေရင်း ထည့်ရေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အကြောင်းမှု ၂၀၁၁ ခုနှစ်မေလတွင် အမေရိကန်တပ်ဖွဲ့များ၏လက်ချက်ဖြင့် အိုစမာဘင်လာဒင် သေဆုံးပြီးနောက် အယ်လ်ကေဒါ၏ ခေါင်းဆောင်သစ် အီမန် အယ်လ်-ဇဝါဟီရီသည် အာဆတ်ကိုဆန့်ကျင်ကာ ဆန္ဒပြသူများကို ထောက်ခံလာသည်။ ဆီးရီးယားတွင် အယ်လ်ကေဒါအဖွဲ့ရှိမရှိတော့မသိ။ အယ်လ်ကေဒါသည် မွတ်ဆလင်တို့၏ အစဉ်အလာမှခွဲထွက်သည့် အလာဝိတ်တို့အား ဆန့်ကျင်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

ထို့ပြင် အယ်လ်ကေဒါနောက်လိုက် ဆွန်နီမွတ်ဆလင်များအား ဖိနှိပ်သည့် ဆီးရီးယားအစိုးရကိုလည်း မကျေနပ်ခဲ့ပေ။ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အယ်လ်-ဇဝါဟီရီက အာဆတ်အား 'သစ္စာဖောက်တွေကို ကာကွယ်နေတဲ့ ရာဇဝတ်ဂိုဏ်းခေါင်းဆောင်'ဟု ခေါ်ဝေါ်ခဲ့သည်။ သို့သော်သူက ဆန္ဒပြသူများအား အနောက်နိုင်ငံများ ဘက်မလိုက်ရန် ဆော်ဩခဲ့သည်။

သို့သော် ထိုအချက်ကို ဆီးရီးယားအတိုက်အခံများက လက်မခံ။ သူတို့က ထိုစကားသည် အာဆတ်အစိုးရပြောနေကျ ဆန္ဒပြသူများကို လက်နက်ကိုင်အကြမ်းဖက်သမားများက နောက်ကသွေးထိုးပေးနေသည်ဆိုသော စကားကို သံယောင်လိုက်ခြင်းဖြစ်သည်ဟုဆိုကြသည်။ ဆီးရီးယားအရေးကို လေ့လာနေသူများကတော့ ဆန္ဒပြသူအများစုမှာ ကျေး

the bookhouse

www.burmeseclassic.com



လက်မှ လူလတ်တန်းစားများနှင့် အောက်ခြေလူတန်းစားများဖြစ်သည်ဟု ထောက်ပြကြသည်။ အယ်လ်ကေဒါသည် ဆီးရီးယားအုံကြွမှုတွင် ခြေရာလက်ရာမတွေ့ရသော်လည်း ၂၀၁၁ ခုနှစ်အကုန်ပိုင်းနှင့် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတို့တွင် အစိုးရအဆောက်အအုံများအား ဆက်တိုက်ဗုံးခွဲမှုများ ရှိခဲ့သည်။

ယင်းတို့မှာ အစွန်းရောက် အစ္စလာမ်ဝါဒီများ အသေခံတိုက်ခိုက်မှုများနှင့် တူနေသည်။ ယင်းတို့မှာ အယ်လ်ကေဒါ တို့ လုပ်ကိုင်ပုံများနှင့် တူနေသည်။ အချို့ကလည်း အီရတ်အစ္စလာမ်နိုင်ငံတော်အဖွဲ့၏လက်ချက်လေလားဟု စဉ်းစားကြ သည်။

ထိုအဖွဲ့သည် အယ်လ်ကေဒါနှင့် အလွန်းသင့်ပြီး နယ်စပ်ကိုကျော်၍ ဝင်လာကာ ရှုပ်ထွေးနေသည့် အခြေအနေ ကို အမြတ်ထုတ်ကာ ဖောက်ခွဲခြင်းဖြစ်နိုင်သည်ဟု စဉ်းစားကြသည်။ ဆီးရီးယားတွင် အစ္စလာမ် အစွန်းရောက်ဝါဒ ပြန့်ပွားနေသည်တော့ အမှန်ပင်။ ယခု စာရေးနေချိန်အထိ ဆီးရီးယားအုံကြွမှုတွင် အယ်လ်ကေဒါသည် အခြေခံအင်အား စုအဖြစ်မျိုး မတွေ့ရသေးပေ။

■

www.burmeseclassic.com

# အောက်ရှိ (All In)

ပြန်ကြည့်လိုက်တော့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လသည် အချိုးအကွေ့တစ်ခုသို့ ရောက်နေသလိုရှိခဲ့သည်။ ရမ္မဒမ်လသည် အတိုက်အခံ၏ ဖွဲ့ကြီးကြီးနှင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ကို ပြသရုံမက အစိုးရကလည်း ဆက်လက်တင်းခံနေမည်ကို ပြသနေသည်။ ထို့ပြင် နိုင်ငံတကာကလည်း ဘရှားအာဆတ်၏ အရည်အသွေးအပေါ်ကိုလည်းကောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်လာမည်ကိုလည်းကောင်း ထားခဲ့သည့် မျှော်လင့်ချက်များကို စွန့်လွှတ်စပြုလာကြသည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် အိုဘားမားသည် အာဆတ်အား ဘေးဖယ်နေရန် တောင်းဆိုလိုက်သည်။ ဥရောပသမဂ္ဂကလည်း အလားတူလိုက်လုပ်သည်။ အခြေအနေမှာ မတိုးသာမဆုတ်သာ ဖြစ်နေလေပြီ။ အုံကြွသူများဘက်ကလည်း နောက်ပြန်လှည့်ရန် အကြောင်းမရှိတော့။

စောစောပိုင်းတွင် ဆီးရီးယားအစိုးရသည် ထိုအကျပ်အတည်းအတွက် လုံခြုံရေးအဖြေထုတ်ခဲ့သည်။အာဆတ်နှင့် အပေါင်းပါများသည် အာဏာဆက်လက်တည်မြဲရေးအတွက် တင်းခံကာ လုပ်စရာရှိသည်များကို လုပ်သွားရန်ဆုံးဖြတ်ထားကြသည်။ သို့သော် နိုင်ငံတကာအား ဒေါသဖြစ်စေမည့် သူပုန်များအပေါ် ဓာတုလက်နက်များ အသုံးပြုခြင်းကိုတော့ ရှောင်ရှားသွားမည်ဖြစ်သည်။ ထိုသို့သုံးလိုက်လျှင် အရပ်သားအသေအပျောက်နှုန်း ပိုမြင့်မားသွားပြီး ၁၉၈၂ ခုနှစ်က ဟားမားမြို့အဖြစ်မျိုး ထပ်ဖြစ်သွားမည်ဖြစ်သည်။

ထိုလုပ်ရပ်မျိုး စမ်းသပ်ကြည့်သည်နှင့် မိုဘိုင်းဖုန်းကင်မရာများဖြင့် ရိုက်ကူးကာ လွှင့်ထုတ်လိုက်လျှင် တစ်ကမ္ဘာလုံးက အုန်းအုန်းထဝင်လာကြမည် ဖြစ်သည်။ ထို့ကြောင့် သွေးမြေကျသင့်သလောက် ကျစေမည်။ သို့သော် နိုင်ငံတကာမှ အကူအညီ

the bookhouse
we bring your future

www.burmeseclassic.com



များ ပေးလာသည်အထိတော့ မများစေရဟူသောမူကို ကျင့်သုံးကြသည်။ ဒွန်လလောက်က လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ဆီးရီးယားခေါင်းဆောင်များအား သဟိတ်မြို့ရှိ နိုင်ငံတကာတရားရုံးသို့တင်ရန် ကုလသမဂ္ဂအား တောင်းဆိုကြသည်။ ဘရှားအာဆတ်နှင့် အပေါင်းပါများသည် အတူကူး၊အတူနစ်၊အတူသေဟူသောမူကို ကျင့်သုံးနေမှန်း အတော်ပင်သိသာလာသည်။ သူတို့အကြား အတိုက်အခံများနှင့် နိုင်ငံတကာမှ မျှော်လင့်ထားသလို သဘောထားကွဲခြင်းများ မရှိခဲ့။ အကျပ်အတည်းကြားမှ ရုန်းထွက်နိုင်ကြမည်ဟုလည်း တွက်နေကြသည်။ ထိုမူကို ရုရှား၊ တရုတ်နှင့် အီရန်နိုင်ငံတို့ကလည်း ထောက်ခံကြပြီး ဘရှားအစိုးရအား သံတမန်အကာအကွယ်များလည်းပေးကာ အသက်ရှူချောင်အောင် လုပ်ပေးထားသည်။

အစိုးရက ဖြိုခွဲမှုကို တိုးလုပ်လာလေ အတိုက်အခံများမှာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်လာနေသည်။ အခြေအနေမှာ ယိုယွင်းလာနေသည်နှင့် အတိုက်အခံများသည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် လက်နက်များကိုင်ဆောင်လာကြကာ အစိုးရတပ်ဖွဲ့များအား ပြန်တိုက်လာကြသည်။ များမကြာမီ စစ်ပြေးများဦးဆောင်ကာ 'လွတ်လပ်သော ဆီးရီးယားတပ်မတော်' ခေါ် စစ်သွေးကြွအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ယခုတော့ သူတို့လက်များတွင်လည်း သွေးများပေလာလေပြီ။ သူတို့နောက်ပြန်လှည့်ရန် မဖြစ်နိုင်မှန်းလည်း သူတို့သိနေကြသည်။ အကယ်၍ နှစ်ဖက်ညှိနှိုင်းကာ အဖြေရှာနိုင်သည့်တိုင် ဘရှား၏ လုံခြုံရေးတပ်ဖွဲ့များ၏ရန်က စိတ်မချရသေး။အသက်အန္တရာယ်က ရှိနိုင်သေးသည်။

ထို့ကြောင့် အစိုးရပြုတ်ကျမှဖြစ်မည်။ အတိုက်အခံများသည် ထိုသို့ဖြစ်လာရေးအတွက် ဘာမဆိုစွန့်လွှတ်ကြမည်။ အသက်ကိုပင် စွန့်လွှတ်နိုင်ကြသည်။ ထိုအတောအတွင်း ပြည်တွင်းပြည်ပ အတိုက်အခံနိုင်ငံရေးအင်အားစုများသည် ညီညွတ်ရေးတပ်ပေါင်းစုတစ်ရပ်ဖွဲ့ကြသည်။ ထိုသို့ ဖွဲ့လိုက်ခြင်းအားဖြင့် သူတို့အကြား အုပ်စုကွဲနေမှုကို ဖုံးဖိရာကျခဲ့သည်။ ယခင်က ထိုသို့အုပ်စုကွဲနေမှုကြောင့် ဘရှားအာဆတ်အား ထောက်ခံဆဲရှိနေသူများကို စည်းရုံး၍မရနိုင်အောင်ရှိခဲ့ရသည်။ ၂၀၁၁ ခုနှစ်ကုန်ခါနီးလာသည်နှင့် အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာရပ်အဖွဲ့ချုပ်၊တူရကီ စသည်တို့က စစ်ရေးအရဝင်ရောက်စွက်ဖက်ရန် တောင်းဆိုခဲ့ကြသည်။

ဩဂုတ်လအကုန်လောက်တွင် နိုင်ငံတကာအသိုက်အဝန်းက အာဆတ်ကို အဆက်ဖြတ်လာကြသည်။မဖြတ်သေးသူများကလည်း နှစ်ကုန်လျှင် ဖြတ်ကြမည်ဖြစ်သည်။ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နိုင်ငံတို့ကိုလည်း ဆီးရီးယားနိုင်ငံနှင့်အဆင်ပြေနေဆဲဖြစ်သောနိုင်ငံတို့မှ သံတမန်များက အာဆတ်နှင့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးရန် နားချကြသည်။ သို့သော် ထိုနိုင်ငံများက လက်မခံခဲ့။ အာဆတ် ဆင်းကိုဆင်းရမည်ဟုဆိုကာ ပယ်ချခဲ့ခြင်းဖြစ်သည်။ ထိုအဆုံးစွန် ရည်မှန်းချက်ကတော့ ရှင်းသည်။ ထိုရည်မှန်းချက်ကို ရောက်အောင်သွားမည့်နည်းလမ်းကသာ မရှင်းခြင်း ဖြစ်သည်။

the bookhouse

www.burmeseclassic.com



အာဆတ်အစိုးရကို ဖိအားပေးရန်မှာ နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး ပိတ်ဆို့မှုများကို ကျင့်သုံးရမည်ဖြစ်သည်။ စစ်ရေးကိုကျင့်သုံးရန်မှာ လောလောဆယ် မစဉ်းစားသေး။ ဆီးရီးယားသည် လစ်ဗျားကဲ့သို့မဟုတ်သောကြောင့်ဖြစ်သည်။ သို့သော် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလရောက်တော့ အကြမ်းဖက်မှုများ တိုးလာသဖြင့် အနောက်နိုင်ငံအစိုးရများသည် လစ်ဗျားတုန်းက နေတိုးဝင်ရောက်သကဲ့သို့ စစ်ရေးကိုအသုံးပြုရန် တီးတိုးတိုင်ပင်လာကြသည်။ ထိုသည်ကို အချို့ကကြိုဆိုကြသော်လည်း အများစုက စိုးရိမ်နေကြသည်။

သံတမန်ဖိအားနှင့် ဝိုင်းကြဉ်ထားသည့်နည်းများမှာ ထိရောက်မှုမရှိခဲ့။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်များသည်လည်း ဟန်ပြမျှသာဖြစ်နေသည်။ ကာတာနှင့် ဆော်ဒီနိုင်ငံတို့ဦးဆောင်သည့် အာရပ်အဖွဲ့ချုပ်သည်လည်း တိုက်ရိုက်ဝင်ရောက်ဖြေရှင်းသည်မျိုးမဟုတ်သဖြင့် အောင်မြင်မှုလည်း မရှိပေ။ တူရကီတစ်နိုင်ငံသာလျှင် ပိတ်ဆို့ဒဏ်ခတ်ခြင်း၊ အတိုက်အခံတို့အား ပံ့ပိုးကူညီခြင်းများလုပ်နေသည်။

လူအများစုက အာဆတ်အစိုးရ အာဏာတည်မြဲမှုကို လျှော့တွက်နေကြသည်။ ၂၀၁၁ ခုနှစ် နွေကာလတွင် နိုင်ငံတကာ စာနယ်ဇင်းများတွင် သံပြိုင်ထွက်လာသည့် သတင်းခေါင်းစဉ်များမှာ 'အာဆတ်ပြုတ်ကျတော့မည်'၊ 'ဘရှားအာဆတ်၏ နောက်ဆုံးရပ်တည်ချက်'၊ 'အာဆတ်ခေတ်လွန် လမ်းပြမြေပုံ ဆွဲနေပြီ'၊ 'အာဆတ်လမ်းဆုံး၏အစ'၊ 'အာဏာရှင်ဝိုင်းပယ်ခံရပြီ'၊ 'ဘရှားအာဆတ်အစိုးရ ယိုင်နဲ့နေပြီ' စသည်တို့ဖြစ်သည်။

၂၀၁၁ ခုနှစ်ကုန်ခါနီးတွင် အာဆတ်အစိုးရပြုတ်ကျတော့မည်ဟု အများကထင်ကြေးပေးနေစဉ် သတင်းခေါင်းစဉ်များမှာ 'အာဆတ်မည်သို့ အာဏာမြဲနေသနည်း'၊ 'အာဏာကို သူ မည်သို့ဖက်တွယ်ထားသနည်း'၊ 'ဆီးရီးယားဦးညွှတ်မည်မဟုတ်'၊ 'အာဆတ်အပေါ် သုံးသပ်ခြင်း…အာဆတ် အရှုံးမဟုတ်၊ အာဏာမြဲစေရန် သူအစွမ်းကုန်လုပ်မည်' စသည်တို့ဖြစ်သည်။ ထိုပြဿနာမှာ ဖြေရှင်းရန်မလွယ်။ အခြေအနေများမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာနေသည်။

## နိုင်ငံရေးနှင့် စစ်ရေးဆန့်ကျင်မှု

၂၀၁၁ ခုနှစ် နွေရာသီအကုန်တွင် အစိုးရက ပြင်းထန်စွာ ဖြိုခွဲနေသကဲ့သို့ အတိုက်အခံများဘက်တွင်လည်း ဦးတည်ရာနှင့် နည်းစနစ်ပိုင်းပြဿနာများ ကြုံတွေ့နေရသည်။ ပြည်တွင်းပြည်ပ အတိုက်အခံအင်အားစုများသည် ထိုအချိန်အထိ ငြိမ်းချမ်းစွာဆန္ဒပြရေးကိုသာ ဦးစားပေးနေဆဲရှိနေသည်။ သူတို့က အကျပ်အတည်းကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး

the bookhouse
we bring your future

www.burmeseclassic.com



ကာ အဖြေရှာရန်သာ တောင်းဆိုနေကြသည်။ (ဘရှားအာဆတ် ရာထူးမှဖယ်ရှားပေးရမည်ဟုလည်း ထင်နေကြသည်) အချို့ကလည်း အာဆတ်ကိုဖြုတ်ချရန် စစ်ရေးနည်းကို သုံးချင်ကြသည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် အတိုက်အခံများက စစ်မျက်နှာနှစ်ခုဖွင့်လိုက်သည်။ တစ်ခုက နိုင်ငံရေးနှင့် သံတမန်ရေးဖြစ်ပြီး နောက်တစ်ခုမှာ စစ်ရေးဖြင့်တော်လှန်ရန် ဖြစ်သည်။

သူတို့က ထိုနှစ်ခုကို ခွဲခြားပြီးလုပ်သည်။ တစ်ခါတစ်ရံကျတော့ ထိုနှစ်ခု ထွေးရောယှက်တင် ဖြစ်နေတတ်ပြန်သည်။ သို့သော် ထိုနှစ်ကုန်တော့ ပူးပေါင်းဆောင်ရွက်မှုများ ရှိလာသည်။ ဆီးရီးယား အမျိုးသားကောင်စီ(အက်စ်အင်န်စီ)က နိုင်ငံရေးနှင့် သံတမန်ရေးကို ဆောင်ရွက်သည်။ လွတ်လပ်သော ဆီးရီးယားတပ်မတော်သည် အာဆတ်ကိုဖြုတ်ချရန် စစ်ရေးနည်းဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။

ဩဂုတ်လ ၂၃ ရက်နေ့တွင် အက်စ်အန်စီဖွဲ့စည်းရန် အီစတန်ဘူမြို့တွင် ကြေညာချက်ထုတ်လိုက်သည်။ ထိုအဖွဲ့ကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် တူရကီနိုင်ငံ၌ တရားမဝင်ဖွဲ့စည်းခဲ့သည်။ အောက်တိုဘာလ ၂ ရက်နေ့တွင်မူ တူရကီနိုင်ငံ အီစတန်ဘူမြို့၌ ကွန်ဖရင့်တစ်ရပ်ကျင်းပကာ အက်စ်အန်စီကို တရားဝင်ဖွဲ့စည်းလိုက်သည်။ ယင်းတွင် အတိုက်အခံအုပ်စုပေါင်းများစွာပါဝင်သည်။ ထိုအဖွဲ့တွင် ပဋိညာဉ်စာတမ်းအပြင် အဖွဲ့အစည်းဆိုင်ရာ လိုအပ်ချက်မှန်သမျှ ပါဝင်သည်။ ထိုကောင်စီသည် လစ်ဗျားနိုင်ငံတွင် ဖွဲ့စည်းခဲ့သော အမျိုးသားအသွင်ကူးပြောင်းရေး ကောင်စီကို အတုယူကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အက်စ်အန်စီသည် ကဒတ်ဖီအစိုးရ ပြုတ်ကျအောင်လုပ်နိုင်ခဲ့သည်။ အက်စ်အင်န်စီ လက်အောက်တွင် ပြည်တွင်းပြည်ပ အတိုက်အခံအုပ်စုများ ပါဝင်သည်။ ထိုကောင်စီတွင် အရေးအခင်းမတိုင်မီရှိခဲ့သည့် အုပ်စုများ၊ အရေးအခင်းအတွင်းဖွဲ့ခဲ့သည့် အုပ်စုများအပြင် ဆီးရီးယား မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့၊ ဒမတ်စကတ် ကြေညာချက်အဖွဲ့၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ ကဒ် အနာဂတ်လှုပ်ရှားမှုပါတီ၊ ဆီးရီးယားအမျိုးသား ပစ္စုပ္ပန်အဖွဲ့၊ အာဆီးရီးယန်း ဒီမိုကရက်တစ်အဖွဲ့နှင့် ပြည်တွင်းပါတီများနှင့် အဖွဲ့အစည်းများ ပါဝင်ကြသည်။

ထိုကောင်စီ၏ ပဋိညာဉ်စာတမ်းအရ ကောင်စီ၏ ပင်မတာဝန်မှာ ဆီးရီးယားတွင် ဒီမိုကရေစီရရှိရေးအတွက် လမ်းပြမြေပုံအတိုင်း ဆောက်ရွက်သွားရန်ဖြစ်သည်။ ထို့ပြင် အသွင်ကူးပြောင်းရေးကာလမှ ဒီမိုကရေစီပါလီမန် နိုင်ငံရေး စနစ်ဆီသို့ လမ်းပြခေါ်ဆောင်သွားရန်လည်း တာဝန်ရှိသည်။

ကောင်စီဝင်များ၏ အဓိဋ္ဌာန်မှာ ကောင်စီကို ကိုယ်စားပြုမှုရှိရမည်ဖြစ်သည်။ ကောင်စီညီလာခံကိုယ်စားလှယ် ဦးရေမှာ ၂၃၀ ရှိသည်။ အထွေထွေအတွင်းရေးမှူးအဖွဲ့တွင် အဖွဲ့ဝင် ၂၉ ဦးရှိသည်။ အလုပ်အမှုဆောင်ကော်မတီတွင်

the bookhouse we bring your future

www.burmeseclassic.com



အဖွဲ့ဝင် ၇ ဦး ရှိသည်။ ထိုကော်မတီက ဆုံးဖြတ်ချက်များ ချမှတ်ရသည်။ ကောင်စီရွေးကောက်ပွဲကို စက်တင်ဘာလတွင် ကျင်းပခဲ့ရာ ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူ ကြာမြင့်စွာလုပ်လာခဲ့သော ဘာဟာန် ဂါလီယန်ကို ပထမဆုံးဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။

သူသည် မူလက ပဲရစ်မြို့ ဆောဘုန်းတက္ကသိုလ်တွင် အရှေ့တိုင်းလေ့လာရေးနှင့် နိုင်ငံရေးလူမှုဗေဒ ပါမောက္ခ ဖြစ်သည်။ ထို့ပြင် ၂၀၀၅ ခုနှစ်က ဒမတ်စကတ် ကြေညာချက်အဖွဲ့ကို တည်ထောင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ ကောင်စီဥက္ကဋ္ဌရာထူးမှာ သုံးလတစ်ကြိမ် အလဲအလှယ်လုပ်ရသော်လည်း ဂါလီယန်ကို ၂၀၁၂ ခုနှစ်ထဲအထိ တိုးချဲ့ပေးခဲ့သည်။ အကျပ်အတည်းကာလတွင် ကောင်စီဆက်လက်တိုးတက်ရေးနှင့် ကောင်စီကို နိုင်ငံတကာမှ အသိအမှတ်ပြုလာစေရန် ထိုသို့ တိုးချဲ့ပေးခဲ့ခြင်းဖြစ်သည်။ အက်စ်အင်န်စီအဖွဲ့ဝင်များတွင် ပြည်တွင်းမှ ၆၀ ရာခိုင်နှုန်းပါဝင်ကာ ပြည်ပနေသူများက ၄၀ ရာခိုင်နှုန်း ပါဝင်သည်။ လုံခြုံရေးအရအဖွဲ့ဝင်များ၏ အမည်များကို ထုတ်ပြန်ခြင်းမရှိ။

ကောင်စီဖွဲ့စည်းသည့် ကြေညာချက်ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သည်။ ပဋိညာဉ်စာတမ်းမှာ အကွဲကွဲအပြားပြားဖြစ်နေသော အတိုက်အခံများကို ညီညွတ်စေသဖြင့် အရေးပါလှသည်။ ထိုစာတမ်းတွင် ကောင်စီသည် ဆီးရီးယားတော်လှန်ရေးကို အဓိကကိုယ်စားပြုဆောင်ရွက်သွားမည်၊ အာဆတ်အစိုးရပြုတ်ကျရေးအတွက် လိုအပ်သလိုလုပ်ဆောင်သွားမည်၊ လူမျိုးဘာသာ၊ ကျားမ နိုင်ငံရေးယုံကြည်ချက် မခွဲခြားဘဲ လူမှုနိုင်ငံတော်ကို တည်ဆောက်သွားမည်ဟု ဖော်ပြထားသည်။ အက်စ်အန်စီသို့ လူတိုင်းပါဝင်နိုင်စေရန် တံခါးဖွင့်ထားသည်ဟုလည်း ပါရှိသည်။

ဂါလီယန်က ဆီးရီးယားအချုပ်အခြာကို ထိခိုက်စေနိုင်သည့် ပြည်ပစွက်ဖက်မှုကို လက်မခံသော်လည်း နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဆီးရီးယားပြည်သူများကိုကူညီရန်နှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်အောင် ကူညီပါရန် တောင်းဆိုလိုက်သည်။ လူ့အခွင့်အရေး၊ တရားရေးလွတ်လပ်မှု၊ သတင်းစာလွတ်လပ်ခွင့်၊ ဒီမိုကရေစီနှင့် နိုင်ငံရေးဗဟုဝါဒများကို လမ်းညွှန်မှုများအဖြစ်ထားသော အမျိုးသား ညီညွတ်ရေး ပဋိညာဉ်စာတမ်းကိုလည်း ထုတ်ပြန်ခဲ့သည်။ ကောင်စီသည် ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်များစေလွှတ်ကာ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများ နှင့် တွေ့ဆုံစေသည်။ ထို့ပြင် ဥရောပသမဂ္ဂ၊ အာရပ်အဖွဲ့ချုပ်စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံစေသည်။

ထိုနိုင်ငံများနှင့် အဖွဲ့အစည်းများကလည်း ထိုနှစ်အကုန်တွင်လာ၍ ကောင်စီအား ဆီးရီးယားပြည်သူများကို ကိုယ်စားပြုသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုကြသည်။ အချို့ကလည်း တရားဝင်ကိုယ်စားပြုအဖွဲ့ဟု အသိအမှတ်ပြု

the bookhouse
we bring your favors

www.burmeseclassic.com



သည်။ အချို့ကလည်း ဆီးရီးယား၏ တစ်ခုတည်းသော တရားဝင်အစိုးရဟု အသိအမှတ်ပြုကြသည်။ ထိုသို့လုပ်လိုက်သဖြင့် ထိုနိုင်ငံများနှင့် အဖွဲ့အစည်းများသည် အာဆတ်အစိုးရနှင့် လက်တွဲလုပ်ကိုင်မှုကို စွန့်လွှတ်လိုက်သည့် သဘောဆောင်သည်။

ကောင်စီ၏ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလဆန်းပိုင်းက ဂျီနီဗာမြို့တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တွေ့ဆုံသည်မှာ အရေးပါလှသည်။ ကလင်တန်က အက်စ်အင်န်စီကို အားပေးပြီး အတိုက်အခံအုပ်စုအားလုံး အတူတကွပူးပေါင်းဆောင်ရွက်ရန်လည်း အကြံပေးခဲ့သည်။ ထိုသို့တွေ့ဆုံခြင်းကြောင့် အမေရိကန်အစိုးရသည် အာရပ်ခေတ်လွန်ကာလတွင် ဦးဆောင်အဖွဲ့အစည်းဖြစ်လာနိုင်သည့် အက်စ်အင်န်စီနှင့် ဆက်ဆံရေးထူထောင်လိုကြောင်း ပြခြင်းဖြစ်သည်။

ဂျီနီဗာတွင် တွေ့ဆုံပြီးနောက် မိမိနိုင်ငံသို့ ပြန်ရောက်လာသော ကလင်တန်သည် ဒီဇင်ဘာ ၅ ရက်နေ့တွင် အက်စ်အင်န်စီမှာ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လိုလားကြသော ဆီးရီးယားပြည်သူများ၏ တရားဝင်ဦးဆောင်အဖွဲ့အစည်းဖြစ်သည်ဟု ကြေညာခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အတိုက်အခံများအား ကူညီသွားမည်ဟုလည်း ပြောကြားခဲ့သည်။

ပထမတွင် အက်စ်အင်န်စီသည် အုပ်စုများ လျော့ရဲစွာပေါင်းစပ်ထားသည့် အဖွဲ့သာဖြစ်ပြီး အဆုံးတွင် ပြိုကွဲသွားမည်သာဖြစ်သည်ဟု ယူဆကာ အာဆတ်အစိုးရက သိပ်အရေးမလုပ်ခဲ့ပေ။ ထိုသို့သုံးသပ်သည်မှာလည်း သိပ်မှားသည်တော့ မဆိုသာ။ ပထမတွင် ကောင်စီသည် အတိုက်အခံများ၏ လှုပ်ရှားမှုကိုလည်း စုစည်းညှိနှိုင်းအောင်မလုပ်နိုင်။ နိုင်ငံတကာမှ အကူအညီများရအောင်လည်း မစည်းရုံးနိုင်ခဲ့။

သို့သော် အောက်တိုဘာလဆန်းတွင် နိုင်ငံတကာအသိုက်အဝန်းက ကောင်စီကို အားပေးလာသောအခါ အာဆတ်အစိုးရက ကောင်စီကို သတိထားစောင့်ကြည့်လာရတော့သည်။ အက်စ်အင်န်စီ တရားဝင်ဖြစ်လာသည်နှင့် အောက်တိုဘာလတွင် အာဆတ်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီး ဝါလစ် အယ်လ်-မွာလမ်က ထိုကောင်စီသည် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့သာလျှင်ဖြစ်ပြီး ယင်းကို အသိအမှတ်ပြုသည့်နိုင်ငံများအား တိကျစွာအရေးယူသွားမည်ဟု ပြောကြားခဲ့သည်။ အရေးယူမည်ဆိုသည့်အထဲတွင် ဆီးရီးယားရှိ ထိုနိုင်ငံများ၏ သံတမန်များအားပေးထားသည့် လုံခြုံရေးများကို ပြန်လည်ရုပ်သိမ်းရန်လည်း ပါဝင်သည်။ သို့ဖြင့် အက်စ်အင်န်စီကို ဂရုမစိုက်၍ မရတော့ပေ။

ဆီးရီးယားနိုင်ငံတွင်းမှ လူများနှင့်သာ ဖွဲ့ထားသော အခြားအတိုက်အခံအုပ်စုတစ်စုလည်း ရှိသေးသည်။ ယင်းမှာ ဒီမိုကရေစီပြောင်းလဲရေး အမျိုးသားပူးပေါင်းဆောင်ရွက်ရေးဗျူရို(အင်န်စီဘီ) ဖြစ်သည်။ ထိုဗျူရိုကို ဇွန်လတွင်

the bookhouse
we bring your future

www.burmeseclassic.com



ဟတ်ဆန် အဒဲ-အာဇင်က ဦးဆောင်ကာဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုဗျူရိုသည် အက်စ်အင်နံ့စီနှင့် မတူသည်မှာ အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ငြင်းဆိုခြင်းမရှိခြင်းဖြစ်သည်။

ထို့ပြင် ထိုအဖွဲ့က အသွင်ကူးပြောင်းရေးကို တဖြည်းဖြည်းသာလုပ်ရန် (အာဆတ် ချက်ချင်း ရာထူးမှ မဖယ်ရှားရန်)နှင့် ပြည်ပမှ စစ်ရေးစွက်ဖက်မှုကို မလိုလားခြင်းများသည်လည်း အက်စ်အန်နံ့စီနှင့် ကွဲပြားသည်။ ထိုနှစ်ဖွဲ့အကြား တစ်ခါတစ်ရံ အဖုအထစ်ကလေးများ ရှိတတ်သည်။ အင်န်စီဘီကို အက်စ်အန်နံ့စီနှင့် လာရောက်ပူးပေါင်းရန် ဖိတ်ခေါ် ခြင်းလည်း မရှိခဲ့။

အင်န်စီဘီကို အစိုးရ၏ လှည့်စားမှုကို လိုလားစွာခံနေသူများဟုလည်း စွပ်စွဲခံရသည်။ ထိုအဖွဲ့သည် အစိုးရက တမင်ဖွဲ့ပေးထားသော အတိုက်အခံအဖွဲ့ဟုလည်း ပြောနေကြသည်။ အက်စ်အန်နံ့စီကိုလည်း အင်န်ဘီစီက 'ဝါရှင်တန်ကလပ်'ဟု အမည်ပေးလိုက်သည်။ အမေရိကန်အစိုးရ၏ ရောင်းလိုက်ဝယ်လိုက်လုပ်သည်ကို ခံနေရသည့်အဖွဲ့ဟု အဓိပ္ပာယ်ရသည်။ အက်စ်အင်နံ့စီအဖွဲ့ဝင် အတော်များများသည် ယခင်ကတည်းက ဘုရှ်အစိုးရနှင့် အိုဘားမားအစိုးရတို့၏ ငွေကြေးထောက်ပံ့မှုကိုခံခဲ့ရသူများဖြစ်သည်။

အထူးသဖြင့် ဟာရီရီ လုပ်ကြံခံရပြီးကတည်းက ဖြစ်သည်။ အခြားပြည်တွင်း အဖွဲ့တစ်ဖွဲ့ဖြစ်သော ပြောင်းလဲရေးနှင့် လွတ်မြောက်ရေး ပြည်သူ့တပ်ဦး(ပီအက်ဖ်စီအယ်လ်)မှ အဖွဲ့ဝင်တစ်ဦးက အက်စ်အန်နံ့စီသည် မျိုးချစ်အဖွဲ့မဟုတ်၊ ပြည်ပအားကိုးသူများဖြစ်သည်ဟု ဝေဖန်သည်။ ဆီးရီးယားအတွက် ခေါင်းဆောင်မှုကို အမေရိကန်တင့်ကားများဖြင့် တင်သွင်းလာမည့်သူများဖြစ်သည်ဟုလည်း ဆိုသည်။

အင်န်စီဘီသည် ပြည်တွင်းအဖွဲ့အစည်းဖြစ်သောကြောင့် ပြည်ပြေးအများစုပါသော အက်စ်အင်နံ့စီထက် တစ်ပန်းသာသည်။ ထိုအဖွဲ့သည် ဘာသာရေးမဖက်သော နယ်ချဲ့ဆန့်ကျင်သည့်အဖွဲ့ဖြစ်သည်။ ထိုသဘောထားကို ဆီးရီးယားပြည်သူများက သဘောကျသည်။ ပြည်သူများသည် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းသည်ကို မကြိုက်ကြ။

ဆီးရီးယားအတိုက်အခံများကြားတွင် ဤသည်မှာ ပြဿနာတစ်ရပ်ဖြစ်သည်။ ပြည်တွင်းတွင်လည်း ကွဲနေကြသည်။ ပြည်ပတွင်လည်း ကွဲနေကြသည်။ အဖွဲ့တိုင်းမှာလည်း ချည့်နဲ့အားနည်းကြသည်။ မည်သည့်အုပ်စုမျှ အားကိုးလောက်ခြင်းမရှိ။ ထို့ကြောင့်လည်း အာဆတ်အစိုးရအတွက် အဆင်ပြေနေခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ရေး မုန်းတီးမှုတွေကလည်း ရှိနေသည်။ ဆီးရီးယားတွင် ကြာမြင့်စွာကပင် ဒီမိုကရေစီတက်ကြွလှုပ်ရှားလာခဲ့သည့် ထင်ရှားသော လူဝေ ဟူစိန်က အတိုက်အခံများတွင်ရှိနေသည့် အခြားပြဿနာများကို ပြောပြသည်။ သူ့အမြင်အရ မီဒီယာသည် အက်စ်အင်နံ့စီနှင့် အင်န်စီဘီတို့၏ သတင်းများကိုသာ ရေးသားထုတ်လွှင့်ကြပြီး အခြားသော အုပ်စုအလိုက်၊ တစ်ဦးချင်းအလိုက် အတိုက်

the bookhouse
we bring your future

www.burmeseclassic.com



အခံများကို ဥပေက္ခာပြုထားသည်ဟုဆိုသည်။ ဆီးရီးယားတွင် ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းမျှမဝင်သည့် ထင်ရှားသည့် တစ်ဦးချင်းအတိုက်အခံများ ထောင်ချီရှိသည်။

မည်သည့်အုံကြွမှု၊ သို့မဟုတ် တော်လှန်ရေးတွင်ဖြစ်စေ လက်နက်ကိုင်ရေး၊ မကိုင်ရေးမှာ ပြဿနာတစ်ခု ဖြစ်သည်။ ငြိမ်းချမ်းသော တော်လှန်ရေးမှ လက်နက်ကိုင်တော်လှန်ရေးသို့ ပြောင်းသွားသည်မျိုးလည်းရှိသည်။အတိုက် အခံမှန်သမျှ အစိုးရကအကုန်ရှင်းပစ်ရန် ဆုံးဖြတ်ထားသည့် ဆီးရီးယားတွင်မူ အတိုက်အခံများ လက်နက်ကိုင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်အတွက်သာဖြစ်သည်။ ၂၀၁၁ ခုနှစ်နွေရာသီတွင် အာဆတ်အားဖြုတ်ချရန်အတွက် လက်နက် ကိုင်တော်လှန်ရေးတစ်ခုသာဖြစ်နိုင်သည်ဟု စဉ်းစားသူများရှိလာသည်။ အတိုက်အခံအဖွဲ့တစ်ခုမှ အဖွဲ့ဝင်တစ်ယောက်က ပြောရာတွင် 'လစ်ဗျားအရေးပြီးသွားတော့ အတိုက်အခံအတော်များများက ငြိမ်းချမ်းသော တော်လှန်ရေးနည်းကို ရွေးခဲ့ တာမှားတယ်လို့ ဆိုလာကြတယ်၊ အစကတည်းက လစ်ဗျားလိုသာ လုပ်ခဲ့မယ်ဆိုရင် အခုအချိန်မှာ ငါတို့လွတ်လပ်နေပြီတဲ့'

လက်နက်ကိုင်လမ်းစဉ်သို့ ပြောင်းရေးမှာ အလွန်အရေးကြီးသည့် ပြဿနာဖြစ်သည်။ ထိုသို့လုပ်သည်နှင့် အစိုးရက လက်နက်ကိုင်ဂိုဏ်းများနှင့် အကြမ်းဖက်သမားများသည် အကြမ်းဖက်မှုများ တိုးလုပ်လာသည်ဟု လေသံ လွှင့်မည်။ ထို့ပြင် အစိုးရကို နိုင်ငံခြားအထောက်အပံ့များ ပေးလာနိုင်သည်။ ရုရှားနှင့်တရုတ်တို့ထံမှ ရလာနိုင်သည်။ မူလကပံ့ပိုးနေသည်ကို ဆက်လက်ပံ့ပိုးသည့်အပြင် စစ်ရေးအကူအညီပါ ပေးလာနိုင်သည်။ သို့သော် အတိုက်အခံအများစု သည် သူတို့နောက်တွင် အုတ်တံတိုင်းသာရှိတော့သည်ဟု မြင်နေကြသည်။ အစိုးရက ကြမ်းတမ်းစွာ ဆက်လက်ဖြိုခွဲနေ သည်ကို ခုခံရန်မှာ လက်နက်ကိုင်ရန်သာရှိတော့သည်။ ထို့အပြင် အတိုက်အခံအများစုမှာ ဆွန်နီမွတ်ဆလင်များဖြစ်နေသည်။ စစ်တပ်မှ ထွက်ပြေးလာသူများမှာလည်း ဆွန်နီများသာဖြစ်သည်။ စစ်ပြေးများမှာ ဆွန်နီမွတ်ဆလင် အများစုရှိသော တပ်များမှဖြစ်ကြသည်။ ထို့ကြောင့် အစိုးရက ဤသည်မှာ ဘာသာကွဲများအကြားဖြစ်သောစစ်တွင် နောက်ဆုံး ခံစစ်ကြောင်း ဖြစ်သည်ဟု လေသံပစ်လာနိုင်သေးသည်။ ထိုအခါ လူနည်းစု တိုင်းရင်းသားများသည် ထိုင်ကြည့်နေသည့် သူတို့၏ အနေအထားအတိုင်း ဆက်လက်နေသွားနိုင်သည်။အချို့တိုင်းရင်းသားများသည် အစိုးရကို ထောက်ခံ၍ပင်လာနိုင်သည်။

အတိုက်အခံဘက်တွင် ဆွန်နီအများစုပါဝင်သဖြင့် ဘာသာရေးအစွန်းရောက် လှုပ်ရှားမှုအသွင်ဖြစ်လာသည်။ ထိုမှတစ်ဆင့် အာဆတ်အလွန်အစိုးရတွင် ဆွန်နီကြီးစိုးမည်ကို စိုးရိမ်မှုများဖြစ်လာနိုင်သည်။ အတိုက်အခံများဘက်တွင် သတင်းယူနေသည့် သတင်းစာဆရာများက အတိုက်အခံအများစုမှာ ဆွန်နီများဖြစ်ကြပြီး အုံကြွမှုစတင်ရာ ကျေးလက်များ တွင် နေထိုင်ကြသူများလည်း ဖြစ်ကြသည်ဟုဆိုသည်။

သို့သော် ယင်းမှာလည်း ဆီးရီးယား၏ ယဉ်ကျေးမှုနှင့် လူဦးရေ အနေအထားဖြစ်နေသည်။ ဘာသာရေးအရ

www.burmeseclassic.com



ရှေးရိုးစွဲအယူအဆ လွှမ်းမိုးလာသည်မှာလည်း ဆယ်စုနှစ်တစ်ခု၊ နှစ်ခုရှိခဲ့ပြီ ဖြစ်သည်။ ထိုသို့ဖြင့် သူတို့သည် အစ္စလာမ် အစွန်းရောက်များ ဖြစ်လာရန်အကြောင်းမရှိပေ။ သူတို့သည် ဘာသာရေးကို ပိုမိုကိုင်းရှိုင်းသူများသာ ဖြစ်ကြသည်။ ဘာသာရေး၏ မျက်ကန်းဦးဆောင်မှုနောက်သို့ လိုက်သူများလည်း မဟုတ်ကြ။

အီဂျစ်၊လစ်ဗျားနှင့် တူနီးရှားနိုင်ငံများတွင် အာရပ်နွေဦးဖြင့် သက်ဆိုင်ရာအစိုးရများ ပြုတ်ကျသွားပြီးနောက် ထိုအဖြစ်မျိုးများ တွေ့ခဲ့ရသည်။ ထိုသို့ဆိုသဖြင့် ဆီးရီးယားတွင် အစ္စလာမ်အစွန်းရောက်မရှိဟု မဆိုလိုပေ။ ရှိလည်းရှိခဲ့ သည်။ အစိုးရက သူတို့ အမေရိကန်တိုက်ခိုက်အပြီး အီရတ်သို့သွားရန် အကူအညီများလည်း ပေးခဲ့သည်။ ထိုအင်အားစု များသည် ဆက်သွယ်ရေး ကွန်ရက်များရှိနေသဖြင့် ဆီးရီးယားသို့ ပြန်လာမည်ကို အစိုးရကလည်းကြောက်နေသည်။ အတိုက်အခံဘက်တွင် ဆွန်နီအများစုဖြစ်နေခြင်းကြောင့် အစိုးရက ယခုအရေးအခင်းတွင် အစ္စလာမ်အစွန်းရောက်များ ပါဝင်နေသည်ဟု လေသံပစ်နေခြင်းဖြစ်သည်။

လက်နက်ကိုင်လာသူများမှာ စစ်ပြေးများဖြစ်ကြသည်။ သူတို့သည် အတိုက်အခံများဘက်သို့ ရောက်လာရာ တွင် လက်နက်များပါလာသည်မဟုတ်။ တစ်ယောက်ချင်း ရောက်လာခြင်းဖြစ်သည်။ တပ်ဖွဲ့လိုက် ရောက်လာခြင်းလည်း မဟုတ်ပေ။ ထို့ကြောင့် တစ်နိုင်ငံလုံး လက်နက်ကိုင်တော်လှန်သည့်သဘောမျိုးလည်း မဟုတ်ချေ။ မြို့ရွာအလိုက် ပြည်သူ့စစ်အသွင်မျိုး ကာကွယ်ရေးသဘောဆန်သည်။ ၂၀၁၁ ခုနှစ် နွေဦးကာလတွင် လက်နက်ကိုင်ပုန်ကန်မှုက တိုးပွားလာ စရာရှိသော်လည်း လက်နက်နှင့် ခဲယမ်းမီးကျောက်ရရှိရန်မှာ ခက်ခဲနေသည်။

နွေရာသီအကုန်လောက်တွင် ဆီးရီးယားလွတ်လပ်ရေးတပ်မတော် (အက်ဖ်အက်စ်အေ)သည် ထင်ရှားသော အတိုက်အခံအင်အားစုတစ်ခုဖြစ်လာသည်။ ယင်းမှာ အစိုးရက စစ်ရေးဖြင့်ဖြိုခွဲမှုကြောင့် ဖြစ်လာသည့် လက်နက်ကိုင် တော်လှန်မှုဟု အချို့ကမြင်သည်။ ဆီးရီးယားလွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းလိုက်သည်ဆိုသော ပထမဆုံးသတင်းမှာ လုံခြုံရေးတပ်ဖွဲ့များက ဗိုလ်မှူးကြီးဟူစိန်ဟာမုရ်ကိုဖမ်းမိပြီး သူ့ကိုရုပ်မြင်သံကြားမှ တပ်ပြေးများကိုရှုတ်ချကြောင်း ပြောကြားခိုင်းအပြီးဖြစ်သည်။

ဇူလိုင်လလောက်တွင် ဆီးရီးယားတပ်မတော်မှ ဗိုလ်မှူးကြီးဖြစ်သူ ရီယဒ် အယ်လ်-အာဆတ်သည် တပ်ဖွဲ့ဝင် ၇,၀၀၀ မှ ၁၀,၀၀၀ အကြားရှိသော အက်ဖ်အက်စ်အေကို ကွပ်ကဲနေသည်ဟူသော သတင်းများထွက်ပေါ်လာသည်။ တပ်ဖွဲ့အများစုမှာ ပြည်တွင်းတွင်ရှိပြီး တူရကီ၊ လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံတို့တွင်လည်း အချို့ရှိသည်ဟုဆိုသည်။ ပထမတွင် အက်ဖ်အက်စ်အေတပ်ဖွဲ့များသည် နယ်စပ်အနီးတွင်သာ လှုပ်ရှားလိုကြသည်။ သို့မှသာ လိုအပ်လျှင် အစိုးရ တပ်ဖွဲ့များအား ရှောင်ရှားနိုင်မည်ဖြစ်သည်။ နယ်စပ်အနီးမှ လှုပ်ရှားသည့်အခါ ရိက္ခာပစ္စည်းများလည်း အလွယ်တကူ

the bookhouse

www.burmeseclassic.com



ပြန်လည်ဖြည့်ဆည်းနိုင်သည်။ အာဆတ်၏ စစ်ဆင်ရေးဌာနချုပ်များမှာ တူရကီနိုင်ငံ ဟာတေးဒေသတွင်းရှိ အင်တာကျာ မြို့တွင် ရှိနေကြသည်။ အာဆတ်အစိုးရသည် ယင်းကိုတုံ့ပြန်သည့်အနေဖြင့် နယ်စပ်တစ်လျှောက်တွင် မြေမြှုပ်မိုင်းများချထားသည်။

အက်ဖ်အက်စ်အေတွင် တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်နိုင်မှုသိပ်မရှိ။ လက်နက်ကိုင်တော်လှန်ရေးတွင် ဒေသခံပြည်သူ့စစ်များက အက်ဖ်အက်စ်အေအမည်ဖြင့် လှုပ်ရှားနေခြင်းမျှသာဖြစ်သည်။ သို့သော် ပြင်ပကမ္ဘာက စည်းလုံးညီညွတ်၍ စနစ်ကျသော လက်နက်ကိုင်ပုန်ကန်မှုဟု ထင်နေကြသည်။

အက်ဖ်အက်စ်အေ၏ ဗျူဟာမှာ ပြောက်ကျားစစ်အသွင်မျိုးဖြင့် အစိုးရတပ်ဖွဲ့များကို ချောင်းမြောင်းပစ်ခတ်ကာ ထွက်ပြေးသည့် ဗျူဟာဖြစ်သည်။ သူတို့သည် ရိက္ခာပြည့်၊ လက်နက်ကောင်း၊ အင်အားများသော အစိုးရတပ်ကို မယှဉ်နိုင်ပေ။ အက်ဖ်အက်စ်အေတွင်ရှိသည့် အကောင်းဆုံးလက်နက်ဆို၍ လက်ပစ်ဗုံးလောင်ချာ၊ လက်လုပ်ဗုံး၊ မီးလောင်ဗုံးများလောက်သာ ဖြစ်သည်။ သို့သော် အက်ဖ်အက်စ်အေမှာ ပြည်ပနိုင်ငံများ၏ ပေးကမ်းမှုကိုသာ အားကိုးနေရသောကြောင့် လက်နက်ခဲယမ်းမီးကျောက်မှာ ပြည့်စုံမှုမရှိပေ။ အက်ဖ်အက်စ်အေ စစ်သားတစ်ယောက်က ပြောကြားရာတွင် -

ကျွန်တော်တို့မှာ လက်နက်သာပြည့်စုံရင် အများကြီးအောင်မြင်တယ်၊ ကျွန်တော်တို့မှာ အီးယူ၊ အာရပ်အဖွဲ့ချုပ်၊ ပြင်သစ်ဂျာမနီ စတဲ့ နိုင်ငံတကာအသိုက်အဝန်းကို လက်နက်ခဲယမ်းမီးကျောက်တွေ ထောက်ပံ့ဖို့ တောင်းနေရတယ်၊ ကျွန်တော်တို့မှာ လေယာဉ်မပျံသန်းရဇုန်နဲ့ လုံခြုံတဲ့စခန်းသာရှိမယ်ဆိုရင် အမြန်ဆုံး အစိုးရတပ်ပျက်သွားနိုင်တယ်၊ အစိုးရတပ်ဟာ လူတစ်ယောက်နဲ့ သူ့မိသားစုကိုပဲ အကာအကွယ်ပေးနေတာ၊ နိုင်ငံနဲ့နိုင်ငံသားတွေကို ကာကွယ်ပေးနေတာ မဟုတ်ဘူး။

အကယ်၍ လေယာဉ်မပျံသန်းရဇုံနှင့် လုံခြုံသောစခန်းသာ ရှိမည်ဆိုလျှင် ဆီးရီးယားစစ်တပ်မှ တပ်ဖွဲ့လိုက်ထွက်ပြေးခိုဝင်လာကြမည်ဖြစ်သည်။ သူတို့တွင် ဆီးရီးယားလေယာဉ်များကို ခုခံနိုင်သောလက်နက်များလည်း ပါလာကြမည်ဖြစ်သည်။ လုံခြုံသောစခန်းများ ရှိမည်ဆိုလျှင်လည်း ရိက္ခာဖြည့်ဆည်းရေး၊ စစ်သင်တန်းပေးရေးများ ပိုမိုလွယ်ကူမည်ဖြစ်သည်။ (လစ်ဗျားနိုင်ငံတွင် ထိုအခြေအနေမျိုးရှိခဲ့သည်။)

အုံကြွမှု အရှိန်တက်လာသည်နှင့်အမျှ ဆီးရီးယားတွင် ခဲယမ်းမီးကျောက်တန်ဖိုးက ကြီးလာသည်။ကျည်တစ်တောင့်၏ တန်ဖိုးမှာ ၄ ဒေါ်လာရှိသည်ဟုသိရသည်။ လက်နက်ကိုင် အတိုက်အခံတပ်ဖွဲ့များသည် လက်နက်ခဲယမ်းမီးကျောက်ရရှိရန် အစိုးရစစ်တပ်ကုန်လှောင်ရုံများကို ဝင်စီးကြသည်။ သို့သော် ထိုမှုနှင့်လည်း အင်အားကောင်းသော အစိုးရတပ်ဖွဲ့များကို မယှဉ်နိုင်ဖြစ်နေသည်။ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် အတိုက်အခံတပ်များ လက်နက်ခဲယမ်းမီးကျောက်

www.burmeseclassic.com



များရရှိသည် (သို့မဟုတ် ဝယ်ရန်ငွေကြေးရသည်)ဆိုသော သတင်းများထွက်လာသည်။ သို့သော် လုံလောက်စွာရသည် မျိုးတော့မဟုတ်။ ဖေဖော်ဝါရီလတွင် အစိုးရ၏ဖြိုခွင်းမှုက ပိုမိုကြမ်းလာပြီး လူအသေအပျောက်နှုန်းကလည်း များလာသည်နှင့် အာဆတ်ကို မလိုလားသောနိုင်ငံများ၌ လက်နက်ကိုင်တော်လှန်မှုကို မနှစ်သက်သည်များ ပျောက်ကုန်တော့သည်။ အတိုက်အခံများဘက်မှ စစ်ရေးဖြင့်ဖြေရှင်းမည့်နည်းလမ်းကိုစဉ်းစားနေသည်ဆိုသော သတင်းများလည်း ထွက်လာသည်။ ထိုသည်မှာ တကယ်ဖြစ်လာမည်ဆိုလျှင် အက်ဖ်အက်စ်အေမှာ များစွာထူးခြားလာပေတော့မည်။

၂၀၁၁ ခုနှစ် နှစ်ကုန်ခါနီးတွင် အက်ဖ်အက်စ်အေကို အစိုးရမလိုလားသော သာမန်ပြည်သူများ၏ ထောက်ခံမှု ရလာသည်။ အစိုးရသည် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များအား တော်လှန်မှုကို နှိမ်နင်းခိုင်းသည်သာမက ထိုထက်အရုပ်ဆိုးသော လုပ်ရပ်များကိုပါ လုပ်လာသည်။ ယင်းမှာ အစိုးရကိုထောက်ခံသူများဖြင့် အရပ်သားပြည်သူ့စစ်များဖွဲ့ကာ လူထုကို မလှုပ်ရဲအောင်လုပ်ခြင်းဖြစ်သည်။ ထိုပြည်သူ့စစ်များတွင် တပ်ဖွဲ့ဝင်များမှာ အလာဝိတ်များဖြစ်သည်ဟု ဆိုကြသည်။

၁၉၈၀ ပြည့်လွန်နှစ်များကလည်း ဆီးရီးယားမြောက်ပိုင်းတွင် နယ်စပ်လုံခြုံရေးအတွက် အလာဝိတ်များဖြင့် ပြည်သူ့စစ်ဖွဲ့ခဲ့သည်။ ယခုဖွဲ့စည်းလိုက်သည့် ပြည်သူ့စစ်ထဲတွင်ပါဝင်သော အလာဝိတ်များမှာ အလွန်ဆင်းရဲကြသဖြင့် လစာလိုချင်ကြသည်။ သို့သော် သူတို့သည် လစာမရလျှင်လည်း အာဆတ်ပြုတ်ကျသည့်အခါ ဆွန်နီတို့က သူတို့ကိုအန္တရာယ်ပြုလာမည်ကို ကြောက်သည့်အတွက် တာဝန်ထမ်းဆောင်ပေးမည်သာ ဖြစ်သည်။ သူတို့သည် အစိုးရထံမှ လစာရဟန်မရှိသော်လည်း ထင်ရှားသော စီးပွားရေးသမားများက သူတို့၏ စီးပွားရေးအဝန်းအဝိုင်းကို စောင့်ကြပ်ရန် ငွေကြေးထောက်ပံ့ထားသည်ဟု  သတင်းများရရှိသည်။

အုံကြွမှုအတွင်း ထိုပြည်သူ့စစ်များ၏ လှုပ်ရှားမှုကြောင့် လူမျိုးကွဲ၊ ဘာသာကွဲအကြား ရန်စောင်မှုမှာ ပိုမိုမြင့်မားလာသည်။ ထို့ကြောင့် အစိုးရအတွက် သွေးခွဲအုပ်ချုပ်မှု အလိုအလျောက်ဖြစ်လာသည်။ အာရပ်ဘာသာအားဖြင့် ရှက်ဘီဟာဟုခေါ်သော ပြည်သူ့စစ်များ၏ လှုပ်ရှားမှုများသည် စစ်ရေးစွမ်းဆောင်သည်နှင့်မတူ။ ရာဇဝတ်ဂိုဏ်းများ လှုပ်ရှားသည်များနှင့် တူနေသည်။ အီရတ်တွင် ဖြစ်ခဲ့သလို နှစ်ဖက်အင်အားစုများ၏ ရာဇဝတ်မှုဆန်သော လုပ်ရပ်များကြောင့် သာမန်ပြည်သူများအတွက် ပို၍အနှောင့်အယှက်ဖြစ်ရသည်။ ရက်များ၊ သီတင်းပတ်များ ကြာလာသည်နှင့်အမျှ ထိုပြည်သူ့စစ်များကြောင့် အတိုက်အခံများဘက်မှ လက်နက်ကိုင်စွဲရန် ပို၍လိုအပ်လာသည်။ သို့ဖြင့် အက်ဖ်အက်စ်အေမှာ လူထုထောက်ခံမှု ပိုရလာသည်။

အက်ဖ်အက်စ်အေသည်လည်း ထောက်လှမ်းရေးဌာနချုပ်ကဲ့သို့သော အစိုးရအဆောက်အအုံများကို တိုက်ခိုက်

the bookhouse

www.burmeseclassic.com



ခြင်း၊ စစ်တပ်ယာဉ်တန်းကို ချုံခိုတိုက်ခြင်း၊ အစိုးရနှင့် စစ်ဘက်အရာရှိများကို လုပ်ကြံခြင်းများ လုပ်လာကြသည်။ ထို့ကြောင့် အက်ဖ်အက်စ်အေများကို လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ရာဇဝတ်မှုလုပ်ရပ်များလုပ်သည်ဟု စွပ်စွဲခံလာရသည်။ သူတို့သည် ဖမ်းမိသော စစ်ဝန်ထမ်းများ၊ သတင်းပေးဟု ထင်ရသူများကို အကျဉ်းနည်းဖြင့်ကွပ်မျက်ပစ်ကြသည်။ ထို့ကြောင့် ပြည်တွင်းစစ်တမျှဖြစ်နေသော အရေးအခင်းကို ပိုဆိုးလာစေသည်။ ၂၀၁၁ ခုနှစ်အကုန်ပိုင်းနှင့် ၂၀၁၂ ခုနှစ်အစပိုင်းတို့တွင် မလှမ်းမကမ်း အဆောက်အအုံနှစ်ခုတွင် အပြန်အလှန်ပစ်ခတ်နေသည်များ မကြာခဏဖြစ်နေသည်။

ပိုမိုညီညွတ်သော တပ်ဦးတစ်ရပ်ဖွဲ့ရန်အတွက် အက်ဖ်အက်စ်အေနှင့် အက်စ်အင်န်စီမှကိုယ်စားလှယ်များ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် တူရကီနိုင်ငံ၌ အစည်းဝေးလုပ်ကြသည်။ အက်စ်အင်န်စီက အေးချမ်းစွာဆန္ဒပြရာမှ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် လက်နက်ကိုင်ရသည်ကို အပြစ်ဖြစ်မလာစေရန် အက်ဖ်အက်စ်အေ၏ လုပ်ရပ်များကို လျှော့ပေါ့ရန် နားချသည်။ အက်ဖ်အက်စ်အေ၏ ပြောရေးဆိုခွင့်ရှိသူ ပြောကြားချက်အရ သူတို့တပ်ဖွဲ့များသည် မိမိတို့ကို လာမတိုက်မချင်း ပြန်မတိုက်ရန် သဘောတူညီချက်ရခဲ့သည်ဟုဆိုသည်။ အက်စ်အင်န်စီကလည်း မိမိတို့အဖွဲ့နှစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ရခဲ့သည်ဟု ကြေညာသည်။ အက်ဖ်အက်စ်အေအနေဖြင့် အတိုက်အခံများကို ကာကွယ်ရန်အတွက်သာ အက်စ်အင်န်စီက လုပ်စေလိုသည်။

သို့ရာတွင် ထိုနှစ်ဖွဲ့သဘောတူညီချက်၌ ခေါင်းဆောင်မှု၊ သဘောတရားရေးနှင့် နည်းစနစ်ပိုင်းတို့တွင် သဘောကွဲလွဲသည်များရှိနေသည်။ ထိုသဘောတူညီချက်မှာ နိုင်ငံတကာတွင် မျက်နှာပန်းလှပြီး အကူအညီများပေးလာစေရန် ဟန်ပြလုပ်ခြင်းမျှသာဖြစ်သည်ဟုလည်း အချို့ကဆိုသည်။

## *ကုလသမဂ္ဂ*

ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့သည် ဆီးရီးယားအရေးတွင် အဓိကအခန်းမှ ပါလာကြသည်။ ကုလသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများ၏ တောင်းဆိုမှုကြောင့် ထိုကိစ္စမျိုးတို့တွင် ပါဝင်နေကျဖြစ်သည်။ အာရပ်အဖွဲ့ချုပ်ကမူ နေရာတကာတွင် ပါဝင်လေ့မရှိ။ (လစ်ဗျားသူပုန်များအား နေတိုးဦးဆောင်သည့်တပ်ဖွဲ့များက ကူညီသည်ကိုတော့ အာရပ်အဖွဲ့ချုပ်က ထောက်ခံခဲ့သည်။) ထိုအဖွဲ့ကြီးနှစ်ဖွဲ့သည် အချို့ပြဿနာများတွင် အပြိုင်လုပ်ဆောင်ပြီး အချို့ပြဿနာများတွင်တော့ ရှေ့သွားနောက်လိုက် လုပ်ဆောင်ကြသည်။ ဆီးရီးယားအစိုးရသည် ဆန္ဒပြသူများအား ဖြိုခွင်းနေမှုကို ရပ်တန့်ရန် နိုင်ငံတကာကြိုးပမ်းမှုများကို လက်မခံခဲ့ပေ။ သို့ဖြင့် အခြားနိုင်ငံတကာဇာတ်ကောင်များ၏ ထောက်ခံမှုကို ဆွဲခေါ်လိုက်ခြင်းဖြစ်သည်။

the bookhouse

www.burmeseclassic.com



အထူးသဖြင့် ရှရှား၊တရုတ်နှင့် အီရန်တို့ဖြစ်သည်။ ထို့ကြောင့် ဆီးရီးယားပတ်လည်တွင် စစ်အေးတိုက်ပွဲပမာ ဖြစ်လာတော့သည်။

အုံကြွမှုစောစောပိုင်းကာလတွင် အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှု စွဲချက်များကြောင့် အစိုးရမှာ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အာရုံထားခြင်းကို ခံခဲ့ရသည်။ အကြမ်းဖက်နှိမ်နင်းနေသည့် ဓာတ်ပုံများ၊ ဗီဒီယိုပုံများမှာ အင်တာနက်မှတစ်ဆင့် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်ဖြစ်ရာ လူ့အခွင့်အရေးချိုးဖောက်မှုကို ဥပေက္ခာပြု၍မရတော့ပေ။

ထိုအမှုများကို ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးမှုလည်း မလုပ်၍မရတော့ပေ။ အစိုးရအနေဖြင့်လည်း ဖုံးဖိထား၍မရပေ။ ဧပြီလဆန်းပိုင်းတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဆန္ဒပြသူများအပေါ် အင်အားသုံးနှိမ်နင်းမှုကို ရှုတ်ချကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ ထိုသို့ပြုမှုသော ဆီးရီးယားအာဏာပိုင်များကို လွတ်လပ်သော စုံစမ်းစစ်ဆေးမှုလည်း လုပ်ခဲ့သည်။ ထိုမှစ၍ ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီး နာဗီပီလေးကလည်း ဆီးရီးယားအစိုးရအား ဆန့်ကျင်ရပ်တည်ခဲ့သည်။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကလည်း ဆီးရီးယားအခြေအနေကို စောင့်ကြည့်ကာ ရရှိသည့်အချက်အလက်များကို စိစစ်သုံးသပ်ကာ ဒုက္ခသည်များနှင့် ဒါရားမြို့နေလူထုအများအပြားကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လတွင် ထိုအဖွဲ့က စာမျက်နှာငါးဆယ်ပါသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအဖွဲ့၏ အရှေ့အလယ်ပိုင်းညွှန်ကြားရေးမှူး ဆာရာလေး ဝှစ်ဆင်က 'နှစ်လကျော်အတွင်း ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့တွေဟာ သူတို့ရဲ့ပြည်သူတွေကို သတ်ဖြတ်ညှဉ်းဆဲတာတွေ လုပ်ခဲ့တယ်၊ ဒါတွေကို ရပ်တန့်ကရပ်ရမယ်၊ မရပ်ရင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ တာဝန်ရှိသူတွေကို တရားဥပဒေအရ အရေးယူဖို့တာဝန်ရှိတယ်'ဟု ပြောကြားခဲ့သည်။ ထိုအဖွဲ့ကလည်း ဆီးရီးယားအစိုးရက ထိုလုပ်ရပ်များကို မရပ်ပါက လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံးကိုတင်ရန် တိုက်တွန်းလိုက်သည်။

ဆီးရီးယားအရေးကို နိုင်ငံတကာအသိုက်အဝန်းက လျှင်မြန်စွာဆောင်ရွက်ရန် လက်နှေးနေသည်။ နိုင်ငံအတော်များများက လက်ရှောင်နေသဖြင့်လည်း အာဆတ်မှာ လုပ်ချင်ရာလုပ်နိုင်နေသည်။ ထို့ကြောင့် ကုလသမဂ္ဂတွင် တာဝန်ရှိနေသည်။

ဩဂုတ်လ လဆန်းပိုင်းတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဆီးရီးယားအစိုးရအား ရှုတ်ချကြောင်းနှင့် နှစ်ဖက် အကြမ်းဖက်မှုများ ချက်ချင်းရပ်ရန်တောင်းဆိုသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင်

the bookhouse
we bring your future

www.burmeseclassic.com



'လက်ရှိ ပြဿနာကို ဖြေရှင်းရန်မှာ နိုင်ငံရေးနည်းသာဖြစ်သည်' ဟုလည်း ပါရှိသည်။

ထိုကြေညာချက်မှာ ဆီးရီးယားအစိုးရအပေါ် နိုင်ငံတကာ၏ သဘောထားဖြစ်သဖြင့် အများစုက သဘောကျကြသည်။ သို့သော် ထိုကြေညာချက်အရ လုံခြုံရေးကောင်စီတွင် သဘောထားကွဲလွဲမှုရှိကြောင်းကိုလည်း ပြသနေသည်။ ထိုသည်ကို ဆီးရီးယားအစိုးရကလည်း သိနေသည်။

နောက်တစ်နေ့တွင် အာဆတ်က ပါတီစုံစနစ်ကျင့်သုံးရန် အမိန့်ထုတ်လိုက်သည်။ ထိုအမိန့်သည် လုံခြုံရေးကောင်စီ၏ ကြေညာချက်ကို တုံ့ပြန်သည့်သဘောဟု ထင်စရာရှိသော်လည်း ထိုပြုပြင်ပြောင်းလဲမှုမှာ လပေါင်းများစွာ ကြာမည့်သဘောရှိနေသည်။ ကုလသမဂ္ဂကြေညာချက်နှင့် အာဆတ်၏အမိန့်တို့ကြောင့် ပြည်တွင်းတွင် အနည်းငယ်ငြိမ်သွားမည်ဟု အာဆတ်အစိုးရကယုံကြည်နေသည်။ ထိုသို့ထင်မည်ဆိုလျှင် မှားပေလိမ့်မည်။

နိုင်ငံတကာဖိအားများ တိုးလာသည့်အတွက် အာဆတ်အစိုးရသည် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့များ စုံစမ်းစစ်ဆေးရန် ပြည်ဝင်ခွင့်ပေးခဲ့ရသည်။ ထိုသို့ဝင်ရောက်သည်မှာ ကုလသမဂ္ဂအချက်အလက်စုဆောင်းရေးအဖွဲ့များ နိုင်ငံအနှံ့အပြား စနစ်တကျ လူ့အခွင့်ချိုးဖောက်မှုများကို တွေ့ရှိပြီး နောက်တစ်နေ့တွင်ဖြစ်သည်။ တစ်ချိန်တည်းတွင် အာဆတ်သည် သူ့အား ရာထူးမှဆင်းပေးရန် တောင်းဆိုသည်များကို တွင်တွင်ငြင်းနေသည်။ စစ်တပ်သည် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအား ပစ်မှတ်ထားဖြိုခွဲနေသည်ဟူသော စွပ်စွဲချက်များကိုလည်း ငြင်းဆိုနေသည်။

ကုလသမဂ္ဂအဖွဲ့များ၏ သွားလာမှုကိုလည်း အစိုးရက ကန့်သတ်မှုအများအပြားလုပ်ခဲ့သည်။ ထိုသို့ ကန့်သတ်ချုပ်ချယ်နေသည့်ကြားက ထိုအဖွဲ့များသည် လူ့အခွင့်အရေးချိုးဖောက်သည့် ခိုင်မာသောအထောက်အထားများကို ရရှိခဲ့ကြသည်။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို အာဆတ်အစိုးရ ကန့်သတ်ချုပ်ချယ်သည်မှာ သည်တစ်ခါ ပထမဆုံးအကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်လည်း မဟုတ်ပေ။

၂၀၁၁ ခုနှစ် အကြမ်းဖက်မှုများ တိုးလာနေသည်တွင် အာဆတ်အစိုးရအား လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်ချရေးကို အနောက်နိုင်ငံများက ပိုမိုလိုလားလာကြသည်။ ပြဿနာက ဆုံးဖြတ်ချက်၏ စကားအသုံးအနှုန်းသည် ထိရောက်မှုလည်းရှိပြီး အာဆတ်လိုလားသည့်နိုင်ငံများ ဇဝေဇဝါဖြစ်ကာ ထောက်ခံလာမည့် အသုံးအနှုန်းမျိုးဖြစ်ရပေမည်။ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြင်းထန်သော အသုံးအနှုန်းများဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ကို အနောက်နိုင်ငံများက အကြမ်းရေးသည်။

ထိုမူကြမ်းကို မဲခွဲကြရာ ဘရာဇီး၊ အိန္ဒိယနှင့် တောင်အာဖရိကနိုင်ငံတို့က မဲမပေးဘဲနေသည်။ ရုရှားနှင့် တရုတ်နိုင်ငံ တို့က ဗီတိုဖြင့်ပယ်ချသည်။ သူတို့က အကြမ်းဖက်မှုသည် အစိုးရတွင်သာမက အတိုက်အခံများတွင်လည်း

the bookhouse

www.burmeseclassic.com



တာဝန်ရှိသည်ဟု ဆိုကြသည်။ အနောက်နိုင်ငံများနှင့် ရုရှား၊တရုတ်နိုင်ငံတို့အကြား စစ်အေးကာလ အင်အားကြီးနိုင်ငံများပမာ လွန်ဆွဲနေကြသည်။ ၂၀၁၁ ခုနှစ်၏ ကျန်လများတွင် ကုလသမဂ္ဂဆုံးဖြတ်ချက်တစ်ခု ချနိုင်ရေးအတွက် သံတမန်ကြိုးပမ်းမှုများ လုပ်ခဲ့ကြရသည်။ ဒီဇင်ဘာလတွင် လုံခြုံရေးကောင်စီတွင် ရုရှားက အလှည့်ကျ သဘာပတိဖြစ်လာရာ ဆုံးဖြတ်ချက်ချနိုင်ရေးမှာ ပိုမိုနှောင့်နှေးလာခဲ့သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းအထိ စောင့်ခဲ့ရတော့သည်။

## အာရပ်အဖွဲ့ချုပ်

အာရပ်အဖွဲ့ချုပ်မှာ အာဏာရှင်များကလပ်ဟု မကြာခဏအခေါ်ခံရသည်။ အဖွဲ့ချုပ်သည် ဆီးရီးယားအရေးတွင် ဦးဆောင်မှုအခန်းမှလည်း မပါဝင်၊ ဆီးရီးယားကို ဆန့်ကျင်သည့်အနေအထားလည်းမရှိ။ အစဉ်အလာအားဖြင့် 'ပိုနေမြဲကျားနေမြဲ' မှုကိုသာ လက်ကိုင်ထားသည့်အဖွဲ့ဖြစ်သည်။ ထို့ပြင် အာဏာရှင်တစ်ဦးပြုတ်ကျလျှင် အခြားအာဏာရှင်များလည်း နောက်မှလိုက်၍ ပြုတ်ကျတတ်သည့်သဘောလည်းရှိသည်။ ဆီးရီးယားအစိုးရကို ဖိအားပေးမှုအပေါ် အာရပ်အဖွဲ့ချုပ်၏ ကနဦး တုံ့ပြန်ချက်မှာ အာဆတ်အစိုးရကို မသိမသာထောက်ခံသည့် သဘောပြနေသည်။

ဇူလိုင်လလယ်လောက်တွင် အာရပ်အဖွဲ့ချုပ်အကြီးအကဲ နာဘီ အယ်လ်-အာရာဘီက ဘရှားအာဆတ်အုပ်စိုးနေသည်မှာ တရားဝင်မှုမရှိဟု အမေရိကန်ကပြောခြင်းသည် ဘောင်ကျော်နေသည်ဟု ပြောခဲ့သည်။ အာဆတ်နှင့် တွေ့ခဲ့ပြီးနောက် အာရာဘီက 'ကျွန်တော်တို့ ခေတ်သစ်တစ်ခုကို ရောက်နေပြီ၊အခု စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်ကို ရောက်နေပါပြီ' ဟု အာဆတ်က သူ့ကိုပြောကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သူက ဆက်လက်၍ 'ဒီပြဿနာဟာ သက်ဆိုင်ရာပြည်သူတွေ ဆုံးဖြတ်ရမယ့်ကိစ္စပါ' ဟုလည်း ပြောကြားခဲ့သည်။ အဖွဲ့ချုပ်၏ အခြားအဖွဲ့ဝင်တစ်ယောက်ကလည်း ဆီးရီးယားသည် ဒေသတွင်းတည်ငြိမ်မှု၏ အရေးပါသောနေရာတွင် ရှိနေသည်ဟုပြောခဲ့သည်။ ယင်းမှာ အာရာဘီ၏ လေသံအတိုင်းဖြစ်သည်။ နယူးယောက်တိုင်း သတင်းစာမှ အယ်ဒီတာတစ်ယောက်က 'အာရပ်အဖွဲ့ချုပ်ဟာ သိက္ခာကို မရှိဘူး' ဟု ပြောခဲ့သည်။

သို့ရာတွင် အာရပ်နွေဦး မြန်ဆန်မှုနှင့် ပထဝီနိုင်ငံရေးအခြေအနေများသည် အဖွဲ့ချုပ်၏ တုံ့ဏှိဘာဝအပေါ် လွှမ်းမိုးမှု ရှိလာခဲ့သည်။ ကွဲလွဲမှုနှစ်ခုကြောင့် အဖွဲ့ချုပ်လှုပ်ရှားလာခဲ့ရသည်။ ပထမတစ်ခုမှာ ဆော်ဒီ၊ ကာတာနှင့် သူတို့ကို ထောက်ခံနေသည့်နိုင်ငံများအကြား ကွဲလွဲမှုအပြင် ထိုနှစ်နိုင်ငံနှင့် အီရန်အကြား ကွဲလွဲမှုများဖြစ်သည်။ ထိုကွဲလွဲမှုကို ဆွန်နီ-ရှီယာ ကွဲလွဲမှုဟု လူသိများသည်။

the bookhouse

www.burmeseclassic.com



ဒုတိယကွဲလွဲမှုမှာ ဘုရင်အုပ်စိုးသောနိုင်ငံများနှင့် အရပ်သားအုပ်စိုးသော သမ္မတနိုင်ငံများ၊ အာဏာရှိနိုင်ငံများ အကြား ကွဲလွဲမှုဖြစ်သည်။ အာရပ်နွေဦး၏ဒဏ်ကို ခံရသည့်နိုင်ငံများမှာ ထိုသမ္မတနိုင်ငံများ (အာဏာရှင် နိုင်ငံများ)ဖြစ်ကြသည်။

၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ ယီမင်နိုင်ငံများမှ အစိုးရများ ပြုတ်ကျခဲ့သည်။ ဆီးရီးယားတစ်နိုင်ငံသာ ခေါင်းမာစွာ ဖက်တွယ်နေခြင်းဖြစ်သည်။ အာရပ်ကမ္ဘာ၏ ဘုရင်နိုင်ငံများတွင် ဘာရိန်းနိုင်ငံမှလွဲ၍ အထိုက်အလျောက် တည်ငြိမ်မှုရှိကြသည်။ ထိုသို့တည်ငြိမ်ရသည်မှာ အကြောင်းများရှိသည်။

ရေနံကြွယ်ဝသောဘုရင်နိုင်ငံများသည် ပြည်သူတို့၏ လိုအပ်ချက်ကို ဘုရင်က အကုန်အကျခံကာ ဖြည့်ဆည်းပေးနေသောကြောင့်ဖြစ်သည်။ အချို့နိုင်ငံများကျတော့ ကြီးမားသော သမိုင်းအစဉ်အလာကြောင့်ဖြစ်သည်။ အချို့ကျတော့ ဘုရင်ကိုယ်တိုင်က ပြုပြင်ပြောင်းလဲရေးဆန်ဆန် လုပ်ပေးထားသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ဂျော်ဒန်နှင့် မော်ရိုကိုတို့ဖြစ်သည်။ သို့သော် အာရပ်နွေဦး အာရပ်ကမ္ဘာတွင် ပျံ့နှံ့လာသည်နှင့် ဧကရာဇ်များသည် ဆန္ဒပြသူများဘက်မှ ရပ်တည်လာခဲ့ကြသည်။

၂၀၁၁ ခုနှစ်အလယ်ပိုင်းလောက်တွင် အမေရိကန်၊ ဥရောပသမဂ္ဂ စသည်တို့က အာဆတ်အား ရာထူးမှဆင်းပေးရန်အထိ တောင်းဆိုလာသောအခါ အာရပ်အဖွဲ့ချုပ်မှာ အာဆတ်နှင့်ပတ်သက်၍ ပြတ်ပြတ်သားသား ရပ်တည်လာရတော့သည်။ ဩဂုတ်လအကုန်ပိုင်းတွင် အဖွဲ့ချုပ်သည် ဆီးရီးယားအစိုးရအား အကြမ်းဖက်မှုများ ရပ်တန့်ရန် လူသိရှင်ကြားတောင်းဆိုလာခဲ့သည်။ စက်တင်ဘာလတွင် အဖွဲ့ချုပ်သည် အကြမ်းဖက်မှုများရပ်တန့်ကာ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ရန် အစီအစဉ်အသေးစိတ်ကို ချပြခဲ့သည်။

ထိုအစီအစဉ်ကို ဆီးရီးယားရှိ အဖွဲ့အသီးသီးက လက်ခံခဲ့သည်။၂၀၁၁ ခုနှစ် ဩဂုတ်လအထိ အာဆတ်ကသာ လိုလားမည်ဆိုလျှင် နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုမှာ ဖြစ်နိုင်ဖွယ်ရှိသေးသည်။ သို့သော် အာဆတ်အစိုးရသည် ထိုအစီအစဉ်မှာ အမေရိကန်၊ ဆော်ဒီနှင့် ကာတာနိုင်ငံတို့၏ လက်ရာဟုဆိုကာ လှည့်ပတ်ပယ်ချနေသည်။ ထိုအစီအစဉ်သည် အာရပ်အဖွဲ့ချုပ်၏ ပဋိညာဉ်စာတမ်းကိုပါ ချိုးဖောက်ရာကျသည်ဟုလည်း အာဆတ်အစိုးရကဆိုသည်။

အာဆတ်အစိုးရသည် မိမိတို့ကိုယ်တိုင်ရေးဆွဲသော အစီအစဉ်ကို ကိုင်ရိုမြို့တွင်ကျင်းပသည့် အဖွဲ့ချုပ်အစည်းဝေးတွင်တင်ပြသည်။ ထိုအစီအစဉ်တွင် အာရပ်နိုင်ငံအားလုံး မိမိတို့၏ အရေးပေါ်ဥပဒေကို ရုပ်သိမ်းရန်နှင့် လုံခြုံရေးတရားရုံးများကို ဖျက်သိမ်းရန် တောင်းဆိုထားသည်။ ထို့ပြင် အာရပ်နိုင်ငံအားလုံး ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ မူဘောင်တစ်ခုပြေးညီသတ်မှတ်ရန်လည်း တောင်းဆိုထားသည်။ ယင်းမှာ ဘုရင်နိုင်ငံများ လက်မခံမည်ကိုသိသောကြောင့် တမင်ထည့်

the bookhouse

www.burmeseclassic.com



ထားခြင်းဖြစ်သည်။ ယခုတော့ အာရပ်အဖွဲ့ချုပ်မှာ ဆီးရီးယားပြဿနာတွင် နစ်ဝင်နေပြီဖြစ်သည်။ ထိုကိစ္စကို ဆွေးနွေးသည့်အခါတိုင်း သူတို့ရေးဆွဲသည့် အစီအစဉ်ကို အခြေခံအဖြစ်ထားနေရသည်။ ထို့ပြင် အာဆတ်အစိုးရက အဖွဲ့ချုပ်၏ အစီအစဉ်ကို ပယ်ချလိုက်ခြင်းကြောင့် ယင်းမှာ အဖွဲ့ချုပ်ကို ပြန်လည်ရိုက်ခတ်ကာ အဖွဲ့ချုပ်နှင့် ဆီးရီးယား ဆက်ဆံရေးမှာလည်း မကောင်းတော့။

အဖွဲ့ချုပ်နှင့် ဆီးရီးယားအစိုးရသည် ပြဿနာကိုဖြေရှင်းရန် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုအတိုင်း အောက်တိုဘာနှင့် နိုဝင်ဘာလများအထိ သွားခဲ့သည်။ ထိုအချိန်တွင် ဆီးရီးယားသည် အာရပ်အဖွဲ့ချုပ်ကို စေ့စပ်ရေးအဖွဲ့အဖြစ် ယာယီလက်ခံခဲ့သည်။ အတိုက်အခံများဘက်မှလည်း အာဆတ်သည် အဖွဲ့ချုပ်ကိုစိတ်ဝင်စားသည်မှာ ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းလိုကြောင်း ဟန်ပြရန်သာဖြစ်သည်ဟုဆိုကြသည်။ သို့သော် သူ့နိုင်ငံတွင်မူ အကြမ်းဖက်ဖြိုခွင်းနေဆဲပင်ဟုပြောကြသည်။ အာဆတ်အစိုးရသည် အဖွဲ့ချုပ်နှင့် တစ်ဖက်တွင်ဆွေးနွေးနေရင်း တစ်ဖက်တွင်လည်း အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစဖျောက်ပစ်ခြင်း၊ သတ်ဖြတ်ပစ်ခြင်း၊ စစ်အင်အားသုံးခြင်းများ လုပ်နေသည်ဟု ထောက်ပြကြသည်။

အာရပ်အဖွဲ့ချုပ်၏ ဆောင်ရွက်မှုများ မအောင်မြင်ရခြင်းကြောင့် ဆီးရီးယားတွင် စစ်ရေးအရ ဝင်ရောက်ဖြေရှင်းရသည့်အဖြစ်မျိုး ရောက်သွားနိုင်သည်ဟူသော ထင်မြင်ချက်များလည်းရှိနေသည်။

## ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်

အာရပ်အဖွဲ့ချုပ်၏ လေ့လာရေးအဖွဲ့များ ဆီးရီးယားနိုင်ငံသို့ လွှတ်ထားသည့်အချိန်တွင် အဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အစီအစဉ်သစ်တစ်ခု ထွက်ပေါ်မည်ဟု ကြေညာသည်။ ထိုအစီအစဉ်အရ ဘရှားအာဆတ်သည် အာဏာကို ဒုသမ္မတထံလွှဲအပ်ကာ အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းသွားမည်ဟုဆိုသည်။ ထိုအစီအစဉ်အရ အတိုက်အခံအုပ်စုများနှင့် နှစ်ပတ်အတွင်းဆွေးနွေးရမည်ဖြစ်ပြီး အစိုးရသစ်ကိုလည်း နှစ်လအတွင်း ဖွဲ့စည်းသွားမည်ဟုဆိုသည်။ စစ်ရေးအရ စွက်ဖက်မည်ဟုတော့မပါ။

ထိုအစီအစဉ်ကို အဖွဲ့ချုပ် ကိုင်ရိုမြို့ဌာနချုပ်တွင် ကာတာနိုင်ငံခြားရေးဝန်ကြီး ဟာမက် ဘင်ဂျေဆင် အယ်လ်-သနီက ကြေညာခြင်းဖြစ်သည်။ ထိုအစီအစဉ်ကို နိုင်ငံတကာမှ ထောက်ခံမှုယူရန် ကုလသမဂ္ဂသို့တင်မည်ဟုလည်း သူကဆိုသည်။ ထိုအချိန်အထိ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့သည် လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်တစ်ခုရနိုင်ရေး

the bookhouse
we bring your future

www.burmeseclassic.com



အတွက် အတူပူးတွဲလုပ်ကိုင်ခဲ့ကြသည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဆိုလျှင် ပို၍အားရှိသည်။ တရုတ်နှင့် ရုရှားနိုင်ငံတို့ကိုလည်း ဗီတိုမသုံးစေရန် စည်းရုံးနိုင်မည်ဖြစ်သည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံသည် ဆီးရီးယားနိုင်ငံအား ဆန့်ကျင်ကာရပ်တည်လာသည်။ ဆော်ဒီအစိုးရသည် ဆီးရီးယားသို့ လွှတ်ထားသော လေ့လာရေးအဖွဲ့များအား ပြန်လည်ရုပ်သိမ်းလိုက်သည်။ အခြားပင်လယ်ကွေ့နိုင်ငံများကလည်း ပြန်လည်ရုပ်သိမ်းခဲ့သည်။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဆအွတ် အယ်လ်-ဖိုင်ဆယ်က ဆီးရီးယားအစိုးရ စစ်ရေးဖြင့် ဖိနှိပ်သည်များကို ရပ်တန့်စေရန် ဖြစ်နိုင်သမျှ ဖိအားများပေးသွားရမည်ဟုဆိုသည်။ ထို့ပြင် သူက "ဒီတာဝန်ကို နိုင်ငံတကာ အသိုက်အဝန်းနှင့် ညီအစ်ကိုတော် အစ္စလာမ်နိုင်ငံများ၊ ရုရှား၊ တရုတ်၊ ဥရောပနှင့် အမေရိကန်နိုင်ငံတို့မှ မိတ်ဆွေများကယူကြဖို့ တိုက်တွန်းလိုပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

ကာတာနိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယားသို့ အာရပ်ငြိမ်းချမ်းတပ်ဖွဲ့များ စေလွှတ်ရန်ပင် တောင်းဆိုခဲ့သည်။ သူက အာရပ်တားဆီးရေးတပ်ဖွဲ့များ(အေဒီအက်ဖ်)ပင် စေလွှတ်စေလိုသည်။ ထိုတပ်ဖွဲ့များကို ၁၉၇၀ ပြည့်လွန်နှစ်များတွင် အာရပ်အဖွဲ့ချုပ်က လက်ဘနွန်နိုင်ငံသို့ စေလွှတ်ခဲ့ဖူးသည်။ ထိုတပ်ဖွဲ့များကိုစေလွှတ်ရန် မတောင်းဆိုမိခဲ့သည်မှာ တော်ပေသေးသည်။ အကြောင်းမှု ထိုတပ်ဖွဲ့များတွင် ဆီးရီးယားတပ်ဖွဲ့ကများသည်။ လက်ဘနွန်နိုင်ငံအပေါ် ဆီးရီးယားက သြဇာလွှမ်းလိုသဖြင့် ထိုတပ်ဖွဲ့များကို လက်ဘနွန်တွင်ချထားသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ရှိခဲ့ပေပြီ။

ကာတာစော်ဘွား ရှိတ် ဟာမက်ကလည်း ဆီးရီးယားတွင် နိုင်ငံရေးပြောင်းလဲစေရန် အဖွဲ့ချုပ်က ချမှတ်သော လမ်းပြမြေပုံကို သဘောမကျခဲ့။ ထိုလမ်းပြမြေပုံမျိုး ယီမင်နိုင်ငံတွင် ချမှတ်စဉ်ကလည်း လပေါင်းများစွာ ညှိနှိုင်းခဲ့ရပြီး နောက်ဆုံး ယီမင်သမ္မတက ရာထူးမှနုတ်ထွက်ပေးရန် သဘောတူခဲ့သော်လည်း နုတ်ထွက်ပေးရန် လပေါင်းများစွာကြာခဲ့သေးသည်။

ထိုအဆိုကို လက်ဘနွန်ကလက်မခံ။ လုံခြုံရေးကောင်စီသို့တင်ရန်အဆိုကို အယ်လ်ဂျီးယားက မဲမပေးဘဲနေသည်။ ဆီးရီးယားကလည်း ကန့်ကွက်သည်။ ဆီးရီးယားသတင်းဌာန ဆာနာက ထိုအစီအစဉ်သည် ဆီးရီးယားအချုပ်အခြာကို ချိုးဖောက်ကာ ပြည်တွင်းရေးကို စွက်ဖက်ရာလည်းကျသည်ဟု ထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံက ကန့်ကွက်နေသော်လည်း အာရပ်အဖွဲ့ချုပ်၏ အစီအစဉ်မှာ လုံခြုံရေးကောင်စီသို့ တက်သွားသည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လုံခြုံရေးကောင်စီသို့ မော်ရိုကိုနိုင်ငံက တင်ပြလိုက်ခြင်းဖြစ်သည်။ ထိုအခါ ကုလသမဂ္ဂကိုယ်စားလှယ်များ အကြိတ်အနယ် ဆွေးနွေးကြသည်။ ရုရှားကိုယ်စားလှယ်က ကန့်ကွက်သည်။ ဆီးရီးယားကိုယ်စားလှယ် ဘရှား အယ်လ်-ဂျဖရီကလည်း လေသံမာမာဖြင့် ကန့်ကွက်သည်။ အိန္ဒိယသမ္မတ မာမွတ် အာမက်ဒနီဂျက်ကလည်း

the bookhouse

www.burmeseclassic.com



ထိုအစီအစဉ်မှာ ဒေသတွင်းရှိ တစ်ခါမျှ ရွေးကောက်ပွဲမလုပ်သော နိုင်ငံများ(ဆော်ဒီနှင့်ကာတာကို ဆိုလိုခြင်းဖြစ်သည်) တို့က လွတ်လပ်သောရွေးကောက်ပွဲလုပ်ရန် ကြိုးပမ်းခြင်းဖြစ်သည့်အတွက် ရယ်စရာဖြစ်သည်ဟု ပြောခဲ့သည်။

ထိုအစီအစဉ်ကို လိုလားသူများက ရုရှားတို့၏ စိုးရိမ်မှုဖြစ်သော ယခုကဲ့သို့ဆောင်ရွက်မှုသည် စစ်ရေးအရ စွက်ဖက်မှု၏ ရှေ့ပြေးဖြစ်သွားနိုင်သည်မျိုးမဖြစ်စေရန် ကြိုးစားကြသည်။ ဆုံးဖြတ်ချက်မူကြမ်းတွင် လုံခြုံရေးကောင်စီသည် ဆီးရီးယား၏ အချုပ်အခြာ၊ လွတ်လပ်ရေး၊ ညီညွတ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို လေးစားမည်ဖြစ်ကြောင်း ထည့်သွင်းထားသည်။ ထို့ပြင် ဆီးရီးယား၏ လက်ရှိပြဿနာကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန်ဖြစ်ပြီး အင်အားသုံးဖြေရှင်းမည်မဟုတ်ဟုလည်း ဖော်ပြထားသည်။ ရုရှားနိုင်ငံက ဆီးရီးယားအစိုးရနှင့် အတိုက်အခံတို့အကြား ငြိမ်းချမ်းစွာဆွေးနွေးစေရန် စေ့စပ်ပေးရန် ကြိုးစားသည်။ သို့သော် အတိုက်အခံတို့က လက်မခံ။ သူတို့က ထိုသို့ ကြိုးပမ်းခဲ့မှုများတွင် အစိုးရသည် တိုက်ခိုက်ဖြိုခွဲမှုများကို ရပ်ဆိုင်းခြင်းမရှိခဲ့ဟု ပြောခဲ့ကြသည်။ အိုဘားမားက အာဆတ် ရာထူးမှနုတ်ထွက်ပေးရန် လိုသည်ကို နိုင်ငံအားလုံး လက်ခံရမည်ဟုဆိုသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အဆိုကို တရုတ်နှင့် ရုရှားတို့က ဗီတိုသုံးသဖြင့် ပျက်ပြယ်သွားသည်။ကျန်သည့် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၃ ဦးစလုံးက အဆိုကိုထောက်ခံခဲ့ကြသည်။ မဲခွဲဆုံးဖြတ်ပြီးသည့်နောက် ရုရှားနှင့်တရုတ်တို့က တစ်ဖက်၊ ကျန်နိုင်ငံများက တစ်ဖက် အပြန်အလှန် စွပ်စွဲပြောဆိုကြသည်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဆူဇန်ရိုက်စ်က ရုရှားနှင့် တရုတ်တို့ ဗီတိုသုံးသည်ကို သူမ 'ရွံရှာ' မိသည်ဟုပြောကြားခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကလည်း မိမိတို့နိုင်ငံသည် ဆီးရီးယားသို့ နိုင်ငံခြားရေးဝန်ကြီးလွှတ်ကာ သံတမန်နည်းအရကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။ တရုတ်ကိုယ်စားလှယ်ကလည်း ဆီးရီးယားရှိ ရန်ဘက်အုပ်စုအားလုံး တွေ့ဆုံဆွေးနွေးကြရန် တိုက်တွန်းခဲ့သည်။

## နောက်ဆက်တွဲ ဖြစ်ရပ်များ

လုံခြုံရေးကောက်စီမှ ဆုံးဖြတ်ချက်မချနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရိုက်ခတ်မှုမှာ အတော်ပင်များသည်။ သက်ဆိုင်ရာအုပ်စုများမှာ ဘာဆက်လုပ်ရမည်ပင်မသိ ဖြစ်ကုန်ရသည်။ သတင်းဝေဖန်ချက်များ သဘောထားမှတ်ချက်များလည်း ပလူပျံအောင်ထွက်လာသည်။ အာဆတ်အား အာဏာ ဆက်လက်မြဲအောင် လုပ်သလိုဖြစ်သွားသည့်အတွက် ဆီးရီးယားတွင် သွေးမြေကျပြည်တွင်းစစ်ကို ပိုမိုရှည်ကြာအောင်လုပ်သလိုလည်း ဖြစ်သွားသည်။ အနောက်နိုင်ငံ နိုင်ငံရေး

the bookhouse

www.burmeseclassic.com



အကြီးအကဲများကလည်း ဆီးရီးယားအတိုက်အခံများကို စစ်ရေးအရကူညီရန်အထိ တောင်းဆိုလာကြသည်။

အနောက်တိုင်းသတင်းစာများတွင်လည်း ဆီးရီးယားပြဿနာမှာ စစ်ရေးအရဆောင်ရွက်ရန်သာ ရှိတော့သည်ဟု ရေးလာကြသည်။ အနောက်နိုင်ငံအစိုးရများကတော့ စစ်ရေးဖြင့်စွက်ဖက်ရန်ကို ရှောင်ရှားကြသည်။ မတ်လထုတ် တိုင်းမ်မဂ္ဂဇင်းဆောင်းပါးတစ်ခု၏ ခေါင်းစဉ်မှာ 'ဆီးရီးယားကို မည်သူကယ်တင်မည်နည်း' ဟူ၍ တပ်ထားသည်။ ဆောင်းပါးတွင် စစ်ရေးဖြင့် စွက်ဖက်ရန်လိုသည့်သဘောရေးထားသည်။

အာဆတ်ဆန့်ကျင်သော အုပ်စုများ ပြန်လည်လှုပ်ရှားလာသည်။ နောက်တစ်ပတ်အကြာတွင် ဆော်ဒီနိုင်ငံဦးဆောင်ကာ ရေးဆွဲသော အာရပ်အဖွဲ့ချုပ် အစီအစဉ်ကို ကုလသမဂ္ဂအထွေထွေညီလာခံသို့တင်လိုက်သည်။ ညီလာခံတွင် မဲခွဲရာ၌ ထောက်ခံမဲ ၁၃၇ မဲ၊ ကန့်ကွက်မဲ ၂၂ မဲဖြင့် ဆုံးဖြတ်သည်။ သို့ရာတွင် အထွေထွေညီလာခံဆုံးဖြတ်ချက်မှာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကဲ့သို့ ထိရောက်မှုရှိသည်မဟုတ်ပေ။

အာရပ်အဖွဲ့ချုပ်သည် မိမိတို့၏ငြိမ်းချမ်းရေးထိန်းတပ်ဖွဲ့များကို ကုလသမဂ္ဂနှင့် ညှိနှိုင်းပေါင်းဖွဲ့ကာ ဆီးရီးယားသို့ စေလွှတ်ရန် တောင်းဆိုပြန်သည်။ အဖွဲ့ချုပ်ဝင် အာရပ်နိုင်ငံများသည် အာဆတ်အား ဆက်လက်ဖိအားပေးနေမည် ဖြစ်သော်လည်း ထို့ထက် ပို၍မလုပ်နိုင်သည်ကို သူတို့သိနေသည်။ အာဆတ်အစိုးရသည်လည်း သူတို့၏ လက်ရှိအနေအထားကို ပိုမို စိတ်ချလာကြသည်။

ထိုသို့ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့က မိမိတို့အပေါ် အရေးယူရန်အစီအစဉ်များ မအောင်မြင်သဖြင့် ဆီးရီးယား အစိုးရအတွက် လူထုအားပိုမိုဖိနှိပ်ရန် မီးစိမ်းပြလိုက်သကဲ့သို့ ရှိခဲ့သည်။ အထူးသဖြင့် ဆီးရီးယား လွတ်မြောက်ရေးတပ်မတော် ကျောထောက်နောက်ခံဖြင့် အတိုက်အခံများရှိနေသည့် ဟွမ်းမြို့တွင်ဖြစ်သည်။ ထိုမြို့တွင် အတိုက်အခံတို့သည် ဘာဘာ အမာခရိုင်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် အခိုင်အမာ တပ်စွဲနေသည်။

ထိုဒေသမှာ တစ်လကြာအဝိုင်းခံထားရသည်တွင် ဒေသခံများ၊ တက်ကြွလှုပ်ရှားသူများ၊ အနောက်တိုင်း သတင်းစာဆရာများ သေကျေဒဏ်ရာရကုန်ကြသည်။ မတ်လ ၁ ရက်နေ့တွင် ထိုခရိုင် အစိုးရလက်သို့ ကျသွားရာ အက်ဖ်အက်စ်အေတို့ ထိုမြို့မှထွက်ပြေးကြရသည်။ ထိုမြို့ကို အောင်မြင်လိုက်သောအခါ စစ်တပ်သည် အခိုင်အမာတပ်စွဲ ထားသော အခြားမြို့များဘက်သို့ လှည့်ပြန်သည်။

လုံခြုံရေးကောင်စီတွင် အတိုက်အခံတို့ဘက်မှ အရှုံးပြလိုက်သည့်အတွက် အက်စ်အန်စီအဖွဲ့အတွင်း သဘော ကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည်။ ထိုအဖွဲ့နှင့် အခြားအတိုက်အခံအဖွဲ့များအကြားလည်း သဘောကွဲကြသည်။ ထိုသို့ကွဲလေ အာဆတ်အစိုးရအတွက် ကောင်းလေဖြစ်သည်။ ဖေဖော်ဝါရီလတွင် အက်စ်အင်န်စီမှ ထင်ရှားသောအဖွဲ့ဝင် ဟေသမ်

the bookhouse

www.burmeseclassic.com



အယ်လ်-မလေးက မိမိတို့အဖွဲ့ပျက်သွားပြီဖြစ်ကြောင်းနှင့် အဖွဲ့သစ် ဆီးရီးယားမျိုးချစ်အုပ်စု(အက်စ်ပီဂျီ)ကို ဖွဲ့လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။ အဖွဲ့ဝင် ၂၀ သာကျန်တော့သည့် အက်စ်အင်နီစီတွင် ဥက္ကဋ္ဌ ဂါလီယန်က မိမိအဖွဲ့ဝင်များကို လက်နက်တပ်မပေးခဲ့သည်မှာ မှားကြောင်း သဘောပေါက်သွားသည်။

မတ်လ ၁ ရက်နေ့တွင် အက်စ်အင်နီစီက စစ်ဖျူရီတစ်ခုဖွဲ့စည်းသည်ဟု ကြေညာသည်။ အက်စ်အန်နီစီအောက်တွင် လက်နက်ကိုင် အတိုက်အခံအုပ်စုအဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အာဆတ်အစိုးရက ဖွဲ့စည်းပုံအသစ်အတွက် ဆန္ဒခံယူပွဲလုပ်ရန် စီစဉ်သည်။ အစိုးရအာဏာပိုင်များအပြောအရ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ ၉၀ ရာခိုင်နှုန်းက ထောက်ခံသည်ဟုဆိုသည်။ ထိုဖွဲ့စည်းပုံမှာ လွန်ခဲ့သည့် တစ်နှစ်ကျော် အုံကြွမှုစောစောပိုင်းကာလကတည်းက အာဆတ်ကတိပေးခဲ့သည့် ပြုပြင်ပြောင်းလဲရေး၏ ပင်မဖြစ်သည်။ ယင်းကို အမေရိကန်အစိုးရနှင့် အတိုက်အခံတို့က ယုံကြည်မှုမရှိပေ။ ယင်းကို အပေါ်ယံ ဟန်ဆောင်ခြင်းနှင့် အချိန်ဆွဲခြင်းသာဖြစ်သည်ဟု ဆိုကြသည်။

စင်စစ်တွင် ထိုဖွဲ့စည်းပုံကို အုံကြွမှုအစပိုင်းကတည်းက ပြည်သူများ ငြိမ်သက်စေရန် အာဆတ်ချပြခဲ့ခြင်းဖြစ်သည်။ ထိုဖွဲ့စည်းပုံကို အာဆတ်ရွေးချယ်ထားသည့် အဖွဲ့ဝင်နှစ်ဆယ်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေကော်မတီက ရေးဆွဲထားခြင်းဖြစ်သည်။ ထိုဥပဒေပုဒ်မ ၈ တွင် ဘာသ်ပါတီက အုပ်စိုးရမည်ဟုပါရှိသည်။ ထိုအထဲတွင် ပါတီစုံစနစ်ကျင့်သုံးမည်ဟု ပါသော်လည်း သမ္မတရွေးပွဲတွင် သမ္မတလောင်းတစ်ဦးကသာ ရွေးချယ်ခံရမည်ဟု ပါရှိသည်။ သမ္မတရွေးပွဲမှာ ခုနစ်နှစ်လျှင် တစ်ကြိမ်သာ ဖြစ်ရမည်ဟုလည်း ဆိုသည်။ သမ္မတတစ်ဦးသည် သက်တမ်းနှစ်ခုသာ အများဆုံးဖြစ်ရမည်ဟုလည်း ဆိုသည်။ ထို့ပြင် ပါလီမန်တွင် ထောက်ခံမဲ အနည်းဆုံး ၂၀ ရာခိုင်နှုန်း ရရှိရမည်ဟုလည်း ပါရှိသည်။ (အမတ်ဦးရေ ၂၅၀ ရှိသည့်အနက် ထောက်ခံမဲ ၅၀ ရရှိရမည် ဖြစ်သည်။ ပါတီဖွဲ့စည်းခြင်းကို အစိုးရ၏ သဘောတူညီချက် ရရှိရမည်ဖြစ်သည်။ ပါတီများသည် ဘာသာရေးနှင့် လူမျိုးစုကို အခြေမခံရ။ ထိုဖွဲ့စည်းပုံအရ သမ္မတတွင် အာဏာအပြည့်ရှိသည်။ သမ္မသည် ဝန်ကြီးချုပ်များကို ခန့်ထားခွင့်၊ နုတ်ပယ်ခွင့်ရှိသည်။ ပါလီမန်ကျင်းပခြင်းမရှိသည့်ကာလတွင် သမ္မတတွင် တရားစီရင်ခွင့်အာဏာရှိသည်။ ထို့ပြင် သမ္မတကို ဥပဒေအရ အရေးယူပိုင်ခွင့်မရှိ။

သမ္မတရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်တွင်ကျင်းပမည်ဖြစ်သည်။ ထိုနှစ်တွင် အာဆတ်၏ လက်ရှိသမ္မတ သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် သူသည် နောက်ထပ် ၁၆ နှစ်သမ္မတဖြစ်နေဦးမည်ဖြစ်သည်။ အကယ်၍ သူအသက်ရှင်လျက်ရှိနေမည်ဆိုလျှင် ဤသည်မှာ သူ့ရည်ရွယ်ချက်ဖြစ်သည်ဟု ကျွန်တော်ထင်သည်။

ဆန္ဒခံယူပွဲကျင်းပပြီးနောက် မေလ ၇ ရက်နေ့တွင် ပါလီမန်ရွေးကောက်ပွဲများ ကျင်းပသည်။ ယင်းမှာ

the bookhouse
we bring your future

www.burmeseclassic.com



နိုင်ငံရေးဗဟုဝါဒကို စမ်းသပ်ခြင်းလည်းဖြစ်သည်။ အမတ်လောင်း ၇၂၀၀ ဝင်ရောက်အရွေးခံသည်ဟု သိရသည်။ (အမျိုးသမီး ၇၁၀ ပါဝင်သည်။) မဲဆန္ဒနယ် ၁၅ ခုမှ အမတ် ၂၅၀ ကိုရွေးချယ်ခြင်းဖြစ်သည်။ ထိုရွေးကောက်ပွဲကို ဘရှားအာဆတ်က ကတိပြုထားသည့် ပြုပြင်ပြောင်းလဲရေး၏ သမိုင်းမှတ်တိုင်အဖြစ် ချီးကျူးပြောဆိုသော်လည်း အတိုက်အခံများက ဟန်ပြလုပ်ခြင်းမျှသာဖြစ်သည်ဟုဆိုကာ ရှုတ်ချကြသည်။ ပါလီမန်တွင်လည်း သူ့ကိုလိုလားသူများက အများစုဖြစ်နေသည်။

အတိုက်အခံများက ရွေးကောက်ပွဲကို သပိတ်မှောက်သဖြင့် မဲပေးခွင့်ရှိသူ၏ ၅၁ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြသည်။ (လွတ်လပ်သော လေ့လာသူများအရမူ ထို့ထက်နည်းသည်။) ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲ၏ မဲရလဒ် မှာ ၂၀၀၇ ခုနှစ် တည်ငြိမ်သောကာလတွင် ကျင်းပသော မဲရလဒ်အတိုင်း ဖြစ်နေသည်မှာ စိတ်ဝင်စားစရာကောင်းသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကမူ ပြည်သူများ လူ့အခွင့်အရေး ချိုးဖောက်ခံနေရပြီး အစိုးရက ပြည်သူများအား နေ့စဉ် သတ်နေသည့်ကာလတွင် ထိုမဲရလဒ်မှာ 'လုပ်ဇာတ်'သာဖြစ်သည်ဟု ဝေဖန်သည်။ အာဆတ်ကို ဆန့်ကျင်သူ တစ်ယောက် ရွေးချယ်ခံရသည်ဟု သတင်းရရှိသည်။ ကျန်သည်များမှာ ဘာသ်ပါတီဝင်များနှင့် အာဆတ်ကိုလိုလားသူများ ချည်း ဖြစ်ကြသည်။

အုံကြွမှု တစ်နှစ်ကျော်လာသောအခါ ဆီးရီးယားပြဿနာသည် စစ်ပွဲအသွင်ဖြစ်လာခဲ့သည်။ နိုင်ငံတကာမှ စောင့်ကြည့်နေစဉ်မှာပင် ရှည်လျားသွေးမြေကျသည့် ပြည်တွင်းစစ်ပမာဖြစ်လာသည်။ မတ်လ လဆန်းပိုင်းတွင် အမေရိကန် တာဝန်ရှိသူတို့၏ ထွက်ဆိုချက်များအရ အာဆတ်အစိုးရအဖွဲ့အတွင်း အကွဲအပြဲလည်းမရှိ စစ်တပ်ကသစ္စာဖောက်မည့် သဘောလည်း မတွေ့ရဟုဆိုသည်။ အာဆတ်နှင့် အပေါင်းပါများအား လိုအပ်သလောက် ဖိနှိပ်ခြင်းမရှိသရွေ့ အာဆတ်မှာ ရှင်သန်နေဦးမည်ဖြစ်သည်ဟု ပင်တဂွန်တာဝန်ရှိသူများက သုံးသပ်သည်။

အတိုက်အခံအုပ်စုဝင်တစ်ယောက်က 'ပြည်သူတွေက တော်လှန်ရေးဟာ မအောင်မြင်ဘူးလို့ မြင်နေကြ တယ်၊ အခုတော့ လူတွေဟာခေါင်းကုတ်စဉ်းစားနေကြပြီ'ဟုဆိုသည်။ ဤသည်မှာ အာဆတ်က 'မင်းတို့ငါ့ကို ဖြုတ်ချလို့ မရဘူး၊ ဒီတော့ ငါနဲ့ဆက်ဆံကြ' ဟူ၍ ကာတာ၊ အမေရိကန်နှင့် အခြားနိုင်ငံများအား ပြောနေသည့်သဘော ဖြစ်နေသည်။ သို့သော် အမေရိကန်နိုင်ငံသည် အစားထိုးအစီအစဉ် အမြဲရှိနေတတ်သည်။

၂၀၁၂ ခုနှစ် မေလကုန်တွင် ကုလသမဂ္ဂခန့်မှန်းမှုအရ ဆီးရီးယားတွင် လူပေါင်း ၉,၀၀၀ မှ ၁၀,၀၀၀ အကြား သေဆုံးခဲ့ပြီး လူပေါင်း ၃၀,၀၀၀ မှာ အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်များအဖြစ် ရောက်နေကာ ပြည်တွင်းရှိလူ ၂၀၀,၀၀၀ မှာလည်း ဒုက္ခသည်များအဖြစ် ပြောင်းရွှေ့နေထိုင်နေကြရသည်ဟုဆိုသည်။

the bookhouse

www.burmeseclassic.com



ဆီးရီးယားအစိုးရကမူ အရပ်သား သေကျေမှုကို ၂၅၀၀ သာရှိသည်ဟု ကြေညာသည်။ အမေရိကန်အား တစ်စုံတစ်ခုသော စစ်ရေးအဆင့်ဖြင့် ဆီးရီးယားသို့ဝင်ရန် ဖိအားပေးမှုများ ရှိနေသည်။ အမေရိကန်အနေဖြင့် လစ်ဗျားနိုင်ငံတွင်ကဲ့သို့ နေတိုး၏ ဥရောပတပ်ဖွဲ့များနှင့် အာရပ်အဖွဲ့ချုပ်တပ်ဖွဲ့များ နောက်ကွယ်မှ နေသကဲ့သို့ ယခုလည်း ထိုအတိုင်းလုပ်မည်ဆိုက လုပ်နိုင်ပေသည်။ သို့မဟုတ်ပါကလည်း ညွန့်ပေါင်းတပ်ဖွဲ့များနှင့်အတူ ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်တပ်စွဲထားနိုင်သည်။ ထိုအခါ အတိုက်အခံတပ်ဖွဲ့များသည် အစိုးရတပ်များနှင့် ရဲရဲ တင်းတင်း ရင်ဆိုင်ရဲကြမည်ဖြစ်သည်။ သို့သော် ဆီးရီးယားကို လေ့လာနေသူ မာ့လင့်ချ်က ထိုသို့ လုပ်လိုက်ခြင်းဖြင့် နိုင်ငံတကာပြည်တွင်းစစ် ဖြစ်သွားနိုင်သည်ဟုဆိုသည်။ သို့မဟုတ်ကလည်း ပက်ထရစ်ဆီးလ်ရေးသကဲ့သို့ အတိုက်အခံများကို လက်နက်တပ်ဆင်ပေးခြင်းဖြင့် လိုရာမရောက်ဘဲ အာဆတ်အစိုးရအတွက် အတိုက်အခံများအား ချေမှုန်းသည်မှာ တရားနည်းလမ်းကျသလို ဖြစ်သွားနိုင်သည်ဆိုသည့်သဘောဖြစ်သွားမည်။

■

the bookhouse
we bring your future

www.burmeseclassic.com

# ခပ်ယဲ့ယဲ့ ဆီးရီးယား

အမှိုက်ပုံများမှာ ပုပ်ဆွေးနံစော်နေသည်။ ပုံမှန် အမှိုက်သိမ်းလုပ်ငန်းများ ရပ်ဆိုင်းနေရသောကြောင့်ဖြစ်သည်။ ရေဖြန့်ဝေရေးနှင့် လျှပ်စစ်မီးများလည်း မရနိုင်ဖြစ်နေရသည်။ အစုလိုက်အပြုံလိုက် ဒဏ်ခတ်ခံနေရသကဲ့သို့ရှိသည်။ စတိုးဆိုင်မျက်နှာစာများမှာ ကြေမွပြိုပျက်နေကြသည်။ ဆိုင်များထဲတွင် လူလည်းမရှိ၊ ကုန်ပစ္စည်းလည်း နတ္ထိ။ လက်ကျန်ကုန်ပစ္စည်းများကို လူတွေက နေ့ဖို့ညစာ ယူကုန်ခဲ့ကြသောကြောင့်ဖြစ်သည်။ သို့မဟုတ်ကလည်း ခေါင်းရှက်ဗျပ်ထိုးဈေးသည်များက အကုန်ယူသွားခြင်းလည်း ဖြစ်နိုင်သည်။ အဆောက်အအုံများ၏ နံရံများမှာ ကျည်ဆန်ရာတွေမွနေသည်။

လမ်းများမှာ လူသူကင်းကာ အပျက်အစီးပုံတွေနှင့် သွေးစွန်းနေသည်များသာ တွေ့ရသည်။ စစ်ဆေးရေးဂိတ်များမှာ အဝေးပြေးလမ်းများပေါ်နှင့် မြို့အဝင်အထွက်များတွင် အနှံ့ရှိနေသည်။ ထိုဂိတ်များတွင် မှတ်ပုံတင်များစစ်ခြင်း၊ ယာဉ်များကိုရှာခြင်းများ လုပ်ကြသည်။ တားဆီးစစ်ဆေးခံရသူများက အစိုးရကဖမ်းမည့်စာရင်းထဲတွင် မိမိမပါကြောင်း ရှင်းပြရသည်။

စစ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များ ထရပ်ကားများအပြည့်ဖြင့် သွားလာနေကြသည်။ တစ်ခါတစ်ရံ လမ်းများပေါ်တွင် ထိုကားများမှလွဲ၍ မည်သည့်ကားမျှမရှိ။ အကြမ်းဖက်မှုများ အရှိန်ကောင်းလာသည်နှင့်အမျှ နှစ်ဖက်စလုံးမှ လူမိုက်များ၊ ရာဇဝတ်ကောင်များ ထကြွတော့သည်။ အပြစ်မဲ့ပြည်သူများအား ခြိမ်းခြောက်ငွေတောင်းခြင်း၊ အနိုင်ကျင့်ခြင်းများလုပ်ကြသည်။ ထိုသည်များသည် အရုပ်ဆိုးသော အုံကြွမှုအတွင်းမှ သီးသန့်အရုပ်ဆိုးမှုများ ဖြစ်တော့သည်။

the bookhouse
we bring your future

www.burmeseclassic.com



အလက်ပိုနှင့် ဒမတ်စကတ်မြို့များမှ လူကုံထံများသည်ပင် အိမ်ထဲမှမထွက်ဝံ့ကြ။ ထိခိုက်မှုများသော မြို့များတွင် လူများသည် မိမိတို့ရပ်ရွာအတွင်းမှ မထွက်ဝံ့ကြ။ အချို့မိသားစုများမှာ အိမ်ကိုပစ်ကာ ထွက်ပြေးကြသည်။ အချို့မိသားစုများကျတော့ မိမိတို့အိမ်ကို မွေနှောက်ယူငင်သွားမည်စိုးသဖြင့် ပြေးချင်သော်လည်း မပြေးရဲကြ။ အချို့ထွက်ပြေးနိုင်သူများမှာ နိုင်ငံမှပါပြေးလိုသော်လည်း ဗီဇာမရနိုင်သဖြင့် မပြေးနိုင်ကြ။ သံရုံးများ ပိတ်ထားသည်ဖြစ်သောကြောင့် ဖြစ်သည်။ နိုင်ငံမှ တိတ်တိတ်ထွက်ပြေးရန် ကြံသူများမှာလည်း ထိုသို့ပြေးခြင်းသည် အန္တရာယ်များသဖြင့် မပြေးနိုင်ဖြစ်ရသည်။

ဒမတ်စကတ် နိုင်ငံတကာလေဆိပ်တွင် လူလည်းမရှိ၊ လေယာဉ်လည်းမရှိ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ လုံးဝရပ်သလောက်နီးပါး ဖြစ်နေသည်။ အကြွေးဝယ်ကဒ်များလည်း သုံး၍မရ။ ကုန်သွယ်ရေးလုပ်ငန်းမှာလည်း ထိုးကျနေသည်။ စက်ရုံများလည်း ပိတ်ထားကြသည်။ ဖွင့်ထားသော စက်ရုံများမှာလည်း အပြည့်အဝမလည်ပတ်နိုင်။ အလုပ်သမားများလည်း အလှည့်ကျ အလုပ်ပြုတ်ကုန်သည်။ ထို့ကြောင့် မူလကပင် မြင့်မားနေသည့် အလုပ်လက်မဲ့နှုန်းမှာ နှစ်ဆဖြစ်လာသည်။ ဆီးရီးယားပေါင်ငွေမှာ တန်ဖိုးကျနေသည်။ (အရေးအခင်းမဖြစ်မီ ၁ ဒေါ်လာလျှင် ၄၇ ပေါင်ရှိခဲ့ရာမှ အရေးအခင်းတွင်း ပေါင် ၁၀၀ အထိဖြစ်သွားသည်။)

အစိုးရက အသုံးစရိတ်များ လျှော့လိုက်မှုကြောင့် ပြည်သူ့ဝန်ထမ်းလစာများလည်း တစ်ဝက်သာရတော့သည်။ အစားအသောက်နှင့် လောင်စာဈေးနှုန်းများလည်း ထိုးတက်နေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုံးဝပြတ်တောက်နေသည်။ အခြေခံစားသောက်ကုန်များ ရှားပါးနေသည်။ ကျောင်းများလည်း ပိတ်ထားရ၏။

လူများမှာ အသတ်ခံနေရပြီး မည်သူ့လက်ချက်မှန်း မသိရသည့်အခြေအနေသို့ ရောက်နေသည်။ ဥပမာ အဒစ်မြို့ရှိ ရှေ့နေချုပ်မှာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လုပ်ကြံခံရသည်။ ထိုသည်ကို အစိုးရက အတိုက်အခံတို့လက်ချက်ဟုစွပ်စွဲသည်။ သို့သော် ထိုမြို့မှ အတိုက်အခံတို့က ရှေ့နေချုပ်သည် အတိုက်အခံလိုလားသူဟုဆိုသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့များက သူ့ကိုလုပ်ကြံလိုက်ခြင်းဖြစ်သည်ဟု ပြန်လည်စွပ်စွဲသည်။ သူ၏ အသုဘအခမ်းအနားကို အတိုက်အခံ အမြောက်အမြား တက်ရောက်ကြသည်။

ဆီးရီးယားအခြေအနေမှာ ထိုအတိုင်းရှိနေသည်။ မြို့အများအပြားမှာ အတိုက်အခံများနှင့် အစိုးရ နှစ်ဖက်စလုံးမှ တိုက်ခိုက်ခြင်းကို ခံနေရသည်။ အထိအခိုက်နည်းလှသည့် ဒမတ်စကတ်နှင့် အလက်ပိုမြို့များမှ မြို့လယ်နေလူထုသည်လည်း တိုက်ခိုက်မှုများ ဆင်ခြေဖုံးမှ မြို့လယ်သို့ ပြန်လာသည့်အတွက် မလုံမခြုံဖြစ်လာနေသည်။

ဤသည်မှာ စိတ်ဆင်းရဲစရာအကောင်းဆုံး မြင်ကွင်းဖြစ်တော့သည်။ အရေးအခင်းအတွင်း လူများအသတ်ခံရ၊

the bookhouse
we bring your future

www.burmeseclassic.com



အဖမ်းခံရ၊ အနှိပ်စက်ခံရသည့်သတင်းများ အမြဲလိုလိုကြားနေရသည်။ ကျွန်တော်သည် ၁၉၈၉ ခုနှစ်ကတည်းက ဆီးရီးယားသို့ အခေါက်နှစ်ဆယ်ကျော် ရောက်ခဲ့သည်။ အခေါက်တိုင်းလည်း လနှင့်ချီ၍ကြာခဲ့သည်။ အသိအကျွမ်းလည်း များစွာရှိခဲ့သည်။ ထိုလူများသည် ယခုတော့ အပြန်အလှန်တိုက်ခိုက်နေကြပြီ။ အရေးအခင်းကို သွားရောက်သတင်းယူသည့် သတင်းထောက်တစ်ယောက်နှင့် ဓာတ်ပုံဆရာတစ်ယောက်တို့ အသတ်ခံခဲ့ရသည်။ သူတို့နှစ်ယောက်စလုံး ကျွန်တော်နှင့် သိကြသည်။

### အယူအဆ ကွာဟမှု

ဘရှားအာဆတ် သမ္မတဖြစ်စတွင် မူလတန်းနှင့် အလယ်တန်းကျောင်းသားများ စစ်ယူနီဖောင်းဆန်ဆန် ဝတ်စားခြင်းမပြုရဟု အမိန့်ထုတ်ခဲ့သည်။ ယင်းကို အနောက်တိုင်းမီဒီယာများ၊ အာဏာပိုင်များ ၊လေ့လာသူများက ပြက်ရယ်ပြုကြသည်။ သူတို့က ထိုသည်မှာ ဘရှားအာဆတ်သည် ပြုပြင်ပြောင်းလဲရေးကို စိုးစဉ်းမျှသာ လုပ်သည်ကိုပြခြင်းဖြစ်သည်ဟု ဆိုကြသည်။ သူတက်လာလျှင် ထူးခြားလာမည်ဟု ထင်ထားသူများအတွက် စိတ်ပျက်စရာအတိ ဖြစ်ကုန်ရသည်။

သို့သော် ယင်းကို အနီးကပ်လေ့လာမည်ဆိုလျှင် အာဆတ်သည် သူ့နိုင်ငံကို ဦးတည်ရာလမ်းကြောင်း ပြောင်းလိုသည်ကိုတွေ့ရမည်ဖြစ်သည်။ လူငယ်မျိုးဆက်သစ်သည် ရန်သူနှင့် တကယ့်တိုက်ပွဲကို မစဉ်းစား။ ကောင်းမွန်သောဘဝဖြစ်စေရန် လူမှုနိုင်ငံရေးမျိုးသာ ရလိုကြသည်။ အနောက်နိုင်ငံများနှင့် ဆီးရီးယားအကြား အယူအဆ ကွာဟမှုရှိနေသည်။

အာဆတ်သည် ပုဂ္ဂလိကဘဏ်များ ဖွင့်ခွင့်ပြုမည်ဆိုသော်လည်း နှေးကွေးနေသည့်အတွက် အနောက်နိုင်ငံများက ဝေဖန်သည်ကို သူ အတော်ခံပြင်းခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ပုဂ္ဂလိကဘဏ်လေးခု ဖွင့်ခွင့်ပြုသည်မှာ နည်းလွန်းသည့်အတွက် နည်းလွန်းသည်ဟု ဝေဖန်ကြခြင်းဖြစ်သည်။ အာဆတ်က အသွင်ကူးပြောင်းရေးကာလတွင် ထိုမျှခွင့်ပြုသည်မှာ စီးပွားရေး အသွင်ကူးပြောင်းမှု၏ ရှေ့ပြေးဖြစ်သည်ဟု ယူဆသည်။

နောက်တစ်ကြိမ် ကျွန်တော်သူနှင့် တွေ့သည်မှာ ၂၀၀၅ ခုနှစ် ဧပြီလ လက်ဘနွန်မှ ဆီးရီးယားတပ်များ ရုပ်သိမ်းပြီးစတွင် ဖြစ်သည်။ သူက တပ်ရုပ်ရေးကိုသဘောတူကာ ရက်ရောစွာအလျှော့ပေးသည်ကို အနောက်နိုင်ငံများ၊ အထူးသဖြင့် အမေရိကန်က အသိအမှတ်မပြုသည့်အတွက် အတော်ပင်စိတ်ဆိုးနေသည်။ တပ်များကို လက်ဘနွန်တွင်

the bookhouse

www.burmeseclassic.com



လျှို့ဝှက်စွာ ဆက်လက်ထားရှိပါက သူ ထိုထက်ဒုက္ခများနိုင်သည်ကို သူမသိ။ သို့သော် သူ့ကို အကောင်းမမြင်သည့်အတွက် သူကမကျေနပ်။

ဤသည်များမှာ ဆီးရီးယားနှင့် အနောက်နိုင်ငံများအကြား အယူအဆကွာဟမှု ဥပမာများဖြစ်သည်။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ အုံကြွမှုအစပိုင်း တိုင်းပြည်ကို မိန့်ခွန်းပြောရာ၌ မငြိမ်သက်မှု၏ လက်သည်မှာ အကြမ်းဖက်သမားများ၊ လက်နက်ကိုင်ဂိုဏ်းများ၊ လျှို့ဝှက်ကြံစည်သူများဖြစ်သည်ဟု ပြောကြားခဲ့သည်။ ပြည်ပဝေဖန်သူများကမူ လူမှုစီးပွားရေးနှင့် နိုင်ငံရေးပြဿနာများမှ ရှောင်လွှဲကာ ပြောကြားခြင်းဖြစ်သည်ဟု ဆိုကြသည်။ ပြဿနာ၏ အဖြစ်မှန်ကို ဆီးရီးယားနှင့် ပြင်ပကမ္ဘာ ယူဆပုံချင်းမတူခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွဲသည့်အပေါ် အာဆတ်အမြင်နှင့် အနောက်နိုင်ငံများအမြင် ကွဲလွဲနေခြင်းဖြစ်သည်။ ထိုအချက်ကို အာဆတ်ကို အေဘီစီရုပ်သံက တွေ့ဆုံမေးမြန်းခန်းတွင် တွေ့နိုင်သည်။ ထိုအင်တာဗျူးအပြီးတွင် အာဆတ်က အနောက်နိုင်ငံများ၏ ဝေဖန်ချက်များကို ပြက်ရယ်ပြုခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ယောက် အာဆတ်၏ ပြောကြားချက်မှာ သူ့နိုင်ငံ၏ ပကတိအခြေအနေကို ထင်ဟပ်မှုမရှိဟု ဝေဖန်လိုက်သည်။

အင်တာဗျူးမေးခွန်းတစ်ခုကို ဖြေကြားရာတွင် အာဆတ်က အကယ်၍ မိမိပြည်သူများကိုသတ်ရန် မိမိတပ်ဖွဲ့များအား အမိန့်ပေးသည်ဆိုလျှင် မိမိရူးရာကျမည်ဟု ပြောခဲ့သည်။ ထို့ကြောင့် ဝေဖန်သူတစ်ယောက်က ထိုစကားကြောင့် သူရူးနေသည်မှာ ထင်ရှားနေပြီဟု ဝေဖန်လိုက်သည်။ အင်တာဗျူးတွင် မေးမြန်းသူက 'ခင်ဗျားရဲ့တပ်ဖွဲ့တွေ ဖြိုခွင်းတာ သိပ်ပြင်းထန်တယ်လို့ မထင်ဘူးလား'ဟူသော မေးခွန်းအား သူက 'ဒါတွေဟာ ကျုပ်တပ်ဖွဲ့တွေ မဟုတ်ပါဘူး၊ ဒါတွေဟာ အစိုးရရဲ့စစ်တပ်ပဲ၊ သူတို့ကို ကျုပ်မပိုင်ပါဘူး၊ ကျုပ်ကသမ္မတပဲ၊ တိုင်းပြည်ကိုလည်း ကျုပ်မပိုင်ဘူး၊ ဒါကြောင့် ကျုပ်တပ်ဖွဲ့တွေ မဟုတ်ဘူး'ဟု ပြန်ဖြေခဲ့သည်။

အာဆတ်သည် အာဏာရှင်စနစ်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ဆီးရီးယား၏ စနစ်မှာ ပြည်သူ၏တောင်းဆိုချက်ကို လိုက်လျောပေးသည့်စနစ် မဟုတ်ပေ။ ပြည်သူ၏တောင်းဆိုချက်ကို ထိန်းချုပ်သည့်စနစ် ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးကို ပြောင်မြောက်စွာလုပ်သည့်စနစ်လည်း မဟုတ်ပေ။ ပိုနေမြဲကျားနေမြဲအတိုင်းထားကာ ရှင်သန်ရန်သာလုပ်သော စနစ်ဖြစ်သည်။

ဘရှားအာဆတ်ကို ကျွန်တော်ကောင်းကောင်း သိပါသည်။ သူသည် သမားရိုးကျမဟုတ်သော သွေးဆာသည့်လူသတ်ကောင်လည်း မဟုတ်ပေ။ ကဒတ်ဖီနှင့် ဆဒမ်ဟူစိန်တို့နှင့်လည်း မတူပေ။ ဤအချက်ကို လက်ခံသူအများအပြား

the bookhouse

www.burmeseclassic.com



လည်း ရှိသည်။ သူ့ကို အကျင့်ပျက်အာဏာရှင်ဟု မြင်သူများလည်းရှိပါသည်။ ထိုလူများသည် ဆီးရီးယားနိုင်ငံသို့ပင် ရောက်ဖူးကြသည်မဟုတ်ပါ။ သူတို့သည် အာဆတ်ကိုသော်လည်းကောင်း အခြားသော ဆီးရီးယားထိပ်တန်းခေါင်းဆောင်များကိုသော်လည်းကောင်း တွေ့ခဲ့ဖူးခြင်းမရှိကြပါ။ သူတို့သည် ဆက်တိုက်ဖိနှိပ်မှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ရန် နှောင့်နှေးနေသည်ကိုသာ သိကြသည်။

ဤသည်မှာလည်း နားလည်နိုင်စရာ ရှိပါသည်။ သူတို့က ဆီးရီးယားစနစ်သည်မကောင်း၊ အာဆတ်စတက်ကတည်းက ဖိနှိပ်မှုရှိခဲ့သည်ဟုပြောလျှင် ကျွန်တော် လုံးဝလက်ခံမည်ဖြစ်သည်။ သူတို့က အာဆတ်သည် ထိုစနစ်ကို ပြုပြင်ရမည်ဟု ပြောလျှင်လည်း မှန်ပါသည်။ သို့သော် အာဆတ်သည် အရှေ့အလယ်ပိုင်းရှိ အခြားအာဏာရှင်များနှင့်တော့ မတူပါ။ ထို့ကြောင့် အကောင်းဆုံးဖြစ်လာမည်ဟုတော့ မျှော်လင့်စရာရှိပါသည်။

## ဖြစ်နိုင်ခြေများ

ဆီးရီးယားအရေးတွင် ဖြစ်နိုင်ခြေသုံးခုရှိပါသည်။ (၁) ဘရှားအာဆတ် ရာထူးမှပြုတ်ကျသွားနိုင်ခြင်း၊ (၂) သူ ရာထူးမှာ ဆက်လက်မြဲနေနိုင်ခြင်း၊ (၃) အခြေအနေမှာ ထိုအတိုင်း ဆက်လက်ရှိနေနိုင်ခြင်း၊ သို့မဟုတ် ပြည်တွင်းစစ်ဖြစ်နိုင်ခြင်းတို့ဖြစ်သည်။ ထိုဖြစ်နိုင်ခြေ တစ်ခုချင်းစီတွင်လည်း အမျိုးမျိုးဖြစ်သွားနိုင်သည်။ ဤစာအုပ်ထုတ်ဝေစဉ်မှာပင် ထိုဖြစ်နိုင်ခြေတစ်စုံတစ်ရာ ဖြစ်နေနိုင်ပါသည်။

## ရာထူးမှ ပြုတ်ကျခြင်း

ထိုဖြစ်နိုင်ခြေမှာ အတိုက်အခံများနှင့် နိုင်ငံတကာ အသိုက်အဝန်းမှ လိုလားချက်ဖြစ်သည်။ မြန်မြန်ပြုတ်လေ ကောင်းလေ ဖြစ်မည်။ ထိုသို့ဖြစ်လာရန်မှာလည်း နည်းပေါင်းစုံဖြင့် ဖြစ်နိုင်သည်။ အတိုက်အခံများက အာဆတ်နှင့် သူ့အစိုးရကို အတင်းဖြုတ်ချခြင်းလည်း ဖြစ်နိုင်သည်။ (လစ်ဗျားတွင် ကဒတ်ဖီ ပြုတ်ကျသလိုမျိုးဖြစ်သည်။) ယင်းမှာ လက်ရှိအားဖြင့် အစိုးရနှင့် အတိုက်အခံတို့အကြား အင်အားမညီသဖြင့် ပြည်ပအကူအညီမပါဘဲ ဖြစ်နိုင်ဖွယ်မရှိချေ။ ထို့ပြင်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပင်မကျောရိုးများမှာ အခိုင်အမာရှိနေသည်။ စစ်တပ်မှ ထွက်ပြေးသူများလည်း နည်းပါးလာသည်။ ၂၀၁၂ ခုနှစ် မတ်လ အမေရိကန်ထောက်လှမ်းရေးအစီရင်ခံစာအရ အာဆတ်အပေါ် ထောက်ခံမှုများ

the bookhouse we bring your future

www.burmeseclassic.com



မှာလည်း မပျက်မယွင်းရှိနေသည်ဟုဆိုသည်။ ခေါင်းဆောင်ပိုင်းသည် ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်ဖွယ်ရှိသည်၊ အာဆတ်သည်လည်း ထိုအတွက် ကောင်းစွာကွပ်ကဲနိုင်မှု ရှိနေဆဲဟုလည်း ဆိုသည်။

ထို့ပြင် အာဆတ်အား ခေါင်းဆောင်ပိုင်းထဲမှ သစ္စာဖောက်မည့်အရိပ်အယောင်လည်း မမြင်သေး။ သူတို့အားလုံးမှာ အသက်ကယ်အင်္ကျီမပါဘဲ တစ်လှေတည်းစီးနေကြသူများပမာ လှေမျှောလျှင်လည်း အတူတူ၊ လှေမြုပ်လျှင်လည်း အတူအသေခံကြမည့်သူများဖြစ်သည်။ စစ်တပ်မှာလည်း ယခုတလော အောင်မြင်မှုများကြောင့် အာဆတ်သစ္စာခံများ၏ လေးစားမှုကို ခံနေရသည်။ ထို့ကြောင့် သူတို့အတွင်းမှ သဘောထားတင်းမာသူများ တန်ခိုးထွားလာကြသည်။ သို့မို့ကြောင့် တစ်စတစ်စ အကွဲကွဲ အပြားအပြားဖြစ်လာနေသည့် အတိုက်အခံများသည် အာဆတ်ကို မကြာသေးမီကာလအတွင်း ဖြိုနိုင်ဖွယ်မရှိပေ။

ထိုအခြေအနေမှာ ပြည်ပမှ အတိုက်အခံများကို ပြည်ပမှ လစ်ဗျားမှာကဲ့သို့ ကူညီလာလျှင်မူ တစ်မျိုးပြောင်းသွားနိုင်ပေသည်။ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် အနောက်နိုင်ငံတို့သည် စစ်ရေးအရဝင်ရောက်ရန် အစားထိုးအစီအစဉ်ရေးဆွဲနေကြသော်လည်း အများစုက ထိုသည်ကို သိပ်မလိုလားကြချေ။ ၂၀၁၂ ခုနှစ် မတ်လတွင် အိုဘားမားက 'တချို့ကအကြံပေးသလို စစ်ရေးနဲ့ဝင်ဖို့ဆိုတာဟာ မှားတယ်လို့ ကျွန်တော်ထင်တယ်' ဟုပြောခဲ့သည်။

အီရန်ပြဿနာ ရှိနေသည့်ကာလတွင် အိုဘားမားသည် ဆီးရီးယားကြောင့် ထိုဒေသ၌ အမေရိကန်ကျွံဝင်နေသည်မျိုး မဖြစ်လို။ အီရတ်နှင့် အာဖဂန်မှ အမေရိကန်တပ်များ ရုပ်သိမ်းပြီးပြီဖြစ်၍ အရှေ့အလယ်ပိုင်းသို့ ထပ်စေလွှတ်လိုသူများ အမေရိကန်တွင် သိပ်မရှိပေ။ စီးပွားရေးမှာ ဖြည်းဖြည်းချင်း နာလန်ထူစမို့ နောက်ထပ်စစ်အသုံးစရိတ် ထပ်မကုန်ချင်ကြ။ ၂၀၁၂ ခုနှစ်သည် သမ္မတရွေးကောက်ပွဲရှိသည့်နှစ်မို့ မည်သည့်သမ္မတကသည်ဖြစ်စေ မလိုအပ်ဘဲ စစ်ရေးဖြင့်စွက်ဖက်သည်မျိုး လုပ်မည်မဟုတ်ပေ။ (အထူးသဖြင့် အကယ်၍ အစ္စရေးက အီရန်ကိုတိုက်မည်ဆိုလျှင် အစ္စရေးအားစစ်ရေးအကူအညီပေးရန်က ပိုအရေးကြီးနေသည်။)

အနောက်နိုင်ငံများအဖို့ အာဆတ်အစိုးရအား စစ်ရေးဖြင့်ဖြုတ်ချရန်ကို အလေးအနက်စဉ်းစားကြမည်ဖြစ်သည်။ အမေရိကန်နှင့် အနောက်နိုင်ငံများသည် ထိုသို့လုပ်ခြင်းကြောင့် တစ်စစီဖြစ်သွားသော ဆီးရီးယားကို ပြန်လည်ထူထောင်ပေးရန် တာဝန်ရှိမှုမျိုးလည်း အဖြစ်မခံလိုကြ။ ထိုနိုင်ငံမှာ အီရတ်နိုင်ငံလို ချက်ချင်း ပြန်လည်ထူထောင်နိုင်လောက်သည့် သယံဇာတလည်း ကြွယ်ဝသည်မဟုတ်ပေ။ အမေရိကန်သည် ၂၀၀၃ ခုနှစ်က ဆဒမ်ဟူစိန်ကို ဖြုတ်ချပြီးသည့်နောက် ထိုဒေသတွင် လုပ်စရာတွေက များနေသည်။ ဆီးရီးယားအား ပြန်လည်ထူထောင်ပေးရမည့်စရိတ်ကလည်း သိပ်များမည်။

စစ်ရေးဖြင့်စွက်ဖက်ရန် မဖြစ်နိုင်ဟု ငြင်းဆိုရသည့်အဓိကအချက်မှာ ဆီးရီးယားသည် လစ်ဗျားလို မဟုတ်သော

the bookhouse
we bring your future

www.burmeseclassic.com



ကြောင့်ဖြစ်သည်။ လစ်ဗျားတုန်းကကဲ့သို့ နေတိုးနှင့် အာရပ်အဖွဲ့ချုပ်တပ်များ ဆီးရီးယားအတိုက်အခံများကို ကူညီမည်ဆိုလျှင် ပြဿနာများစွာရှိသည်။ ဆီးရီးယားတွင် လစ်ဗျား အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီကဲ့သို့မျိုး မရှိခြင်းဖြစ်သည်။ အတိုက်အခံများဘက်တွင် အနည်းဆုံး ညီညွတ်သောရည်မှန်းချက်တော့ ရှိရမည်။ အတိုက်အခံများဘက်တွင် အုပ်စုများကွဲနေပြီး တစ်အုပ်စုထဲမှာပင် ညီညွတ်မှုမရှိကြ။

အုံကြွမှု အရှိန်ရလာသည်နှင့် ဆီးရီးယား၏ အိမ်နီးချင်းနိုင်ငံများ အုပ်စုနှစ်စု ကွဲသွားသည်။ ချစ်ကြည်သောနိုင်ငံများနှင့် သိပ်ချစ်ကြည်ခြင်းမရှိသောနိုင်ငံများ ဟူ၍ဖြစ်သည်။ ချစ်ကြည်သောအီရတ်နှင့် လက်ဘနွန်တို့က ဆီးရီးယားအား မဟာဗျူဟာအရ အကူအညီပေးသည်။ ရိက္ခာနှင့် တပ်ဖွဲ့များအတွက် လေကြောင်းရန်မှကင်းမည့် နယ်မြေများပေးထားသည်။ ချစ်ကြည်မှုသိပ်မရှိသည့် တူရကီနှင့် ဂျော်ဒန်တို့ကလည်း ရှေ့တန်းစစ်မျက်နှာအတွက် ခိုလှုံရန်နေရာများပေးထားသည်။ တူရကီနှင့် ဂျော်ဒန်တို့မှာ ထိုအတွက် ပြဿနာဖြစ်လာသည်။ ဆီးရီးယားဒုက္ခသည်များ လိှမ့်ဝင်လာသောကြောင့်ဖြစ်သည်။ ပြည်ပတပ်များ ရှိနေသောကြောင့်လည်း ပြည်တွင်းပြဿနာများ ရှိလာသည်။ တူရကီတွင် ရှုပ်ထွေးသော ကဒ်လူမျိုးပြဿနာက ရှိနေသည်။

အာဆတ်အစိုးရပြုတ်ကျလျှင် ဆီးရီးယားတွင် ဘာတွေဖြစ်ကုန်မည်နည်းဆိုသည်ကလည်း ပြဿနာတစ်ရပ်ဖြစ်သည်။ အကွဲကွဲအပြားပြားဖြစ်ကုန်မည်လား။ ပရမ်းပတာဖြစ်ကုန်မည်လား စသည်တို့ဖြစ်သည်။ အီရတ်နှင့် အာဖဂန်နစ္စတန်တို့လို လူမျိုးကွဲ၊ ဘာသာကွဲများအကြား စစ်ပွဲတွေဖြစ်ကုန်မည်လား။ ထိုသို့ဖြစ်လျှင် ဒေသတွင်း မတည်မငြိမ်ဖြစ်လာနိုင်သည်။ ပြန်လည်တည်ဆောက်ရေးကို နိုင်ငံတကာမှ ကူညီပါမည်လား။ လက်ရှိအနေအထားအရ အမေရိကန်နှင့် ဥရောပသည် ထိုသို့ကူညီရန်ကို လက်ရှောင်ကြဖွယ်ရှိသည်။

နိုင်ငံတည်ဆောက်ရေးအတွက် ဆော်ဒီနှင့် ကာတာနိုင်ငံတို့က အမြောက်အမြားပေးကမ်းနိုင်သည်။ သို့သော် ထိုသို့ကူညီမှုကြောင့် အစ္စလာမ်ဝါဒ လွှမ်းမိုးလာမည်ကို အနောက်နိုင်ငံများက စိုးရိမ်လာနိုင်သည်။ ထိုနှစ်နိုင်ငံက လစ်ဗျား၊ တူနီးရှား၊ အီဂျစ်နှင့် အာရပ်နွေဦးမုန်တိုင်းသင့်နိုင်ငံများကို ကူညီခဲ့သည့်အတွက် အဆိုပါစိုးရိမ်မှုမှာ ယခုကပင်ရှိနေပြီဖြစ်သည်။

ဆီးရီးယားတွင် ပုန်ကန်မှုမှာ လစ်ဗျားအရေးပြီးသည်နှင့် စတင်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် လစ်ဗျားကို ပြည်ပမှ ကူညီခဲ့ပြီးနောက် စတင်ခြင်းဖြစ်သည်။ အကယ်၍ ဆီးရီးယားအရေးသည် လစ်ဗျားအရေးမတိုင်မီဖြစ်ပါက နိုင်ငံတကာမှ ဆီးရီးယားအတိုက်အခံများကို ကူညီကောင်းကူညီနိုင်သည်။ လစ်ဗျားအရေးတွင် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မချခဲ့လျှင် ဆီးရီးယားအရေးတွင် ရုရှားနှင့် တရုတ်နိုင်ငံတို့ ဗီတိုကိုအကြိမ်ကြိမ်သုံးဖွယ်မရှိပေ။

the bookhouse
we bring your future

www.burmeseclassic.com



ဆီးရီးယားအုံကြွမှုသည် လစ်ဗျားတွင် ကဒတ်ဖီခေတ်လွန်ပြဿနာများ ပေါ်လာသည်အထိ ကြာမြင့်ခဲ့သည်။ လစ်ဗျားတွင် လက်နက်ကိုင်အုပ်စုများက လက်နက်ပြန်မအပ်သဖြင့် ကြားကာလအစိုးရမှာ အုပ်ချုပ်၍မရအောင် ဖြစ်နေရသည်။ ဆီးရီးယား အတိုက်အခံများကို လက်နက်များထောက်ပံ့ပါက ထိုသို့ မဖြစ်နိုင်ပေဘူးလောဟု စဉ်းစားကြသည်။

ဆီးရီးယားအရေးအခင်းသည် လစ်ဗျား၊ အီဂျစ်၊ တူနီးရှားတို့တွင် အရေးအခင်းပြီးသွားသည့်နောက် အစ္စလာမ်အုပ်စုများ ပေါ်လာသည်ကို မြင်ရသည်အထိ ကြာမြင့်ခဲ့သည်။ ထို့ကြောင့် အနောက်နိုင်ငံများသည် အာဆတ်အစိုးရပြုတ်ကျသည့်အခါ ဆီးရီးယားတွင် ဘာတွေဖြစ်မည်နည်းဟု စဉ်းစားလာကြတော့သည်။

ဘင်အလီ၊ မူဘာရက်နှင့် ကဒတ်ဖီတို့သည် အာဏာကိုစွန့်လွှတ်၍ ရသည့်အချိန်တွင် အဘယ်ကြောင့် မစွန့်လွှတ်သနည်း။ ထိုသို့စွန့်လွှတ်ပြီး ပြည်ပတွင် သူတို့ပို့ထားသောငွေများဖြင့် ပြည်ပတစ်နေရာတွင် ဇိမ်ကျကျနေနိုင်ကြမည် မဟုတ်ပါလား။ ထိုမေးခွန်းကို ဘရှားအာဆတ်ကိုလည်း မေးရမည်ဖြစ်သည်။ သည်နေရာတွင် 'အဆုံးစွန်အာဏာသည် လူကိုအဆုံးစွန်ပျက်စီးစေသည်' ဆိုသော စကားမှာ မှန်နေပေသည်။ ဘရှားအာဆတ် အာဏာကို စွန့်လွှတ်ကောင်း စွန့်လွှတ်မည်။ သို့ရာတွင် မစွန့်လွှတ်၍မဖြစ်မှ စွန့်လွှတ်မည်ဖြစ်သည်။

### *အာဏာကို ဆက်လက်ကိုင်ထားခြင်း*

ဤအခြေအနေမှာ ဘရှား အာဆတ်နှင့် သူ့ကိုလိုလားသူများ ဖြစ်စေချင်သည့် အခြေအနေဖြစ်သည်။ ဤသည်မှာ အာဏာကို ရေတိုအားဖြင့် ဆက်လက်ကိုင်ထားပြီး ပြုတ်ကျသည်ကို မဆိုလိုပါ။ အုံကြွမှုအတွင်း လေ့လာသူများ ခန့်မှန်းထားသည်ထက် ပိုမိုရှည်ကြာစွာ အာဏာမြဲနေခြင်းကို ဆိုလိုပါသည်။ ထိုအစိုးရ ပြုတ်ကျလုဆဲဆဲတွင် ပြုတ်မကျဘဲ တင်းခံနေသည်မှာ အံ့သြဖွယ်ဖြစ်သည်။ ကျွန်တော်အပါအဝင် လေ့လာသူအများစုသည် အာရပ်ကမ္ဘာမှ အခြားအာဏာရှင်များ ပြုတ်ကျသွားသည်ကိုလည်းကောင်း၊ ထိုနိုင်ငံများတွင် ပုန်ကန်မှုများ ဖွဲ့ကောင်းသည်ကိုလည်းကောင်း တွေ့ခဲ့ရသည်ဖြစ်၍ ဘရှားအာဆတ် ပြုတ်ကျရန် တည်းတည်းသာလိုတော့သည်ဟု တွက်ခဲ့ကြသည်။

သို့ရာတွင် အာရပ်နွေဦး ရိုက်ခတ်ခံရသည့်နိုင်ငံများအနက် ဆီးရီးယားသည် လွယ်လွယ်နှင့် အစိုးရပြုတ်ကျမည် မဟုတ်သည်ကိုတော့ ကျွန်တော် တွက်ခဲ့မိသည်။ ထိုအစိုးရ နှစ်ချို့၍မမြဲသည့်တိုင် လနှင့်ချီ၍တော့ မြဲလိမ့်မည်ဟု ထင်ခဲ့သည်။

ဆီးရီးယားသည် အာရပ်နွေဦး နောက်ဆုံးရိုက်ခတ်သည့် နိုင်ငံဖြစ်မည်ကိုလည်း ကျွန်တော်တို့အများစု တွက်ခဲ့

the bookhouse

www.burmeseclassic.com



ကြသည်။ ထိုသို့ပြောနိုင်သည်မှာလည်း အာဆတ်အစိုးရ ကြာမြင့်စွာမြဲနေသည်ကို ကြည့်၍ပြောခြင်းဖြစ်သည်။ ထိုသို့မြဲနေသည်မှာလည်း စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ စုစည်းမှုရှိခြင်း၊ ပြည်သူများက မတည်ငြိမ်မှုကို စိုးရိမ်ခြင်း၊ ဘရှားကို အထိုက်အလျောက် လူကြိုက်များမှုရှိခြင်း၊ အတိုက်အခံများဘက်တွင် ညီညွတ်မှုမရှိခြင်း၊ ‌းအစိုးရသည် နိုင်ငံတကာ၏ ဝိုင်းပယ်မှုကို ခံနိုင်ရည်ရှိခြင်းတို့ကြောင့်ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နိုင်ငံတကာအသိုက်အဝန်းက အာဆတ်ပြုတ်ကျရမည်ဟု ပြောနေသောကြောင့် အာဆတ်၏ သက်ဆိုးရှည်မှုမှာ ၂၀၁၁ ခုနှစ် နွေဦးကာလအထိသာခံမည်ဟု ကျွန်တော် တွက်ခဲ့သည်။ ထိုအချိန်တွင် ကဒတ်ဖီလည်း သူ့ပြည်သူများလက်ချက်ဖြင့် သေခဲ့ရသည်။ များမကြာမီ အာရပ်အဖွဲ့ချုပ်ကလည်း အာဆတ်အား ထင်ထင်ရှားရှား ဆန့်ကျင်လာသည်။ ထိုစဉ် အတိုက်အခံများကလည်း ဆီးရီးယားအမျိုးသားကောင်စီ(အက်စ်အင်န်စီ)ကိုဖွဲ့ကာ ခိုင်မာစွာ ရပ်တည်လာသည်။ ထို့ကြောင့် အာဆတ်မှာ မကြာမီ ပြုတ်ကျလျှင်ကျ အသတ်ခံရလျှင်ခံရမည်ဟု တွက်ခဲ့သည်။

အုံကြွမှုစပြီး တစ်နှစ်ကြာသောအခါ အာဆတ်မှာ မကြာမတင်မီတွင် ပြုတ်ကျပါတော့မည်လားဟု လူတွေ စဉ်းစားလာရတော့သည်။ အစိုးရ၏ မဟာဗျူဟာမှာ အချိန်မရွေး ပြောင်းပြန်လှန်သွားနိုင်သည်။ သို့ရာတွင် မတ်လအတွင်း အစိုးရတပ်ဖွဲ့များက ဟွမ်းမြို့နှင့် အဒစ်မြို့များမှ အက်ဖ်အက်စ်အေတပ်ဖွဲ့များကို တိုက်ထုတ်နိုင်လိုက်သည့်အတွက် ထောက်လှမ်းရေးအဖွဲ့များကပင် အာဆတ်၏အာဏာမြဲမှုကို လျှော့မတွက်ရဲဖြစ်လာခဲ့သည်။

သို့ဖြင့် အစိုးရ၏သက်တမ်းရှည်မှုမှာ လများသာမက နှစ်များပင် ရှိသွားနိုင်ပုံပေါ်လာသည်။ အစိုးရသစ္စာခံတပ်များသည်လည်း အတိုက်အခံများထက် အင်အားနှင့် စွမ်းရည်သာသော်လည်း အတိုက်အခံများကို အပြတ်မရှင်းနိုင်ဖြစ်နေသည်။ သူတို့သည် ထိုအတိုင်း အတိုက်အခံများကို အမှည့်ချွေချွေသွားမည့်သဘောရှိသည်။ အစိုးရမှာလည်း ထိုအတိုင်းနှင့် ဆက်လက်တည်မြဲနေဦးမည်ဖြစ်သည်။ အကယ်၍ အပြတ်ဖြတ်ရန် ဓာတုလက်နက်များသုံးမည်ဆိုလျှင် နိုင်ငံတကာက ဝင်လာနိုင်သဖြင့် မသုံးရဲပြန်။

စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ စိတ်ဓာတ်ခိုင်မာနေသရွေ့ အတိုက်အခံများဘက်တွင် လုံးပါးပါးကာ အစိုးရတပ်ဖွဲ့များက အသာစီးရလာမည်။ အစိုးရမှာလည်း အရေးပါသည့် မဲဆန္ဒနယ်များကို သူ့ဘက်ပါအောင် စည်းရုံးထားမည်ဖြစ်သည်။ ထိုမဲဆန္ဒနယ်များကြောင့်လည်း အာဆတ်အစိုးရ ယခုအထိတည်မြဲနေခြင်းဖြစ်သည်။ ရုရှား၊ တရုတ်နှင့် အီရန်နိုင်ငံတို့ကိုလည်း ဆက်လက်စည်းရုံးထားမည်။ အာဆတ်အစိုးရကို သံတမန်အကူအညီများ ပေးနေသည်။ စစ်ရေးနှင့် စီးပွားရေးအထောက်အကူများလည်း ရလာနိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း နိုင်ငံရေးအရ ထောက်ခံမှု

the bookhouse

www.burmeseclassic.com



ပေးနေသည်။ ထိုအခြေအနေများနှင့် ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ် လုပ်ပေးလိုက်မည်ဆိုလျှင် အတိုက်အခံများ ငြိမ်သွားလောက်သည်။

ပိုမိုလွတ်လပ်ပြီး ဒီမိုကရေစီပိုမိုရမည့် မက်လုံးမျိုးပေးနိုင်လျှင် အတိုက်အခံများ ငြိမ်သွားလောက်သည်။ နိုင်ငံသားများသည် တည်ငြိမ်မှုရမည်ဆိုလျှင် နိုင်ငံရေး၊ လူမှုရေးလွတ်လပ်မှုနှင့် လဲနိုင်ကြသည်။ အက်ဒ်ဟူစိန်ဆိုသူက 'ဆီးရီးယားမှာ ရောက်နေတဲ့ အီရတ်ဒုက္ခသည်တွေဟာ ဆဒမ် ဟူစိန်ခေတ်လွန် အီရတ်နိုင်ငံရဲ့ဆိုးရွားမှုတွေကို သတိရနေတုန်းပဲ'ဟု ပြောခဲ့သည်။ နောက်တစ်ယောက်ကလည်း 'လူတွေဟာ ပေါင်မုန့်ကို ပိုလိုချင်တာမဟုတ်ဘူး၊ ဈေးကို စိတ်ချလက်ချသွားပြီး ပေါင်မုန့်ဝယ်လို့ရရင် ပြီးရော'ဟုဆိုသည်။

အစကတည်းက အာဆတ်ပြုတ်ကျရေးကို လိုလားသည်မဟုတ်ဘဲ နိုင်ငံရေးပြုပြင်ပြောင်းလဲရန်သာ လိုလားသည့် အာဆတ်ကို ဆန့်ကျင်နေသူများကို အစိုးရအား ပြန်လည်ထောက်ခံလာအောင် လုပ်၍ရနိုင်သည်။ အကြောင်းမှု သူတို့သည် လူမျိုးကွဲ၊ ဘာသာကွဲများသော သူတို့နိုင်ငံတွင် သွေးမြေကျ ပြည်တွင်းစစ်ဖြစ်မည်ကို ကြောက်ကြသောကြောင့် ဖြစ်သည်။

အာဆတ်သည် အာရပ်အဖွဲ့ချုပ်၏ အစီအစဉ်ကို လက်ခံသင့်သည်။သို့မဟုတ်ကလည်း ကိုဖီအာနန်၏ တင်ပြချက်ကို လက်ခံသင့်သည်။ သို့သော် သူကလည်း အတိုက်အခံများအား သူနိုင်အောင်မတိုက်နိုင်ကြောင်း သူ့ကိုယုံအောင် ပြောနိုင်မှ လက်ခံမည်ဖြစ်သည်။ အာရပ်အဖွဲ့ချုပ်၊ကုလသမဂ္ဂနှင့် အခြားသံတမန်များအား ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်ပေးထားသည်မှာလည်း ထိုအကြောင်းကြောင့်ဖြစ်ဖွယ်ရှိသည်။ အဆင်ပြေမည့် အတိုက်အခံအုပ်စုနှင့် စေ့စပ်ဆွေးနွေးမည်ဆိုလျှင်လည်း အတိုက်အခံများ အကွဲကွဲအပြားပြား ဖြစ်ကုန်နိုင်သည်။ အတိုက်အခံများဘက်မှ အားနည်းသွားသည့်အခါ ကျန်အတိုက်အခံများကို အလွယ်တကူရှင်းပစ်နိုင်မည်ဖြစ်သည်။ ထိုအခါ နိုင်ငံတကာ၏ အာရုံစိုက်မှုမှလည်း လွတ်မြောက်သွားမည်။

အကယ်၍ အစိုးရသည် တွေ့ဆုံဆွေးနွေးမှုမလုပ်ဘဲ အာဏာကို ဆက်လက်ကိုင်ထားမည်ဆိုလျှင် စီးပွားရေး အခက်အခဲ ရှိလာနိုင်သည်။ အထူးသဖြင့် အရေးယူပိတ်ဆို့မှုများ ရှိလာသောကြောင့်ဖြစ်သည်။ နိုင်ငံခြားအရန်ငွေကလည်း နည်းလာနေပြီး ရေနံထုတ်လုပ်မှုမှာလည်း ကျဆင်းနေသည်။ အစိုးရသည် သူတို့၏အရန်ရွှေများကို ထုတ်ရောင်းရန် ကြိုးစားနေသည်ဟူသော သတင်းများလည်း ထွက်နေသည်။

သို့ရာတွင် ဆီးရီးယားစီးပွားရေးသည် ပိတ်ဆို့ဒဏ်ခတ်မှုကို ခံနိုင်ရည်ရှိသည်။ ခဏကြာလျှင် သူတို့ထွက်ပေါက် တွေ့လာကာ ခံနိုင်ရည်ရှိသွားတတ်သည်။ အိမ်နီးချင်း အီရတ်၊ လက်ဘနွန်တို့အပြင် သူတို့ဘက်မှ ရပ်တည်သော

the bookhouse
we bring your future

www.burmeseclassic.com



အခြားနိုင်ငံများနှင့် ကုန်သွယ်ရေးဆက်လက်တည်ရှိနေခြင်းဖြင့် ဆက်လက်ရပ်တည်နေနိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ရေနံစိမ်းများအတွက် ဈေးကွက်သစ်များလည်း ဖန်တီးနိုင်သည်။ ရေနံနှင့်ဓာတ်ငွေ့များ ထပ်မံရှာဖွေပေးလိုသည့် ကုမ္ပဏီများကလည်း ရှိနေသည်။

အာဏာကို ကြာကြာဆက်ကိုင်ထားနိုင်မည်ဆိုလျှင် ပြန်မတ်လာနိုင်သည့် သူတို့နိုင်ငံ၏ အစဉ်အလာကိုလည်း အာဆတ်နှင့် အပေါင်းပါများသိထားသည်။ ဆီးရီးယားသည် အရှေ့အလယ်ပိုင်းမှ မြောက်ကိုရီးယားလည်း ဖြစ်မည်ဆိုက ဖြစ်နိုင်သည်။ အများစုကတော့ အစိုးရဆက်ရှိနေစေကာမူ အာဆတ်နန်းဆက် ပျက်သုဉ်းသွားပြီဟု သဘောထားကြသည်။ သူ့ကိုထောက်ခံသူများကပင် အာဆတ်အစိုးရ တစ်စစီဖြစ်နေပြီဟု မြင်ကြသည်။

## *ကြာမြင့်စွာ မတင်မကျဖြစ်နေခြင်း သို့မဟုတ် ပြည်တွင်းစစ်*

ထိုအခြေအနေမှာ များစွာဖြစ်နိုင်စရာရှိသည်။ အထူးသဖြင့် တစ်ဖက်ဖက်က ပိုမိုအင်အားကောင်းလာကာ ကျန်တစ်ဖက်ကို အနိုင်မယူနိုင်မချင်း ထိုအတိုင်းရှိနေမည်။ အစိုးရသည် စစ်ရေးအရ အသာစီးရနေသော်လည်း အတိုက်အခံများကို အပြတ်မရှင်းနိုင်ပေ။ အတိုက်အခံများသည် မြို့များကို သိမ်းသည်မျိုးမလုပ်ဘဲ ပြောက်ကျားစနစ်နှင့် မတိုက်သရွေ့ ထိုအတိုင်းပင်ဖြစ်နေမည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် အစိုးရတပ်က အက်ဖ်အက်စ်အေတပ်များကို တိုက်ထုတ်နိုင်သော်လည်း ထို့ထက်ပိုမို စွမ်းအားရှိဖို့လိုသေးသည်။ ထိုသို့တိုက်နေရုံဖြင့် အတိုက်အခံများသည် နယ်စပ်များကို ကျော်ပြေးကာ ပတ်ဝန်းကျင်နိုင်ငံများအတွင်း လှုပြန်စုနိုင်ကြသည်။ အကယ်၍ အတိုက်အခံများ စစ်ရေးအကူအညီ ယခုထက်ပိုရလာပါက အခြေအနေမှာ ပြောင်းပြန်ဖြစ်သွားနိုင်သည်။

အစိုးရတပ်များသည် အတိုက်အခံများကို ဖြိုခွင်းရန်သာ အာရုံစိုက်နေသဖြင့် နယ်စပ်များကို စောင့်ကြပ်ရန် ပျက်ကွက်နေကြသည်။ ဆီးရီးယားအရေးမှာ နေတိုးတပ်ဖွဲ့များကဲ့သို့ အင်အားကောင်းများ ဝင်လာလောက်အောင် မကြီးကျယ်သေးစေကာမူ အတိုက်အခံများအား ကူညီနေသည့်နိုင်ငံများ၊ လူပုဂ္ဂိုလ်များက ရှိနေသည်။ အနည်းဆုံး လက်နက်ဝယ်ရန် ငွေကြေးထောက်ပံ့မှုများရှိနေသည်။ ထို့ပြင် နှစ်ဖက်စလုံးတွင် မင်းမဲ့စရိုက်ဆန်ဆန် ပြုကျင့်နေသဖြင့် အကြမ်းဖက်မှုများ ဆက်လက်ရှိနေဦးမည်။

အစိုးရသက်ဆိုးရှည်သည်ဟု ဆိုသော်လည်း အစိုးရနှိမ်နင်းနေသည့်ကြားက အတိုက်အခံများ သက်ဆိုးရှည်နေသည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။ အတိုက်အခံများဘက်တွင် အခြားနိုင်ငံများ၌ အာရပ်နွေဦးရိုက်ခတ်သည်

the bookhouse we bring your future

www.burmeseclassic.com



ကို အားကျနေသော သာမန်နိုင်ငံသားများသာဖြစ်သော်လည်း သူတို့သည် ဆယ်စုနှစ်များစွာ ဖိနှိပ်မှုကို တွန်းလှန်ရန်နှင့် ပိုမိုလွတ်လပ်သော လူ့အဖွဲ့အစည်းရရှိရန် ဆက်လက်တိုက်ခိုက်နေဦးမည်သာ ဖြစ်သည်။သူတို့တွင် အခြေခံလိုအပ်ချက် ဖြစ်သော အစားအသောက်၊ ရေနှင့် ဆေးဝါးများမရှိစေကာမူ ခံနိုင်ရည်ရှိနေကြသည်။ သူတို့သည် နေ့စဉ်ထွက်ကာ ဆန္ဒပြရင်း အစိုးရကို ရေရှည်ရင်ဆိုင်နေကြဦးမည်ဖြစ်သည်။

အများစုမှာ အာဆတ်အစိုးရ ဆက်လက်ရှိနေသည်ကိုပင် လက်မခံနိုင်ကြတော့။ သူတို့သည် အစိုးရကိုကြောက်နေရသည့်အဖြစ်မျိုးဖြင့် မနေလိုကြတော့ပေ။ တက်ကြွလှုပ်ရှားသူတစ်ယောက်က 'ဒီအထိဖြစ်လာမယ်မှန်းသာသိရင် ကျုပ်တို့အစိုးရကို အစကတည်းက မဆန့်ကျင်ခဲ့ပါဘူး၊ အခုလုပ်မိပြီဆိုတော့ ရပ်လို့မရတော့ဘူး၊ ရပ်ရင် ကျုပ်တို့အားလုံးကိုသတ်ပစ်မှာ' ဟုပြောပြသည်။

မတင်မကျအခြေအနေ ကြာရှည်နေလျှင်၊ သို့မဟုတ် ပြည်တွင်းစစ်ဖြစ်နေလျှင် အချို့နယ်မြေကို အစိုးရက သိမ်းထားပြီး အချို့နယ်မြေကို အတိုက်အခံတို့ကသိမ်းထားကာ နိုင်ငံလုံးပါးပါးရန်သာ ရှိတော့သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်တော့။ နိုင်ငံသားများလည်း အစုလိုက်အပြုံလိုက် နိုင်ငံမှထွက်ခွာသွားဖွယ်ရှိသည်။ ၂၀၀၃ ခုနှစ်က အီရတ်ကို အမေရိကန်ဦးဆောင်ကာ ဝင်ရောက်တိုက်ခိုက်စဉ်က အီရတ်အများအပြား ဆီးရီးယားနိုင်ငံထဲသို့ ပြေးလာသည့်ဖြစ်စဉ်မှာ ပြောင်းပြန်ဖြစ်သွားနိုင်သည်။ သို့သော် ဆီးရီးယားတို့ပြေးမည်မှာ တူရကီ၊ လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံများသို့ဖြစ်မည်။

ထိုအခါ ထိုနိုင်ငံအစိုးရများ အကျပ်ရိုက်လာနိုင်သည့်ပြင် ဆီးရီးယား၏ မငြိမ်သက်မှုရောဂါပါ သူတို့နိုင်ငံများသို့ ကူးစက်လာနိုင်သည်။ ဆီးရီးယားနိုင်ငံ၏ ဦးနှောက်ယိုစီးမှု(ပညာရေးအဟောသိကံဖြစ်မှု)ကို ပြန်လည်ဖြည့်ဆည်းရန် မျိုးဆက်တစ်ခုမျှ အချိန်ယူရလိမ့်မည်။

ထိုပဋိပက္ခ ကြာရှည်လာသည်နှင့်အမျှ ဒေသတွင်း အင်အားကြီးနိုင်ငံများသည် အတိုက်အခံဘက်မှ သူတို့လိုလားသော အုပ်စုများကို အကူအညီပေးလာကြမည်။ ထိုအခါ ထိုအုပ်စုများအချင်းချင်းလည်း အချင်းများလာနိုင်သည်။ သို့ဖြင့် ဆီးရီးယားမှာ ဒေသတွင်းအင်အားကြီးများကို ကိုယ်စားပြုသော စစ်မြေပြင်ဖြစ်လာမည်။ ယခုပဋိပက္ခ ကြာရှည်လာသည်နှင့်အမျှ အစွန်းရောက် အစ္စလာမ်ဝါဒီများပေါ်လာကာ မတည်ငြိမ်မှုကို အခွင့်ကောင်းယူလာနိုင်သည်။

အချို့လေ့လာသူများက ဆီးရီးယားအတိုက်အခံများထဲတွင် အယ်လ်ကေဒါဆန်ဆန် အုပ်စုများပင် နေရာယူလာကြသည်ဟုဆိုနေကြသည်။ အကယ်၍ ထိုသို့ဖြစ်မည်ဆိုလျှင် စစ်ရေးဖြင့်ချွက်ဖက်နိုင်ရန် အကြောင်းပြစရာ ရှိလာမည်ဖြစ်သည်။ အတိုက်အခံများဘက်တွင် အများစုမှာ ရှေးရိုးစွဲဝါဒီ ဆွန်နီမွတ်ဆလင်များဖြစ်သည်။ ထိုသို့ဖြစ်ရုံဖြင့် သူတို့

the bookhouse
we bring your future

www.burmeseclassic.com



အထဲမှ အစွန်းရောက်အစ္စလာမ်ဝါဒီများဖြစ်မလာဟု မပြောနိုင်ပေ။ မွတ်ဆလင်အရှေ့အလယ်ပိုင်းတွင် ထိုသို့ဖြစ်တတ်သည့် အစဉ်အလာလည်းရှိခဲ့သည်။

အတိုက်အခံများကို ဆီးရီးယား မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့က အကူအညီပေးနေခြင်းဖြစ်သည်။ သို့သော် ထိုအဖွဲ့သည် အတိုက်အခံများကို လုံးဝစိုးမိုးထားခြင်းတော့ မရှိသေးပေ။ ဆီးရီးယား မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့သည် အတိုက်အခံဘက်တွင် အဖွဲ့အများဆုံးအုပ်စုဖြစ်သည်။ သို့သော် သူတို့သည် ပြည်ပတွင်သာများနေပြီး ဆီးရီးယားနိုင်ငံထဲတွင် သိပ်မရှိပေ။ ထို့ပြင် ထိုအဖွဲ့သည် ကျန်ခဲ့သည့်နှစ်များအတွင်းက မဟာမိတ်ပြုမှုကို ပြောင်းလဲပစ်ခဲ့သည်။ ထို့ကြောင့် ဆီးရီးယားတွေက သူတို့ကိုအယုံအကြည်မရှိတော့ပေ။

အတိုက်အခံဘက်မှ အများစုမှာ အစ္စလာမ်နိုင်ငံထူထောင်လို၍ တိုက်နေကြခြင်းမဟုတ်။ ဒီမိုကရေစီရရန် တိုက်နေကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အီရန်လိုအစိုးရမျိုးထက် တူရကီလိုအစိုးရမျိုးကို လိုချင်ခြင်းဖြစ်သည်။ သူတို့သည် ဖိနှိပ်ခံရမှုများလာသောအခါ ဘာသာရေးကို ပိုမိုကိုင်းရှိုင်းလာကြသည်။ သို့သော် အစွန်းရောက်များ ဖြစ်သွားသည်တော့မဟုတ်။ သို့သော် ဒမတ်စကတ်တွင် အသေခံဗုံးခွဲမှုများနှင့် အခြားနေရာများတွင် လက်လုပ်ဗုံးများခွဲသွားသည်ကို ကြည့်ခြင်းအားဖြင့် မွတ်ဆလင်အစွန်းရောက်များ ပါနေသည်ကို သိနိုင်သည်။ သို့ရာတွင် သူတို့သည် အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် တိုက်ပွဲအတွေ့အကြုံရှိလာသူများဖြစ်ကြသည်။

ထို့ကြောင့် အာဆတ်အစိုးရ၏ ဝါဒဖြန့်ချက်မှန်သလို ရှိလာသည်။ အစွန်းရောက်မွတ်ဆလင်များသည် အလာဝိတ်များကို မုန်းတီးသူများဖြစ်ကြသည်။ အကယ်၍ ဆော်ဒီနှင့် ကာတာကတစ်ဖက်၊ အီရန် ဟစ္စဘိုလာကတစ်ဖက် အကူအညီပေးလာလျှင်မူ ယင်းမှာ ဘာသာရေးကို အကြောင်းပြုခြင်းသာဖြစ်သည်။

## နောက်ဆုံးအတွေးများ

၂၀၀၅ ခုနှစ်က ကျွန်တော်ရေးခဲ့သည့် ဆောင်းပါးဆုံးခါနီးတွင် ကျွန်တော်ဤသို့ရေးခဲ့သည်- 'ဘရှားသည် သူ့ဖခင် ပြန်လည်ဝင်စားသူ မဖြစ်နိုင်၊ သို့သော် ထိုအတိုင်းသာဖြစ်မည်ဆိုလျှင် သူသည် ဒမတ်စကတ်မြို့၏ ခြသေ့ဖြစ်ပေလိမ့်မည်၊ သို့သော် ယင်းကို ဆီးရီးယားက လိုအပ်သည်မဟုတ်၊ သူ့ဖခင်တည်ဆောက်ခဲ့သည့် အာဏာရှင်စနစ်သည် ဘရှားအား သတိရှိသောအာဏာရှင်အဖြစ် ပြောင်းလဲပေးမည်လား၊ သို့မဟုတ်ကလည်း ဘရှားသည် ဆီးရီးယား၏ အာဏာရှင်စနစ် အဆောက်အအုံကို ပြောင်းလဲပစ်မည်လား'

the bookhouse
we bring your future

www.burmeseclassic.com



ကျွန်တော်သည် ဤစာအုပ်ကိုရေးရန် ဘရှားအာဆတ်နှင့် လည်းကောင်း၊ အခြားအစိုးရဖွဲ့ဝင်များနှင့် လည်းကောင်း တွေ့အပြီးတွင် အာဆတ်သည် ပြုပြင်ပြောင်းလဲရေးကို တကယ်လုပ်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်ခဲ့သည်။ ကျွန်တော်တစ်ယောက်တည်း ထိုသို့မျှော်လင့်သည်မဟုတ်၊ ဆီးရီးယားနိုင်ငံ၏ အတွင်းအပြင်မှ လူအတော်များများလည်း အာဆတ်ကို အကောင်းဘက်မှမြင်ခဲ့ကြသည်။ ပြန်ကြည့်လိုက်တော့ ကျွန်တော်၏မျှော်လင့်ချက်မှာ နေရာအထားမှားနေသည်လား။ သို့မဟုတ်ကလည်း ကျွန်တော် အလိမ်ခံလိုက်ရသည်လားဟု တွေးမိသည်။

ပထမတွင် ဘရှားသည် ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်စိတ်ဝင်စားသည်ဟု ကျွန်တော် ယုံကြည်မိသည်။ သို့သော် သူသည် မကြာမီ သူလုပ်နိုင်သည်နှင့် မလုပ်နိုင်သည်ကို သဘောပေါက်လာခဲ့သည်။ ဆီးရီးယားတွင် နိုင်ငံရေးသည် သေရေးရှင်ရေးဖြစ်သည်။ နောက်တော့ သူက လူမှုစီးပွားရေးကို အထောက်အကူမပြုသည့် ပညာရေးကဏ္ဍကို အပေါ်ယံကြော ပြုပြင်ပြောင်းလဲရေးလုပ်ပြခဲ့သည်။

သူ့ဖခင် ဟာဖစ် အယ်လ်-အာဆတ်က သူ့တာဝန်ကို ကျေပွန်စွာလုပ်ခဲ့သည်။ သူက မိသားစု၊ လူမျိုးစုနှင့် ဘာသာကွဲချင်းဆက်ဆံရေးကို ထူထောင်ခဲ့သည်။ ယင်းကြောင့် သစ္စာရှိမှုနှင့် တည်ငြိမ်မှုကိုရခဲ့သည်။

နောက်ဆုံးတွင် ဘရှားနှင့် အပေါင်းပါတို့သည် ဆီးရီးယားတွင် ယုံရမည့်သူမရှိဖြစ်လာသည်။ တိုင်းပြည်ကို တိုးတက်စေရန်မှာ သူသမ္မတအဖြစ်နှင့် ဦးဆောင်မှသာဖြစ်မည်ဟု ယုံကြည်လာသည်။ အုပ်ကြွမှုအစတွင် လုပ်ရန်လိုအပ်သော ပြုပြင်ပြောင်းလဲရေးကို သူပီပီပြင်ပြင်မလုပ်ခဲ့။ နိုင်ငံတကာက လေးစားပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုရစေရန်အတွက် သူ၏ နိုင်ငံရေးရှင်သန်မှုသည် အဓိကဟု သူထင်ခဲ့သည်။ နိုင်ငံတွင် တစ်စစနှင့် အန္တရာယ်ရှိလာနိုင်သည်ကို သူမတားနိုင်ခဲ့။

ဆီးရီးယားအာဏာရှင်တို့ ထုံးစံအတိုင်း သူ့ကိုယ်သူ အခိုင်အမာလုပ်ကာနေသည်။ ဖိအားများတိုးလာသောအခါ သူသည် အနောက်နိုင်ငံပညာတတ် မျက်စိဆရာဝန်တစ်ယောက်မဟုတ်တော့သလိုဖြစ်သွားသည်။ အာရပ်-အစ္စရေးပဋိပက္ခနှင့် စစ်အေးကာလအတွင်း ကြီးပြင်းခဲ့ရသည့်ကလေး ပြန်ဖြစ်သွားခဲ့သည်။ အုံကြွမှုကို သူ၏ တုံ့ပြန်မှုများတွင် ထိုသည်များက သူ့ကို လွှမ်းမိုးခဲ့သည်။

၂၀၁၂ ခုနှစ် မတ်လ ရုရှားရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် သူက ဆော်ဒီနှင့် ကာတာနိုင်ငံများအား ရည်ရွယ်ကာ ပြောကြားရာတွင် ‘ဒါဟာ “နွေဦး” မဟုတ်ဘူး၊ ကသောင်းကနင်းဖြစ်တာ၊ ကျုပ်တို့ဆီမှာ ဒါမျိုးဖြစ်အောင် လုပ်ရင် သူတို့ဆီကိုလည်း ပြန်ကူးစက်မှာပဲ၊ ဒါကို သူတို့ကောင်းကောင်းသိပါတယ်’ ထို့နောက် ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်နှင့် ပါလီမန် ရွေးကောက်ပွဲကို ရည်ညွှန်းကာ ပြောကြားရာတွင်လည်း ‘နိုင်ငံရေးလမ်းကြောင်းမှာ အကြမ်းဖက်မှုနဲ့ မလွတ်နိုင်ဘူး’

the bookhouse
we bring your future

www.burmeseclassic.com



ဟုဆိုသည်။ တစ်နည်းအားဖြင့် ဖြိုခွင်းရမည်၊ စစ်အင်အားသုံးရမည်ဟူ၍ ဆိုလိုသည်။ ထို့ကြောင့် အကြမ်းဖက်မှုများ ဆက်ရှိနေဦးမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်နှစ်ဆယ်က အမေရိကန်သမ္မတ ရော်နယ်ရေဂင်သည် ဘာလင်မြို့ ဘာလင်တံတိုင်းအနီးတွင် မိန့်ခွန်းပြောခဲ့သည်။ ထိုသို့ပြောရင်း ဆိုဗီယက်ယူနီယံခေါင်းဆောင် ဂေါ်ဘားချက်အား ဘာလင်တံတိုင်းကို ဖြိုပစ်ရန် ပြောခဲ့သည်။ ထိုတံတိုင်းသည် ကွန်မြူနစ်ကို့ကာထားသည့် သံကန့်လန့်ကာပြယုဂ်ဖြစ်သည်။ သို့သော် ဂေါ်ဘားချက်ကလည်း ရေဂင်ပြောမှမဟုတ်။ ဆိုဗီယက်စနစ်ကို ပြုပြင်ရမည်မှန်း သိနေသည်။

နိုင်ငံတကာ၏ အားပေးထောက်ခံမှုဖြင့် ဂေါ်ဘားချက်သည် တံခါးဖွင့်မူဝါဒနှင့် ပြုပြင်ပြောင်းလဲရေးများ လုပ်ခဲ့သည်။ ထိုသို့လုပ်ရန်သိပြီး အချိန်မီလုပ်ခဲ့သည့် ခေါင်းဆောင်မှာ သူတစ်ယောက်သာရှိသည်။ ပြုပြင်ပြောင်းလဲရေးကို အေးချမ်းငြိမ်သက်စွာ လုပ်သွားနိုင်သည်မှာလည်း သမိုင်းတွင် သူတစ်ဦးသာရှိခဲ့သည်။ သို့သော် ထိုသို့လုပ်မှုကြောင့်ပင် သူရာထူးမှဆင်းခဲ့ရသည်။ သူတည်ဆောက်ခဲ့သောလုပ်ငန်းစဉ်က သူ့ကိုဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဘရှားအာဆတ်သည်လည်း သူ့နိုင်ငံ၏ သမားရိုးကျနိုင်ငံရေးကို ပြောင်းလဲပစ်ရန်လိုကြောင်း သိနေသည်။ သို့သော် ထိုသို့ပြောင်းလဲပစ်ရန် မလွယ်ကူကြောင်းကို လူတိုင်းမငြင်းနိုင်။ အထူးသဖြင့် ထိုသို့ပြောင်းလဲမှုကို အကြီးအကျယ် ဆန့်ကျင်မှု ရှိနေသည့်အခြေအနေတွင် ဖြစ်သည်။ သို့သော် သူသည် လိမ်ညာမှုင်းတိုက်မှုကို ခံခဲ့ရသည်။ ထို့ကြောင့် သူမလုပ်ဖြစ်ခဲ့။ ထိုအခါ အုံကြွတောင်းဆိုလာသည်များကို ဖြည့်စွမ်းပေးနိုင်သည့်စွမ်းရည် သူ့အစိုးရတွင်မရှိခဲ့။

ဆန္ဒပြမှုများ ယနေ့ရပ်လိုက်ပြီဆိုသည်နှင့် ပြည်တွင်းပြည်ပ ဖိအားများမရှိတော့သည့်အတွက် ကြေညာထားသော ပြုပြင်ပြောင်းလဲရေးများလည်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားမည်သာဖြစ်သည်။ စင်စစ်တွင် ဘရှားအာဆတ်သည် ထိုပြုပြင်ပြောင်းလဲရေးများကိုလုပ်ရန် အရည်အချင်း သူ့တွင်ရှိသည်ဟု မယုံမကြည်လည်း ဖြစ်နေသည်။ ဤသည်ကတော့ သူ့အပြစ်ဖြစ်သည်။ ကျန်သည့်အပြစ်များကမူ ဆီးရီးယားစနစ်၏ အပြစ်ဖြစ်သည်။ ကျွန်တော်တို့ အတော်များများက အာဆတ်သည် စနစ်ကိုပြင်လိမ့်မည်ဟု မှန်းထားသည်။ သို့သော် ဖြစ်လာသည်မှာ စနစ်က သူ့ကို ပြင်သွားခြင်းဖြစ်သည်။

တကယ်တော့ သည်အတိုင်းဖြစ်ရန်မဟုတ်။ သို့သော် မလွဲမရှောင်သာ ဖြစ်သွားခဲ့ရသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

# THE REAL LIVES® REAL STORIES

**သာမာန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများနဲ့ အမှန်တကယ်ဖြစ်ရပ်စာမူများ အလိုရှိသည်။**

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories (ဖေဖော်ဝါရီ-ဧပြီ-ဇွန်-ဩဂုတ်-အောက်တိုဘာ-ဒီဇင်ဘာ) စာအုပ်စီးရီးအတွက် သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖော်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

**ကျွန်တော်တို့ လိုချင်တာက**

(၁) အမှန်တကယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လည်း ထူးခြားပြီး စိတ်ဝင်စားဖွယ်ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြနိုင်ရမယ်။ (၄) အတွေးအခေါ်တွေ ပါရမယ်။ ရုန်းကန်ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှုရှိရမယ်။ (၅) ဟာသပဲဖြစ်စေ၊ ဂမ္ဘီရပဲဖြစ်စေ၊ ဝိညာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမားလောကထဲကဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲဖြစ်စေ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

**စာမရေးတတ်ပေမယ့် သင့်မှာ သာမန်ထက် ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်ဆိုရင်လည်း**

သင့်မှာ ပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်စရာ ဟာသတွေ ရှိနေတယ်ဆိုရင် ကျွန်တော်တို့ကို ပြောပြဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

**ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွက်လိုတဲ့ တက်ကြွဖျတ်လတ်တဲ့ လူငယ်စာရေးဆရာများ ဆက်သွယ်ပါ။**

**လိုအပ်တာက**

BURMESE CLASSIC

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမည်။ (၂) အခြေခံသတင်းအမြင်လည်း ရှိရမယ်။ (၃) အင်တာဗျူးမေးခွန်းများကိုလည်း တည်ဆောက်နိုင်ရမယ်။ (၄) ဒါ့အပြင် ရသမြောက် စာမူကိုလည်း ရေးဖွဲ့နိုင်ရမယ်။ (၅) ကျွန်တော်တို့ သတ်မှတ်ပေးမယ့် အင်တာဗျူးများကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူအဖြစ် ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) မိမိကိုယ်တိုင်ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တကယ်ဖြစ်ရပ်စာမူတစ်ပုဒ်နှင့်အတူ (ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖြင့်) ကျွန်တော်တို့ထံ ပေးပို့ပြီး ဆက်သွယ်ပါ။

---

**ဆက်သွယ်ရန်လိပ်စာ**
၉၂ avenue၊ ၁၀-ခ၊ မဂ္ဂင်လမ်း၊
၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၀၀-၈၇၂၇၊ ၀၉-၇၃၀-၈၅၅၅၀

**အသေးစိတ်သိချင်ရင်**
၀၉-၅၀၀-၈၇၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

the bookhouse
we bring your future